# ရွှေသွေးပေါင်းချုပ်

အတွဲ ၇၊ အမှတ် ၂၇ မှ ၅၂ ထိ


အတွဲ ၇။ အမှတ် ၂၇။

# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ နယုန်လဆုတ် ၁၂ ရက် (၅-၇-၇၅)

## ကြွက်ဆိုးကလေး ညို


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-မောင်ထွန်း




ညိုသည်ဆိုး၏။ အခြားကြွက်ကလေးများနှင့် ဝတ်ပုံ စားပုံ နေပုံ ထိုင်ပုံချင်းမတူချေ။






တယ်ကြွက်ကလေးတွေမှာ စိတ်မကူးသည့် ကိစ္စများကို အမြဲစိတ်ဝင်စားနေ၏။



စနေနေ့တိုင်း ထုတ်ဝေသည်။


အခြားကြွက်များက မိတကိုရှိသေကြ၏။
ဖေဖေ . ဖေဖေ . ကန်တော့ပါတယ်
သာဓု . သာဓု . သာဓု
ညှိုကမရှိသေ။ ရိုင်းပြစွာ ဆက်ဆံသည်။
အခြားကြွက်ငယ်များက အသက်ကြီးသူများကို ဝိုင်းဝန်းကူညီကြ၏။
ညှိုကမကူညီ။ ပျက်ရယ်ပြုသေး၏။
အခြားကြွက်ငယ် အသီးသီးက မိမိတို့ဖာသာ အစာရှာဖွေ စားသောက်သော်လည်း-



ဝဉ္စိကား သူများရှာလာသည်ကို လုစား၏။
ဟေ့ကောင် - ဒီကိုယူခဲ့။ တဝက် ထားခဲ့စမ်း
... မလုပ်ပါနဲ့ အကိုသိရယ်။ ကြိုးကြိုးမမ မျှားနေလို့၊ အစားတောင် မစားဘူး။ အဲဒါ - သူ့အားတက်အောင် ပြချင်လို့ပါ။
လျှာ ရှည်လိုက်တာကွါ - ပေးမလား - မပေးဘူးလား - ဒါဖဲ ချဲ လိုက်ရမလား
ကြောက်ပါတယ်၊ ကြောက်ပါတယ်၊ ရော့ - ရော့ - ဆိုက်သလောက် ယူပါ
အေး - ဒါမှပေါ့ကွာ ... ကဲ - ကဲ - တဝက်ထားခဲ့။ သွားနိုင်ပါပြီ - ရှုံယောက်မရှယ် ဟဲဟဲ - ဟဲဟဲ -
ကလေးငယ်များ မုန့်စား လာ လျှင် လည်း လက်ကို ပုတ်ထုတ်လုယူပြီး -
မြန်မြန် သွားလေ...


ကြွက်အမျိုးသမီး ပျိုလေးများ တွေ့လျှင်
လည်း စကားဖြင့် စောင်းပြောရုံမက
ဟို ကောင်မလေး - ညိုတိုတို
ဘာလုပ်တာလဲ ဒါ၊ ငါ့ကို ဘာမှတ်နေလို့လဲ၊ အချောက်!
သူ့သတင်းဆိုးသည် ကြွက်လောက၌ ပြော
စမှတ်ဖြစ်အောင် ပျံ့နေတော့၏။
သူကတော့ သူ့ကိုယ်သူ အထင်ကြီးလျက် ဘဝင်
ကိုင်နေတော့သည်။
ဟုတ်တယ်
အေး ကွ
ဒါကွ --- ငါကြိုက်ရင် ပြေးရမယ်၊ ငါတောင်းရင် ပေးရမယ်။ မပေးရင် .........
....လက်သီးနဲ့ ထိုးမယ်...........
ဒုံ
ဖနောင့်နဲ့ ဖိမယ်...
ဖျတ်


....ဆိုင်းနဲ့
ဗိုင်းမယ်....
ကရာတေးနဲ့
စတေးမယ်....
တကယ်တော့ ငါဟာ ကြွက်ဘုရင်ဘဲ။
ထိုကဲ့သို့ဗိုလ်ကျလျက်သာနေခဲ့ပြီး တနေ့သော အခါ ကြွက်သက်ကြီးပု တကောင်ဖြတ်လာ ရာ ညိုက-
ဟေ့ဟေ့ လာပါအုံးလေ။ ဖမ်းယူခဲ့တာ ငါကိုယ်တော်ကို တဝက် - လာဆက် စမ်း
တောက်! တယ် မိုက် ရိုင်းပါလား။ ဆုံးမ လိုက်အုံးမှဘဲ ။
အေးအေး ရပါတယ်
ပြောပြောဆိုဆိုနှင့် အနားကပ်သွားပြီး-
ဆွဲထိုးလေတော့ရာ....
ဖော့.
ဖော့.
ဖော့.


ညီမှာအငိုက်မိ၍ လဲကျသွားသဖြင့် အရှက်ကြီး ရှက်နေစဉ် ကြွက်ကြီးက-
ကြမ်းမောင်းသည်ကို တွေ့၍ ကြွက်ကြီးမှန်းသိသွားသော်လည်း မာန်မချပဲ ပြန်ထိုးရန် အားယူသလေ၏။
ထိုအခိုက်ကြွက်ကြီးကဆင့်ကဲဆင့်ကဲထိုးလေ၏။
ပြန်လဲသွားမှ-
ထိုသို့ကြမ်းမောင်း၍ ထွက်သွားလေ၏။


ထိုညတွင် ငညိုသည် နက်နက်နဲနဲတွေး၏။
ကျွတ် - ကျွတ် - ကျွတ် - ခေါင်းကလဲမူး ...... သွားတွေကလဲနာ ...... ထဘင်းတောင် ဖေါ်း နိုင်ဘူး ..... ဒါးတွေကအောင့် ... တကိုယ်လုံးလဲ နာသိက်တာ ... ... ကျွတ်ကျွတ်။
... ပန်းကောင်တွေကို - ငါထိုးတုံးကာလ - ဒီလိုဘဲ ခံစားရရှာမှာဘဲထင်တယ်။ ( ဘိုးနိုင် - ငယ်ဆုံးဆဲ ) ဆိုတာ ဘယ်ကောင်းလို့လဲ ......
... အခုတော့ - ငါ့ထက်ကြီး - ငါ့ထက်သန် - ငါ့ထက်မြန် - ငါ့ထက်မိုက်တဲ့ ကြွက်ကြီးနဲ့ တွေ့တော့ - ငါခံလိုက်ရတာဘဲ ........ တော်ပြီ ... ငါလဲ ငါ့ဟာငါ ရှာစားတော့မယ် ..... သူတို့တောင် ရှာနိုင်သေးတာ - ငါလဲ ရှာစားနိုင်ရမှာပေါ့ .....
... ဒီ အဝတ်အစားတွေနဲ့ အပျစားကြီး ထုတ်နေလို့လဲ - ဘယ်သူကမှ အထင်မကြီးပါဘူး ... ဖုန်းတောင် ဖုံးကြသေးတယ်။ ........ တော်ပြီ တော်ပြီ ... ကြွက်ဆိုး ငညိုဆိုတဲ့ နာမယ်လဲ မလိုချင်တော့ပါဘူး
007
ထိုနေ့မှစ၍ ကြွက်ဆိုးကလေး ငညိုသည် နောင်တကြီးစွာရ၍ စိတ်ထား ပြောင်းလိုက်ပြီးလျှင် အခြား ကြွက်ငယ်များနှင့်အတူ ကိုယ့်အစာ ကိုယ်ရှာစားတော့သတည်း။



# ဝါမှသည်အထည်ဆန်းလက်မှုလုပ်ငန်း

ဩယ် (စစ်တွေ)



မြန်မာနိုင်ငံတွင် စက်မှု ထွန်းကား လာသည့် အလျောက် ဝါဂွမ်းမှသည် အထည်ဖြစ်သည်အထိ စက်ဖြင့်လုပ်ဆောင်ကြသည်ကို ချည်စက်ကြီးများတွင် တွေ့နိုင်ပေ၏။


အချို့ ကျေးရွာများတွင်မူ ယခုတိုင် ဝါဂွမ်းမှ အထည်ဖြစ်သည်အထိ လက်မှုပစ္စည်းများကို အသုံးပြုကာ လက်ကိုသာ အားကိုး၍ လုပ်ဆောင်နေကြဆဲဖြစ်၏။

လက်ဖြင့်ရက်သောအထည်တို့ကို မြန်မာပြည်မ ပြည်နယ်တို့တွင် အနှံ့အပြားတွေ့ကြရ၏။ လက်ဖြင့်ရက်သော အညာဖျဉ်၊ ရခိုင်ထည်၊ ကရင်ထည်၊ ကချင်ထည် စသည်တို့သည် တိုင်းရင်းသားတို့၏ လက်ရာမွန် အလှတို့ ဖြစ်ကြ၏။ စက်ဖြင့် ရက်သော အထည်တို့ မည်မျှပင် တိုးတက် နေသည် ဆိုသော်လည်း မြန်မာမှု၏ အလှကို ဖော်ဆောင်သော လက်ရက်ထည်တို့သည် မရိုးနိုင် ဆန်းသစ်မြဲ ဖြစ်၍ မြန်မာတို့က လည်း မြတ်နိုးမြဲပင် ဖြစ်ပေသည်။


ဝါမှသည် အထည်ချော ဖြစ်သည် အထိ လက်မှုလုပ်ငန်း အဆင့်ဆင့်ကို လေ့လာကြပါစို့။

ပထမ ဝါကို အပင်မှခူးဆွတ်ပြီးလျှင် အမှိုက်သရိုက်ဖယ်ရှား၍ နေလှန်းရ၏။

နေလှန်းပြီး ဝါကို ဝါကြိတ်စက်ငယ်နှင့် ကြိတ်ရ၏။ ဝါကြိတ်စက်ငယ်ကို သစ်သားဖြင့် ပြု




လက်လှည့်ဝါကြိတ်စက်



ဝါဖတ်လေးနှင့်လက်တောက်



ချည်ဝင်



ရစ်

လုပ်၍ ယင်းစက်က ဝါနှင့် ဝါစေ့ကို တခြားစီ ဖြစ်အောင် ဆောင်ရွက်၏။

ကြိတ်ပြီး ဝါများကို ဝါဖတ်လေးနှင့် လက်တောက်ကို အသုံးပြုပြီး ဝါများ ပွယောင်းလာအောင် ဝါဖတ်ရလေသည်။

ဖတ်ပြီး ဝါကိုဝါအလိပ်ကလေးများဖြစ်အောင် ဗိုင်းလိပ်ရ၏။


ဗိုင်းလိပ်ကလေးများဖြင့် ရစ်ကို အသုံးပြု၍ ချည်ငင်ရလေသည်။

ချည်ဝင် ကလေးများ ရသော အခါ ချားဖြင့် လှည့်၍ ချည်ခင်ပြုလုပ်ရသည်။ ထို့နောက် ချည်ခင်ကို ဆေးဆိုး၍ ထမင်းရည်ဖြင့် ကော်တင်ရ၏။

ကော်တင်ထားသော ချည်ခင်ကို ဆပ်သွားဖူး၏ ဆူးဖြင့် ချည်စာချပြီးလျှင် ဒညင်းလုံးတွင် ချည်ရစ်ရလေသည်။ ဆပ်သွားဖူးသီး၏ ကိုယ်ပေါ်တွင် ဆူးများရှိရာ ယင်းအသီးကို ထက်ခြမ်းခွဲ၍ ဘီးသဖွယ် အသုံးချပြီး ချည်ခင်တွင် ကပ်တွယ်နေသော ကော်များကို ဖီးချရ၏။

ဒညင်းလုံးမှ ချည်နှင့် ယက်ကန်းရှယ်ပြီးလျှင် ယက်ကန်းစင်တွင်ချည်တန်းရသည်။ ချည်တန်းသောအခါ မိမိနှစ်သက်ရာ အဆင် အကွက်ဖော်၍ တန်းရသည်။

တိုင်ချည်အတွက် ချည်တန်း၍ နပ်ကောက်ခြင်း၊ ဖောက်ချည်အတွက် ရစ်တွင် ရက်ဖောက်ရောက်၍ ရက်ဖောက်သီးကို လွန်းအိမ်တွင် ထည့်ခြင်းတို့ ပြီးစီးသောအခါ အထည်အဖြစ် ယက်ကန်းရက်နိုင်ပေပြီ။



ချား



ဒညင်းလုံး





သိန်းငှက် နှင့် ကြက်
ဟာ၊ သိန်းငှက် ပေါက်စလေးတကောင် ပါလား၊ အပျံသင်ရင်း အောက်ကိုကျလာ တာနဲ့တူတယ်
တခါတုန်းကမုဆိုးတယောက်သည် တောထဲ၌ အမဲလိုက်လျက်ရှိစဉ် -
မုဆိုးသည် သိန်းငှက်ကို အိမ်ယူလာပြီး -
ကောင်းမွန်စွာ ကျွေးမွေးထားသည်။
သူ့ကိုယဉ်ပါး အောင်မွေးပြီး၊ အမဲရှာတတ်အောင် သင်ပေးရမယ်
တဖြည်းဖြည်းနှင့် သိန်းငှက်သည် ယဉ်ပါးလာပြီး မုဆိုး၏သင်ပြမှုကြောင့် အမဲရှာတတ်လာသည်။
အမဲမလိုက်သည့် အချိန်များတွင် သိန်းငှက်သည် မုဆိုး၏ ပခုံးပေါ်၌ရှိ၏၊
အံမယ်၊ ဒီ တခါတော့မင်းက ယုန်ကိုလိုက်လာတာ ကိုး


လက်ပေါ်၌ရပ်း နားလေ့ရှိ၏
သခင်ကခေါ်လျှင်လည်း ချက်ချင်းလာ၏။
ဒီမှ ပွေ့သွား ကွ
မုဆိုး၏ အိမ်တွင်အလှမွေးထားသော ကြက်ဖ တကောင်ရှိ၏။ ကြက်သည်သခင်ခေါ်လျှင်လည်းမလာ
အစာကျွေးသည့်အခါမှလာပြီး
အစာ စားပြီးလျှင်၊ လျင်မြန်စွာပြန်ပြေးလေ့ရှိ၏။
တနေ့တွင် သိန်းငှက်က -
အဆွေကြက်ဖ၊ သင်တို့ ကြက်မျိုးဟာကျေးဇူး မသိတတ်ကြဘူးထင် တယ်
ဘာဖြစ် လို့လဲဗျ


သင်တို့ဟာ သခင်နားရိုလဲမကောင်ကြဘူး ဆာမှသာကောင်ကြတယ်၊ ငါဆိုယင်သခင် ခေါ်တိုင်းငါ့စိတ်နဲ့ငါ အလိုအလျောက် သွားတယ်ကွ
အဲဒါ ဘာဖြစ်လဲ
ဟ -ဒီတော့မင်းဟာကျေးဇူးသိတတ် ဖို့လိုတာပေါ့၊ ငါဟာတခြားငှက်တွေ ထက်လျင်မြန်စွာပျံနိုင်ပေမဲ့၊ သခင့်ကျေးဇူးကို ဘယ်တော့မှမမေ့ ဘူးကွ
အော်၊ အော်
အဆွေသိန်းငှက်၊ လူတွေဟာ သိန်းငှက်ကိုကောင်လုံးကြော် စားတာ၊ ခင်ဗျားတွေ့ဘူး သလား
ဟေ
ကြံ့ကြံ့ဖန်ဖန်ကွာ၊ ဒီလိုစူးရှတဲ့မျက် လုံး၊ ရဲရင့်တဲ့သတ္တိနဲ့ လျင်မြန်တဲ့အရှိန် ရှိတဲ့ငှက်မျိုးကို ကြော်စားဘို့ထက် ဒီရှာပေးတဲ့အမဲကို ပိုလိုချင် ကြတာပေါ့ကွ
ဒီတော့၊ ခင်ဗျားတို့က သခင့်ဆီက ဘယ်ပြေးမလဲ၊ ဘာဖြစ်လို့လဲဆို တော့ သိန်းငှက်ကိုကောင်လုံးကြော် စားတာမှမတွေ့ဘူးဘဲ၊ ကျုပ်တို့ ကြက်တွေက ကြက်ကောင်လုံးကြော် စားတာကိုမကြာ ခဏတွေ့တယ် ဗျ
ထိုအခါမှ သိန်းငှက်သည် သဘောပေါက်သွား တော့သည်။
ဒါ့ကြောင့်ကိုး
ပြီး

နပိုလီယန်သည် မြေထဲပင်လယ်ရှိ ပြင်သစ်ပိုင် ကော်စီကာကျွန်းတွင် သာမန် မိဘများမှ မွေးဖွားခဲ့သူ ဖြစ်၏။ ပြင်သစ်စစ်တပ်၌ ဝင်ရောက် အမှုထမ်းရာ သတ္တိဗျတ္တိ၊ တိုက်ရည်ခိုက်ရည်နှင့် ဖြတ်ထိုးဉာဏ် ကောင်းသူဖြစ်၍ အသက် ၂၈ နှစ်တွင် ဗိုလ်မှူးကြီးအဆင့်သို့ ရောက်ရှိခဲ့သည်။ ၁၈ ရာစု အကုန်ပိုင်းတွင် အီတလီ မြောက်ဖက် တလွှား၌ စစ်ပွဲပေါင်းများစွာကို ဦးဆောင် တိုက်ခိုက် အောင်မြင်ခဲ့ပြီးနောက် အီဂျစ်ကိုပါ ဆင်းသိမ်းသည်။ ပြင်သစ်သို့ သူပြန်ရောက်သော် နိုင်ငံမှာ အုပ်ချုပ်ရေးဖက်မှ ယိုယွင်းနေသည်ကို တွေ့၍ သူကိုယ်တိုင် အုပ်ချုပ်ရေးကို ဝင်ကိုင်သည်။ ၁၈၀၄ ခုနှစ်တွင် ပြင်သစ်ပြည်၏ ဧကရာဇ်ဘွဲ့ကို ခံယူသည်။ ထိုစဉ်က သူ၏ အသက်မှာ ၃၅ နှစ်သာ ရှိသေးသည်။ သူသည် ပြင်သစ်တက္ကသိုလ်နှင့် နိုင်ငံတော်ဘဏ် စသည်တို့ကို စတင် တည်ဆောက်ခဲ့ပြီး ဗဟိုအစိုးရအဖွဲ့ကို အင်အား ဖြည့်တင်းခဲ့သည်။

ထို့နောက် ဥရောပတခွင်ကို လှည့်လည် တိုက်ခိုက် သိမ်းယူသည်။ ၁၈၀၅ ခုနှစ်တွင် ဩစတာလစ်တိုက်ပွဲ၊ ၁၈၀၆ ခုနှစ်တွင် ဂျီနားတိုက်ပွဲ၊ ၁၈၀၇ ခုနှစ်တွင် ဖရိုက်လန် တိုက်ပွဲကြီးများကို ဆက်တိုက် အောင်ပွဲရသည်။ နပိုလီယန်သည် စစ်ရည်ပြည့်ဝသည်နှင့် အမျှ နိုင်ငံ အများကို တိုက်ခိုက် အောင်မြင်ခဲ့သော်လည်း ထိုနိုင်ငံများ၏ ကောင်းကျိုးကို သယ်ပိုးထမ်းရွက်ရမည့်အစား ပစ်ထားကာ ရှေ့သို့သာ ဆက်လက် နယ်ချဲ့ခဲ့သည်။ ထို့ကြောင့် သူ၏ အာဏာစက်သည် ထင်သလို မပြန့်နှံ့ပဲ ဟိုမှသည်မှ ဆူပူ ထကြွမှုများ ပေါ်ပေါက်ခဲ့သည်။

စပိန်ကို တိုက်ခိုက်ပြီး သူ၏ ညီကို နန်းတင်ခဲ့သော်လည်း လူထုက လက်မခံ၍ တော်လှန်ကာ သူ၏ တပ်တတပ်ကို တိုက်ထုတ်ခဲ့သည်။ ၁၈၁၂ ခုနှစ်တွင် ရုရှကို သွားတိုက်သော အခါတွင်လည်း ရုရှတို့၏ မြေလှန်စနစ်ကို မရှုမလှ ခံလိုက်ကြရပြီး အသေအပျောက် များစွာဖြင့် ပြန်ဆုတ်ခဲ့ရသည်။ ထိုအခါ ပရပ်ရှားနှင့် ဩစတြီးယား တို့ကလည်း ထွက်တိုက်ကြပြန်ရာ ၁၈၁၃ ခုနှစ် လိုက်ဇစ် တိုက်ပွဲတွင် နပိုလီယန် ရှုံးပြန်သည်။ ၁၈၁၅ ခုနှစ်၌ ဗြိတိသျှစစ်ဗိုလ်ကြီး ဝယ်လင်တန်၏ တပ်များနှင့် ဝါတာလူးတိုက်ပွဲတွင် နပိုလီယန် ရင်ဆိုင်ပြန်သည်။ ထိုတိုက်ပွဲကား သူ၏နောက်ဆုံးတိုက်ပွဲ ဖြစ်တော့၏။ သူသည် ထိုတိုက်ပွဲတွင် အပြတ်ရှုံးနိမ့်ပြီး တောင်အာဖရိကရှိ စိန့်ဟယ်လီနာကျွန်းသို့ တကျွန်းပို့ခံရသည်။ သူသည် အသက် ၅၂ နှစ်အရွယ်၌ ထိုကျွန်းမှာပင် မထင်မရှား သေဆုံးသွားရှာသည်။



မျိုးညွှန့် (ရန်ကုန်တက္ကသိုလ်)



# မိုးဦးကျ

ချစ်နွယ်သွင်

မိုးကြီး သည်း ထန် စွာ ရွာနေ၏။ အိမ် ခေါင် မိုး ပေါ် သို့ မိုးသီး မိုးပေါက်များ အဆက်မပြတ် တဖြုန်းဖြုန်း ကျနေ ၏။ ထိုအသံများကြောင့် သာအေးသည် အိပ်ရာမှ ဖျပ်ကနဲ လန့်နိုးသွား၏။ သူ့ဘေးတွင် အောင်ထွန်းသည် အိပ်မောကျနေဆဲ။

အောင်ထွန်းမှာ မြို့မှရောက်လာသော ဧည့်သည် ဖြစ်သည်။ ကလေးသော့ ရွာသို့ရောက်နေသည်မှာ နှစ်ရက် ရှိသွားပြီ။ သာအေးက အောင်ထွန်းကို လှုပ်နှိုးလိုက်သည်။

"ဟေ့ ဟေ့ - ထထ။ ငါတို့ သ ရက် သီး သွား ကောက် ရ အောင်"

သူတို့နှစ်ယောက်သည်မျက်နှာ သစ် လိုက် ပြီး သ ရက် သီး ကောက်ရန် ရွာဦးရှိ အလံတိုင် ဘုန်း တော် ကြီး ကျောင်း သို့ သွား ကြ သည်။ ဘုန်း ကြီး ကျောင်းဝင်း ခြံပတ် လည် တွင် သရက်ပင်များ အစီအရီ ပေါက်နေကြသည်။ ညက မိုးရွာပြီး လေပြင်း တိုက်ခဲ့ သောကြောင့် ပင် ခြေ အောက် တွင် ကြွေကျနေ သော သရက် သီး မြောက်မြားစွာရှိနေ၏။

"မြန်မြန်ကောက်ရအောင်။ ဒါမှ တို့များများရမှာ။ သူများတွေထက်မြန်အောင်လုပ်ကွ"

သာအေးက နှိုးဆော် လိုက်သည်။ မှန်သည်၊ သူတို့ လိုပင် သရက်သီး ကောက်ရန် ကလေးလေး ယောက် ရောက် နေ ကြသည်။ သူတို့ နှစ်ယောက်သည် ကြွေကျနေသည့် ပင်မှည့်သရက်သီးများကိုလျင်မြန်စွာကောက်ယူကာ ခြင်းထဲသို့ ထည့်ကြ၏။

အမှောင်ထု ပျောက်ကွယ်သွားကာ မိုးလင်း လာလေပြီ။ မိုးတွင်းဖြစ် သော်လည်း ကောင်းကင်မှာ ကြည်လင်နေ၏။ တိမ်ညို တိမ်မည်းများ ကင်းစင်လျက် ရှိ၏။ ညက အပြင်းအထန် မိုးရွာခဲ့ သော်လည်း ယနေ့ နံနက်တွင် မိုးလုံးဝ မရွာတော့ ပေ။

ခြံစည်းရိုးဘေးတွင် ပေါက်နေသောသပြေပင်များ၌ ညိုပြာရောင် သပြေသီးမှည့်များ ပြွတ်သိပ်စွာ သီးနေသည်။ ညကလေတိုက် ထားသဖြင့် ပင်ခြေတွင် ကြွေကျ နေသော သပြေသီးမှည့်များလည်း အများ အပြားရှိနေသည်။ သူတို့သည်သပြေသီးမှည့်များကို ကောက်ရင်း စားကြ၏။

"ဝါဆို ဝါခေါင် ရေတွေကြီးလို့ သပြေ သီး မှည့် ကောက်စို့ကွယ်"

အောင် ထွန်း သည် သ ပြေ သီးများကို စားရင်း ကျောင်းတွင် သင်ကြားခဲ့ဘူးသည့်ကဗျာကို ရွတ်ဆိုလိုက်သည်။ သူ့အသံမှာ ကြည်လင်သည်။ သူ့အသွင်မှာ ရွှင်ပျနေသည်။ မိုးရွာထားသောမြေနီလမ်းပေါ်တွင် လမ်းလျှောက် ရသည်မှာ သူ့အတွက် အရသာရှိလှသည်။ တသွင်သွင် စီးဆင်း နေသော မြောင်း၊ ရေ

ကိုမြင်တွေ့နေရသဖြင့် သူပျော်နေသည်။ မိုးဦးကျ ကာလ တောရွာနံနက်ပိုင်း၏ သဘာဝအလှများကို သူနှစ်သက် သွားလေသည်။

မိုးရေ ပက်ဖြန်း ထားသောကြောင့် သစ်ရွက်များမှာ စိမ်းစိုနေသည်။မြေသင်းနံ့ကို ရှူရှိုက်လိုက်ရသဖြင့် ရင်ထဲတွင်အေးမြသွား သည်။ အောင်ထွန်းသည် သပြေသီးစားရင်းပြောလိုက်၏၊

"မိုးတွင်းမှာ မိုးစဲပြီး လမ်းလျှောက် ရ တာ ပျော် စ ရာ ကောင်းတယ်နော်"

"အေးကွ ငါတော့ ရွာမှာ နေရတာ သိပ်ပျော်တာဘဲ။ စိတ်တိုင်းကျ ကစားရတယ်။ သွားလာရတယ်"

"ဟုတ် ဝယ် ကွ မင်း ပြောတာမှန်တယ်။ ငါတို့မြို့မှာ သွားလာ ရ တာ မလွယ်ဘူး။ ကားတွေ များ နေ တော့ လမ်းလျှောက် ရင်း ကား မ တိုက် မိအောင်သတိထားနေရတယ်"

စ ကား တ ပြော ပြော ဖြင့် အိမ်သို့ ရောက် လာ ကြ သည်။ ညနေခင်း တွင် သာအေး သည် အောင်ထွန်းကိုခေါ် ကာ ရွာပြင်သို့ သွားကြ သည်။ ရွာပြင်တွင် လယ်ကွက်များရှိ၏။မိုးရေများပြည့်နေသဖြင့် လယ်ကန်သင်းရိုးကိုမတွေ့ရ။

ရေပြည့်နေသောလယ်ကွင်းပြင်တွင် ခြေတံရှည် တဲများကို တွေ့ရသည်။ အောင်ထွန်းသည် ရေပြည့်နေသော ကွင်းပြင်တွင် လှော်ခတ် နေသည့် လှေတစင်းကိုကြည့်ရင်းပြောသည်။

"သာ ယာ လိုက် တာကွာ။ ငါ တို့မြို့မှာ ဒီလို ရှုခင်းတွေကို တခါမှ မတွေ့ရဘူးကွ။ မင်းတို့ရွာရောက်မှ တွေ့ရတာ"

"မင်း လှေစီးဘူး သလား။ ငါလှေလှော်တတ်တယ်။မင်းလဲစီးဘူးအောင် ငါတို့ လှေလှော်ရအောင်နော်"

လှေ စီး ရ မည် ဆို သ ဖြင့် အောင် ထွန်း ဝမ်း သာ သွား သည်။ သာအေးသည် ကမ်းစပ်တွင် ဆိုက်ထားသော သူ့အအဖေပိုင်လှေပေါ် သို့တက်လိုက်သည်။ အောင်ထွန်းလည်း သူ့နည်းတူ လှေပေါ် သို့ တက်လိုက်ပြီး လှေဦးတွင် ထိုင်လိုက်သည်။ သာအေးက ဖြည်းဖြည်းကလေးလှော်ခတ်နေသဖြင့်လှေမှာ ငြိမ့်ငြောင်းစွာ သွားနေသည်။

"မိုးရေတက်ရေတဖွေးဖွေး၊ ကွင်း ကျယ် အဝေး ဝေး၊ လယ်စောင့်တဲကလေးခြေတံရှည်၊ မိုးကုပ် အောက်မှာတည်၊ ကြာနီတပွင့်ဖြူတပွင့်၊တဲနှင့်ပန်းတင့်"

အောင်ထွန်းသည် ကျောင်းတွင်သင်ခဲ့ဘူးသောကဗျာတပုဒ်ကို အော်ဆို လိုက်သည်။ သူ့အသံ မှာ ပျော်ရွှင်မှု အပြည့် ရှိသည်။ ရေလွှမ်း နေသည့် ကွင်းပြင် ကျယ် ကြီး တွင် သာအေးလှော်ခတ်သောလှေပေါ်၌လိုက်ပါ စီးနေ ရ သဖြင့် ပျော် မ ဆုံး တပုံးပုံးဖြစ်နေလေသည်။

## ရေဒီယို

ကျွန်တော့်နာမည် ရေဒီယို
ဖွင့်လျှင်သီချင်းဆို။

သတင်းကိုလည်း ကြေညာပေး
ပြည်တွင်းပြည်ပရေး။

ပညာပေးမှု စုံစုံလင်
ကောင်းသောအစီစဉ်။

ကျောင်းသင်ခန်းစာ ပို့ချမှု
စိတ်ဝင်စားတွယ်ပြု။

ဗဟုသုတ ရစေရာ
ဟောပြောမှုလည်းပါ။

ဇာတ်လမ်းပမာ ပုံပြင်များ
ခေတ်နှင့်ညီစေသား။

ဂီတတေးသွား သံချိုလွင်
ရွှင်လန်းစိတ်ဘဝင်။

နေ့စဉ်မှန်မှန် ကျွန်တော်လွှင့်
နားဆင်လိုသူဖွင့်။ ။

မေလှဲ့



R. 517

# ငမန်းဘူးပြောက်


ငမန်းဘူးပြောက်တို့၏ ခန္ဓာကိုယ်မှာ အထက်အောက် ပြားချပ်နေသည်။ နှာယောင်ပိုင်း ရှည်၍ အဖျား ရှူးသည်။ အမြီးလည်း ရှည်လျားသွယ်တန်းသည်။ အခြား ငမန်းများကဲ့သို့ ချွန်ထက်သော ကြိတ်သွားများ မရှိချေ။ သားငယ်များကို အကောင်လိုက် မွေးတတ်သော ငါးမျိုးဖြစ်သည်။ ယင်းတို့ကို ပူနွေးသော ပင်လယ် ရေတိမ်ပိုင်းတွင် တွေ့ရှိရတတ်ပေသည်။ အချို့အကောင်များမှာအရွယ်အစားအတော်အသင့် ရှိ၍ အချို့မှာမူ ခုနစ်ပေအထိ ကြီးမားသည်ကို တွေ့ရပေသည်။

ငမန်းဘူးပြောက် အကောင်ငယ်လေးများ၏ ခန္ဓာကိုယ် အပေါ်ပိုင်းတွင် မီးခိုးရောင် ခပ်မှိုင်းမှိုင်းဖြစ်ပြီး အောက်ဖက်ပိုင်း အဖြူရောင်ဖြစ်၏။ အကောင်ကြီးများတွင်မူ အောက်ဖက်ပိုင်းသည်မီးခိုးရောင်ဖျော့ဖျော့ဖြစ်ပြီးကိုယ်ပေါ်တွင် ပါးကွက် အမှတ်အသားများ ပါရှိသည်။

ငမန်းဘူးပြောက်တို့၏ အသားမှာ ငမန်းများအနက် စား၍ အကောင်းဆုံးဟု ဆိုပေသည်။ ယင်းတို့၏ အတောင်သည် ဈေးအကြီးဆုံး ငမန်းတောင်ပင် ဖြစ်သည်။ အတောင် အလျား တတောင် ကျော်လျှင် ငါးပွဲစား တို့၏ စကားအရ "ဆုံဝင်"သည်ဟု ဆိုသည်။ ဆုံဝင်သော ငမန်းဘူးပြောက်ဆူးတောင်သည် သာမန်ဈေးထက် နှစ်ဆ၊သုံးဆခန့်ပို၍ ရရှိပေသည်။

ဤငါးတို့၏ အစိက အစာမှာ ခရု၊ ဂဏန်းများ ဖြစ်သော်လည်း အခြားသတ္တဝါများကိုလည်း စားသောက် တတ်သည်။ ယင်းတို့ကို မြန်မာ့ပင်လယ်ပြင်တွင် တွေ့ရှိရပြီး ငါးစိုအဖြစ်၎င်း၊ ငါးခြောက်အဖြစ်၎င်း၊ စားသုံးနိုင်သည်။ ယင်းတို့၏ အသည်းမှ ရရှိသော ငါးကြီးဆီမှာလည်း အဖိုးတန်ပေသည်။

သောင်းစု (သုတေသန)



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။


အတွဲ ၇။ အမှတ် ၂၀။

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ဝါဆိုလဆန်း ၅ ရက် (၁၂-၇-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။







ရွာမှာကျန်ခဲ့တဲ့ မောင်အေးခ မှာလဲ အလုပ်တွေ သိပ်ပင်ပန်း နေရှာတယ်လေ၊ သူ့အဖေဟာ မကျန်းမာတော့လို့ ဈေးမ ရောင်းနိုင်တော့ဘူး။
ဖေဖေ ကောင်းမယ့်ဆေး မထွက် ပါနဲ့တော့ အဖေ ဂျယ်မအိပ်ခင် ဆေးသောက်လိုက်ဦးနော်
မောင်အေးခဟာ သူ့ယာခင်းကို ကိုးသီးနှံ စိုက်ပျိုးရင်း မောင်ဖေဖေ့ ကိုမခင်ကြီးကိုလည်း သူ့မိခင်နဲ့ အတူ မပြုစုပါဘူး၊ တာဝန် ကျေကျေပွန်ပွန် ကျေးဇူးပြုနေရှာတယ်။
ရက်အနည်းငယ်တော့ ရွာမှာ မိုးကြီးဖြိုးသည့် နိုင်ခင်းတွေပျက်တယ်၊ မိုးကျလို့ အပင်တွေ ပေါ်ကျနေတယ်။
ဟာ - မိုးများလို့ ငါ့ အပင်တွေ မိုးကျပြီး ပျက်စီးကုန်ပြီ - ခုမှဘဲ၊
အဲဒီတော့ မောင်အေးခဟာ သူ့ယာခင်းကို ထပ်ခါထပ်ခါ စိုက်ရလွန်းလို့ သိပ်ပင်ပန်းနေတာပေါ့။
မောင်အေးခ နေ့ပါ ညပါ ဆူမအားပေါက်တူး တကိုင်ကိုင်နဲ့ မြေနိုင်မြေခံတွေကြားမှာ အလုပ် လုပ်ရလွန်းလို့ သူ့လက်တွေ ပါကြမ်း လာတယ်၊ သူ့ကိုယ်လုံးကိုယ်ထည်ကလဲ အရွယ်နဲ့မလိုက်အောင် ထွားကြိုင်း သန်မာလို့ ကြွက်သားတွေကလဲ တဖြိုင်းဖြိုင်းနဲ့ တကိုယ်လုံး မောင်ကြီး လိုဖြစ်လာတယ်။


ဒီအချိန်မှာ
ပန်းပုပြိုင်ပွဲကြီး





လုပ်အားအလှ

# ကျောက်ပျဉ်



ကျောက်ပျဉ်သည် မြန်မာအမျိုးသမီးများ အမွှေးနံ့သာ လိမ်းကျံရာ၌ နံ့သာသွေးသော ကျောက်ပြားဖြစ်၏။ မြန်မာအမျိုးသမီးများသည် သနပ်ခါးကို လိမ်းကျံခြယ်သလေ့ ရှိကြသဖြင့် သနပ်ခါး အများဆုံးသွေးရာ ကျောက်ပြားဖြစ်၍ သနပ်ခါး ကျောက်ပျဉ်ဟုလည်းခေါ်သည်။ သို့ရာတွင် နံ့သာဖြူ၊ ကရမက်၊ တောင်နံ့ကြီး စသော နံ့သာတုံးများကိုလည်း ကျောက်ပျဉ်တွင် တင်၍ သွေးလေ့ရှိသည်။

ကျောက်ပျဉ်မှာ သာမန် ထိုးကျောက်မျိုးဖြစ်သော ကျောက်ပြားဖြစ်၏။ ယင်းကို ဝိုင်းအောင်ဆစ်၍ မျက်နှာပြင်ညီညာအောင် ပွတ်ပြင်ယူရသည်။ ထိုအခါ အဝိုင်းမျက်နှာပြင် ပတ်လည်တွင် ဘေး၌ဝိုင်းရစ်၍ ရေခံတည် ခေါ် ချိုင့်မြောင်းငယ်ကို ထွင်းထုထားသည်။ မျက်နှာပြင်အလယ်သို့ အနည်းငယ် မို့သွားစေသည်ကိုမြင့်မိုဟု ခေါ်၏။ ဤသို့ ပြုလုပ်ခြင်းဖြင့် သွေးထားသောသနပ်ခါး၊နံ့သာရည်များ ဘေးပတ်လည် ရေခံတည်မြောင်းထဲသို့ အလွယ်တကူ လျှောဆင်းနိုင်သည်။

ရေခံတည်မြောင်းထဲတွင် သွေးပြီးနံ့သာရည် များ ကို ထည့် ထား လေ့ ရှိ သည်။ ကျောက်ပျဉ်၏ အောက်ခြေတွင် သုံးချောင်းထောက်သဖွယ် ခြေဆင့်တပ်ထားပြီး ဘေးနှုတ်ခမ်းပတ်လည်တွင် လှပသေသပ်စွာ ပန်းရေးဆေးခြယ် ထားတတ်ကြ၏။ ကျောက်ပျဉ်ချောမွတ်နေလျှင် ကျောက်ပျဉ်မျက်နှာကို အနည်းငယ်ကြမ်းလာအောင် သံဆူးဖြင့် ပေါက်ခြစ်၍ ဖြစ်စေ၊ ကျောက်ကြမ်းနှင့် ပွတ်တိုက်၍ဖြစ်စေ ပြုလုပ်ရ၏။


ကျောက်ပျဉ်များသည် အရွယ် အစားစားရှိစေကာမူ ပုံသဏ္ဌာန်မှာ တမျိုးတည်းဖြစ်၏။ ကျောက်ပျဉ်မှာ အဖိုးမတန်လှသော်



ရေး မောင်ကျော်လေး □ သရုပ်ဖော် မောင်ဝင်း

လည်း မြန်မာအမျိုးသမီးများ အတွက် မရှိလျှင် မဖြစ်သည့် အဆောင်အယောင်ပစ္စည်းတမျိုး ဖြစ်သည်။ ယင်းကျောက်ပျဉ်ကို ဗန်းဖြင့် သေသပ်စွာ ဖုံးအုပ်၍ အကျော် အနင်း လွတ်သောနေရာများ၌ သိမ်းဆည်းထားလေ့ ရှိကြသည်။

ကျောက်ပျဉ်ကို မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်း ချောက်မြို့နယ်အတွင်းရှိ ဂွေးချိုတောင်အနီး မင်းကန်ရွာများမှ အများအပြား ပြုလုပ်ရောင်းချလေ့ ရှိကြသည်။ စစ်ကိုင်းနယ်မှထွက်သော ကျောက်ပျဉ်မှာ မင်း ကန် ရွာ မှ ထွက် သော ကျောက် ပျဉ် ထက် ကျောက်သားရင့်သဖြင့် လူကြိုက်များလှ၏။






သုံးချောင်းထောက်

ကျောက်ပျဉ်ဖြင့် သနပ်ခါးအမွှေးနံ့သာ သွေး၍ လိမ်းကျံသော အလေ့မှာ မြန်မာနိုင်ငံ၏ ရှေးကျသော ယဉ်ကျေးမှုတရပ် ဖြစ်ခဲ့၏။ သက္ကရာဇ် ၇၅၅ ခုနှစ်တွင် ရေးသည့် ဘုရိဒတ်ဇာတ်ပေါင်းပျို၌ "ဤစာသာရ၊ ဂေါသီတကို၊ နားဝန္စ်ဖက်၊ မြကျောက်ထက်၌၊ ဥာဏ်လက်ကိုထေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွှေးတသုန်၊ လိမ်းလင့်ကုန်" စသည်ဖြင့် ရေးသားဖော်ပြခဲ့သည်ကို တွေ့ရှိရ၏။




ကျောက်ပျဉ်ကို ဘေးနှုတ်ခမ်း ပတ်လည်တွင် ပန်းရေးဆွဲ ခြယ်၍ ပသာဒ ရှိစေသည်။


ကျောက်ပျဉ်ပေါ်တွင် အမွှေးနံ့သာကို ရေဖြင့် သွေး၍ ဘေးပတ်လည် ရေခံတည်မြောင်း၌ ရေများ သွန်းလောင်းထားသည်ကို ရည်၍ "ရေပတ်လည်ဆောင်၊ အလယ်ခေါင်သောင်ထွန်း၊ မိန်းမလှကျွန်း" ဟူ၍၎င်း၊ "အနားပတ်လည်၊ ရေကြည်တည်၊ အလယ်သောင်ထွန်း၊ နဂါးကျွန်း" ဟူ၍၎င်း၊ ကျောက်ပျဉ်ကိုစကားထာဝှက်လေ့ရှိကြသည်။



အရွယ်အစား အမျိုးမျိုး ရှိသော်လည်း ပုံသဏ္ဍာန်အား အတူတူပင်...။


ဖောင်တိန်
ရေး ခဲ့ သည်
ယနေ့ဝင်းတင်က ကျောင်းသို့ ဖောင်တိန်အသစ်ငါးချောင်း ယူလာသည်။
တချောင်းငါးကျပ်နှင့် သူ့အိမ်မှရောင်းဦးသော ဖောင်တိန်များဟု ဆိုသည်။
တချောင်းငါးကျပ်တဲ့ အိမ်က ရောင်းဦး လိုက်တာ
ထိုအထဲတွင် ကျွန်တော်အကြိုက်ဆုံးအရောင်ဖြစ်သည့် အနီရောင်ဖောင်တိန်လေးတလက်လည်း ပါသည်။
ဒီအနီရောင်လေး ငါကြိုက်တယ်ကွာ၊ ဒါပေမဲ့ လောလောဆယ် ပိုက်ဆံမရှိဘူး ကွ
လောလောဆယ် မရှိသေးလဲရပါတယ်ကွ လကုန်တော့ ပေးပေါ့
အေး! ငါယူမယ်ကွာ လကုန်တော့ ဖောင်တိန်ဖိုး ငါ့မေမေဆီက တောင်းပေး မယ်
လကုန်မှပေး ဆိုသဖြင့် ကျွန်တော် စဉ်းစားရသည်။ နောက်ဆုံး တွင်.....


ကျန်ဟောင်တိန်များလည်း အချို့က လက်ငင်း
အချို့က အကြွေး ဖြင့် အားလုံးကုန်သွားသည်။
ငါ့တချောင်း ပေး
လ ကုန် မှ ယူနော်
ငါ့လဲ တချောင်း
ငါ့လဲတချောင်း
ရော့ ပိုက်ဆံ
လကုန်ရက်တွင်
မှန်ဘီဒိုကြီးတလုံးဝယ်လိုက်တဲ့
အတွက်အသုံးစားရိတ်
များသွားတယ်ဟေ့
ဒီလတော....
အစစ ခြိုးခြံ
ချွေတာရမယ်
ခုနေ့ဖေဖေ့ဆီက ဟောင်တိန်ဖိုး တောင်းရင်
ငါတော့ အဂိုက်ခံရမှာ သေချာတယ်
မနက်ဖြန်ကျောင်းတက်ရင်
ဟောင်တိန်ဖိုးကလဲ မပေးလို့မဖြစ်
ငါဘာလုပ်
ရမလဲ ?
ဟော !
အကြံရပြီ
အဲ ... အဲ !
ဒါပေမဲ့ ညီမလေးစုဗူးက
အမြင့်ကြီးမှာဆိုတော့
ငါဘယ်လိုလုပ် မှီမလဲ...
ဖေဖေတို့
မသိအောင် မဖြစ်
ဖြစ်တဲ့နည်းနဲ့ ယူမှ


ဟာ! ဟာ!
ဝုန်း
အမလေးဗျ
ကြည့်စမ်း! ကြည့်စမ်း ခြေထောက်ကချက်ချင်း ရောင်တက်လာတာဘဲ လှုပ် ကြည့်စမ်း
အား!
နာတယ် နာတယ်
ဟော!
သား ခြေထောက် ကျိုးသွားတယ်တဲ့
ဪ! အဲဒါဟာသားအတွက် သင်ခန်းစာဘဲ၊ ဒါကြောင့်ဆိုတာ အလကားပေးတာမဟုတ်လို့ တချိန်ချိန်မှာပြန်ဆပ်ရ လိမ့်မယ်
မလိုအပ်ဘဲ ကိုယ့်အင်အားနဲ့ မမျှတဲ့ အကြွေး မျိုးကို လွယ်လွယ်နဲ့ယူမိယင် မပြေပြစ်နိုင်တဲ့ စိတ်ဆင်းရဲမှုမျိုးတွေ ကြုံရတတ်တယ် ဆိုတာ သား ရှ ရှ မြဲ မြဲ မှတ်ပေတော့



# မိုက်ကယ်အိန်ဂျယ်လို

ကမ္ဘာကျော် အနုပညာရှင်ကြီး မိုက်ကယ်အိန်ဂျယ်လိုသည် အီတလီပြည်သား ဖြစ်၏။ သူသည် ပန်းပုပညာ၊ ပန်းချီပညာနှင့် ဗိသုကာပညာတို့ကို တဖက်ကမ်းခပ် ကျွမ်းကျင်သူ ဖြစ်ပြီး ဟီဗရူး လူမျိုး တို့၏ ဘုရင်ဒေးဗစ်၏ ပုံတူကြီးကို ကျောက်သားစစ်စစ်မှ ထွင်းခဲ့ရာမှ စ၍ အီတလီ တလွှား ထင် ရှား လာသည်။ သူ့လက်ရာကိုနှစ်သက်ကြလွန်း၍ ငွေအမြောက် အမြားပေးပြီး အလုပ်လာအပ်သူ များပြား လွန်းသဖြင့် သူမှာ အလုပ်နှင့် လက် မပြတ်နိုင်ပဲရှိသည်။

သူ၏ ထူးခြားသော လက်ရာများတွင် စစ္စတင်းဘုရားရှိခိုးကျောင်းကြီး၏ မျက်နှာကြက်ကို ပန်းချီရေးဆွဲခြင်းလည်း ပါသည်။ ထို မျက် နှာ ကြက် ကို လေးနှစ်ကြာ နံရံ ပန်းချီဆေးရေး ပြု လုပ် ရ ကြောင်း သိရသည်။ ထို့နောက် ဖလောရင့်မြို့ရှိ စိန့် လော ရင်း ဇိုး ဘုရားကျောင်းကြီးကို ပုံစံရေးဆွဲရပြီး ဘုရားကျောင်းအတွက် ရုပ်တုများကိုလည်း ထုလုပ်ရသည်။ မိုက်ကယ်အိန် ဂျယ် လို ၏ အနုပညာလက်ရာများသည် တချိန်တွင် တ ဆစ် ချိုး ပြောင်း လဲလာခဲ့သည်ဟု ဆိုသော် ဆိုနိုင်သည်။ ဖြစ်ပုံမှာ ခရစ် ၁၅၂၇ ခု ပဋ္ဌမမြောက် ချားဘုရင်၏ တပ်များ ရောမကို ဝင်တိုက်သည်က စခဲ့သည်။ မိုက်ကယ် အိန်ဂျယ်လိုသည် လူအများကို စိတ်ကုန်လျက်နှင့် သူရေးဆွဲထုလုပ် ခြယ်လှယ်သော လက်ရာများတွင် သူ့ခံစားချက်များ ပေါ်လွင်လျက်ရှိသည်။ မည်သို့ဆိုစေသူ့လက်ရာများမှာ ရှေးယခင်ကထက် တရွေးသားမျှ ကျ မသွားခဲ့ပေ။ သူ့အား ရောမမြို့ရှိ စိန့်ပီတာဘုရားရှိခိုး ကျောင်း ကြီး ကို ဆောက်လုပ်ရန် တာဝန်ပေးသော အခါလည်း လက်ရာ မြောက်စွာ ဆောက်လုပ်ပေးခဲ့သည်။

ကဗျာများကိုလည်း အီတလီ ဘာသာဖြင့် ရေးစပ် သီကုံးခဲ့သေးသည်။ ထို့ကြောင့် သူ့ကို "အတုမရှိ ပညာရှင်"ဟု ခေါ်ဝေါ် ခဲ့ကြလေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## အကြောက်ဆုံး အသံ



# ကျွန်တော့်သူငယ်ချင်းရွှေဂဲ

မောင်သာမြှင့်



ကျွန်တော်သည် ညစ်ညစ်ပေပေ နေရမည်ကို အင်မတန်စက်ဆုပ် သည်။ သို့အတွက် အင်္ကျီ၊ လုံချည်သစ်သစ်လွင်လွင်ကို အမြဲဝတ်ဆင်သည်။ တော်ရုံတန်ရုံဟောင်းနွမ်းလျှင် လက်နှင့်ပင် ကိုင်မကြည့်တော့။

ဖေဖေ၊ မေမေ၊ မမတို့ ဆိုသည်ကလည်း အညစ်ပေကြိုက်သည် မဟုတ်။ ကျွန်တော့်ကို သန့်သန့်ထား၊ ကောင်းကောင်းကျွေး၍အပူပင်ကင်းမဲ့စွာ ပညာသင်စေသည်။ ဆိုဥ ထောပတ်စားပြီး စာကိုသာ တစိုက်မတ်မတ် သင်ကြားလာသော ကျွန်တော်သည် စတုတ္ထတန်း စာမေးပွဲကို အမှတ် များစွာဖြင့် အောင်မြင်ခဲ့သည်။

မိုးတနေ့မှာ ကျောင်းစဖွင့်သည်။ ကျောင်း စဖွင့်သည့်နေ့မှာပင် မိုးက သဲသဲမဲမဲကြီး ရွာသည်။ ကျွန်တော် တက်ရမည့် ပဥ္စမတန်း(ဂ)ကို အတော်ရှာရသည်။ ရှာတွေ့ သည်နှင့်ထိုင်ခုံကောင်းကောင်းကို နေရာဦးထားလိုက်သည်။

ကျောင်း တက် ခေါင်းလောင်းထိုးပြီး အတန်းပိုင်ဆရာမ ဝင်လာသည်။ ဆရာမကို မင်္ဂလာနှုတ်ခွန်းဆက်ပြီး မကြာမီ ကျောင်းသား တယောက် အပြေးအလွှား ဝင်လာသည်။ လုံချည် အင်္ကျီ ညစ်ပေပေ၊ လွယ်အိတ်က ညစ်စုတ်စုတ်၊ ဆံပင်က စုတ်ဖွားဖွား၊ ပုံစံက ညစ်ပတ်လွန်းလှသည်။

"ကျွန်တော့်နာမယ်ရွှေဂဲပါ၊ ရွာမမူလတန်းကျောင်းက လေးတန်း အောင်ပြီး ဒီကျောင်း ပြောင်းလာတာပါ။ နောက်ကျတာက ဈေးရောင်းနေရလို့ပါ"

ဆရာမက ပြုံးလိုက်သည်။ ရွှေဂဲကို နေရာ ချ ပေး သည်။ ဆရာမ ချပေးသည့် နေရာက ကျွန်တော့် ထိုင်ခုံဘေး။ ကျွန်တော် အကြီးအကျယ် စိတ်ညစ်ရတော့သည်။ သည် ညစ်ပတ်ပတ် ရွှေဂဲနှင့်မှ အတူလာကျရသည်။ ဖြစ်နိုင်လျှင် ထိုင်ခုံနေရာသာ ပြောင်းထိုင် လိုက်ချင်တော့သည်။ သို့သော်လည်း လူက ပြည့်နေပြီ။

ရွှေဂဲကိုယ်မှ ညှီစို့စို့အနံ့ထွက်သည်။ ကျွန်တော် နှာခေါင်းကို လက်နှင့်အသာ ပိတ်ထားလိုက်သည်။ ကျွန်တော့်အဖြစ်ကို ရွှေဂဲက သိသည်။

"ကျောင်းမမှီမှာ စိုးလို့ အမြန် ပြေးလာ ရတာကွ၊ ရေတောင်မချိုးခဲ့ရဘူး၊ ဒါနဲ့ မင်းနာမယ် ဘယ်သူလဲ"

"ဝင်းကျော်ကျော်"

"နာမယ်က ပျံနေတာဘဲကွ၊ ငါ့နာမယ်ကတော့ ရွှေဂဲတဲ့ကွာ။ တကယ်တမ်းကျတော့ ရွှေမခဲပါဘူး။ငါ့ကိုယ်မှာ ရွှံ့သာခဲနေတာ"

ကျွန်တော်က သူပြောသည်ကို စိတ်မဝင်စား။ သူကတော့ ကျွန်တော့်ကို ခင်မင် ချင်ပုံ ရသည်။ ခူးလာသော နှင်းသီးတလုံးကို စားဘို့ ပေးသည်။ ကျွန်တော်က ခေါင်းခါငြင်းဆန်လိုက်သည်။ ကောင်ညစ်ပတ်

လေးပေးသည့် အစားအစာကို တော့လုံးဝ မစားချင်။

+ + +

ပုစွန်လုံးဟင်းဆိုလျှင် ကျွန်တော် အသေအလဲကြိုက်သည်။ ကျောင်း ပိတ်၊ ရုံး ပိတ် သည့် သည့်လို နေ့မျိုးတွင် ပုစွန်လုံး ဟင်းချက်ရန် မမကြီးကိုအတင်း ပူဆာရသည်။ မမကြီးကလည်း ဈေးသွားလျှင် ကျွန်တော့်ကို ခေါ် သွားသည်။

ဈေးတွင် ရွှေဂဲကို မြင်တော့ အံ့အားသင့်ရသည်။ ရွှေဂဲ၏ ရှေ့တွင် ခပ်လတ်လတ် တောင်း တလုံး ရှိသည်။ တောင်းထဲတွင် ပုစွန်လုံးများ တောင်း ပြည့်လု နီး ရှိသည်။မမကြီးက ရွှေဂဲဈေး ဆိုင်ရှေ့တွင် ရပ်လိုက်သည်။

ပုစွန်လုံးက တမတ် သုံးလုံး ဈေးရှိသည်။ ရွှေဂဲက အလုံး ၂၀ လောက် ကို ဈေး ခြင်း တောင်းထဲထည့်ပေးသည်။ မမ ကြီးက ပိုက်ဆံထုတ်ပေးမည်ပြု သောအခါ ရွှေဂဲက လက်ကာ ငြင်းဆန်သည်။

"ကျွန်တော်က ဝင်းကျော် ကျော်နဲ့ အတန်းတူ သူငယ်ချင်း ပါ။ ဝင်းကျော်ကျော် အတွက် လက်ဆောင်ပေးတယ် သဘော ထားပါခင်ဗျာ"

ရွှေဂဲ၏ အပေါင်း အသင်း စိတ်ဓာတ်ကို ကျွန်တော် အံ့သြ မဆုံးဖြစ်ရပါသည်။ ကျွန်တော် မောက်မောက်မာမာ နေခဲ့ခြင်း ခံရသော ရွှေဂဲသည် သဘော ကောင်း လွန်း လှ ပါ တ ကား။ ပေါင်းသင်းဆက်ဆံရေးကို တန် ဖိုး ထား တတ် သူ ပါ တ ကား။ အကျီ၊ လုံချည် ညစ် ပေ သော် လည်း အတွင်းစိတ်ဓာတ် ဖြူစင် ပါတကား။ ကျွန် တော့် ကိုယ် ကျွန်တော်ရှက်ရပါတော့သည်။ ရွှေဂဲကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့ ကြသည်။

ပု စွန် လုံး အ ကောင် ၂၀ လောက်ရဖို့ ရွှံ့ထဲ ညွန်ထဲ ပင်ပင် ပန်းပန်း လူးလှုပ်ရှားရသည်။ မျှားလှသော အကောင် ၂၀ ကို ရွှေဂဲက ကျွန်တော့်အား ဟင်း လျာ အဖြစ် ပေးလိုက်သည်။ ထမင်းဝိုင်းတွင် ပုစွန်လုံးဆီပြန် ဟင်း ပြည့်ပြည့် မောက်မောက် မြင်တော့ ရွှေဂဲ မျက်နှာကို မြင် ယောင်လာသည်။

သည်ပုစွန်လုံးဟင်းပန်းကန် သည် ကျွန်တော်၏ တင်းမာ သော ဘဝင် စိတ်ဓာတ်ကို ရိုက် ချိုးပစ်လိုက်ပါသည်။ ဝမ်းရေး အတွက် အရွယ်နှင့်မလိုက် လှုပ် ရှား ရုန်းကန် ရသော ညစ်ပေ ပေ ကောင်လေး ရွှေဂဲ၏ စိတ် ဓာတ် သည် စား ကောင်း သောက် ကောင်း စား၊ ဝတ် ကောင်း ဝတ်သန့် ဝတ်နေသော ကျွန်တော့် စိတ်ဓာတ်ထက် အ ဆင့်အတန်း မြင့် လွန်း လှပါတ ကား။နောက်နေ့ကျောင်းတက် လျှင်တော့ ရွှေဂဲအတွက် လိုက် လျောသော အပြုံးကို ကျွန်တော့် လက်ဆောင် အဖြစ် ပေးရပါ ချေမည်။

## အားကျစရာ

ပျားကလေးတွေ စုပေါင်းညီ
ကိုယ့်အိမ်ကိုယ်ဆောက်သည်။

ပန်းဝတ်ရည် ရှာဖွေစု
ညီညွတ်မှုကိုအားမာန်ပြု။


ဖျက်ဆီးမှုနှင့် ကြုံကြိုက်လျှင်
စုပေါင်းတိုက်ခိုက်အောင်ပွဲဆင်။

အရာရာတွင် ပေါင်းစုနဲ့
တက်ညီလက်ညီမလျှော့ဇွဲ။
အားကျစရာတဲ့။ ။

တေသာကြီး – မြသိန်း



R. 517




ဆလုံကြောက်သည် ငါးဖောင်ရိုး မျိုးရင်းဝင် ငါးဖြစ်သည်။ ကိုယ် ခန္ဓာ သည် သေးသွယ် ရှည် လျား ပြီး တုတ်ခိုင်၍ သေးငယ်ပါးလွှာသော အကြေးခွံများရှိသည်။ အရွယ်မှာ နှစ်ပေခန့် ရှည်သည်။ မေးရိုးသည် အလွန်ရှည်လျားပြီး အပ်ကဲ့သို့ ချွန်ထက်ခိုင်မာသော သွားများ အရွယ်မျိုးစုံရှိသည်။ ရှေ့ဖက်ရှိ ချွန်ထက်သော မေးရိုးနှစ်ခုသည် သံချောင်းကဲ့သို့ မာကျောပြီး ထိသည့်နေရာတွင် စိုက် နေ တတ် သည်။ အထူးသဖြင့် သစ်သားလှေဝမ်းဗိုက်များကို တိုက်မိလျှင် နှုတ်သီးမှာသစ်သားတွင်စိုက်နေတတ်လေသည်။ တခါတရံ အရှိန်ဖြင့် လှေပေါ်သို့ ခုန်ပျံတက်လာသည့်အခါ၊ လူကို ထိမိပါက သံချောင်း စူးသကဲ့သို့ အလွန် နာကျင်တတ်လေသည်။ ရေတွင် အလွန် ကျွမ်း ကျင်သည့် ဆလုံလူမျိုးတို့ပင် ယင်း၏ အန္တရာယ်ကို ကြောက်ကြသဖြင့် 'ဆလုံကြောက်' ဟုခေါ်ကြခြင်း ဖြစ်သည်။

ဆ လုံ ကြောက် တို့ သည် ကြမ်းတမ်းသော သားစားငါးများ ဖြစ်ကြသည်။ ပူနွေးသော ပင်လယ်၏မျက်နှာပြင်ပိုင်းတွင် တွေ့ရှိနိုင်ပြီး တခါတရံ ပင်လယ်လက်တက်ဒေသများတွင်ပင် တွေ့ ရှိ ရ တတ်သည်။ ယင်းတို့၏ အသားနှင့် အရိုးတို့၏ အရောင်မှာ အစိမ်းရောင်ဖြစ်သည်။ ယင်းတို့၏ အ သား သည် စား သုံး ရန် ကောင်းသည်ဟု ဆို၏။

ဆလုံကြောက်တို့ကို ပင်လယ်နီဒေသ၊ အိန္ဒိယပင်လယ်နှင့် မြစ်ဝကျယ်ဒေသများ၊ မလေးကျွန်းစု၊ တရုတ်ပြည်၊ ဩစတြေလျမြောက်ပိုင်းနှင့် မြန်မာနိုင်ငံတို့တွင် တွေ့ရသည်။

သောင်းစု (သုတေသန)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၂၉။

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ဝါဆိုလဆန်း ၁၂ ရက်။ (၁၉-၇-၇၅)

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-အေးမြင့်(ခန်းတက္ကသိုလ်)





တခါတုန်းက တောအုပ်တခုအတွင်းဝယ် ခိုအောင်း၍ ရွာများကို လိုက်လံခားပြတိုက်နေသော မိုလ်ဗလ ဆိုသူရှိ၏။ သူ့နာမည်ကြားလျှင် ပြားပြားဝပ် ကြောက်ကြ၏။


တပည့်များပါ ခားပြတဝကို ကျေနပ် နေကြသော်လည်း သားငတွတ်ကား ဤလုပ်ငန်းကို လုံးဝစိတ်မဝင်စားချေ။




စနေနေ့တိုင်း ထုတ်ဝေသည်။


ထိုမိုလ်ဗလသည် တနေ့သောအခါ လေဖောက် ဖိစီး၍ သေလေသော် တပည့်များက သားငယ်အား မိုလ်တင်ကြ၏။






ထိုဖြင့်ဖခင်၏ ဓားကြီးကို လွယ်လျက် ကိုတွတ် ဓားပြဗိုလ် ဖြစ်လာလေသည်။
ဟုတ်ကဲ့ ဆရာလေး
ဟုတ်ကဲ့ ဆရာလေး
ထိုသော် သူ့မှာ အတွေ့ အကြုံလည်းမရှိ၊ ကိုယ်ခံပညာလည်းမရှိဖြစ်သောကြောင့်ဓားပြတိုက်ထွက်သွားတိုင်း မအောင်မြင်တဲ့ မကြာခဏ ထွက်ပြေးကြရ၏။
ရွာများ၌လည်း သူတို့ အတင်းကို ပြောကြ၏။
ဓားပြ ဗိုလ်မလေ ကိုတွတ်သည်စိတ်ဓာတ် ကျကာ အကြံဉာဏ်ထုတ်နေတော့၏။
တောင်ခြေရှိ ရွာစပ်တွင် မထင်မရှားနေသော ဆရာအဖိုးအိုထံ သွား၍ ပန်ကြားလေသည်။


တို့နေ့မှစ၍ ဓားအတတ်ကို စသင်လေ၏။
မင်းတာ. လူကောင်သေးတော့ မင်းဟာမေ ဓါးနဲ့တော့ သင်လို့ မဖြစ်ဘူးကွ —
ဓါးသေးသေး နှစ်လက် ကိုင်ရင် သင်ကောင်းမယ် သိုင်းဓါး နှစ်လက် ပေါ့ကွာ
ဟုတ်ကဲ့
ဒါ ပြောပြမယ် .. သေသေချာချာ မှတ်
ဟုတ်ကဲ့
သိုင်းဓါး ဆိုတာ . တစ်တောင် နဲ့ လက်သုံးလုံးသာ ရှိရတယ်။ ဒါမှ သုံးလို့ ကောင်းတယ်.....
လူတစ်ယောက်ဟာ - ဓါးနဲ့ခုတ်မယ်ဆိုရင် - အဲဒီအလျောက် - လည်ပင်းမှတ်အောင် - ကိုယ်လုံးဖြတ်အောင် ဆိုပြီး တအားတန် ဓါးလွှယ်ခုတ် - ခုတ်လေ့ရှိတယ်ကွဲ့...
... ဖြန်မခုတ်ခင်။ အလကား အားကုန်တယ်။ အသာလေး သိုင်းဓါးနဲ့ ခံထားလိုက်....
...သူ့အားနဲ့သူ လက်ချောင်းလေးတွေ ပြတ်ပြီး ဓါးလွတ်ထွက်သွားလိမ့်မယ်။...
----လွတ်ထွက်လာတဲ့ ဓါးဟာ ကိုယ့်ကို ထိတတ်တယ်။ ဒီတော့ ငုံ့ပြီး သူ့အောက် တလျှောက်ထဲက ရင်း ကိုယ်ကိုပြန် လှည့်လိုက်ကါ....
... သူ့အောက်ပိုင်းကို နောက်ပြန် ဓါးနဲ့ ထွက်လိုက်ရင်.... သူ့ညို့သကြီး စုတ်ပြီ ပြီး သူလဲကျသွားလိမ့်မယ်.....
....ဒါ ဒီအဖြေကျတော့ --- ဆေးလုပ် ချင်ကာ လုပ်နိုင်တော့ပေါ့... ဟုတ်လား ။


အဲ.... ဒါပေမယ့် - ခြေလှမ်းနည်း၊ ကိုယ်လှည့်နည်း၊ ဓါးဝေ့နည်း ရှိသေးတယ်။
...အဲဒါကို - သိုင်းကွက် နင်းတယ်.... လို့ ခေါ်တယ်။ အကျဉ်းအားဖြင့် ရှစ်ကွက်ရှိတယ်
ကြည့်နေနော် - ပါနင်းပြမယ်....
...ပထမ - ခေါင်းဖော် - ရင်ကော့ပြီး ဓါးကိုင်ထားတဲ့ဟန်နဲ့ ခြေဆန့်ရပ်....
ဟော... တဖက်ကို ခြေကွေးပြီး ယိမ်းထိုးရှေ့တက်။ နောက် ခြေရှုတ်လိုက်.. အဲဒါတက်ခြေ
-တခါ.... တဖက်ကို ခြေကွေးပြီး ယိမ်းထိုးနောက်ဆုတ်။ ကျန်ခြေ ရှုတ်လိုက်။ အဲဒါဆုတ်ခြေ
.... ဘယ်လိုဘေးလွှဲလွှဲ --- ဘယ်လိုနောက်လွှဲလွှဲ သိုင်းကွက် မပျက်ရအောင်ပဲ........
တခုတော့ ရှိတယ် - တက်လာတဲ့ ခြေကို ရန်သူက - လှမ်းခုတ်တတ်တယ်။ ဒါကြောင့် ဓါးတလက်က ခေါင်းကို အမြဲ ကာထား - နောက်တလက်က ခြေကို အမြဲ ကာထားရတယ်
တချို့ကတော့ - ခြေလှမ်းပုံကို ရုတ်တရက် မသိသာအောင် ရှမ်းဘောင်းဘီ ဝတ်ထားကြတယ်.........
ဓါး ခုတ်နည်းတွေ ... များ ရှိလေရဲ့ " ဥပမာ-(လေးကွက် ... ယ် - မ) ဆိုတာ- တိုင်ကို လေးလှမ်း ... ပတ်ပြီး ရှစ်ချက် ခုတ်တဲ့ နည်း ... - - - -
(သားပိုက် - မ) - ဘါမ - ညာမ နဲ့ - တဖြည်းဖြည်း လေ့ကျင့်ရတယ်။ "



ဓားသိုင်းပညာ ကျွမ်းကျင်လာသော် ဓားပြဗိုလ် ပြန်လုပ်လေသည်။
ဓားရေးထူးချွန်လာသဖြင့် တိုက်တိုင်းအောင်မြင်ရုံမျှမက ဓားနှစ်လက်ဗိုလ် ဟုပင် ကျော်ကြားလာလေသည်။
ဓါးနှစ်လက်ဗိုလ်နဲ့ တွေ့ရင်တော့ - မခုခံလေနဲ့ - သေကုန်မယ်။ ရှိတာသာ ထုတ်ပေးလိုက်ပေတော့
ထို့ကြောင့် ဓားပြများသည် ဖော်ခြင်း သောခြင်းဖြစ်ပြီး သောက်စားပျော်ပါးနေကြ၏။
ကောင်းလိုက်တဲ့ အရက်--- မီးကို တောက်နေတာဘဲ
ဟားဟား
ဆရာလေး ... ကြက်ပေါင်ကြော် ကိုက်ပါအုံးလေ
ပျော်တယ် ပျော်တယ် ပျော်တယ်
တနေ့သောအခါ
ဆရာလေး - ရွာကြီး တရွာတွေ့ထားတယ်။
အိမ်ကြီး အိမ်ကောင်းတွေ-အများကြီးဘဲ။ ချမ်းသာကြတယ်နဲ့ တူတယ်
နောက်တနေ့တွင် မယောင်မလည်နှင့် စုံစမ်းလေ့လာပြီး အစီအစဉ်လုပ်ကြ၏။
စံပြရွာ


ဓားပြတိုက်ရန် ရက်ချိန်းစေ့သောနေ့တွင် ဓားများကို ကောက်ရိုးအောက် ဝှက်၍ ရပ်ဖျက်ကာ ရွာကြီးထဲသို့ဝင်သွားကြ၏။
ညဘက်ရောက်လျှင် ထနေရာ၌ စုဝေးကြပြီး ဓားများကို ကိုင်ဆောင်လျက် အလျို အလျို သူဌေးအိမ်သို့သွားကြစဉ်
ထစ်ပင်ထက် ရှိသော ကင်းပုန်းများက လှုပ်ရှားမှုများကို တွေ့ရှိကြပြီး ဓားပြတိုက်မည့် အရေး ရိပ်မိကြသဖြင့်
အော်ဟစ် သတိပေးလေလျှင် ကင်းတဲများမှ တုံးခေါက်၍ ရပ်ကွက်တိုင်းတွင် မီးတုတ်လက်နက်များပြည့်လာ၏။
ထို့ကြောင့် ဓားပြများမှာ မတတ်သာတော့ဘဲ လူစုခွဲ၍ အသက်ဘေးလွတ်အောင်သာ ထွက်ပြေးကြရသည်။



ဓားနှစ်လက် မိုလ်သည် စိတ်ပျက် လက်ပျက်ဖြင့် သိုင်းဆရာကြီးထံသွားပြီး ပြောပြ၏။
ဆရာကြီးရယ်- ဒီတခါတော့ ခံခဲ့ရပြီ----
ဆရာကြီး ကို တောင် - မျက်နှာမပြ နိုင်ဘူး
ဟော - ဘယ်လိုဖြစ်လို့လဲ လူကလေးရယ်
စမြူရာကြီးကို သွားတိုက်ကြတာ × × × × × × × × × × × × နောက်ဆုံး တော့ - မရှုမလှ ခံခဲ့ရပါတယ်
အော်--- ဓား ---- ဟုတ်ပေသားပေါ့ ------ ... ဓါးနှစ်လက်ကိုင် စွမ်းပကား ကြီးမား တာကတော့ အမှန်ပဲ။ ။ ဒါပေမယ့် - ငါ မှာလိုက်ဖို့ တခု မေ့သွားတယ်----- --------
အဘ - ပညာကျန် မသင် လိုက်ဘဲကိုး
ဟုတ်ပါဘူးကွ- ဒဲဒါက ဘာလဲလို့ဆိုတော့ စွမ်းပကား ဘယ်လိုပင် ကြီးမားပေမယ့်...
ဓါးရဲ့ အားဟာ အများရဲ့ အားကိုတော့ မကျော်နိုင်ဘူးကွ ------------
....ဒီ စမြူရာကြီး ဆိုတာက - စံနစ်တကျနဲ့ - စုပေါင်း ထွန်ယက် - စုပေါင်း စိုက်ပျိုး - စုပေါင်း ကောက်ရိတ် - စုပေါင်း ရောင်းဝယ် - စုပေါင်း လျှော်တန်း - စုပေါင်း ထူထောင် - စုပေါင်းခွဲဝေ - စုပေါင်း ကာကွယ် ဆိုသလို - စုပေါင်း လုပ်ကိုင် လေ့ရှိတော့... ဒီလို ရွာမျိုး သွားတွမ်း လို့တော့ ----- အသက်ကိုယ်ပါ - အနာကိုယ်ဖြင့် ပြန်လာနိုင်တာပဲတော်လှပြီ....ကွ
အော်!
ပြီး၏



# ကြယ်သီး

## မောင်ကျော်ဇော

ယခုအခါ လူတိုင်းလိုပင် ကြယ်သီးများကို အသုံးပြုနေကြ၏။ သို့ရာတွင် ကြယ်သီးအကြောင်းကို ကျကျနန သိသူကား ရှားလှသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် လူများသည် မိမိတို့၏ဝတ်စားတန်ဆာများ၌ ကြယ်သီးကိုတပ်ဆင် အသုံးပြုခဲ့ကြောင်း အထောက်အထားများတွေ့ရ၏။

ဗြိတိန်နိုင်ငံတွင် ရှေးဟောင်းပစ္စည်းများကို တူးဖော်ရာ၌ ကြယ်သီးများကို တွေ့ရသည်။ ရှေးခေတ် အီဂျစ်နိုင်ငံတွင်လည်း ကြယ်သီးများကို သုံးစွဲကြောင်း တွေ့ရ၏။ ကြယ်သီးများကို အသုံးပြုကြသည်မှာ အဝတ်အစားများ ကိုယ်တွင် ချပ်ရပ်စေရန် သော်၎င်း၊ အဝတ်အစားများ ပိုမိုတင့်တယ်လာစေရန် သော်၎င်း ဖြစ်သည်။



လူများသည် အပူအအေးဒဏ်ခံနိုင်ရန် အဝတ်များကို ဝတ်ဆင်စပြုလာကြသည့်အခါတွင် ကြယ်သီးကို မပြုလုပ်တတ်ကြသေးချေ။ အပင်များမှရသော ဆူးကိုသာ အသုံးပြုကြ၏။ ထိုအခါ မိမိတို့အလိုရှိသော ဆူးအရွယ် အစားနှင့် အရေအတွက်ကို လွယ်ကူစွာ ပြုလုပ်၍ အသုံးပြုနိုင်ကြသည်။

လက်လုပ်ဆူးများမှတဖန် ဝတ်ဆင်သော သားရေစသို့မဟုတ် အဝတ်စတွင် အပေါက်ကလေးများဖောက်၍ အပေါက်ကလေးများကို ကြိုးကလေးများဖြင့် ချည်နှောင်ပြီး ကြယ်သီးသဘောဖြင့် အသုံးပြုကြ၏။ အချို့ လူရိုင်းများမှာ ယနေ့ထက်တိုင် သူတို့၏ အဝတ်အစားများကို ဆူးဖြင့်တွယ်လျက်ပင် ရှိသေး၏။



ကြယ်သီးကိုအင်္ကျီ၊ ဘောင်းဘီတို့တွင် တပ်ဆင်ကြခြင်းမှာအသုံးပြုရန်သက်သက်သာမက၊အလှအပအတွက်တန်ဆာ





ဆင်ခြင်းလည်း ဖြစ်သည်။ ယခုခေတ်တွင် ဝတ်ဆင် ကြသော ကုတ်အင်္ကျီ၊ ယူနီဖေါင်းအင်္ကျီ စသည်တို့တွင် ကြယ်သီးများကို လိုသည်ထက် ပို၍ အလှအပ အတွက် တပ်ဆင်ထားကြ၏။



ရှေးအခါက ကြယ်သီးများသည် အလွန် အဖိုးတန် လှသည်။ အကြောင်းမှုကား လူကုံထံများသည် ကြယ်သီးကို ရွှေ ငွေ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ကြသောကြောင့် ဖြစ်၏။ ထို့ပြင် ရှေးအခါက ကြယ်သီးတလုံး ဖြစ်မြောက်ရန် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရသည်။ ယခုခေတ်တွင် သိပ္ပံပညာ ထွန်းကားမှုကြောင့် တနေ့လျှင် ကြယ်သီး အလုံးပေါင်း မြောက်မြားစွာ ထုတ်လုပ်နိုင်ခဲ့၏။ ထို့ပြင် ကြယ်သီးလုပ်သည့် ပစ္စည်းတို့မှာလည်း အမျိုးများလာ၏။


ယင်းတို့မှာ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ၊ ဒန်၊ သံ၊ ဖန်၊ သစ်သား၊ ဝါး၊ စက္ကူ၊ အဝတ်၊ တိရစ္ဆာန်ဦးချို၊ အစွယ်၊ ခွာ၊ အရိုး၊ ကော်ဖတ်၊ ကနုကမာ၊ ပုလဲ၊ ပင်လယ်ခရုခွံ၊ လိပ်ခွံ၊ ကျွဲကော် စသည်တို့ဖြစ်၏။ သို့သော် ယခုအခါ ပလပ်စတစ် ကြယ်သီးများကို အသုံးများကြသည်။

ကြယ်သီးအမျိုးမျိုးတွင် ကနုကမာစစ်စစ် ကြယ်သီးမှာ အလွန်ရှားသည်။ သို့ရာတွင် ရေကြည် ကနုကမာ သို့မဟုတ် ခရုခွံ ကြယ်သီးများကို အမေရိကန် ပြည်ထောင်စုတွင် အမြောက်အမြား လုပ်ကိုင်ကြ၏၊ ဂျပန်နိုင်ငံမှလည်း ကနုကမာ ကြယ်သီးများထွက်၏။ သမုဒ္ဒရာပုလဲဖြူ ကြယ်သီးများကို ဩစတြေလျတိုက် အနောက်ဖက် ပင်လယ်တွင်းမှ ရရှိသောပုလဲခွံ အဖြူများမှ ထုတ်လုပ်သည်။ ပုလဲဝါကြယ်သီးများမှာ မနီလာမြို့မှထွက်၍ ပုလဲနက်ကြယ်သီးကို တဟီးတီးကျွန်းမှရရှိ၏။


မြန်မာနိုင်ငံတွင်လည်းကြယ်သီးများကိုအများအပြားလုပ်ကိုင်ကြ၏။






ကယ်တင်ရှင်ဖြစ်လိုသူ
ကာထွန်း မြေ့ရှာ
တခါတုန်းက ခွေးကလေးတကောင် ရှိလေသည်။ သူသည် အမြဲ စိတ်ကူးယဉ်နေတတ်သည်။
ငါ့ဖွားဖွားပြောပြတဲ့ ပုံပြင်တွေ ထဲကလို ဒုက္ခရောက်နေတဲ့ သူကို…
ကယ်တတ်တော့ - ကယ်တင်ရှင်ကြီး သိပ်ဖြစ်ချင်တယ် - ဘယ်လိုလုပ်ရပါ့ မလဲ -
ဘာဘဲဖြစ်ဖြစ် ဒီနေ့တော့ - တစ်ဦး ဦးကို ကယ်တင်ပေးပြီးမှ အိမ်ပြန်မယ် -
ထိုစဉ်
အလို - ဟိုမှာ ဖါးတကောင် ရေနစ်နေပါလား အင်း ငါ ကယ်တင်ရှင် ဖြစ်တော့မယ်


ဘာမှမပူနဲ့ အဆွေဖါး
အကျွန်ုပ်ကယ်တင်မယ် -
ပွမ်း
ထို့နောက်
အဆွေဖါး အကျွန်ုပ်ကယ်
တင်လို့သာသင်ရေမနစ်ခြင်း
ဖြစ်တယ် -
ဗုဒ္ဓေါ
အဆွေ ခွေး · ဖါးဆိုတာ ဘယ်
တော့မှရေမနစ်တဲ့ရေကူးချံပီယ တွေဘဲ
ရေအိုင်မှာသာနေရယင် လောကနိဗ္ဗာန်
ပေါ့ဗျာ -
ဟား ဟား · ဟား
အင်းဒါကတော့ စေတနာရှိရဲ့ဘဲ
သို့သော် ဘာများ ကော ကတ်နိုင်မှာလဲ
အလို ဟိုမှာ ကင်းလိပ်ချော
တကောင် နေပူကြီးထဲမှာ
ငါကယ်တင်မှ


အိမ်ရောက်သော်
ခွေးကလေးသည် ငါးကို ရေအိုင်တွင် ချထားပြီး အိမ်ပြန်ရောက်သော် –

# မီး အိမ် ရှင်



လူမမာများကို ကရုဏာ အပြည့်အဝထား၍ ပြုစုရေးတွင် ဦးဆောင်ဦးရွက် ပြုခဲ့သူ အင်္ဂလိပ် အမျိုးသမီးမှာ ဖလောရင့်နိုက်တင်းဂေး ဖြစ်သည်။ သူသည် အလွန်ချမ်းသာ ကြွယ်ဝသော မိဘများမှ ဆင်းသက်လာသူ ဖြစ်သော်လည်း ငယ်ငယ်ထဲက သူတပါးကို သနားညှာတာတတ်သော စိတ်ရှိသည်။ ထို့ကြောင့် သူနာပြု လုပ်ငန်းဖြင့် လောကကောင်းကျိုး ထမ်းရွက်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုစဉ်က အစစအယိုယွင်းညံ့ဖျင်းနေသော သူနာပြုလောကကို နိုက်တင်းဂေး ဦးဆောင်၍ ပြုပြင်မွမ်းမံနိုင်ခဲ့သည်။ ဦးစွာ သူသည် သူနာပြု လုပ်ငန်းများကို တကယ် စိတ်ပါဝင်စားသော အမျိုးသမီးများသာ ပါဝင်သည့် အဖွဲ့တခု ဖွဲ့စည်းလိုက်သည်။

၁၈၅၄ ခု ခရိုင်းမီးယား စစ်ပွဲကာလ တူရကီရှိ ဗြိတိသျှ စစ်ဆေးရုံ၏ ဆိုးရွားလှသော အနိဋ္ဌာရုံများမှာ ကြောက်မက်ဖွယ် ကောင်းလှသည်။ ဆရာဝန်နှင့် အဖွဲ့ ညံ့ဖျင်းမှုကြောင့် လူနာစစ်သည်များ အသေအပျောက်နှုန်းမှာ ရွေတန်းမှာထက် များပြားလျက်ရှိနေကြောင်း ကြားရ၍ နိုက်တင်းဂေးနှင့်သူ၏သူနာပြုများ တူရကီဆေးရုံသို့ လိုက်လာကြသည်။ နိုက်တင်းဂေးသည် နေ့ရောညပါ မနားမနေ လူနာများကို ကိုယ်ဖိရင်ဖိ ပြုစုရှာသည့်အတွက် ဆေးရုံမှာ အခြေအနေတိုးတက်ကောင်းမွန်လာခဲ့သည်။ တဖက်မှ ဤသို့ တိုးတက်လာသည်နှင့်အမျှ သူကိုယ်တိုင်မှာ ပင်ပန်းလွန်း၍ ကျန်းမာရေး ကျဆင်းလာသည်။ ညစဉ်ညတိုင်း မီးအိမ်လေး ကိုင်၍ ဆေးရုံခန်းများကို တခန်းဝင် တခန်းထွက် သွားလာနေသော သူ့ကို "မီးအိမ်ရှင်" ဟု လူနာတို့က လေးလေးစားစား ခေါ်ကြသည်။

အင်္ဂလန် သို့ ပြန်ရောက်သော် လူထုက သူ့ကို ဝိုင်းဝန်း ချီးကျူး အားပေးကြသည့်အတွက် ထိုက်ထိုက်တန်တန် သူနာပြု သင်တန်းကျောင်းတခု ဖွင့်လှစ်ရန် အလှူငွေ ကောက်ခံသည်။ သူ့ကို ၁၉၀၇ ခုနှစ်တွင် သတ္တမ မြောက် အက်ဒွပ်ဘုရင်က ဂုဏ်ပြု ဆုတံဆိပ် ချီးမြှင့်သည်။ ဤမျှ မြင့်မားသော ဆုတံဆိပ်မျိုးကို ဆွတ်ခူးသူ အမျိုးသမီးများတွင် သူသည် ဦးဆုံးဖြစ်သည်။ ဖလောရင့် နိုက်တင်းဂေးသည် ၁၉၁၀ ပြည့်နှစ်တွင် ကွယ်လွန်ရှာသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

# အဖြေခက်လှသည်

မသချို



ဖိုးထူးအဖို့ စာမေးပွဲအောင်၍ ဝမ်း သာ သည် ဆို သည် ကို သေ သေ ချာ ချာ မခံစားဘူးသေးပေ။ တတန်းကို နှစ် နှစ်နှုန်းနေခဲ့သည်။ စာထဲစိတ်မဝင်စား၍ စာမေးပွဲမအောင်။ စာမေးပွဲမအောင်၍ စာ ထဲ စိတ်မဝင်စား၊ ဤသို့ဖြင့် ဖိုးထူးနှင့်စာ မေး ပွဲ သည် ဂျာအေး သူ့အမေရိုက် ဆိုသလို လုံးလည်လိုက်၍ နေတော့သည်။

ဖတာဆိုး ဖိုးထူးကို မေ မေသည် မျက်နှာမငယ်စေခဲ့ရပေ။ ကျောင်းလခ၊ မုန့်ဖိုး စသည်တို့ကို အိမ်တွင် ကုန် စုံ ဆိုင် လေးဖွင့် ရောင်း ကာ ပြည့် စုံ စေ ခဲ့သည်။ မေမေက ဖိုးထူးကို နာမည်နှင့်လိုက်အောင် ထူးချွန်စေချင်သည်။ ဖိုးထူးမှာကား လမ်းဆုံ လမ်း ခွ များ တွင် အပေါင်းအသင်းတစုဖြင့်သာ အချိန်ကုန်နေတတ်သည်။

ပိုဆိုးသည်က ကျောင်းပြေးခြင်းပင်ဖြစ်သည်။ကျောင်းပြေး၍ ရုပ်ရှင်ရုံ၊ တိရစ္ဆာန်ရုံတို့သို့ရောက်နေတတ်၏။ ယင်းအဖြစ်ကို မေ မေ က မ သိ။ နေမကောင်း သည့် ကြား မှ ပင်ကျောင်းအသွားအပြန်၊ အစားအသောက် အ ဆင် ပြေ စေ ခဲ့သည်။ မေမေက စာ ကျက် ဖို့ပြော သည့် အ ခါ တိုင်း သူငယ်ချင်းများနှင့် စုံ၍ကျက်မည်ဆိုကာ စာအုပ်ဆွဲ၍ ထွက် သွားတော့သည်။ အချိန်လွန်မှ ပြန်လာသောသားကို မေမေက စာကျက်၍ပြန် လာ သည် ဟု ပင်ထင်နေသည်။ တခါတရံ မေမေက အိမ်မှာပင် စာကျက်ရန်ပြောသောအခါ အင် လိပ် စာကျက်မည်၊ သင်္ချာ ပုစ္ဆာ များတွက်ရန်ရှိသည် စသဖြင့် အမျိုးမျိုးအကြောင်းပြ၍ ထွက်သွားခဲ့ပြန်လေသည်။ မေ မေ သည် ဖိုးထူး ဤနည်းဖြင့် သူ့ကိုမလှည့်စား ဟု ထင် ကာ ဖိုးထူးပြောသမျှ ယုံလေသည်။

ယခုတလော ဖိုးထူးမေမေသည် နှလုံးရောဂါရှိ၍ အိပ်ရာထဲမှာသာ ခွေနေတတ်သည်။ သို့သော် ဖိုးထူးမေမေသည် သားတော်မောင်နှင့် တွေ့လိုက်တိုင်း တခြားစကားမပြောပဲ စာကြိုးစားရန် စာကျက်ရန်သာ ပြောလွန်း သ ဖြင့် ဖိုးထူးတယောက် ရှောင်၍သာ နေမိသည်။

စာမေးပွဲလည်း နီးနေချေပြီ။ လစဉ် စာ မေး ပွဲမှန် သမျှကျလေ့ရှိပြီး သူ များ တွက် ပြီးသားသင်္ချာများကိုသာ ကူးချလေ့ရှိသော ဖိုးထူးအဖို့ စာမေးပွဲမှာ အဓိပ္ပာယ်မရှိသလို ဖြစ်နေသည်။ အတန်းပိုင်ဆရာမကလည်း စာကြိုးစားရန်၊ အစွမ်းကုန်ကြိုးစားမှ အောင်နိုင်မည်ဖြစ်ကြောင်း မကြာခဏ ခေါ်၍ပြောတတ်သည်။

စာမေးပွဲတွင်လည်း နှစ်ဘာသာ သာဖြေ၍ ကျန်ဘာသာများကို ဆက်မဖြေတော့ပေ။ သို့ရာတွင် စာမေးပွဲ ဖြေချိန်ရောက်လျှင် အိမ်မှ အချိန်မှန်မှန်ထွက်သွား၍ တီ ရစ္စာန် ရုံကန်တော်ကြီး စ သည့် တို့ တွင် သွားထိုင်နေ၏။ အချိန်တန်၍ အိမ်ပြန်သော် စိုးရိမ်သောမျက်နှာဖြင့် ဆီးကြိုနေသော မေမေ့အား ဖြေနိုင်ပါကြောင်း မှင်သေသေနှင့် ပြောရ၏။

ဤသို့ဖြင့် စာမေးပွဲ အောင်စာရင်းများ ထွက်လာလေပြီ။ သူ ငယ် ချင်း တ ယောက် က အောင် စာ ရင်း ကပ်နေပြီ ဖြစ်ကြောင်း ဖိုးထူးထံ သတင်းလာပေး၏။ ဖိုးထူး၏ သူငယ်ချင်း အသံကြားသော မေ မေ သည် အိပ်ရာထဲမှ ထလာကာ ဖိုးထူးအား မြန် မြန် သွား ကြည့် ရန် ပြောသည်။ ဖိုးထူးက "ဖြေးဖြေးပေါ့ မေ မေ ရယ်၊ ဘယ်တော့ကြည့်ကြည့် ရတာပဲဟာ" ဟု ပြောကာ အိမ်မှ ထွက်ခဲ့၏။ မေမေက မြန်မြန်သွားရန် ပြော၍သာ အိမ်မှထွက်လာခဲ့ရသော်လည်း တကယ်တော့ စာမေးပွဲ အောင် စာ ရင်း နှင့် ဖိုးထူးမှာ မည် သို့ မျှ မသက်ဆိုင်တော့ပါချေ။ သို့ဖြင့် သူသည် သူငယ်ချင်းများဆီသို့သာ ခြေဦးလှည့်ခဲ့၏။

လမ်းထိပ်ရှိ ဆုံနေကျနေရာတွင် လည်း တ ယောက် နှစ်ယောက်သာ တွေ့ရပြီး ကျန်သူငယ်ချင်းများ၊ အောင် စာ ရင်းကို သွား ကြည့် ကြောင်း သိရ၏။ ခဏကြာသော် သူငယ်ချင်းတယောက် ပြေးလာကာ ဖိုးထူး၏မေ မေ ကျောင်း တွင် အောင်စာရင်း သွားကြည့်ရင်း မူးလဲသဖြင့် အိမ်သို့ ပွေ့ခေါ်ခဲ့ရကြောင်း ပြော၏။

ဖိုး ထူး သည် မေ မေ့ ကို ရုတ်တရက် အပြစ်တင်မိသည်။ နေမကောင်းသည့် ကြားထဲက မူးအလဲခံ၍ သည် အောင် စာ ရင်းကို ကြည့်ရသလား ဟူ၍ ဖြစ်သည်။ သို့ဖြင့် အိမ်ရောက်သောအခါ မေ မေ က ဖျော့တော့တော့မျက်နှာဖြင့် "သားနောက်က လိုက်ထွက်ခဲ့တာဘဲ၊ သားပြန်အလာကို မစောင့်နိုင်အောင် သိချင်လွန်းလို့ပါ၊ နေပူထဲမှာ တိုးရခွေ့ရတာကြောင့် မိုက်ကနဲဖြစ်သွားတာဘဲ၊ သားအောင် ရဲ့ လား ဟင်" ဟု မေးလိုက်လေသည်။

ဖိုးထူးအဖို့ ကျင်စက်နှင့်တို့သလို ခံစားလိုက်ရ၏။ သူ၏ မေမေ သည်လောက်စိတ်ပူကာ သည် လောက် အောင် စေ ချင်သည့် စာမေးပွဲအတွက် ဖိုးထူး အ ဖြေ ခက် လှ သည် မ ဟုတ်ပါလား။ ။

× × ×

# အာဇာနည်နေ့ အမိဋ္ဌာန်

ဆယ့်ကိုးဇူလိုင် တိုင်ပြန်ဖြိုး
စီးကျသွယ်မျက်ရည်။

အာဇာနည်တွေ တို့မမေ့
လွမ်းသူ့ပန်းခွေ ချတယ်လေ့။

သည်နေ့ သည်ရက် သည်ချိန်ခါ
အလံတဝက် လွှင့်ထူကာ။

ညီညီညာညာ ပေါင်းစည်းစု
ငြိမ်သက်အလေးပြု။


အလှူကောင်းမှု အမျှဝေ
ကောင်းရာလားပါစေ။

ဆုပန်ချွေလို့ အရောက်လှမ်း
နိုင်ငံ့သာစခန်း။

ခရီးကြမ်းလဲ နောက်မပြန်
ရှေ့သို့သာစိတ်သန်။


အားနှင့်မာန်နှင့် တို့ပေါင်းစု
အာဇာနည်နေ့ အမိဋ္ဌာန်ပြု။

ကျော်ကျော်(မြို့သစ်)



R. 517

# ငနွား



ငနွားတို့၏ခန္ဓာကိုယ်တွင် ခြောက်ထောင့်ပါရှိသော မှန်ကူကွက် အကြေးခွံ များဖြင့် တကိုယ်လုံးကို ဖုံးအုပ်ထားလေသည်။ ခန္ဓာကိုယ် အရောင်မှာ အညိုဖျော့ဖြစ်ပြီး အပြာရောင် အစက်အပြောက်တခုသည် အကြေးခွံတခုစီတွင် ပါရှိသည်။ အချို့တွင်မူ ယင်းအစက်အပြောက်များ လုံးဝကင်းမဲ့နေတတ်သည်။ အထက် အောက် မေးရိုးများတွင် ချွန်ထက်ပြီး ပျော့ပြောင်းသည့် သွားများ ရှစ်ချောင်းမှ ၁၀ ချောင်းထိ ပါရှိသည်။

ငနွားတို့၏ ခန္ဓာကိုယ်သည် သုံးထောင့်ပုံသဏ္ဌာန်ရှိပြီး လုံးဝလှုပ်ရှား၍ မရဟု ဆိုသည်။ တစပ်တည်းဖြစ်နေသော အကြေးခွံများကြားမှ မျက်လုံး၊ နှုတ်ခမ်း၊ ဘေးတောင်နှင့်အမြီးတို့သာ လှုပ်ရှားနိုင်လေသည်။ မျက်လုံး အထက်နားတွင် နွားချိုကဲ့သို့ ရှေ့သို့ ထိုးထွက်နေသော အကြေးခွံ ဆူးနှစ်ခု ပါရှိပြီး၊ စအို၏ နောက်တွင်လည်း အလားတူ ဆူးမျိုးနှစ်ချောင်း ပါရှိ၏။ နွားများကဲ့သို့ ဦးချိုနှစ်ချောင်း ပါရှိသဖြင့် ငနွားဟု ခေါ်ခြင်း ဖြစ်ပေသည်။

ယင်းတို့ကို ပင်လယ်နီဒေသ၊ အာဖရိကတိုက် အရှေ့ဖက် ကမ်းရိုးတန်းဒေသ၊ အိန္ဒိယပင်လယ်မှ မလေးကျွန်းစုအထိ တွေ့ရှိရပေသည်။

မြန်မာနိုင်ငံတွင်လည်း ငနွားတို့ကို တွေ့ရှိရ၍ ယင်းတို့ကို ကျောက်သေတ္တာငါးဟုလည်း ခေါ်ကြသေးသည်။ ယင်းတို့ကို ငါးစိုအဖြစ်၎င်း၊ ငါးခြောက်အဖြစ်၎င်း စားသုံးနိုင်ပေသည်။

သောင်းစု(သုတေသန)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၀။


# ရွှေသွေး ဂျာနယ်

တာဝန်ခံ၀တ္တုရှည်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ရန်အောင်

၁၃၃၇ ခု၊ ဝါဆိုလဆုတ် ၄ ရက် (၂၆-၇-၇၅)

မန္တလေးမြို့ပြည်ထောင်ရှိ မိတ္တသုခ ဥယျာဉ်အတွင်းဝယ် အချိန်မတော် လုလင်ပျိုနှင့် လုံမပျိုတို့သည် သစ်ပင်ကွယ်နေသော ခုံတန်းလျားပေါ်၌ ကျိစယ်နေကြစဉ်-



မမျှော်လင့်ပဲ မီးရောင်တခုလင်းလာသည်။




ထိုသို့မီးရောင်ထိုးထားသူကား ဥယျာဉ်စောင့် လုလင်ပင်ဖြစ်၏။




ဘာမြှုလို့ ပို့ရမှာလဲ
ဥယျာဉ်ထဲမှာ မတော်တဲ့ အမှုကိုမြှုလို့
ကျွန်တော် မှားမိပါတယ်၊ ဒီ တကြိမ် ခွင့်လွှတ်ပါ ။
မြို့ဝန်မင်းထံရောက်မှ တောင်းပန်ပါ —
ကျုပ်ကတော့ - တာဝန်အရ ခေါ်သွားရမှာတဲ့ ။
လုလင်ပျိုသည်ငွေဒင်္ဂါးများကိုဥယျာဉ်စောင့်အားပေးပြီး တီးတိုးပြော၏။
ငွေကိုယူပြီး အမြစ်ကိုလွှတ်ပါ။
မယူပါဘူး
လာဘ် ထိုးတဲ့ အမြစ်ကိုပါ မြို့ဝန်မင်းထံ တင်ပြရလိမ့်မယ်



တခြား လူသာ ဆိုရင် ငွေယူလိမ့်မယ် - ထင်တယ်
တာဝန် ဝတ္တရား သိတဲ့ လူကတော့ လာဘ် မယူပါဘူး
ကျွန်တော် ဘယ်သူလဲဆိုတာ သိရဲ့လား
မပြုထိုက်တာ ပြုတဲ့သူပေါ့။
ကျွန်တော့် ဖခင် ဘယ်သူလဲ ဆိုတာ သိရဲ့လား
မသိဘူး
သိရင်တော့ ရှုတ်ချာတဲ့
ဘယ်သူ မို့တုန်း
မြို့ဝန်မင်းပါ
ဖျောက်
ယား - မြို့ဝန်မင်းသား ဖြစ်လေလေ - မြို့ဝန်မင်းထံ ပို့လေလေဘဲ - ဟဲ.


တခြားလူဆိုရင် ကျွန်တော့်ကိုသတ်မှာဘဲ
တာဝန် ဝတ္တရားမသိတဲ့ လူဆိုရင်တော့- သတ်မှာပေါ့။
ကဲဗျာ- ခင်ဗျားခေါ်ရာကို ကျွန်တော်မလိုက်ချင်ဘူး
အတင်း ဆွဲခေါ်မှာပေါ့
အတင်းဆွဲရင် ဓါးနဲ့ခုတ်မယ်
ပြောရင်းဆိုရင်း ဓားကိုဆွဲထုတ်လိုက်သည်။
ဥယျာဉ်စောင့်လည်း ခုခံရန်ပြင်လိုက်သည်။
လုလင်ပျိုနှင့်ဥယျာဉ်မှူးတို့ရှေ့တိုးနောက်ဆုတ် ဓားခုတ်နေကြစဉ်--
ချွင်
ချွမ်
လုံမပျိုသည် တုန်လှုပ်ထိတ်လန့်နေ၏။



ဓားနှင့်ခုတ်ကြရာ လုလင်ပျိုလက်မှ ဓားသည် ဥယျာဉ်စောင့်ဓားချက်ကြောင့် အဝေးသို့လွင့်စင်သွား၏။
တောက်! အမှဲမဲ့ ခွဲခဲ့လှပြီ-
ဒီတခါဘဲ ရှုံးသွားတယ်။
တရားတဲ့လူကြာ နိုင်မြဲမဖွတ်ဘဲ။ ကိုင်း — မြို့ဝန်မင်းထံ လိုက်ခဲ့ကြ ပေတော့
ကျွန်တော့် ဖခင်က အရေးယူမှာမဟုတ်ပါဘူး
မြို့ဝန်မင်းဟာ တရားသဖြင့် ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်ပါ။
မြို့ဝန်မင်းအိမ်သို့ရောက်လျှင်-
ဥယျာဉ်တော်ထဲမှာ မတော်မလျော်မှုနေသူ နှစ်ဦးကို - ခေါ်ဆောင်လာကြောင်းပါဘုရား
ဥယျာဉ်မှူး ပြောတာတွေ ဟုတ်သလား
ဟုတ်ပါတယ်
ငါ့သား ကိုယ်တိုင်က စည်းကမ်းဥပဒေကို ကျူးလွန်တယ် ဆိုတော့ ပိုဆိုးတာပေါ့


…. တပည့်မကောင်း - ဆရာ့ခေါင်း ….. တဲ့။
သား သမီး မကောင်း - မိဘခေါင်း …. တဲ့။
တယ်ခက်တာကိုး …..
သူငယ်မလေးက ဘယ်သူလဲ
သမီးရည်းစားပါ ၊ အတည်ယူမှာပါ။
ကဲလေ …. ထားပါတော့ ၊ ထားပါတော့ ။
သား - ဥယျာဉ်မှူးကို
ငွေထိုးတယ်ဆို …..
ချောက်လှန့်တယ်ဆို ….
ရစ်တယ်ဆို ….
မလွန်ဘူးလားကွယ်
ကျွန်တော် မှားမိတာကို ဝန်ခံပါတယ် …..
နောင်တကြီးစွာရပါပြီ။ နောင်ကိုလဲ
ဘယ်တော့မှ
မလုပ်တော့ပါဘူး
လိုအပ်သည်များကို စေ့ငှစွာ စုံစမ်းမေးမြန်း ပြီးသောအခါ-
ကဲ - အမိန့်တော်ချမယ် ။ နားခံကြ ။
သားရယ် - အဖရယ် မဟုတ်ဘဲ - မြို့ဝန်က
တရုံ့တဦးကို အမိန့်ချသလို
အမိန့်မျိုး မှတ်တော့မည်။
ဤလုလင်သည် အပြစ်ရှိသည် မှန်သော်လည်း
မိမိပြုခဲ့သော အမှားကို - မဖုံးမကွယ်ဘဲ
ဝန်ခံသည်က - တကြောင်း။ နောင်တရလျက်
နောက်နောင်ကို - ဤသို့ မလုပ်တော့ပါဟု - ကတိ
ပြုသည်က - တသွယ်။ အရွယ်ငယ်သေး၍
တကြိမ်တခါ မလိမ္မာမှုဖြစ်သောကြောင့်
ပညာပေး ဆုံးမပြီး သတိလ - ကိုယ်ဝတိုင်
ခံဝန်ချုပ်ဖြင့် …. လွှတ်စေ …….
သို့သော် ….
…….. သို့သော် - တာဝန်သိသိ
သစ္စာရှိရှိ
သတ္တိဖြောင့်ဖြောင့်
နှင့်ဝတ္တရားဆောင်ရွက်
သော - ဥယျာဉ်မှူးကို
လုလင်ပျိုနှင့်လုံမပျိုတို့က
ဝတ်စုံတစုံကန်တော့ကြရ
မည် -----


မြင့်မာန်
ရေးဆွဲသည်။
ကိုကိုတုး၊ မာမာ၊ ကြည်လွင်အေး
တို့ပါဝင်သော
အလုပ် လုပ်သူရို့
မေမေရေ၊ ဦးဂေါင်က ကျနော်တို့ အိမ်အတွက် မုံ့တွေ ပေးလိုက်တယ်
ဟော ဟုတ်လား
အဲ၊ တခုတော်ပင် ပို့နေပါလား ကဲလေ၊ ကိုကိုတုးဘဲ ဓါးလိုက်
ဒါဖြင့်၊ တယောက်နှစ်ခုစီ ဓါးကြပေါ့၊ ကော့ပေဟ့
ဟုတ်ကဲ့
ဟာ၊ မေမေက မျက်နှာလိုက်တယ် ပိုနေတဲ့ မုံ့တခု ကိုကျနော်တို့လဲ ဓါးချင်တာပေါ့
မျက်နှာလိုက်တာ မဟုတ်ပါဘူး ကွယ် ကိုကိုတုးလို မင်းတို့လဲ မေမေ့ သားတွေဘဲပါ၊ ကိုကိုတုးကို ပိုနေတဲ့ မုံ့တခု ပေးဂုတာလဲ သူက မုံ့တွေ ယူလာသူမို့ပါ


လက်နှိပ်စက်ကို ၁၇၁၄ ခုနှစ်ခန့်က စ၍ တီထွင်ခဲ့ကြသော်လည်း တကယ် လက်တွေ့ အသုံးပြုနိုင်သော လက်နှိပ်စက်ကိုမူ အမေရိကန်လူမျိုး “စီ၊ အယ်လ်ရှိုး” ဆိုသူက ၁၈၆၈ ခုနှစ်တွင် တီထွင်ခဲ့သည်။

ထို့နောက် အမေရိကန် ရီမင်တန် ကုမ္ပဏီက ရီမင်တန် လက်နှိပ်စက်များကို ၁၈၇၄ ခုနှစ်တွင် ထုတ်လုပ်ရောင်းချခဲ့သည်။


လက်နှိပ်စက် တလုံး၏ အလုပ် လုပ်ပုံ အခြေခံ သဘောမှာ ဤသို့ဖြစ်သည်။

အက္ခရာများ မှတ်သားထားသော လက်နှိပ်ခလုတ်ကို နှိပ်ချလိုက်သောအခါ ခလုတ်မောင်းလက်သည် အောက်ဖက်သို့ နိမ့်ဆင်းလာသည်။ ထိုအခါ ပထမ ဆက်တံသည် ပထမ ဆွဲမောင်း၏ လက်ဝဲဖက်ပိုင်းကို ဆွဲချလိုက်ရာ၊ ယင်းနှင့်အတူ ပါသွားသော ဒုတိယ ဆက်တံက ဒုတိယ ဆွဲမောင်း၏ အကူအညီဖြင့် တတိယဆက်တံကို လက်ျာဖက်သို့ ဆွဲယူသွားသည်။ ထိုအခါ တတိယ ဆွဲမောင်း၏ အထက်ဖက်ပိုင်းသည်လည်း ဆွဲရာ ပါသွားပြီး ထိုမှတဆင့် စတုတ္ထဆက်တံကို လက်ျာဖက်သို့ ဆွဲသွားသည်။


ဤသို့ အဆင့်ဆင့် ဆွဲသွားရာ နောက်ဆုံး၌ စတုတ္ထ ဆက်တံသည် စာပုံနှိပ် လက်တံ၏ လက်ဝဲဖက် အစွန်းကို ဆွဲသည်။ အဆွဲခံရသော လက်တံ၏ လက်ဝဲဖက် အစွန်းသည် လက်တံရှိ လည်ချက်ကြောင့် ဘေးတိုက် ပါ



# လက်နှိပ်စက်



မသွားပဲ စီးဆောတခု၏ အစွန်း
တဖက်ကို ဆွဲချသည့် ဥပမာအတိုင်း
အောက်ဖက်သို့ငိုက်ဆင်းလာသည်။
ထို အ ခါ လက် တံ၏ လက်ျာဖက်
အစွန်းသည် အပေါ် သို့ထောင်တက်
လာပြီး စာပုံနှိပ်ခေါင်းတွင် တပ်ဆင်
ထားသော စာလုံးက မင်စိမ်ကြိုး
ပြားပေါ်မှ တဆင့် စာရွက်ပေါ်သို့
ရိုက်နှိပ်သည်။



ခလုတ်ကို နှိပ်ရာမှ လွှတ်လိုက်
သောအခါ ပထမ ဆွဲမောင်းတွင် တပ်ဆင်
ထားသော စပရိန်က ယင်း၏ ကျုံ့အားဖြင့်
လက်နှိပ် ခလုတ်ကိုမူလနေရာသို့ ပြန်ရောက်
စေသည်။ ထိုအခါ ခလုတ် နှိပ်ထားစဉ်က
နေရာ ရွှေ့လျားနေကြသော အစိတ်အပိုင်း
များသည်လည်း ယင်းတို့၏ မူလ နေရာ အ
သီးသီးသို့ ပြန်လည် ရောက်ရှိသွားကြသည်။



အချို့ လက်နှိပ်စက်များကို နားညည်း
သက်သာအောင် တီထွင်ထားကြသည်။

လိုရာအရပ်သို့ အလွယ်တကူ ယူဆောင်
အသုံးချနိုင်သော ခရီးဆောင် လက်နှိပ်စက်
ငယ်ကလေးများလည်း ရှိသည်။

ယခုအခါ လျှပ်စစ်ဓာတ်အားဖြင့် အလို
အလျောက် ရိုက်နှိပ်နိုင်သော လျှပ်စစ် လက်
နှိပ်စက်များ ပေါ်ပေါက်နေပြီဖြစ်သည်။

လက်နှိပ်စက်ရိုက်သော အလုပ်သည် ခွန်
အား စိုက်ထုတ်၍ လုပ်ရသော အလုပ်မဟုတ်
သဖြင့် အမျိုးသမီးများနှင့် အထူးသင့်လျော်
သော အလုပ်ဖြစ်သည်။ ထို့ကြောင့် လက်နှိပ်
စက်သည် အမျိုးသမီးများကို လုပ်ငန်းခွင်
အသီးသီးသို့ ရောက်လာအောင် ဖန်တီးပေး
သော စက်မှုကရိယာတခု ဖြစ်သည်ဟု ဆိုရ
ပေမည်။

**စက်မှု တိတ်ရန်**



သူဆိုးကြီး
ဇာတ်လမ်း - ခင်ခန့်ရီ (စကုဝင်)
ကာတွန်း...
ယင်းမာတောကို ဖြတ်ကျော်ကြသော ခရီးသည်တိုင်း စိုးရိမ်ကြောင့်ကျခဲ့မြဲ ဖြစ်သည်....။
မသွားမဖြစ်တဲ့ကိစ္စ မို့သာ သွားရတယ်..စိတ် ထဲမှာခပ်လန့်လန့်ပဲဗျို့...
အဘများ စိုးရိမ် ကြောင့်ကျစရာရှိ နေလို့ပါလဲ... မိတ် ဆွေတို့....
ဒီလမ်း ဒီခရီးသွား နေပြီး..မသိတာများ တော့ ပြောပါရဲ့ဗျာ...
ယင်းမာတောနဲ့ ကင်းကွာခဲ့တာကြာလို့ မသိပါဘူးဗျာ..ပြောပြ ကြစမ်းပါဦး....
ဒီယင်းမာတောမှာ တကိုယ်တော် ဆိုးသွမ်း လုယက်နေတဲ့ ဓားဆိုးကြီး ဖိုးသီး..ရှိနေတယ်ဆိုတာ
နင်နဲ့မှ မကြား မိဘူးလားဗျာ..
ဗျာ!


လွန်ခဲ့တဲ့ ဆယ်နှစ် လောက်က မိုးသီးကို ဖမ်းမိသွားလို့ ထောင်ချလိုက် တယ်..မဟုတ်လားဗျ-
စိုးရိမ်စရာ ဘာများရှိသေး လို့လဲ...
ထောင်ဖောက်ပြီး ပြေးလာတာ ဖြစ်မှာ ပေါ့..အခု လာသက်ရောက် ပြန်ပြီလေ...
ပစ္စည်းလုတာ အကြောင်း မဟုတ်ဖူးဗျ - မိတ်မထင်ရင် လူကိုရိုက်နှက်သွားတတ် လို့..ကြောက်နေရတာ...
ဒါနဲ့... လူဆိုးကြီး မိုးသီးဆိုတာ..ဘယ်လို ရုပ်လားဗျ -
သေချာတာ ပေါ့ဗျာ..သေသံ ဝါကြီးနဲ့......
ဟော..ဟော.. ပြောနေရင်း..
မိုးသီးကွ ဟေ့... ပြေးမယ်မကြံကြနဲ့.. သေကုန်မယ်...
ကျုပ်တို့ ဖူးကြွတွေ့ ပြီဗျ -
အမလေး..မပြေး ပါဘူးဗျ..အသက်ကို ချမ်းသာပေးပါ...


ဟဲ့မာ..ပဲ့ရှုံက...ဘာ ဇရုကြောင်ကြောင်လုပ် နေတာလဲ...သေသွားချင် လို့လား......
ဟင်း... လူမိုက်.... လူမိုက်...
ဟင်! ဆရာကြီး..... ဒါနဲ့ထောင်ထဲမှာသေ သွားပြီဆိုနေတာ.
မသေသေးလို့ မလာသေးဘူး ပေါ့ကွာ....
ဒါဟာ..မိုက်နောင်တ ရခဲ့လို့..ထောင်က လွှတ် ပေးလိုက်တာပါဘဲ...
လူဆိုး လူမိုက် တို့ရဲ့သွားရာလမ်းဟာ.. ထောင်နဲ့..သချိုင်းပါဘဲ.... အချိန်ရှိတုန်း နောင်တ ရစေချင်ပါတယ်...
လူဆိုး လူမိုက်ဘဝ ကို စွန့်လွှတ်နိုင်မှ..လူဖြစ်ရကျိုး နပ်တော့မှာပေါ့ကွာ.....
ဖွားကိုးရာ ဆရာကြီးကလဲမရှိ တော့တာနဲ့ဖြစ်လိုရာဖြစ်စေတော့ ဆို ပြီး.. ကျွန်တော်ဆက်မိုက်နေမိတာပါဘဲ.... ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီးရယ်...
အချိန်မနှောင်း သေးပါဘူးကွာ..
ဪ...လူဆိုးကြီးမိုးအိးဆိုတာ..ကျုပ် ပါဗျာ...သူက ကျုပ်ဘဝတပည့်ဖြစ်နေ တဲ့... ကျုပ်တပည့်တော်ဝီး ပါ......
ဟော်ဗျ!
ပြီး

# ဂျူလီယက်ဆီဇာ



ရောမ အင်ပိုင်ယာကြီးကို အကောင်းဆုံး အုပ်ချုပ်သွားသော ကေရာဇ်ကို ပြပါဟုဆိုလျှင် ဂျူလီယက် ဆီဇာကို လက်ညှိုးထိုး ပြရပေမည်။

စစ်ရေး၊နိုင်ငံရေး၊လူမှုရေး အဝဝတို့၌ နိုင်နင်းကျွမ်းကျင်စွာ ကိုင်တွယ် ဖြေရှင်းနိုင်သူ ဆီဇာသည် ဘီစီ ၁၀၀ ပြည့်နှစ်တွင် ဖွားမြင်ပြီး လူငယ်ဘဝ၌ တရားရေး ဝန်ထမ်းအဖြစ်၎င်း၊ စပိန်နိုင်ငံငယ် ဦးစီးခေါင်းဆောင်အဖြစ်၎င်း ခန့်ထားခံရသည်။

အသက် ၄၀ အရွယ်သို့ ရောက်သော် ဆီဇာသည် ရောမစစ်သူကြီး ပွန်ပေ၊ သူဌေးကြီး ကရက်ဆပ်တို့နှင့် ပူးပေါင်းကာ သုံးဦး ဥသျှောင်အဖွဲ့ ဖွဲ့စည်းပြီး ရောမကို အုပ်ချုပ်သည်။ ထို့နောက် ဆူပူလျက်ရှိသော ဂေါနိုင်ငံကို ငြိမ်ဝပ်ပိပြားအောင် ဆယ်နှစ် ဆယ်မိုး သွားရောက်တိုက်ခိုက်ပြီး ရောမသို့ ပြန်အလာတွင် ရောမရှိ ရန်ဘက်တချို့က ဆီဇာကို အာခံသည်။ ထို့ကြောင့် ဆီဇာသည် ရောမကို တိုက်ခိုက်သိမ်းပိုက်ယူပြီး ဘီစီ ၄၅ ခုနှစ်တွင် ရောမကေရာဇ် အဖြစ် ခံယူလိုက်သည်။

အလွန်လှပ ချောမွေ့သူ အီဂျစ်ဘုရင်မ ကလီယိုပါထရာသည် ဆီဇာ၏ မိဖုရားဖြစ်လေသည်။

ဆီဇာရေးသောကိုယ်တွေ့ စစ်မှတ်တမ်းကြီးမှာ ကျော်စောထင်ရှားလှသည်။ ဆီဇာ ကေရာဇ် ဖြစ်လာပြီးနောက် ပြက္ခဒိန်သစ် ပြုပြင် ရေးဆွဲခြင်း၊ မြို့နယ် အုပ်ချုပ်ရေးကို ပြန်လည် ဖွဲ့စည်းခြင်း၊ ရောမဥပဒေအသစ်ကို ပြဋ္ဌာန်းခြင်းနှင့် လွှတ်တော်ကိုလူအင်အားဖြည့်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့သည်။

ဘီစီ ၄၄ ခုနှစ် မတ်လ ၁၅ ရက်နေ့ ပွန်ပေ ခန်းမအတွင်း၌ ဆီဇာသည် မလိုမုန်းထားသူ တချို့၏ ဝိုင်းဝန်းလုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရရှာသည်။

မျိုးညွန့်
(ရန်ကုန်တက္ကသိုလ်)



# စိုက်ပျိုးသူကလေး

နမ့်ခမ်းအေး

ကျော်သူသည် အသက် ၁၀ နှစ်ရွယ် ငါးတန်း ကျောင်းသား လေးဖြစ်သည်။ ညနေ ကျောင်း ဆင်းချိန်တွင် ကျောင်းဥယျာဉ် တွင် လက်တွေ့ ဖွံ့ဖြိုးမှုအရ သစ် ပင်ငယ်၊ စားပင်သီးနှံများ စိုက် ပျိုးရာတွင် ဆရာနှင့် အတူ လုပ် အားပေးလေ့ ရှိသည်။ ဆရာက ကျော်သူအား ခင်မင်၍ ဝါးပင် ပေါက် လေး များ ကို အိမ်တွင် ခင်းသင် စိုက်ပျိုးရန် ပေးလိုက် သည်။

ကျော်သူက ချဉ် ပေါင် ပင် ပေါက် လေး များ နှင့် နံ နံ စေ့ များကို အိမ် နောက် ဖေး မြေ ကွက်လပ်တွင် စိုက်ပျိုးရန် မြေ တူးဆွနေသည်။

"ဟဲ့....ကျော်သူ.... မြေကြီး တွေကို ဘာလုပ် ဆော့နေပြန် တာလဲ"

"ချဉ် ပေါင် ပင် လေး တွေ စိုက်မလို့ပါ မေမေ"

"အို....တောက်တီး တောက် တဲ့တွေ....လာ....မလုပ်နဲ့ ထမင်း စားရအောင်"

ကျော်သူမှာ မိခင်ကို ပြန်မ ပြောဝံ့၍ အပင်ငယ်လေးများ ကို အ သာ ချ ထား ခဲ့ ပြီး အိမ် ပေါ် တက်သွားရသည်။ ထမင်း စားပြီးကြသောအခါ ကျော်သူ မိခင်က တအိမ်ကျော်မှ လူမမာ မေးရန် သွားနေစဉ် ကျော်သူ က အိမ်နောက်ဖက်သို့ အသာ လစ်ထွက်လာသည်။ သူသည် ညနေက တူးဆွ ထား ခဲ့ သော မြောင်း က လေး ဆီ သို့ ရောက် သွားသည်။ သူ မြောင်းဖော် စဉ်က မကျေညက် သေးသော မြေခဲ မှုန့်မှုန့်များ ကို ပေါက်တူး အနှောင့်နှင့် မွှလာအောင် ထု ရိုက်လိုက်သည်။ ပေါင်းပင် ကြီး ကြီးနှင့် တုတ်စအုတ်ခဲစများကို ရှင်းပစ်လိုက်ပြီး မြောင်း နှုတ် ခမ်းဘောင်ကလေး ဖြစ်အောင် ပြုပြင်သည်။ မြောင်း ဘောင် လေးမှာ မညီမညာဖြစ်နေသေး သော်လည်း ကျောင်းမှ ဆရာ သင်ပေးထားသည့် နည်းများ အတိုင်း အပင်စိုက်ပျိုးရန် မြေ ကို ပြုပြင်ပြီး ဖြစ်သွားလေပြီ။

စိတ်ဇောက ပြင်း ထန် ပြီး လျှင်မြန်စွာ ပြုလုပ်ဆောင်ရွက် ရသဖြင့် နဖူးတွင် ချွေးများ သီးလာသည်။ လက် ဖ မိုး နှင့် ကျလာအံ့သော ချွေးသီးများ ကို ကပြာကယာ သုတ်ချလိုက် သည်။ ချွေးအချို့က မျက်စေ့ ထဲ ဝင် လာ သေး သော် လည်း ဂရုမစိုက်အား၊ နေ့လယ်နေ့ခင်း မှာ လို လင်း လင်း ထင်း ထင်း မရှိ။ သို့သော် လရောင် ရှိနေ သေးချိန်ဖြစ်သောကြောင့်သဲကွဲ စွာ မြင်ရသည်။ တနာရီမျှကြာ သောအခါ ညနေက ခြံထောင့် တွင်စုပုံချထားခဲ့သောချဉ်ပေါင် ပင်ကလေး များ ကို မြေကြီး တွင်စိုက်လိုက်နိုင်သည်။ နံ နံ စေ့ ကလေးများကိုမူ မြောင်းထိပ် နှစ်နေရာတွင် နေရာကို စိတ်မှာ မှတ်သား၍ ကြဲချလိုက်သည်။ သူငယ်ချင်း ဇင်မောင်တို့အိမ်မှ တောင်း လာ ခဲ့ သော ပ လပ်

စတစ်အိတ်နှင့် ထည့်ထားသည့် မြေဆွေး မြေဩဇာများကိုပင် ဖြူးလိုက်သေးသည်။ ပြီးလျှင် နံ နံ ခင်း နေရာ အကွက်ပေါ် သို့ ဘန်ဒါရွက်အခြောက် များဖြင့် အုပ်၍ထားခဲ့လေသည်။

အိမ်နောက်ဖေး ခြံ၏အစွန်မှာ ဖြစ်သောကြောင့် သူ စိုက် မြောင်း က လေး ကို လူ များ အလွယ်တကူ မြင် နိုင် လိမ့် မည် မဟုတ်ပေ။ မေမေလည်း တွေ့ လိမ့်မည် မဟုတ်။ ကျောင်းက ဆရာပြောသလို အပင်ကလေး တွေ ပေါက်လာလျှင် သူတို့ကို ကြွား လိုက် ရ ဦး မည် ဟု သူ ဘာ သာ တွေး ၍ ပြုံး မိ သေး သည်။

လရောင်ကို အားပြုပြီး ချဉ်ပေါင်ပင်လေးများကို ကမန်း ကတန်း စိုက်လိုက်နိုင်ခဲ့သည်။ နံနံစေ့လေးများကိုလည်း ကြဲချ လိုက်နိုင်ခဲ့ပြီးဖြစ်သည်။ ပြီးလျှင် အိမ်ပေါ် သို့ ဒလျှင်အမြန်တက် နေလိုက်သည်။ ရေသောက်သ လိုလိုနှင့် လက်မှာ ပေကျံနေ သောမြေကြီးများကို ဘုံဘိုင်ရေ တွင်လျှင်မြန်စွာ ဆေးကြောရ သေးသည်။

ကျောင်းမသွားမီ မိခင်ဈေး သွားခိုက်တွင် သစ်ပင်လေးများ ကို ရေလောင်းသည်။ ညစာ စား ပြီး ချိန် တွင် လည်း ရေ သောက် ပြီး ရေ ကျန် များ ကို သစ်ပင်လေးများ ရှိရာသို့ မှန်း ပြီး လှမ်းပက်ရသည်။

တလခန့် ကြာသွားသည်။ ကျော်သူ မိ ခင် က ဈေး မှ ပြန် လာသည်။

"အမလေးတော်၊ ချဉ်ပေါင် ရွက်တစည်း ပြား ၄၀ တဲ့၊ ဈေး ကြီးလိုက်တာ၊ မဝယ်နိုင်ခဲ့ဘူး၊ ငါးပြေမနဲ့အုပ်ဖို့ နံနံပင်လဲ ဆယ့် ငါးပြားဖိုး ဝယ်တာတောင် မ ရောင်းဘူး....တကတဲ....ဒုက္ခ"

"အို ကွာ.... ရှိ တာ ဘဲ စား တာပေါ့"

ကျော်သူမှာ အကွက် ကောင်း ဝင်လာသည်။ မိခင် နားသို့ ပြေးကပ်သွားပြီး....

"မေ မေ .... ချဉ် ပေါင် ရွက် ကျ နော် ပေး မယ်၊ နံ နံ ပင် လဲ ရမယ်လေ"

"အဟုတ်လား၊ ဘယ်မလဲ"

"လာ....မေမေ"

ကျော် သူ က သူ့ မေမေကို ခေါ် သွားပြီး သူ့ ချဉ် ပေါင် ပင် နှင့် နံနံပင်လေးများကို ပြလိုက် သည်။

"အမလေးတော်.... ငါ့သား လိမ်မာလိုက်တာ၊ ဘယ်တုန်းက များ စိုက်ထားပါလိမ့်၊ ကိုဘ တင်ရေ.... တော့် သား လက် ရာ လာကြည့်ပါဦး"

"ဟုတ်ပါ့ဗျား .... ဒို့သားက တယ် ဟုတ် ပါ လား.... သားကို ဒီနေ့ မုန့်ဖိုး ပိုပေးလိုက်ပါဟော့.... အမေကြီး"

ထိုနေ့အဖို့ ကျော်သူတို့ တ အိမ်သားလုံး ချဉ်ပေါင်ဟင်းနှင့် ငါးဟင်းကို နံနံပင် လှိုင်လှိုင်နှင့် တဝကြီး စားကြရသဖြင့် ကျေ နပ်နေကြတော့သည်။

## ခိုင်ပန်း ကပ်လှူစို့

မိဂဒါဝုန် တောရဂုံ၊
စိမ်းညို့ သာရိပ်မြုံ။
သားငှက်မျိုးစုံ ဖော်တသင်း၊
လွတ်လပ်ဘေးရန်ကင်း။
လေဂပြေလေညှင်း
သွေးဆောင်ယူ၊
ရနံ့မွှေးကြူကြူ။
တန်းတူရည်တူ ပြိုင်ဆိုင်ပွင့်၊
ပုန်းညက် ပင်နန်းမြင့်။
ဝသန်အဖွင့် ရွှန်းစိုစို၊
ပြည့်ဝန်းလဝါဆို။
ဝင်လုနေညို ညနေဖက်၊
ငါးဦး ပဉ္စဝဂ်။
တရားရွှေစက် မြွက်ဟာဖော်၊
ဗုဒ္ဓမြတ်ရှင်တော်။
ရှိခိုးပူဇော် ကန်တော့လို၊
ခိုင်ပန်း ကပ်လှူစို့။

မောင်မိုးသီး



R. 517


# ငဒင်္ဂါး

ငဒင်္ဂါးတို့၏ ခန္ဓာကိုယ်သည် သေးသွယ် ပါးလှပ်ပြီး ဘေးတိုက် ပြားချပ်နေသည်။ အကြေးခွံများ ရှိသော်လည်း အလွန် သေး ငယ် လှ သ ဖြင့် ရှုတ်တရက် မမြင်ရချေ။ ဦးခေါင်း ပိုင်း တွင် အ ကြေး ခွံ လုံးဝမရှိချေ။ ယင်းသည် မေးရိုးများကို ရှေ့သို့ဆန့်ထုတ်နိုင်သဖြင့် အစာရှိရာကို ပါးစပ်ကို ဆန့်ထုတ်ပြီး စားသောက်နိုင်ပေသည်။ မျက် လုံး များလည်း ကြီးမားသည်။

ငဒင်္ဂါးတို့သည် အရွယ်အစား ငါးလက်မမှရှစ်လက်မထိသာရှိသဖြင့် အရွယ်အစားသေးငယ်သည်ဟု ဆိုရမည်။ အိန္ဒိယသမုဒ္ဒရာနှင့် ပ စိ ဖိတ်သမုဒ္ဒရာတို့၏ ပူနွေးသော ရေတိမ်ဒေသတွင် နေထိုင် ကျက်စားတတ်ကြသည်။ တခါတရံ မြစ်လက်တက်များတွင် တွေ့ရှိရပြီး မ ကြာ ခ ဏ ဆိုသလို အုပ် စု ကြီး များ ဖြင့် နေထိုင်သွားလာတတ်ကြသည်။

ငဒင်္ဂါးတို့ကို ဖမ်းဆီးရမိပြီဆိုလျှင် ယင်းတို့မှ အကျိအချွဲများ ယိုထွက်လာတတ်သည်။ ယင်းတို့ကို ဆားမသိပ်ပဲ လေထဲတွင်အလွယ်တကူ အခြောက်ခံနိုင်သည်။ ဤငါးမျိုးသည် အရွယ်အစား သေးငယ်သော် လည်း ပရိတင်း ဓာတ် ပါ သဖြင့် အရေးပါပေသည်။ ယင်းတို့ကို ငါးစိုအဖြစ်ရှင်း၊ ငါးခြောက်အဖြစ်ရှင်း စားသုံး နိုင်ပေသည်။ ထို့ပြင် ငန်ပြာရည် ပြုလုပ်ရာတွင်လည်း အများဆုံး အသုံးပြုကြသည်။ မြစ်ဝကျွန်းပေါ်ဒေသမှ ငဒင်္ဂါးဟုခေါ်သော်လည်း မြိတ်ဖက်မှ "စမ်းဇပ်" ဟုရှင်း၊ ရန်ကုန်မှ "ငဝိုင်း" ဟုရှင်း၊ "ငဆီအိုး" ဟုရှင်း ခေါ်ကြလေသည်။

**သောင်းစု (သုတေသန)**





၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၁။

# ရွှေသွေး ဂျာနယ်

## ငါ တောင်ပို့


၁၃၃၇ ခု၊ ဝါဆိုလဆုတ် ၁၁ ရက် (၂-၈-၇၅)





စနေနေ့တိုင်း ထုတ်ဝေသည်။



ထိုသို့ပြောနေစဉ် မိခင်အသံ ပေါ်လာ၏။
သူ့အိမ်ကိုသွားမဖျက်ပါနဲ့တော်
အရသာကြမ်းရော ဆင့်တွေပါ ပျက်စီးကုန်ပြီ။ မဖျက်လို့ မဖြစ်ဘူးကွ။
အောင်မယ်လေး - သွား မလုပ်ပါနဲ့။ တချို့များ ဒီတောင်ပို့မျိုးကို - ရွှေချထားရတယ် .... လာဘ်တယ် ကောင်းတယ် ဆိုဘဲ ..... ...
ကြီးတော်ကလည်း ထောက်ခံပြောလေသည်။
ထင်ထွန်းကလည်း ဖြည့်စွက်နေပြန်သဖြင့်
ဟုတ်တယ် ကြီးကြီး ... မနက်က ဘဲလက်ဖက် ရည်ဆိုင်တဆိုင်မှာ - ဖွဲ့တောင်ပို့ကြီးကို ရွှေချထားရုံ မကဘူး
ထီးတွေ - တံခွန်တွေ နဲ့တောင် ပူဇော်ထားသေး တယ် ....
နေပါအုံးကွ .... မင့် ဆိုင်က - အဲဒီတော့ ရောင်းကောင်း သလားကွ
ဒါတော့ မသိဘူး - ဖေဖေ
ဖွဲ့တောင်ပို့ ရှိတဲ့ "ဘီတာ ကော်ဖီ" မှာ ရောင်းကောင်းလိုက်တာမှ - လူတွေကို အုံ နေတာဘဲ။





မိခင်က ထပ်မံ တောင်းပန်သေးသည်။
ဒါနဲ့ - တောင်ပို့ ဖျက်ရင်
သို့သော် တားမရပါ။ ဖခင်က ကြမ်းပျဉ်ကို ခွာ၍ပင် အိမ်အောက်ရှိ ခြတောင်ပို့ကို ပေါက်ထုတ်လိုက်ပါတော့သည်။
မြေကြီးထဲ ချိုင့်သွားအောင် အထိ တူးပြီး နောက် ရေနံချေးတွေ လောင်းထည့်လိုက်၏။
ဘာမယ်လေ့လေး ....
အိမ်ပေါ် တွင် ခြစားထားသည့် နေရာထပိုက် ကိုလည်း ရေနံဆီ ဖျန်းလိုက်သေးသည်။
နောက် ဆယ်ရက်ခန့် ကြာသည့်တိုင်အောင် စောင့်ကြည့်ပြီး အကဲခပ်နေကြပြီးမှ -
ထလခန့်ကြာလျှင် တဖက်ခြံတွင် ခြတောင်ပို့ ပေါက်စလေးတခု ပေါ်လာသည်ကို တွေ့ရ၍ ဖခင်က တင်ထွန်းအား ပြပြီး
သူတို့လာတဲ့
ပါလား ....


...မတွေ့ဆုံးသူတို့က မြေအောက်
မှာ - လမ်းတွေ အများကြီးဖေါက်
ထားတာကွ၊ သူတို့ အိမ်က - မြေ
ပေါ်မှာ နဲ့နဲ့ ဆိုရင် - မြေအောက်
မှာ အကြီးကြီးဘဲကွ.........
--- သူတို့ဟာ - သံတို့ - ကြေးတို့ - သတ္တုတို့ - ကျောက်ခဲတို့ ကကွဲရင် - အကုန်ကိုက်စားပစ်လိုက်
တာဘဲ ။ ဘာအစ်သားမှ - မခံနိုင်ဘူး။ ဝါးတို့ သားရေတို့ - ထင်းလက်တို့ - အဝတ်အထည်တို့ - စက္ကူတို့
ဆိုရင်တော့ သူတို့အကြိုက်ပေါ့-----
-----အာဖရိက တိုက်မှာဆို ရင် - ခြတောင်ပို့တွေ
ဟာ - ပေ၂၀ - လောက်ထိ
မြင့်သတဲ့........
....အကောင် အရွယ် အစားက
သေးသေး လေး ။ ဒါပေမယ့်
သူတို့ အရွယ်နဲ့ မလိုက်
အောင် - မနေမနား ကြိုးစား
လုပ်ကြမှုကို တော့ - အံ့
ဩဖို့ကောင်းတယ်....




ဒီကြောင့် ဆရာမက - တခါတခါပြောတာနဲ့ တူတယ်။
ဘာတဲ့လဲ
ခြတို့ပုံမှ ပျားကိုတ သိမှုငွှာ ပညာရှာ.... ---တဲ့
အေး - ဟုတ်တာပေါ့ - ခြလဲ စုပေါင်းကြိုးစားလုပ်တာဘဲ- ပျားလဲ စုပေါင်းကြိုးစားလုပ်တာဘဲ
ခြတွေ ကလဲ - တယ်ဖျားပါလား။ အိမ်တိုင်းမှာ ရှိလှိဘဲ - ခြရှိတယ်နော် - ဖေဖေ
ဒီကောင်တွေက - တမျိုးကွဲ။ သတ္တဗေဒ ပညာရှင်တွေ အဆိုကတော့ - နှိုတွေနေတဲ့ခြတွေဟာ လုပ်သား ခြတွေ- ---တဲ့
ZOOLOGY
သူတို့က မမြင်ဘူးတဲ့.....
..ခေါင်းကြီးကြီးနဲ့ ခြက - ရဲဘော်ခြ.....တဲ့။
သူက - ဘေးရန်ကို ကာကွယ်ပေး ရသတဲ့
--------
....
သူတို့လဲ မမြင်ဘူး တဲ့
...အဲ.... အကောင်ကြီးတာက - ခြအိမ်ထောင်စုမှာ ခြဘုရင်မ - တကောင်ထဲရှိသတဲ့...... အဲဒီခြဟာ ဥအချိန်မှာစပြီး ကိုယ်ခန္ဓာပိုင်း တဖြည်းဖြည်း ကြီးလာသတဲ့။ ၃-စက္ကန့် တခုကျ နဲ့ ဥ တခုဥ တာဘဲ တဲ့။ သူ့သေမှ - ခြအိမ်ထောင်စု တစု - ပျက်ပြုန်း သတဲ့.....
.....ခြဟာ ပလူ့ ကမြစ်တာ တဲ့...
...ကဲ - ခြအကောင်ပို့လဲ မျက်ပြီးပြီ။ ကော်ကော် နဲ့တော - ထပ်လာနိုင်ဖွား မတွေ့ဘူး။ အဲဒီ ခြတွေရဲ့ သတိ-ဝိရိယ-ဇွဲကိုအတုယူပြီး - တကျ ကြိုးစားရမယ် -
နောက်တခါ ဒီကောင်တွေ လာလာချင်း သိအောင် သတိထား ရမယ်။
ဟုတ်ကဲ့ ဖေဖေ


ဝင်းဖေ
အိမ်စောင့်နတ်မင်း ကယ်ပါဦး
အင်း.. ဒီနေ့ဘာမှ ရှာလို့ဖွေလို့မရနဲ့... ဆာလိုက်တာ...
ဟော.. ဟန်ကျတာဘဲ ..ဖိုးယုန်မရှိတုန်း သူ့အိမ်ထဲအသာဝင်နေမယ် ... ပြန်လာမှ အသာကလေးဖမ်းပြီးတော့ ..ပွဲတော်တည်လိုက်ယင်...ဟီး.ဟိ...
လောကကြီးမှာ.. ငါ ယုန်ဖြစ်တာ..ကျွန်တော် အလွန်ပျော်တာ...ဟါ..ဟါ..
ဟယ်.. ခြေရာတွေပါလား... အိမ်ထဲဝင်သွားတာဘဲ... ဘယ်သူပါလိမ့်
အင်း..တံခါးလဲခြေရာလက်ရာပျက်နေတယ် ပြန်ထွက်တဲ့ခြေရာလဲမတွေ့ဘူး ..အထဲမှာ ရှိဦးမယ်..နေဦး..သေချာအောင် ဒီလိုလုပ်မှ.....
၁




နီတိ။ ။အသံကြောင့်ဖားသေ။



# ခို

မောင်ကျော်ဇေ




ခိုသည် မြန်မာနိုင်ငံတွင် လူသိများသော ငှက်တမျိုးဖြစ်သည်။ ဝင်ရိုးစွန်းဒေသများမှလွဲလျှင် ကမ္ဘာအရပ်ရပ်၌ ခိုကိုတွေ့နိုင်၏။ အထူးသဖြင့် အပူပိုင်းဒေသများတွင် ပေါများသည်။ မြန်မာနိုင်ငံတွင် အမြို့မြို့အရွာရွာမှာပင် ခိုကို တွေ့ရ၏။

ခိုတွင် အမျိုးများသလောက် အဆင်းသဏ္ဍာန်တွင်လည်း အနည်းနှင့်အများ ကွဲပြားကြသည်။ သို့သော် အပြာရောင်ကို အများဆုံးတွေ့ရ၏။ ယေဘုယျအားဖြင့် ခိုအားလုံးသည် အမြီးကော့၍ ခြေထောက်နိသည်။ အလျား ၁၃ လက်မခန့်ရှိ၍ ကိုယ်ကာယတုတ်ခိုင်သည်။ ထူးခြားချက်ကား ခိုနှင့် ချိုးတို့သည်၊ ရေသောက်ရာတွင် အခြားငှက်များကဲ့သို့ ခေါင်းမမော့ပဲ တဆက်တည်း သောက်ယူရှိကြ၏။

ခိုသည် သတ္တဝါအားဖြင့် တောတွင်း ကျက်စားသော ငှက်ဖြစ်သော်လည်း အလွန် ယဉ်ပါးလွယ်သည်။ ခိုရိုင်းများကို ရှေးနှစ်ပေါင်း ၅၀၀၀ လောက်ကစ၍ မွေးမြူခဲ့ကြောင်း အမှတ်အသားများ တွေ့ရသည်။ ခိုသည် သစ်သီးနှင့် သစ်စေ့များကို စားတတ်၏။ အဖိုနှင့်အမ တစုံသည် ရာသက်ပန် ပေါင်းသင်း၍ စုံတွဲသော်၎င်း၊ သင်းဖွဲ၍သော်၎င်း နေတတ်သည်။

ခိုသည် ကျက်စားရာဒေသကို များစွာခင်တွယ်သည့်



အတိုင်း မိုင်ပေါင်းများစွာ ကွာဝေးသော အရပ်မှ နေရင်းဌာနသို့ ရောက်အောင် ပြန်လာတတ်၏။ ထို့ကြောင့် ရှေးဂရိနှင့် ရောမလူမျိုးတို့ လက်ထက်မှ စ၍ ပြီးခဲ့သော ဒုတိယ ကမ္ဘာစစ်ကြီး အထိ ခိုမျိုးအချို့ကို သတင်းပို့ ခိုများ အဖြစ်နှင့် မွေးမြူအသုံးပြုခဲ့ကြသည်။

သတင်းပို့ ခိုတို့သည် တနာရီလျှင် ပျမ်းမျှ မိုင် ၄၀ နှုန်း ပျံသန်း နိုင်ခဲ့ကြသည်ဟု အဆိုရှိ၏။




သတင်းပို့ရန်အပြင် ပြိုင်ပွဲ၊ အလှသက်သက်နှင့် စားသုံးရန် အတွက်လည်းခိုအမျိုးမျိုးကို မွေးမြူကြသည်။

အင်္ဂလန်ပြည်နှင့် ဥရောပတိုက်တွင် ခိုများ နေရင်းဌာနသို့ အမြန်ပျံပြိုင်ပွဲ ယခုတိုင် လုပ်လေ့ရှိ၏။ မြန်မာနိုင်ငံ ကျေးလက်များတွင်လည်း ခိုပြိုင်ပွဲများ ပြုလုပ်လေ့ရှိသည်။ ခိုသည် တနှစ်ပတ်လုံး သားပေါက်တတ်၍ အသိုက်များကို သစ်ပင် သစ်ကိုင်း ထက်နှင့်တကွ အိမ်၊ တန်ဆောင်း၊ ကျောင်း ခေါင်မိုးများပေါ်တွင် သစ်ခက်၊အမွှေး အတောင်တို့ဖြင့် ဆောက်လုပ်ကြသည်။

တမြို့လျှင် နှစ်ဥရှိတတ်၍ အသိုက်လုပ်ရာ၌၎င်း၊ သားငယ်သမီးငယ်များကို စောင့်ရှောက်ရာ၌၎င်း၊ အဖိုနှင့် အမ နှစ်ကောင်စလုံးကပင် တာဝန်ယူလေ့ရှိသည်ကို တွေ့ရ၏။





ဇာတ်လမ်း -
သရုပ်ဖော် -
ဟား - ဟား - ဟား -





ဒီလောက်တော့ ပိုမပေးနိုင်ဘူး။ ကောင်း
တဖြည်းဖြည်းနှင့် သူနေသော
တိုက်အိမ်ကြီးကိုပါ ရောင်းရသည်။
ငါ့မှာ ကိုယ်ပိုင်
ပစ္စည်းဆိုလို့ ဘာတခုမှ
မရှိတော့ပါလား။
ကျွတ်- ကျွတ်-
ကျွတ်-
တကယ်ဆိုတော့



# သူရဲကောင်း မိန်းကလေး ဂျုံး

ဂျုံးသည် ပြင်သစ်ပြည် ဒုံရမီကျေးရွာလေးမှ ရိုးသား၍ အလုပ်ကြိုးစားသော ကျေးတောသူကလေး ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်း၍ မိမိအား ဘုရားရှင်က အမြဲထာဝရ လမ်းညွှန် ပြုပေးနေသည်ဟုယုံကြည်သူဖြစ်သည်။ ဤအချိန်တွင် ပြင်သစ်၌ အနှစ်တရာ စစ်ဖြစ်ပွားနေပြီး ပြင်သစ် ထီးနန်းကို အင်္ဂလိပ်ရှင်ဘုရင်က လုယူရန် အခွင့်အလမ်းသာနေချိန်ဖြစ်သည်။ အသက် ၁၇ နှစ်သာ ရှိသေးသော ဂျုံးသည် ကောင်းကင်ဘုံမှ အသံတသံက အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော အရေးပါသည့် အော်လီးယင်းမြို့ကို ပြန်တိုက်ယူရန် မိမိအား တာဝန်ပေးကြောင်းဆိုသည်။

တိုင်းပြည် မငြိမ် မသက် ဖြစ်နေ၍ ပြင်သစ် နန်းလျာ သတ္တမ မြောက် ချားလ်မှာ ထီးနန်းမစိုးစံရပဲ ရဲတိုက်ကြီးတခုတွင် နေထိုင်လျက် ရှိ၏။ ဂျုံးသည် ချားလ်နှင့် တွေ့ဆုံကာ မိမိအား လက်နက် လူသူ ဖြည့်ပေးပြီး အော်လီးယင်းကို သွားတိုက်ခွင့် တောင်းသည်။ နောက်ဆုံး ခွင့်ပြုချက်ရရှိကာ စစ်တပ်တတပ်ဖြင့် အော်လီးယင်းကို ဂျုံးကိုယ်တိုင် ရှုပ်ရှုပ်ချွံချွံ ဦးဆောင် တိုက်ခိုက် အောင်မြင်သည်။

ထို့နောက် ဂျုံးသည် အော်လီးယင်းမှ ရိုင်းမြို့ကို ဆက်သိမ်းသည်။ ရိုင်းတွင် နန်းလျာ သတ္တမမြောက် ချားလ်ကို ရှင်ဘုရင်အဖြစ် ဂျုံးကိုယ်တိုင် တင်မြှောက်သည်။ ထိုအချိန်မှာ အင်္ဂလိပ်နှင့် ဘာဂန်ဒီ နယ်သားတို့ မဟာမိတ် ဖွဲ့လျက်ရှိရာ တနေ့တွင် ဘာဂန်ဒီ မြို့စားကြီး၏ တပ်များနှင့် ဂျုံး၏တပ်များ ရင်ဆိုင်တွေ့ဆုံ တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင် ဂျုံးတို့အရေးနိမ့် ဆုတ်ခွာရသည်။ ဂျုံးမှာ နောက်ချန်နေခဲ့ပြီး ခုခံ တိုက်ခိုက်ရာမှ မြင်းပေါ်မှကျပြီး အဖမ်းခံရသည်။ ဘာဂန်ဒီမြို့စားကြီးက ဂျုံးကို ပြင်သစ်ငွေ ဖရန့်တသောင်းဖြင့် အင်္ဂလိပ်တို့ထံ ရောင်းလိုက်သည်။ ဂျုံး၏ ဇာတိမာန်ကို သိသော အင်္ဂလိပ်တို့သည် ဂျုံးကို အရှင်မထားဝံ့ပဲ စုန်းမအဖြစ် ခုံရုံးတင်ကာ ခရစ်သက္ကရာဇ် ၁၄၃၁ ခု မေလတွင် ကားစင်တင် မီးရှို့ သတ်လိုက်ကြသည်။ ဂျုံး သေဆုံးသော်လည်း ဂျုံး၏အသည်းနှလုံးမှာ မီးလောင်ကျွမ်းခြင်း မရှိဟု အဆိုရှိသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



မ နေ့ က ကျွန် တော် တို့ အ တန်း ထဲ သို့ ကျောင်းသား သစ် တ ဦး တိုး လာ ပါ သည်။ ကျောင်း ဖွင့် သည် မှာ တ လ ကျော်ပြီးမှ သူတာကြောင့် ခုမှ ကျောင်း တက် လာ သည် ကို ကျွန်တော် မသိ။ သူ့နာမည်က "ထူးအောင်"၊ လူကိုယ်ကပိန်ပိန် ပါးပါး အသားဖြူဖြူ ဖြစ်သည်။ သူသည် အတန်းတွင်းသို့ တ ချက် ဝေ့ကြည့်ပြီး နေရာလွတ် နေသော နောက်ဆုံးတန်း ထိုင် ခုံတွင် သွားထိုင်ပါသည်။ သူကို ကြည့်ပြီး ကျွန်တော်နှင့် ငြိမ်း မောင်တို့အချင်းချင်း ကျိတ်ပြုံး မိကြပါသည်။ အကြောင်းရှိပါ သည်။ သူထိုင်သောနေရာသည် မိုးသည်းသည်း ရွာလျှင် မိုးယို လေ့ ရှိသောကြောင့် မည်သူမျှ မ ထိုင် သော နေ ရာ ဖြစ် သော ကြောင့်ပင်။

နေ့လယ် မုန့် စား ဆင်း ချိန်၊ ကျွန် တော် တို့ သူ ငယ် ချင်း တသိုက် အတန်းထဲတွင် စကား ထိုင် ပြော နေ ကြ စဉ် "ထူး အောင်" ရောက် လာ ပါ သည်။ ပြီးလျှင် ကျွန်တော့်အား ထိုင်ခုံ ကို လက်ညှိုးထိုးပြီး –

"ဒီနေရာ လူရှိသလားဟင်"

ဟု မေးရာ

"ရှိတယ်"ဟု ကျွန်တော်က ပြီးစလွယ် ဖြေလိုက်ပါသည်။

"မနက်ကတော့ လူမရှိဘူး မဟုတ်လား"

"အေး ဟုတ်တယ်၊ အဲဒါ 'အေးမောင်'နေရာ၊ ခု သူ နေ မကောင်းလို့ ကျောင်းမတက် သေးတာ"ဟု ကျွန်တော် ခပ် တည်တည် ဖြီးလိုက်ပါသည်။ သူတာမျှ ထပ်မမေးတော့ပါ။ အမှန်မှာ ကျွန်တော်တို့ ထိုင်ခုံ တွင် ကျောင်းသားသုံးယောက် ချောင်ချောင် ထိုင်နိုင်ပါသည်။ သုံးယောက်ထိုင်ခုံကိုကျွန်တော် နှင့် ငြိမ်းမောင် နှစ်ယောက်ထဲ မောင်ပိုင် စီး ထား ခြင်း ဖြစ် ပါသည်။

မုန့်စားအပြီး ကျောင်းပြန် တက်ချိန် စာသင်နေစဉ် ကျွန် တော်နှင့်ငြိမ်းမောင် မကြာခဏ လှည့်ကြည့်တိုင်း သူသည် စာ ကို ဂရုတစိုက် သင်နေသည်ကို တွေ့ရပါသည်။ နောက်နာရီဝက် အကြာ အချိန်ပြောင်း ခေါင်း လောင်း အထိုးတွင် မိုး ရွာလာ ပါသည်။ ကျွန်တော်တို့ တွေး ထင်ထားသည့်အတိုင်း သူသည် ထီးနှင့်လွယ်အိတ်ကိုယူပြီး ကျွန် တော်တို့ ဘေးတန်းမှ အောင် မြင့် ခုံတန်းတွင် သွား ကပ်ထိုင် ပြီး စာဆက်ကူးနေပါသည်။ သူ ကတော့ ကျွန်တော်တို့၏ အပြု အမူကို သတိပြုမိပုံမရပါ။

ည နေ ကျောင်း ဆင်း ပြီး သော်လည်း မိုးက မစဲပေ။ ဇွဲ ကောင်းကောင်းနှင့်ရွာတုန်း ရှိ ပါသေးသည်။ တော်တော်နှင့် မိုးတိတ်မည့်ပုံ မရ။ အောင်မြင့် သည် လှအောင်ထီးနှင့် ကပ် လိုက်ပြီး ပြန်သွားပါသည်။ လှ အောင်နှင့် တလမ်းတည်း နေ သည်မို့ အောင်မြင့် ကံကောင်း

ပါသည်။ ကံဆိုးသည်က ထီး ယူပျင်းသော ကျွန်တော်ပင်။

"မပြန်သေးဘူးလားသူငယ်ချင်း" အသံ လာရာသို့ လှည့်ကြည့်လိုက်တော့ သူဖြစ်နေပါသည်။

"အေး"

"ထီးမပါလို့လား၊ ဘယ်ကို ပြန်ရမှာလဲ"

"ငုရွှေမှိုင်လမ်းကို"

"ဒါဖြင့် ငါနဲ့ လိုက်ခဲ့လေ၊ ငါကပျဉ်းမမှိုင်လမ်းကို ပြန်မှာ" ဟု ဆိုပါသည်။

"ကိစ္စ မ ရှိ ပါ ဘူး နေပါ့စေကွာ"ဟု ဟန်လုပ်ပြီး ကျွန်တော် ငြင်းလိုက်ပါသည်။ ငြင်းမည့်သာ ငြင်းသည်၊ ထ မင်းဆာလွန်းလို့ ကျွန်တော် အိမ်ကို ပြန်ချင်လှပါပြီ၊ကျွန်တော့်အကဲကို ရိပ်မိပုံရသည့် သူက

"လာ ပါ သူ ငယ် ချင်း ရာ လမ်း ကြုံ ပါ တယ်၊ မင်း လည်း ထမင်းဆာရောပေါ့၊ လာ ငါနဲ့ လိုက်ခဲ့ပါကွာ"ဟုဆိုသည်။ သူ့ကြည့် ရ သည် မှာ တကယ်ပင် လိုက်လိုက်လှဲလှဲ ဖော်ဖော် ရွေရွေ ရှိလှပါသည်။ ဒါကြောင့် ကျွန်တော် ဆက် ဟန်မဆောင်နိုင်တော့ပဲ "ကျေးဇူး တင်ပါ တယ်ကွာ"ဟု ပြောရင်း သူ့ထီးနှင့် ကပ်လိုက်လာမိပါသည်။

"ကျေးဇူးတင်စရာ မလိုပါဘူး သူငယ်ချင်းရာ၊ ဒီလိုပေါ့ အတန်းသားအချင်းချင်း အကူညီ လို တဲ့ အ ခါ၊ အ ခက် အခဲ တွေ့ တဲ့ အ ခါ တ ယောက် ကို တယောက် ဝိုင်းဝန်း ကူညီရမှာ က ကျောင်းသားတိုင်း ရဲ့ ဝတ္တရားပါကွာ"ဟု သူက ဆိုပါသည်။

သူ့ စ ကား ကြောင့် ကျွန်တော် အလိုလို ရှက် သွား မိ ပါ သည်။ ကျွန်တော်၏ လောဘကြီး သော၊ တ ကိုယ် ကောင်း ဆံသော၊ ဝန် တို တတ် သော စိတ် တို့ ကို လည်း သူ့စကားက နောင်တ ရစေပါသည်။ သူက ဆက်ပြီး

"ငါ့နာမည်က ထူးအောင်ပါ၊ ဒီနေ့မှဒီကျောင်းကိုပြောင်းလာတဲ့ လူသစ် တယောက်ပါ။ ငါ့ကိုလည်း မင်းတို့ရဲ့ သူငယ်ချင်း တ ယောက် အ ဖြစ် အသိ အမှတ်ပြုမယ် မဟုတ်လား"ဟု မေးပါသည်။

"အေးပါ ထူးအောင်ရာ၊ ဒို့ တ တွေ က လ ည်း မ င်း လို ကျောင်းသားသစ်မျိုးကို အမြဲကြိုဆိုနေပါတယ်။ ငါ့နာမည်က တင်ထွန်းလှိုင်၊ မနက်က ငါမင်းကို ပြောမိတာ စိတ်မရှိပါနဲ့ကွာ၊ မင်း မနက်ဖန်ကျရင် ငါတို့ ထိုင်ခုံမှာ လာထိုင်ပေါ့နော် သူငယ်ချင်း၊ ငါတို့မှာ လူသစ်အတွက် တနေရာတော့ အမြဲတမ်း ရှိပါတယ်ကွာ"ဟု ပြန်ပြောလိုက်မိပါသည်။

# မိုးသောက်ယံ တေး

ကြက်ဖဝါဝါ တွန်သံသာ
မိုးသောက် ရောင်နီလာ။

ချိန်မှန်စွာ ကုလားတက်
ရွာဦးကျောင်းက နှက်။

ဆွမ်းတော်ချက်လို့ လျှုဖွယ်ပြင်
ကြေးစည်သံလွှင်လွှင်။

လယ်တောရှင် လုပ်ခွင်သွား
နွားခလောက်သံကြား။

ပင်ယံဖျားမှာ ပျော်ကြသည်
ငှက်ကျေးစိုးစီစီ။

မြတ်စေတီ ရွှေရည်လဲ့
ဆည်းလည်း လေချိုနဲ့။


မေရှဲ့ရွှေသွေး စာတွေအံ
အိမ်လုံး ကျက်ကျက်ညံ။

မိုးသောက်ယံ တောရှဲ့တေး
သာလွန်းလှတယ်လေး။ ။

တင်အောင်သွင်



R. 517



# ငတိန်း

ငတိန်း၏ ခန္ဓာကိုယ်သည် လွန်းပုံသဏ္ဍာန်ဖြစ်၍ ဘေးတိုက်ပြားချပ်ပြီး ရှည်လျားသည်။ အကြေးခွံမျာဲးသေးငယ်သည်။ သွားလုံးဝမရှိပေ။ ဦးခေါင်းအထက်ပိုင်းတွင် ပြားနေသည်။ အထက်မေးရိုးသည် အောက်မေးရိုးထက်ပို၍ ရှည်သည်။ ဦးခေါင်းထိပ်ဖက်ပိုင်းနှင့် ကျောဖက်ပိုင်းသည် တောက်ပသော အပြာရောင်ဖြစ်ပြီး ဝမ်းဖက်ပိုင်းတွင်မူ ငွေရောင်သမ်းသွားပေသည်။ ကျောတောင်နှင့် အမြီးတောင်တို့သည် မီးခိုးရောင်ဖြစ်ပြီး အညိုဖျော့ရောင် အစက်အပြောက်ကလေးများရှိ၍ အနားစွန်းသည် အနက်ရောင်ဖြစ်သည်။ အရွယ်အစားမှာ အနည်းဆုံး သုံးပေမှ ခြောက်ပေထိ ရှိတတ်ပေသည်။

မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှဒေသရှိ နိုင်ငံတိုင်းလိုလိုတွင် ယင်းငတိန်းကိုမွေးမြူတတ်ကြသည်။ ငတိန်းသည် ထူးခြားပြီး အရေးပါသော မွေးမြူရေးငါးမျိုးဖြစ်ပေသည်။ ယင်းသည် ထူးခြားသည်က ရေငန်ဒေသတွင် နေထိုင်သော ငါးမျိုးဖြစ်သော်ငြားလည်း ရေချိုဒေသတွင် မွေးမြူပါက ပို၍ အသားတိုးလာခြင်းပင် ဖြစ်ပေသည်။ ယင်း၏ အသားသည်လည်း အထူးစားကောင်းပေသည်။ ငါးသလောက်ကဲ့သို့ အရိုးများသော်လည်း ယမ်းစိမ်းလူး၊ ကြံဖတ်မီးမြှိုက်ပြီး ကျပ်တိုက်လျှင် အခြားမည်သည့်ငါးမျိုးမှ အရသာလိုက်၍ မမှီဟု ဆိုသည်။ နုနယ်သော ငါးမျိုးလည်း ဖြစ်သည်။ ခဏခဏပိုက်ဆွဲ၍ မရပေ။ ပိုက်ဆွဲသည်နှင့်အရှိန်ဖြင့် မြေကြီးတွင် ထိုးစိုက်တတ်သဖြင့်သေဆုံးသွားတတ်လေသည်။

**သောင်းစု (သုတေသန)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇၊ အမှတ် ၃၂၊

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ဝါခေါင်လဆန်း၃ရက် (၉-၈-၇၅)




ရေလွှမ်းနေသဖြင့် ကန်သာရွာအလယ်တန်းကျောင်းမှာ ပိတ်ထားရ၏။ ထိုရွာနှင့် ဝက်စုရွာအကြား တန်တားမှာလည်း ရေတိုက်စား၍ ပျက်စီးသွားသည်။ ယခုဆိုလျှင် ရေကျသွား၍ ကျောင်းပြန်ဖွင့်တော့မည်။ ဝက်စုရွာမှ ကျောင်းသားများ ထိုတန်တားပေါ်မှ မည်သို့ ဖြတ်သွားမည်နည်း။

စနေနေ့တိုင်း ထုတ်ဝေသည်။


တနေ့တွင် ဖိုးထောင်သည် ဘကြီးခက်ထံသို့ ပြေးသွားသည်။
ဘကြီးခက် ဘကြီးခက်
အလန့်တကြားနဲ့ ဘာဖြစ်လာတာလဲ ဟေ…
ချောင်းဦးတန်တားမှာ အရှေ့ပိုင်းက Cလှ နဲ့ အနောက်ပိုင်းက Cရွှေးတို့ ခြေချော်ပြီး ရေထဲ ကျသွားလို့
ခလေးတွေက တယ်ခက်သကိုး--ကဲ မင်းက အရှေ့ပိုင်းက အောင်မောင်းတို့ဆီသွားပြောချေ ငါကအနောက်ပိုင်းက-လူတွေကို သွားခေါ်မယ် ကဲ ပြေးပေတော့
ဖိုးထောင်သည် အရှေ့ပိုင်းသို့ ပြေးခဲ့လေ၏။


ငလှတော့ အနောက်ပိုင်းက ငချွေး နဲ့ ရွာဦးတန်တားပျက်ပေါ်က ရေထဲ ကျသွားလို့ ဘကြီး ခက်က -ကိုအောင် မောင်းတို့ကို ခေါ်ခိုင်းလိုက်တယ်
ဟုတ်လား
ဟာ ဒီကောင်လေးနှယ် အနောက်ပိုင်းက ငချွေးနဲ့မှ ပေါင်းရသလား-တောက်!
ငလှရေထဲကျတာနဲ့ အနောက် ပိုင်းသား ငချွေးကို ဘာဖြစ် လို့ အပြစ်တင်ရတာလဲ...
မင်းတို့အရှေ့ပိုင်းသားတွေ အသုံး မကျလို့-ဒီတန်တားကို မပြင်ပြစ် ထာကွ--သိရဲ့လား
မင်းစကားပြောတာ လူပါးဝလှ ချည်လား မင်းတို့အနောက်ပိုင်းသား တွေ-စိတ်ထားညံ့ လို့တန်တား မပြင်ပြစ်ထာ ကွ


ဟဲ့ ဟဲ့ နေကြအုံး မင်းတို့ကလည်း အရေးထဲ ရန်ဖြစ်နေကြတာကိုး-ရေထဲ ကျသွားတဲ့ ခလေးနှစ်ယောက်ကို ပြန်ဆယ်ဘို့ အရေးကြီးတယ်
ရွာသားများ စုရုံး၍ တန်တားပျက်ဆီသို့ ရောက်ရှိလာကြလေ၏။
ငွေးရေ- အမေတော့ ရင်ကျိုးရချည်ရဲ့ ကျမသားလေးကို ရှာကြပါအုံး
လှကလေးရေ...ငလှ..ငလှ အမလေးရူးရချည်ရဲ့ ကျောင်းစတော်တဲ့..ငလှလေး..ရယ်
ငိုယင်းတက်သွားလို့ လုပ်ကြပါအုံး
အဖွားတင် အဖွားတင်



ရေစီးသန်နေတယ် ရှာရတာ မလွယ် ဘူးဗျို့
ရေငုပ်ရှာ ရုန်းဘဲ
အခုလို ကလေးတွေ အသက် ဆုံးရှုံးတာဟာ မင်းတို့အချင်းချင်း ညီညွတ်မှုမရှိလို့ဘဲ တရွာထဲမှာ အရှေ့ပိုင်းသားတဲ့- အနောက်ပိုင်း သားတဲ့ သွေးကွဲပြီး အမိုက်ပြိုင်နေကြလို့ပေါ့
သွေးကွဲစိတ်တွေမထားဘဲ ညီညီ ညွတ်ညွတ်နဲ့- ဒီတန်တားကို ပိုင်းပြင် လိုက်ရင်- ဒီလိုဖြစ်မှာမဟုတ်ဘူး
ဘကြီးခက်ပြောသလိုပါဘဲ ကျွန်တော်တို့အချင်းချင်း သင့် သင့်-မြတ်မြတ် နေချင်ပါပြီ


ဒေါ်ကွယ် - - ဒီလိုမှပေါ့ - တန်တား
သစ်ဖြစ်သွားအောင် ငါတို့
စုပေါင်းပြုပြင်ကြစို့လား
လာကြပေါ့တန်တား
ပြင်ကြစို့
တိုင်တစ်တိုင်
ထိုတယ်ဗျို့
ညီညီညွတ်ညွတ်
နဲ့လုပ်တော့လဲ
အောင်မြင်တာဘဲ
အေးကွာ ခုလိုတန်တားသစ်ကြီး
ဖြစ်သွားမှဘဲ စိတ်အေးရတော့
တယ်
ခစ်!
ခစ်!
ခစ်!


ဟဲ့ ဖိုးထောင် နင်ဘာဖြစ်နေတာ
လဲ တခစ်ခစ် တခွီခွီနဲ့ မင်းကတော့
အဖြူးနေ ပဲ့နှစ်ယောက်တော့
မရှိတော့ဘူး
ဖန်တားသစ်ချိန်မှာ ကျောင်း
တက်ရတော့မှာမို့ပါ
ဘကြီးခက် - ဟဲ ဟဲဟဲ
အဲဒါ ရီစရာလား
တယ် ဒီကောင်လေး
သူတို့မသေပါဘူး ပုန်းနေကြ
တာပါ - ကျောင်းဖွင့်အခါမှ ဒီတန်တား
ကို ပြင်စေချင်လို့တမင် ဉာဏ်
ဆင်ကြတာပါ
ဟေ့ ငလျှေရေ...ငခွေးရေ
လာကြတော့ဟေ့
လာပြီဟေ့
လာပြီဟေ့
အံ့ရောကွာ မင်းတို့ဉာဏ်
မဆိုးဘူးဟေ့
ပြီး

(ရောင်နီဦး မဂ္ဂဇင်း မှ ◀)

# လယ်ယာသုံး
# ကရိယာများ






သမိုင်းမတင်မီ ကာလကလူတို့သည်ချွန်ထက်သော အသွားပါသည့် တုတ်ချောင်းတချောင်းကို ထယ်သွားအသွင်ဖြင့် မြေကြီးတွင်စိုက်၍ လူကဆွဲခြင်းဖြင့် တူးဆွထွန်ယက်ကြသည်။

ထို့နောက် ရောမ လယ်သမားများသည် သစ်သား ထယ် သွား ကို အလယ်မှထား၍ နွားကို ရှေ့မှဆွဲစေပြီး လူကနောက်မှ မ ပေးခြင်း၊ ဖိ ပေး ခြင်း ဖြင့် ပိုမိုတွင်ကျယ်သော ထွန်ယက်နည်းကို အသုံးပြုလာကြသည်။

ရှေးဦးအမေရိကန် လူမျိုးတို့သည်လည်း ဆွဲအားကို များစွာအသုံးပြုရသော သစ်သား ထယ်သွားများကိုသာ အသုံးပြုနေသေး၍ ခရီးမတွင်ပဲ လုပ်ငန်းခွင်၌ ဖင့်နွှဲကြန့်ကြာလျက် ရှိနေပေသေးသည်။

၁၇၉၇ ခုနှစ် ရောက်မှ ချားလ်နယူးဘို့ ဆိုသူက ထယ်သွားကို သတ္တုဖြင့် ပုံသွင်း အစားထိုး ပြုလုပ်ခဲ့သဖြင့် လုပ်ငန်းသည် ပိုမိုခရီးပေါက်လာခဲ့သည်။

၁၈၃၇ ခုနှစ်တွင် ဂ လက် စ မစ် ဂျွန် ဆိုသူက ထယ်သွား ထယ်သံများကို တီထွင်ခဲ့သဖြင့် အလွန်မာကြောသော မြေသားမျက်နှာပြင်များကိုပင် ထွန် ယက် နိုင် သည် အထိ တိုးတက်လာခဲ့ပေသည်။


မြန်မာ့ တောင်သူ လယ်သမားတို့သည် လည်း ရှေးနှစ်ပေါင်း များစွာကပင် ထွန်တုံး၊ စက်တုံး၊ ကျမ်းတုံး၊ ဂျုတ်၊ ထယ် စသော လယ်ယာသုံး ကရိယာများကို တီထွင်ခဲ့ကြပေသည်။

မြန်မာ တောင်သူ လယ်သမားတို့သည် လုပ်ငန်း၏ အဦးအစဖြစ်သော မိုးဦးကျ ကာလကပင် မထွန်မယက်မီ ပထမဦးစွာ လယ်ကွင်းပြင်၌ အလေ့ကျပေါက်နေသော သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်များကို ဓား သွားကဲ့သို့ ချွန်ထက်သည့် အသွားပါသော စက်တုံးများကို ခုတ်မောင်းခြင်းဖြင့် ရှင်း လင်းရသည်။ ထိုနောက်မှ ထယ်ထိုးခြင်း၊ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း အစရှိသော လုပ်ငန်းအဆင့်ဆင့်တွင်သက်ဆိုင်ရာ ကရိယာ များကို အသုံးပြုကြပေသည်။

သို့ရာတွင် အရပ်ဒေသ အမျိုးမျိုး ကွဲ ပြား ခြားနားသည့်အလျောက် မြေအတိမ် အနက် အမာအပျော့၊ အစေးအပွကိုလိုက်၍ လယ်ယာသုံး ကရိယာ များ သည် လည်း ပုံစံအမျိုးမျိုး ကွဲပြားခြားနားသည်။

ယခုအခါ လက်မှုလယ်ယာမှသည် စက်မှု လယ်ယာဆီသို့ ကူး ပြောင်း နေ ချိန် ဖြစ် ၍ အချိန်တိုတိုနှင့် လူ ကို သက် သာ စေ သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးချွေ စက်စသည့် သိပ္ပံနည်းကျ လယ်ယာသုံး ကရိ ယာများကို အသုံးပြုလျက် ရှိပေသည်။


သောင်းရွှေ(ကော့မှူး)



သရုပ်ဖော်

ဇာတ်လမ်း
စွယ်နီ ကြိုင်သင်း













ထိုကြောင့် ရုပ်ရှင်ရိုက်မည့် အစီအစဉ်များကို ကြိုတင်သိထားသဖြင့် ဒါရိုက်တာနှင့်သွားတွေ့ကာ....
ကျွန်တော် ကွန်ပါစ် ပိုက်ချ အလေ့ပါကို အထူးကျွမ်းကျင် ပါတယ်ဗျို...
ဟာ. အတော်ဘဲ မနက်ဖြန်ကျ လာခဲ့ပေါ့-
အင်း... မနက်ဆို ကျောင်းအားရက်ဖြစ်ပြီ ခင်အေးနဲ့ ပထန်ကြိုးတို့ တောရွာပေါက်ကွန်ပါစ် ဆင်းမှာဘဲ... ဒါတော့ သူတို့နှစ်ယောက်ဆီ သွားခိုးမှ
ဟာ... ဖိုးကြိုင် ပါလား... ဘယ်လဲကွ
မင်းတို့ဆီလာခဲ့ တာဘဲ... ဒို့ရွာကို ရန်ကုန်က ရုပ်ရှင် အဖွဲ့ရောက်နေတာ မင်း မသိသေးဘူး လား.
ရုပ်ရှင်ရိုက်တာ မမြင်ဘူးဘူးဆိုယင် မနက်ကို.. ကွန်ပါစ် မဆင်းဘဲ.. လိုက် ကြည့်ပေါ့.
အေး... ဒို့လေ. သိတယ် ကြည့်တော့ကြည့်ချင်တယ် ဒါပေမဲ့ဖိုးဘတွေ တရက် အနားသူ့ရပေါ်မှာဘူး.. ဒို့တော့ ကွန်ပါစ်ဘဲ သွားမယ်..
အေး.. အေး.. ဒါတော့ မင်းတို့ ဘာသော
ဤသို့ဖြင့် နံနက် ရုပ်ရှင်ရိုက်ရန် ပြင်ဆင်နေချိန်တွင် ဖိုးကြိုင်မှာ အဝတ် အစား အသစ် ဝတ်ကာ ရှိုးပြနေသည်။
မကြာပါ ဒါရိုက်တာက
မင်းက လှေပဲ့ကိုင်ရမယ် ဖိုးကြိုင်ကတော့ ကွန်ပါစ်ရမယ် ဒီက. အချက်ပေးယင်.. လှေကို လှော်ပြီးထွက်.....အတော်လှမ်းလှမ်း ရောက်ယင်. ဖိုးကြိုင်က ကွန်ပါစ်တော့ ကဲ... အားလုံး... ရယ်ဒီ....


ရုပ်ရှင် ရိုက်ရန် အချက်ပေးလိုက် သည်နှင့် လှေလှော် ထွက်လာပြီး ဖိုးကြိုင်သည် ကွန်ကို မပြီးပစ်မည်အပြုတွင် အရှိန်လွန်ကာရေထဲ ခိုက်ကျသွားတော့၏။
ထိုအခန်းသည် လွယ်မယောင်နှင့် ခက်ခဲလှသည်။
ဟား... ဒုက္ခပါပဲ ဖလော်တွေတော့ ရှုန်းပါပြီ....
ထိုစဉ်ခင်အေးနှင့် ပထန်ကြီးတို့ ကွန်ပစ် ထွက်လာသည်ကို ပန်းဆိတ် ရွာသားများအပြင် ရုပ်ရှင်အဖွဲ့သားများပါ လှမ်းမြင်ကြရသည်။
ဒီရွာက လှေပယ်တွေထဲမှာ ဆိုယင်.. သူတို့ကတော့ ကျွမ်းကျင်တာပေါ့-
ပထုတ်တယ် သူတို့နဲ့ဆိုယင် ဖြစ်နိုင်တာပေါ့
ထိုစကားသံကြောင့် ဒါရိုက်တာက ခင်အေးနှင့်ပထန်ကြီးတို့ကို ခေါ်ပြီး အစီအစဉ်ပြော၍ ရိုက်ကူးလေသည်။
ထိုမြင်ကွင်းကို တနေရာမှ ဖိုးကြိုင် ကောင်းစွာ မြင်တွေ့ လိုက်ရသောအခါ တချိန်က အောက်တန်း ကျလှ သည်ဟု ထင်ခဲ့သော လုပ်ငန်းကို သူ့မျက်စိအောက် လှုပုံအသွယ်တွင် ထယ်ဝါဝင့်ကြွားစွာ မြင်လိုက်ရသဖြင့် ယူကြုံးမရဖြစ်သွားသည်။
ခင်အေးနှင့်ပထန်ကြီးတို့မှာ သဘာဝကျပြီး ကျွမ်းကျင်လှသောကြောင့် ရွာသားများနှင့်ရုပ်ရှင်အဖွဲ့သားများ၏ ချီးကျူးသံများမှာ ဖိုးကြိုင် ရင်ထဲ၌ မချိတင်ကဲဖြစ်နေပါသတည်း။
ပြီး၏။



တပ်က ယှဉ်ပြိုင်တိုက်ခိုက်စဉ် ဒရိတ်ကို အင်္ဂလိပ် ရေ တပ် မ တော်၏ ဒုတိယ ရေကြောင်း ဗိုလ်ချုပ်ကြီးအဖြစ် ခန့်အပ် ကာ ခုခံ တိုက်ခိုက်စေသည်။ စပိန် ရေ တပ် ကြီး မှာ ရေမ သင်္ဘောကြီးများကို အသုံးပြု ပြီး အင်အားမှာလည်း အဆ မတန် ကြီး မား လှ သော ကြောင့် အင်္ဂလိပ် ရေ တပ်

# ရေကြောင်းဗိုလ်ချုပ်ကြီး

အန္တရာယ် အခက်အခဲ မည်မျှ ပင် ကြီး မား သော် လည်း ခေါင်းအေးအေး ထား ကာ အနိုင်ယူ ကျော်လွှား တတ်သူ အင်္ဂလိပ်ရေကြောင်း ဗိုလ်ချုပ်ကြီး ဖရန်းဆစ်ဒရိတ် ကို အင်္ဂလန်ပြည် ဒီဗွန် ရှိုင်း ယားနယ်တွင်မွေးဖွားခဲ့သည်။ သူ သည် အနောက် အိန္ဒိယ သမုဒ္ဒရာ နှင့် အတ္တလန္တိတ် သမုဒ္ဒရာ ရေပြင် များ တွင် လှည့်လည်ပြီး ရတနာအပြည့် တင် ဆောင် လာ သော စပိန် လူမျိုး တို့၏ သင်္ဘော များကို စီးနင်းတိုက်ခိုက်ခဲ့သည်။ စပိန် သင်္ဘော များ မှာ လက် နက် လူ သူ အင် အား မည် မျှ ပင် ကောင်းကောင်း သူ က နည်း နည်းမှပင် မကြောက်ရွံ့ပေ။

ခရစ်သက္ကရာဇ် ၁၅၇၇ ခု နှစ်တွင် ပစိဖိတ် သမုဒ္ဒရာဖက် ကမ်းကျသော တောင် အမေ ရိကတိုက်ရှိ စပိန် တို့ကို တိုက် ရန် ရွက် လွှင့် လာ ရင်း မှ ဆက်၍ ကမ္ဘာတပတ် ပတ်မိ အောင် သွားခဲ့သည်။ သင်္ဘော ဖြင့် ကမ္ဘာ ကို တပတ် ပြည့် အောင် ပတ် သော သင်္ဘော မာလိန် မှူး များ အနက် သူ သည် ဦး ဆုံး ဖြစ် သည်။ ထို့ ကြောင့် အင်္ဂလန်သို့ ပြန်လည် ရောက်ရှိသောအခါ အင်္ဂလန် ပြည်ဘုရင်မကြီး ပထမ အဲလ် လစ်ဇဘက်က ဒရိတ်ကိုလူစွမ်း ကောင်းဘွဲ့ကို ဂုဏ်ပြုပေးအပ် ချီးမြှင့်ခဲ့သည်။

ခရစ် ၁၅၈၈ ခုတွင် စပိန် ရေတပ်ကြီးကို အင်္ဂလိပ် ရေ အထိနာပြီး အရေးနိမ့်တော့ မည့် အခြေအနေ သို့ ဆိုက် ရောက် လာ သည်။ ထို စဉ် ဒရိတ်က အင်္ဂလိပ်စစ်သင်္ဘော အသေးစားလေးများကို မီး တင် ရှို့ပြီး စပိန် တို့၏ စစ် သင်္ဘောကြီးများ အတွင်းသို့ မျောချရန် အကြံကောင်းကို စဉ်းစား မိ သည်။ ထို အကြံ အတိုင်း ဆောင် ရွက် စေ ရာ စပိန်သင်္ဘောကြီးများ ဖရိုဖရဲ ဖြစ် ကုန် ပြီး နောက် အင်္ဂလိပ် တို့ စစ်နိုင်သွားသည်။

လူ စွမ်း ကောင်း ဘွဲ့ ရ အင်္ဂလိပ် ရေကြောင်းဗိုလ်ချုပ် ကြီးဒရိတ်သည်ခရစ်သက္ကရာဇ် ၁၅၉၆ ခု အသက် ၅၆ နှစ် တွင် အနိစ္စရောက်သည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

# သွေးလာပေးသောနှောင်မ

သက်မွန်



"အမေ ညီညီကော"

အိမ် ထဲ သို့ ရောက် လျှင် ရောက် ချင်း မေး လိုက် သော ကျွန်တော့်ကို အမေက မော့ မကြည့်ပဲ ဆေးလိပ်ဖွာရင်း–

"လမ်း ထိပ် က ကွမ်း ယာ ဆိုင် သွားမယ်လို့တော့ ပြော သွားတာပဲ"

ကျွန်တော်ချက်ချင်း သိ လိုက် ပါ သည်။ ညီ ညီ တ ယောက် ကွမ်းယာဆိုင်ရောက် သည့်နောက် သူ့အပေါင်း အ သင်းများနှင့် ကွမ်း ယာ ဝယ် စားကြတော့မည်။ စီးကရက် ဝယ် သောက် ကြ တော့ မည်။ လမ်းသွား လမ်းလာ များကို အဓိပ္ပာယ်မရှိ စကြ၊နောက်ကြ၊ ဟားတိုက်ကြ ပေတော့မည်။

အဖေသည် သစ်စက်မှ ကာ ယ လုပ်သားကြီး တဦး ဖြစ်ပါ သည်။ အမေမှာ မနက်ဈေး တွင် ဟင်းသီး ဟင်းရွက်များ ရောင်းပါသည်။

ကျွန်တော်သည် ယခု ဆို လျှင် အ ခြေ ခံ ပ ညာ ရေး အထက်တန်း ရောက်နေပြီ ဖြစ် ၍ ကျွန်တော့်ကို ယနေ့အထိ လုပ် ကျွေး ပြု စု ၍ ကျောင်း ထားပေးသော အဖေနှင့်အမေ တို့၏ ကျေးဇူးကို တနေ့ပြန် လည် ဆပ်နိုင်ရန် စာ ကို သာ ဖိ၍ ကြိုးစား နေရပါသည်။

ညီညီမှာ ယခုနှစ် သတ္တမ တန်းကျသဖြင့် အဖေက ဆူပါ သော် လည်း အ မေ က တော့ တခွန်းမှ အပြစ်မဆိုပါ။ ညီညီ တို့အရွယ်မှာ လေ လွင့် ၍ အ ကောင်းဆုံးဖြစ်မှန်း ကျွန်တော် ကောင်းကောင်း သိပါသည်။ ညီညီသည် အဝတ်အစား ဆို ကောင်းကောင်းနှင့် ဆန်းဆန်း ပြားပြား ဝတ်ချင်သည်။ခေါင်း လောင်း ဘောင်းဘီ များကိုလဲ အလွန် သဘောကျ ပါသည်။

အဖေသည် ကိုယ့် အ ဆင့် အတန်းနှင့်ကိုယ် ရိုးရိုး ကုတ် ကုတ် နေစေချင်ပါသည်။အဖေ သည် ညီညီထက် ကျွန်တော့်ကို ပို၍ ချစ် ပါ သည်။ အ မေ က တော့ ညီညီ့ကို ပိုချစ်ပါသည်။

ကျွန်တော်သည်ကျွန်တော် ၏ တဦးတည်းသော ညီလေးကို လိမ် မာ ရေး ခြား ရှိ စေ ချင် သည်။ စာတော်စေချင်သည်။ မိဘကျေးဇူးကိုလဲ သိစေချင်ပါ သည်။ သို့ အ တွက် ကြောင့် ကျွန်တော် အားလပ်သည့် နေ့ များတွင် ညီညီ မရှင်းသော၊ နားမလည်သော စာများကို ရှင်းပြ ပေးပါသည်။ ညီညီ အိမ် ကပ်သည့် နေ့များ တွင် ကျွန်တော် ညီညီ့ကို အမျိုးမျိုး တရားချကြည့် ပါသည်။ မိဘ ကျေးဇူးကို သိတတ်ဘို့ ပြော ကြည့်ပါ သည်။ ပ ထ မ တော့ နားထောင်နေပြီး ကျွန်တော် စကား ဖြတ်လိုက်သောအခါ –

"ဟဲဟဲ၊ ကိုကိုက စကား ပြောကောင်းပဲ၊ နားထောင်လို့ တော်တော် ကောင်းတယ်" ဟု ပြောပြီး ထထွက်သွားပါတော့ သည်။ တခါကလဲ အမေက သူ့ကို ဆုံးမဘူးပါသည်။

"ဟာ ဗျာ....အ မေ က လဲ

ကျွန်တော့်ကိုပဲ အပြစ် လိုက်မြင်နေတာပဲ”ဟုပြောလိုက် သဖြင့် အမေနှုတ်ဆိတ် သွားပါတော့သည်။

× × ×

အဝေးမှ နာရီ သံချောင်းခေါက်သံ ကိုးချက် ကြားလိုက်ပါသည်။ ညီညီလည်း အခုထိ ပြန်မလာသေးပါ။ ထို့ကြောင့် ညီညီ့ကို လိုက်ခေါ်ရန် အိမ်မှ ထွက်လာခဲ့ပါသည်။ လမ်းထိပ်က ကွမ်းယာဆိုင်တွင် ညီညီ့ကို လမ်းသရဲ သုံးလေးယောက်နှင့် အချီအချ စကားပြောနေသည်ကို တွေ့ရသလို ညီညီ့လက်ထဲရှိ စီးကရက် မှာလည်း ရဲနေကြောင်း တွေ့လိုက် ရပါသည်။

“ညီညီပြန်ကြစို့လား”ကျွန်တော့်အသံကြောင့် ညီညီဆတ်ကနဲ တွန့်သွားပါသည်။ ကျွန်တော့်ကို လှည့်ကြည့်ရင်း စီးကရက် ကို အ နောက် သို့ ခပ်သွက်သွက်ကွယ်လိုက်ကာ –

“ကိုကို ပြန်နှင့်ပါ။ ညီညီလိုက်ခဲ့ပါမယ်”

“အေး – မင်းက ဒီမှာလာ အချိန်ဖြုန်းနေ၊ အမေအခုထိ မအိပ်သေးဘူး၊ မင်းကို စောင့်နေတယ်”

“အိုးအမေမအိပ်တာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ”

ညီညီ့စကားကြောင့် ကျွန်တော်ဒေါသ ထောင်းကနဲ ထသွားမိပါသည်။ ကျွန်တော်ချာကနဲလှည့်၍ အိမ်သို့အပြန်တွင်–

“ဟေ့ကိုကို အမေ့ကိုပြောလိုက် စောင့်မနေနဲ့လို့”ဟုအော်ပြောလိုက်ပါသေးသည်။

အိမ် သို့ ရောက် ခါ နီး တွင် ပြေးလွှားသံများ၊ ရိုက်သံနှက်သံများနှင့် အတူ “အား” ဟု အော်လိုက်သော ညီညီ့ အသံနက်ကြီးကို ကြားလိုက် သဖြင့် ပြန်လှည့်၍ ပြေးအလာတွင် ညီညီ့ကို သွေးအိုင်ထဲတွင် ခွေခွေကလေး တွေ့ရသောအခါ ချက်ချင်းပင် ပွေ့ယူလိုက်ပြီး အနားရှိ ဆိုက်ကားတစီးနှင့် ဆေးရုံသို့ ပို့လိုက် ရပါသည်။ ခဏတွင် အဖေနှင့် အမေလည်း လိုက်လာကြပါသည်။ ဆေးခန်းထဲတွင် ညီညီက ကျွန် တော့် ကို အားကိုးတကြီးနှင့် တောင်းပန်ပါသည်။

“ကိုကို ညီညီ့ကိုခွင့်လွှတ်ပါ၊ ညက ညီညီ့ကို ရိုက်သွားတာ ဟိုဘက်လမ်းကကောင်တွေပါ။ ကိုကိုခေါ် တုန်းကသာပြန်လိုက်ခဲ့ရင် ညီညီ ဒီအဖြစ်မျိုးနဲ့ ကြုံမှာ မ ဟုတ် ပါ ဘူး၊ နောက် ကို ဖေဖေ မေမေနဲ့ ကိုကိုတို့ ပြောစကားကို ညီညီ မြေဝယ်မကျနားထောင်ပါတော့မယ်”

“ညီလေးကို ကိုကိုတို့ ခွင့်လွှတ်ပါတယ်ကွာ” ကျွန်တော်သည် ပူနွေးနေသော ညီညီ၏ လက်ကလေးကိုကိုင်ကာ လှိုက်လှိုက် လှဲ လှဲ ပြော လိုက် မိ ပါသည်။ သို့သော် အမှန်စင်စစ် ညီညီနောင်တရခြင်းသည်သွေးမြေကျမှ နောင်တ ရခြင်းမျိုးပင် မဟုတ်ပါလား။ ။

## ဘဏ်တိုက်ကလေး

စုကာပေါင်းကာ လှုံ့လစိုက်လို့
ဘဏ်တိုက်ကလေး
ဆောက်ရအောင်။

ဒီဘဏ်တိုက်ကို ဘယ်လူဆိုးမှ
သယ်ယူခိုးလို့ မရပေါင်။

သိမှတ်စရာ ရှာဖွေစုကြ
ဗဟုသုတ လွှန်များမြောင်။

စာစောင် ဂျာနယ် မဂ္ဂဇင်းနဲ့
သတင်းစာလဲ သုံးလေးစောင်။

အသိလိမ်မာ ရတနာသိုက်မို့
ဘဏ်တိုက်ကလေး
ဂုဏ်သိန်ပြောင်။

ဒို့ရွာလယ်မှာ စာကြည့်တိုက်ကွဲ
အလုပ်နားခိုက် သွားရအောင်။

သွားရအောင်သွားရအောင်။ ။

မောင်အုန်းသောင်း (မကွေး)



R. 517



## ရိုင်ပန်းစုံ

# သစ္စာပန်း

အသွေးအရောင် စုံလင်လှသော ပန်းမျိုးတွင် သစ္စာပန်းလည်းပါဝင်သည်။ အဖြူ ရောင်မှလွဲ၍အဝါရောင် အနုအရင့်အမျိုးမျိုး၊ အနီရောင်က အသွေးစုံ၊ ပန်းရောင်၊ ခရမ်းရောင်၊ မရန်းရောင် စသဖြင့် အရောင်ပိန်း၊ အရောင်ကြား၊ အစက် အပြောက် အဆင်အပြင်နှင့်လည်း ရှိသဖြင့် သစ္စာပန်းတို့၏ အဆင်အသွေးသည် ရှုမငြီးစရာဖြစ်သည်။ အပင်အုံမှ မားမားမတ်မတ် ထွက်သော ပွင့်တံရှည်ရှည်၏ ထိပ်မှပန်းခိုင်များ ဖူးပွင့်ပုံကလည်း ကြွကြွရွရွနှင့် လှပကြပေသည်။ သစ္စာပန်းပွင့်၏ပုံသဏ္ဍာန်သည်အော်လံပုံ ထိပ်ဝကားသည်။ ပိုးသားကဲ့သို့ ချောမွတ်၍ တောင့်တောင့်ကလေးနေသော ပွင့်ချပ်တို့က တညီတညာတည်း မဟုတ်ချေ။

မြန်မာနိုင်ငံတွင် သစ္စာပန်းထိုသည် နွေနှောင်းချိန်မှစ၍ မိုးရာသီ တလျှောက်လုံး ဖူး ပွင့် ကြ သည်။ ဥတက်မှ ပေါက်သော အပင်မျိုးဖြစ်ပြီးလျှင် အရွက်များသည် ထိပ်ချွန်သော ဓားရှည်ပုံသဏ္ဍာန် ရှိကြသည်။ ဥတက်ဟောင်းမှ ဥ တက် သစ် များ ထွက် ၍ အပင်ပွားသည်။ ပွင့်ချိန်ကုန်ပြီးနောက် အပင်ကျချိန်တွင် ဥ တက် များ ကို တူးယူပြီးနောက် ဆောင်းအကုန်တွင် ပြန်၍ စိုက်ပျိုးကြသည်။

မူလက အာဖရိကတိုက်တွင် ပေါက်ရောက်သော အရိုင်းပင် တမျိုးဖြစ်သည်။ မျိုးစပ်ပြုစုစိုက်ပျိုးရာမှ အသွေးအရောင် စုံလင်လှပသော ပန်းတမျိုး ဖြစ်လာပြီးလျှင် ကမ္ဘာအရှေ့အနောက် နိုင်ငံများသို့ မျိုးပျံ့နှံ့ခဲ့သည်။ မြန်မာနိုင်ငံတွင် မေမြို့၊ ကလော၊ တောင်ကြီး စသည့် ရှမ်းပြည်နယ် မြို့ကြီးများတဝိုက်၌ စတင်စိုက်ပျိုးဖြစ်ထွန်းခဲ့ရာ ယခုအခါ မဟာရန်ကုန်တဝိုက်တွင် စိုက်ခင်းကြီးများဖြင့် အများအပြား စိုက်ပျိုးကြလေသည်။

တင့်တင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၃။

# ကျား စုတ်ဖွားလေး

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ပျဉ်းမနား မောင်နီသင်း

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ဝါခေါင်လဆန်း ၁၀ ရက် (၁၆-၈-၇၅)





စနေနေ့တိုင်း ထုတ်ဝေသည်။


ရေချိုးခါနီးတိုင်း မဲ့ပြီး မျက်ရည်တွေ တောက်တောက် တောက်တောက် ကျတာဘဲတဲ့။
မေမေကျားမကြီးက ဒီလိုနဲ့ဘဲ အတင်းချိုးပေးတိုင်း ဟစ်အော်ရုန်းကန်ပြီး ဆူနေတာဘဲတဲ့။
ဖြူးဖြူ ဖြူးဖြူ ဖြူးဖြူး
အား
တခါတလေများ လွတ်ထွက်သွားပြီး
မချိုးချင်ဘူး
ချမ်းတယ်
ဆပ်ပြာ ကျိန်တယ်
မြေကြီးထဲသွားလှိမ့်လို့ ဖုံတွေလူးကုန်ပြီး
ပြန်ညစ်ပတ်သွားပြန်သတဲ့ကွယ်။
အိမ်နားနီးချင်းတွေကတောင် နားညီးပြီး စုတ်ဖွားလေးကို အပြစ်ဆိုကြသတဲ့
စုတ်ဖွားကတော့ - တဒိုထဲဒို နေတော့တာဘဲ ဗျာ
ဟုတ်တယ်၊ သူ့အမေ ရေချိုးလေး ရှင် ... ကျွက် ကျွက်ကို ဆူ .... နေတာဘဲ
တနေ့တော့ စုတ်ဖွားလေးဟာ အကြံတခု စိတ်ကူးမိပြန်သတဲ့။
ရေချိုးတာ - အလကား အချည်းမဲ့။ အမေက - ငါ့ကို သက်သက်မဲ့ ဒုက္ခ ပေးတာ။ နက်ဖြန် နေ ချိုးရမယ့်နေ့ဘဲ။ ငါ လစ်မယ်၊ လစ်မယ်။



နောက်နေ့ နံနက်တွင် စုတ်ဖွားလေးဟာ အိပ်ရာမှ အစောကြီးထပြီး တောထဲထွက်သွားသတဲ့။
ကဲ -- ရေချိုးဘို့ဆိုရင် ငါမရှိဘူး၊ ဘာတတ်နိုင်သေးလဲ - ဟဲ။ ညနေစောင်းမှပြန်သွားမယ် --- ဟယ်။ ဒီ - ရေချိုးရက် တရက် လွတ်သွားမှာဘဲ -- ဟဲ။
တောထဲတွင် စိတ်ကူးရသမျှ လွတ်လပ်စွာ လျှောက်လုပ်တော့သတဲ့။
မြက်အိုင်ထဲ ခုန်းရ တာ - တယ်ကောင်းပါလား။ ပျော်စရာကြီး ဟီး.....
ဖွပ်
ဖွက်
သဲထဲ ချွမ်းလိမ့်ထိုးရတာလဲ အရသာ တမျိုးဘဲ။
မြက်ထဲ လူးလိမ့်ရတာလဲ ဇိမ်တမျိုးဘဲ။
ရောက်ရာ ပိုင်းထဲ အိပ်ရတာလဲ ကောင်းတာဘဲ
စုတ်ဖွားငလေးဟာ စိတ်သွားတိုင်း ကိုယ်ပါပြီး အပျော်ကြီးပျော်နေတော့သတဲ့။
ပျော်တယ် - ပျော်တယ် - ပျော်တယ် - နှိုပျော်တယ်
ဆေါက်ကြီး ရေမချိုးဘဲ နေရတာ တယ်ဟုတ်ပါလား - ဟား ဟား ဟား
နောက်တော့ ကျွဲလူးအိုင်ထဲ သဘောရှိ ဆင်းလျှောက်ရင်း ကျွေနပ်နေတာဘဲ။


ကြာတော့ ရွှံ့တွေပေပြီး သူ့ကိုယ်ပေါ်က
အစင်းတွေပါ ညစ်ပတ် ပျောက်ပျက်သွားပြီး
ရုပ်ပျက် ဆင်းပျက် ဖြစ်သွားသတဲ့။
အင်း
မှောသွားပြီ
သူကတော့ ပျော်လို့တဲပေါ့။ ဘယ်သိပါ့မလဲ။
တနေရာရောက်တော့ တခြား တောကောင်လေးတွေက ဝိုင်းကြည့်နေကြတုန်း-
သူတို့ဆီ ဝင်ကစားမယ်လုပ်တော့
ငါလဲ ပါမယ်ဟေ့
သူတို့က ထိတ်လန့်သွားကြသတဲ့။


ဖှဲ့ ဖှဲ့ ဖှဲ့
ဘာကောင်လေးလဲ... မဲမဲ သဲသဲ လေးဟော့ ---
ဒီကောင်မျိုး မတွေ့ ဘူးသေးပါဘူး
ဟာ
ဝက်လဲမဟုတ် ဘယ်ရယ်နိုတ်
ချိုလဲ မရှိ ဘယ်ရယ်နိ
ဘာကောင်ပါလိမ့် ဘယ်ရနိမ့်
ထို့နောက် တယောက်တပေါက် ထင်ရာမြင်ရာ လျှောက်ပြောကြလေတော့
ဟော တော့
တောတွင်း တစ္ဆေ များလား
အင်္ဂါဂြိုလ်က နွား လား
ဝက်တူ နွားတူ များလား
စုတ်ဖွား လေးဟာ ဒေါပွလာပြီး
ကျား - ဟော့ ကျား ကျား
မင်းတို့ကို ကိုက်စားမယ် ကျား ဇွ
ဒီလိုကြိမ်းမောင်းလိုက်တော့မှ ဝါးကနဲ ဗိုင်း ရယ်ကြသတဲ့။
ဝါး ဟား ဟား


ပြော.....!
ကျားရှူး ရှူးနေတဲ့ ကောင်လေးကိုး
ဘာကောင်မှန်းမသိ - ညာကောင်မှန်းမသိ - သူနဲ့တော့ မကာစားပါနဲ့လေ။ ဒို - တခြားမှာ သွားကာစားကြရအောင်......
တကောင်ထဲ အူကြောင်ကြောင်ကျန်ခဲ့လို့
တောက် — ဘာကောင်ကြတာလဲ မသိဘူး.... မကာစားချင်နေကြပေါ့ —
ငါကြီးမှ - နင်တို့ကို အကုန် ကိုက်စား ပစ်မယ်.... ဟင်း
စိတ်တိုတိုနှင့် ပိုင်နေရင်း အတော်ကြာတော့
ရေငတ်လိုက်တာ ရေရှာအုံးမှဘဲ
စမ်းချောင်းတနေရာရောက်တော့ ရေစပ်နား ရေသောက်မယ်လုပ်ပြီးမှ ရုတ်တရက်-
အမယ်လေး — လန့်လိုက်တာ — ဘာကောင်ကြီးလဲ မသိဘူး ငါရေသောက်မယ် နေရာ - ရောက် နေတယ်......
ရေငတ်လွန်းလို မနေနိုင်တော့ဘဲ သတိကြီးစွာထားပြီး တခါပြန်ကြည့်တော့မှ
ဟာ အော် အား ဒါ့ကြောင့်ကိုး
ဟဲဟဲ.... ငါ့အရိပ် - ငါမြင် တာကောင် - လန့်သေးတာဘဲ... - တနေ့တော့ - ဒီကောင်တွေ - ငါ့ကို ကြောက်ကြတာကိုး ...
ဖြစ်မှဖြစ်ရလေတယ် - ဟဲဟဲ - ဟဲ


ကဲ - မဖြစ်သေးပါဘူး ၊ ဒါလောက် ညစ်ပတ် ပေရေ နေမှတော့ - စမ်းချောင်းထဲ ရေဆင်း ချိုးမှ ဖြစ်တော့မယ်။ ဒီ အတိုင်း သာ - အိမ် ပြန်သွားရင်တော့ - အတီး ခံရမှာ သေချာ တယ်။ ဆပ်ပြာ တွေ တိုက်ပြီး - ခိုင်နေအောင် ရေချိုး ပေးမှာဘဲ
အဲဒီလိုတွေးမိပြီး ရေဆင်းချိုးတော့
ရွှံ့တွေစင်ပြီး လှပသန့်ပြန့်လာထတဲ့။
အိမ်ကိုပြန်ရောက်တော့ မေမေကျားမကြီးက လှမ်းတွေ့လိုက်တော့
ဟဲ့ - သား ၊ နတ်ဖွား ရယ်။ နင်ဘယ်သွားနေသလဲ။ ငါ့ဖြင့် စိတ်ပူပြီး ရှာ လိုက်ရတာ...
တောစပ်က စမ်းချောင်းထဲ ရေသွားချိုး နေတာပါ အမေရဲ့။
အမယ် - အမယ် - အမယ် - တယောက်ထဲသွားရင် - ရေနစ်နေမှဖြင့် အခက်ဖဲ...... သား - ရေချိုးမယ်ဆိုရင် အမေ ဘယ်ကို လိုက်ရ လိုက်ရ - လိုက်မို့ ပါမယ် ဟယ်.. ..
ဒီလို သန့်နေမှ မေမေက အရမ်း ချစ်တာ-----

## နာရီ — သောင်းရှု |ကော့မှူး|



နာရီသည် တရွေ့ရွေ့ပြောင်းလဲနေသော အချိန်ကာလကိုမှန်ကန်စွာခွဲခြားသိရှိနိုင်ရေး အတွက် အသုံးပြုသော ကရိယာဖြစ်သည်။

နာရီမပေါ်မီက ရှေးလူတို့သည် သစ်ပင် ရိပ်များကို စောင့်ကြည့်၍ အရိပ်၏ အတို အရှည်ကို မှန်းဆခြင်းဖြင့် မွန်းတည့်ပြီ၊ နေဝင်ပြီဟု မှတ်သားကြသည်။ ထိုမှတ် သားချက်များကို အခြေခံ၍ နေနာရီ များကို တီထွင် အသုံးပြုလာကြသည်၊ သို့သော် မိုးတိမ်ထူထပ်၍အလင်းရောင် မရသောအချိန်နှင့် ညအချိန်များတွင် မှားယွင်းမှုရှိနေသဖြင့် တဖန် ရေနာရီ ကို တီထွင် အသုံးပြုလာကြပြန်သည်။ သို့စေကာမူ ရေနာရီတွင်လည်း ချို့ယွင်း ချက်များ ရှိရကား ရေအစား သဲကိုသုံး၍ သဲနာရီကို ထပ်မံတီထွင်ခဲ့လေသည်။

ရှေးအကျဆုံးအချိန်ကို သတ်မှတ်သော ကရိယာတန်ဆာတခုမှာ ရိုးရိုးဖယောင်းတိုင် တွင် အမှတ်အသားကို အညီအမျှ ပိုင်းခြား ထားပြီး မီးထွန်းညှိလိုက်ခြင်းပင် ဖြစ်သည်။ ၎င်းနည်းကို ၉ ရာစု နှစ်လောက်က အင်္ဂလန် ပြည် တွင် ဘုရင်ကြီး “အယ်လ်ဖရက်” က စတင်အသုံးပြုကြောင်း သိရပြန်သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် “ဟင်နရီ ဒီဗစ်” ဆိုသူက ခေတ်မှီ၍ ဒိုင်ခွက်တခုနှင့် နာရီလက်တန်တချောင်း အပြင် အခြား အရေးကြီးသော အစိတ်အပိုင်းများ စွာ ပါသော နာရီတမျိုးကိုတီထွင်ခဲ့သည်။ ယနေ့ ထိ ၎င်းတီထွင်ခဲ့သောနာရီ၏ အရေးကြီး သော အဓိကအစိတ်အပိုင်းများမှာ ပြောင်း လဲခြင်းမရှိသေးပေ။ သို့သော် စာပွဲတင်နာရီမှ မျှော်စင် နာရီကြီးများအဆုံး ပုံစံများကို ထူးထူးခြားခြား တီထွင်လာကြသည်။ ထို


နာရီစင်များအနက် အမြင့်ပေ ၃၂၀၊ ဒိုင်ခွက်အကျယ် ၉ ပေ၊ အလေးချိန် ၁၃ တန်ရှိ အင်္ဂလန်မှ "ဘစ်ဘင်" နာရီစင်ကြီးမှာ ကမ္ဘာတွင် အကျော်ကြားဆုံးဖြစ်သည်။

အိတ်ဆောင်နာရီနှင့် လက်ပတ်နာရီများကိုမူ၊ ၁၅၀၀ ပြည့်နှစ်တွင် ဂျာမနီပြည်၊ နူရင်ဘတ်မြို့မှ သော့ပြင်ဆရာ ပီတာဟင်းလိန်းဆိုသူက ကြက်ဥပုံသဏ္ဌာန် အိတ်ဆောင်နာရီများကို စတင်တီထွင်ခဲ့ပေသည်။ ၁၆၇၇ ခုနှစ်တွင် မိနစ်လက်တံများပါသော နာရီများကို တီထွင်လာကြပြီး ၁၇၀၀ ပြည့်နှစ်သို့ ရောက်သောအခါတွင်မူ နာရီစက်ပစ္စည်းများမှာ တိုးတက်ကောင်းမွန်လာသည့် အပြင် ဈေးပေါစွာ ဝယ်ယူရရှိနိုင်လေသည်။

ယနေ့ဆိုလျှင် သံပတ်မပေးရပဲ အလိုအလျောက်သွားသည့် နာရီများ၊ လျှပ်စစ်ဓာတ်အားသုံး နာရီများအပြင် အီလက်ထရောနစ်အားဖြင့် သွားနေသော နာရီများကိုပင် တီထွင်ခဲ့ကြသည်။ သဘော်များ၌









ရိုးရိုးစက်နာရီများ သုံးလျှင် ရေလှိုင်း လေလှိုင်းဒဏ်ကြောင့် စိတ်မချရသဖြင့် "ခရိုနိုမီတာ" နာရီများကို အသုံးပြုလာကြသည်။

ထိုတွင်မက ညအချိန်တွင် ကြည့်နိုင်ရန် အတွက် ဒိုင်ခွက်များတွင် ရေဒီယံ သတ္တုများ သုတ်လိမ်းထားသည့် အပြင်၊ အချိန်ကိုသာမက နေ့၊ လ၊ ရက်၊ နှစ်များကိုပါ တိကျစွာ ညွှန်ပြနိုင်ပြီ ဖြစ်ပေသည်။ ။


မျက်မမြင်
လက်ဖဆောင်
ကာတွန်း
●အောင်မျိုးကြည့်
တနေ့ သူ၏ မောင်ထွေး ကျောင်းမှ ပြန်လာစဉ် ကားပေါ်၌ မျက်မမြင်လူကြီးတယောက်ကို တွေ့ရသည်.
မျက်မမြင်ကြီး သနားပါတယ်.
ထိုလူကြီးသည် သီတာရုံ မှတ်တိုင်သို့ ရောက်သော်
မှတ်တိုင်ပါတယ်
ဖိုး- မျက်စိမှ မမြင်ဘဲကိုး.
ဒိုဒို ဘေးဖယ် ပေးလိုက်ကြပါ
မောင်ထွေး နေ့အိမ်သည်လည်း သီတာရုံ မှတ်တိုင်နှင့်နီးသဖြင့် မောင်ထွေးလည်း ကားပေါ်မှ ဆင်းလိုက်လေသည်။
ဆွဲ- ဆရာရေ့
မောင်ထွေးသည် ဓာတ်ဓာက ဆင်းသွားသော လူကြီးကို စိတ်ဝင်စားစွာ ကြည့်နေမိလေသည်၊ မျက်မမြင်ကြီးသည် ရှေ့မှလာသူများနှင့် ဝင်ဝင် တိုက်မိလေသည်၊
ဖိုး..
အား.


ဝင်တိုက်မိသူများက
အို-မျက်စိမှ မမြင်ဘဲကိုး..
နောင်ကြီး- ဒီဘက်က သွား ဒီဘက်က သွား..
မောင်ထွေးသည် စိတ်မကောင်းသဖြင့် မျက်မမြင်လူကြီးကို ကြည့်နေစဉ် မှာပင်....
ဟာ!! ဓါတ်တိုင်နဲ့ ဝင်တိုက်မိတော့မယ်
မောင်ထွေးသည် မျက်မမြင်လူကြီးထံသို့ ပြေးသွားပြီး-
ဦးလေး ဦးလေး-ရှေ့မှာ ဓါတ်တိုင် ဒီဘက်က သွား-ဒီဘက်က သွား
မျက်မမြင်လူကြီးက မောင်ထွေးအား
ခလေးက ကျောင်းသားလား
ဟုတ်ကဲ့ ဦးလေး...
ခလေး..ဒါ ဘူတာရုံမှတ်တိုင် မဟုတ်လားကွဲ့
ခမျာ-ဟိုဟို မဟုတ်ပါဘူး ဒါ-ဓါတ်အားရဲ့ မှတ်တိုင်...
အင်း-ထင်တော့ထင်သားဘဲ၊ ဒါကြောင့် ခဏခဏ ဝင်တိုက်မိတာကိုး၊ ဦးလေးက ဓါတ်အားရဲ့ မှတ်တိုင်ကို ဘူတာရုံ မှတ်တိုင်လို့ ထင်ပြီး ကားလာရင် ခင်းလိုက်တာကွဲ့- ဦးလေး ခင်းရမယ့် မှတ်တိုင်က ဘူတာရုံမှတ်တိုင်


ဘူတာရုံမှတ်တိုင်ကဆို ဦးလေးနေတဲ့ မျက်မမြင်ကျောင်းကို ဦးလေး ပြန်လို့ရ တယ်ကွဲ···
ဟင်!! ဦးလေး မျက်စိမမြင်ဘဲ ပြန်လို့ရတယ်···
အေးကွဲ ဦးလေးတို့မှာ မျက်စိမမြင်ပေမဲ့ အမှတ်အသားတွေရှိတယ်၊ မြွေလှမ်းရေအေး ဘာဆို၊ ကားဆွဲသံ လာသံတို့၊ ဈေးသည်တွေအသံ မိုးရေအေး ဒုံပြုံသံ စသည်တို့ပေါ့ကွာ·
မောင်ဖွေးသည် လူကြီးအား မှတ်တိုင်သို့ပြန် တွဲခေါ်လာပြီး·
ဦးလေးကို ကျွန်တော် လိုက်ပို့ပေးမယ်·
၂
၁၂
သို့ဖြင့် လူကြီးနေသော မျက်မမြင်ကျောင်း သို့ ပြန်ရောက်လာလေသည်။
ငါ့တူကို ဦးလေး လက်ဆောင်ပေးလိုက်ရ ဦးမယ်·
ရော့·ဆွဲခြင်းနဲ့ ခြင်းလုံး ဦးလေးတို့ မျက်မမြင်တွေ ရက်ထားတာကွဲ····
မောင်ဖွေးသည် ခြင်းလုံးနှင့် ဆွဲခြင်းကလေး ကို ကိုင်ကာ ဝမ်းသာအားရဖြင့် လူကြီးထံ မှ ပြန်လာခဲ့လေသည်·
ဆွဲခြင်း မေမေ့ကို ပေးမယ်·
TAXI
ပြီး



# ကမ္ဘာ့အကြီးဆုံး တက္ကသိုလ်

ကမ္ဘာ့အကြီးဆုံး တက္ကသိုလ်သည် ဆိုဗီယက် ပြည်ထောင်စုမော်စကိုမြို့၏တောင်ပိုင်း လီနင်ဟင်းလ်ဒေသတွင် တည်ရှိသည်။ အမည်မှာ လိုမိုနိုဆော့ဗ်တက္ကသိုလ်ဖြစ်သည်။ ယင်း တက္ကသိုလ်အဆောက်အဦတွင် အထပ်ပေါင်း ၃၂ ထပ်ရှိပြီး အခန်းပေါင်း ၄၀၀၀၀ ပါဝင်သည်။ ပေပေါင်း ၇၇၇.၄ ပေ မြင့်သည့်တိုက်ကြီး ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် ယင်း တက္ကသိုလ်ကျောင်းတော်ကြီးကို အုတ်မြစ်ချခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အပြီးသတ် တည်ဆောက်နိုင်ခဲ့သည်။ ကျောင်းတည်ဆောက်ချိန် ငါးနှစ်နီးပါးကြာမြင့်ခဲ့သည်။

ယင်း တက္ကသိုလ်သည် အဆောက် အဦ အရသာ အမြင့်ဆုံးနှင့် အကြီးဆုံးဖြစ်သည်။ ကျောင်းသား ဦးရေတွင်မူ အိန္ဒိယပြည်ရှိ ကာလကတ္တား တက္ကသိုလ်သည် အများဆုံး ဖြစ်သည်။ ကျောင်းသားပေါင်း ၁၉၆၂၅၇ မျှ ၁၉၆၈ - ၆၉ စာသင်နှစ်တွင် ရှိခဲ့သည်။ ကျောင်းကို စာသင်ချိန် သုံးချိန်ခွဲ၍ သင်ကြားပေးနေရ၏။

အောင်သန်းချစ်

## ရေးပြီးသားပါ



# ပန်းကလေးတပွင့်

မောင်မြပွင့် (ကျုံပျော်)



မညိုဝင်း၏ အသက် ရှစ်နှစ်ပြည့်ပါပြီ။ ယခု တတိယတန်းသို့ ရောက် ခဲ့ သည်။ မ ညို ဝင်းသည် အ သက် နှင့် မ လိုက်အောင် စာတော်ပြီး၊ စာကြိုးစားသူ တယောက် ဖြစ်သည်။ ထို့ကြောင့် ဆရာဆရာမများက သူ့ကို ချစ်ကြသည်။

မ ညို ဝင်း မှာ တ ခြားကျောင်းသား ကျောင်းသူများလို အဝတ်အစား လှလှ ပပ မဝတ်နိုင်။ မုန့်ဘိုးဆိုလျှင် တနေ့မှ ငါးပြား၊ ၁၀ ပြားသာ ရသည်။ တခါတရံ တပြားမှ မရခဲ့။ သူမ၏ အဖေမှာ ဆိပ်ကမ်းမှ ကာယ လုပ်သားတဦး ဖြစ်သည်။

မညိုဝင်းသည် ဆရာမ ဖတ်ကြား ရှင်းလင်း ပြနေသော "ဉာဏ်နှင့် ဝီရိယ အသုံးချပုံ" အကြောင်းကို ဂရုတစိုက် နားထောင်နေစဉ်၊ အ တန်း ထဲ သို့ ကျောင်း အုပ် ဆ ရာ ကြီး နှင့် အတူ၊ သူ့အမေ ဝင်လာသည်ကို မြင်လိုက်ရတော့သည်။

"မညိုဝင်း၊ ဆရာ့ဆီ ခဏလာအုံးဟေ့"

ဆ ရာ ကြီး ၏ ခေါ် သံကြောင့်၊ မညိုဝင်းမှာ ထိုင်ရာမှ ထ၍ လာခဲ့သည်။

"မင်းရဲ့အဖေ၊ ဆံအိတ်တင်ကားမှောက်လို့ သေဆုံးသွားတယ်"

"ဟင်၊ ဖေဖေ ကားမှောက်လို့သေသွားတယ်။ ဟုတ်၊ဟုတ်လား ဆရာကြီး"

"အေး၊ အေး၊ ဟုတ် ပါ တယ် ငါ့တပည့်"

မ ညို ဝင်း မှာ သူ့ အ ဖေ အ တွက် ဝမ်း နည်း လွန်း ၍ တရှိုက်ရှိုက် ငိုနေသည်။ အမေမှာလည်း မျက်ရည်တွေနှင့် မြင်ရသည်။ အတန်းထဲရှိ ကျောင်းသား အားလုံးကလည်း၊ မညိုဝင်းကို ဝိုင်းဝန်း ကြည့်နေကြသည်။ ထို နေ့၊ ဆ ရာ ကြီး နှင့် အတန်းပိုင် ဆ ရာ မ ၏ ခွင့် ပြုချက်အရ၊ သူ့အမေနှင့် အတူ အိမ်သို့ပြန်လာခဲ့သည်။

မညိုဝင်းမှာ သူ့အဖေမျက်နှာကို မြင်ယောင် လာမိသည်။ အဖေ သေဆုံးသွားပြီ ဆိုလျှင်၊ သူတို့မိသားတစု ဘာနှင့်ထမင်းစား ရ မည် နည်း။ အ ဖေ တ ယောက်တည်းသာ အလုပ်လုပ်သူရှိသည်။ အလုပ်လုပ်သူ မရှိလျှင်၊ ဒုက္ခ ရောက် ကြ ရ တော့ မည်။ ဒါ ကို မ ညို ဝင်း တွေးသည်။ ပါးပြင်ပေါ် သို့မျက်ရည် များ စီးကျလာတော့သည်။

× × ×

"ဖွဲပြာ၊ တပြည်ဆယ်ပြား" ဟူ သော အ သံ လေး သည် ကြည် ကြည် လင် လင် နှင့် တ လမ်းလုံး အဆက်မပြတ် အော်ရောင်းနေသည်။ အသံရှင်၏ အမည်မှာ မညိုဝင်း ဖြစ်သည်။ သူသည် နေ့စဉ်နံနက်တိုင်း ဖွဲပြာ လိုက်ရောင်းသည်။

ခေါင်းပေါ် တွင် ရွက်ထားသော ဖွဲပြာတောင်းသည် သူ့ အ သက် အ ရွယ် နှင့် မ လိုက်အောင် ကြီး မား နေ သည်။ အင်္ကျီ၊ လုံ ချည် တို့ မှာ လည်း အဖာအထေးများ ပြည့်နှက်နေ

ပြီး၊ အကွက် အစွန်းများ ပေကျံနေပေသည်။

ယခု မညိုဝင်းသည် ဖွဲပြာတောင်းကို သူတွင်ရှိသမျှသော အားကလေးနှင့် ရွက်ရင်း အိုးဘိုလမ်း ထဲ သို့ ဝင် ကာ၊ အော်ရောင်းနေသည်။ အိုးဘိုလမ်းထဲရှိ လူများသည် မ ညို ဝင်း ၏ အ သံ က လေး ကို ကြား လိုက် သည်နှင့် အားလုံးကသနားစိတ်များဖြင့် ခေါ်ဝယ်ကြသည်။

အိုးဘိုကျောင်းရှေ့သို့ရောက်သည်နှင့် မညိုဝင်းမှာ သူ့အရွယ်ကျောင်းသူ မိန်းကလေးများ ဝိုင်းဖွဲ့ကစား နေသည်ကို ငေးကြည့် နေ သည်။

မိန်း က လေး များ ဝိုင်း ဖွဲ့ကစားနေသည်ကို ငေးကြည့်နေဆဲမှာပင်- ကျောင်းခန်းထဲမှ ထွက်ပေါ်လာသော အသံတသံကို၊ မညိုဝင်းကြားလိုက်ရတော့သည်။ ထိုအခါခေါင်းပေါ်တွင် ရွက်ထားသော ဖွဲပြာတောင်းကို မြေပေါ်သို့ချ၍ နားထောင်နေပါတော့သည်။

"ငါမေးနေတာ ပြောစမ်း မောင်ကြည်၊ မင်းဘာဖြစ်လို့ ကျောင်းပြေးရတာလဲ" ဟု ဆရာမက ကျောင်းသား မောင်ကြည်ကို မေးနေသည်။ လက်တဖက်က ကြိမ် လုံး ကိုင် ထား သည်။

"ဆိုးလှချည်လား မောင်ကြည်ရယ်။ ငါ့မှာ ကျောင်းနေချင်ရက်နဲ့မနေရဘဲ၊ဖွဲပြာရောင်းနေရတယ်။ နင်တို့ကျတော့လဲ ကျောင်းနေရသားနဲ့၊ ကျောင်းမတက်ချင်ဘူး။ ကျောင်းပြေးတယ်။ ဘာ ဖြစ် လို့ ကျောင်းပြေးချင်တာလဲ မောင်ကြည်။ ပညာ ကြိုးစားပါလား"

မညိုဝင်းသည် မောင်ကြည်ကို လှမ်းကြည့်ရင်း တိုးတိုး ကလေး ပြောလိုက်မိသည်။

မ ကြာ မီ ကျောင်း တက်ခေါင်းလောင်းသံကို မညိုဝင်းကြားလိုက် ရတော့သည်။ ထိုအခါ မြေပေါ်၌ ချထားသော ဖွဲပြာတောင်းကို အလျင်အမြန်မ၍ ရွက်လိုက်သည်။ ကျောင်းသား ကျောင်း သူ များ သည် ကျောင်းတက် ခေါင်းလောင်းသံကို ကြား လိုက် သည် နှင့် ကျောင်းခန်းထဲသို့ အလျင်အမြန် ပြေး ဝင် သွား ကြ တော့သည်။

မညိုဝင်းသည်ကျောင်းခန်းထဲသို့ ပြေးဝင် သွားကြသော သူ့ အ ရွယ် ကျောင်း သား ကျောင်းသူများကို တစိမ့်စိမ့် ကြည့်ရင်း မျက်ရည်များ ဝဲလာပါတော့သည်။

ခေါင်းလောင်းသံက မရပ်သေး။ ဖွဲပြာတောင်းကို လက်နှစ်ဖက်ဖြင့် မြဲမြဲ ဆုပ်ကိုင်ကာ ကျောင်း ရှေ့ မှ ထွက် လာ ခဲ့ သည်။ ခေါင်းလောင်း သံမှာ မညိုဝင်းနောက်ဝယ် တဖြည်းဖြည်း ကျန်ရစ် ခဲ့တော့သည်။

"ဖွဲပြာ တပြည်ဆယ်ပြား" ဟု ငိုသံကလေးဖြင့် မညိုဝင်း အော်လိုက်မိပါတော့သည်။ ။

# တို့မမလေး

မမလေး သေးသွယ်သွယ်
ပါးကွက်ဝိုင်းလေး ပါးမှာခြယ်။

ဆံမြိတ်နွယ် ခိုတောင်ချ
မြန်မာပီသ ယဉ်ပေစွ။

အနောက်တိုင်းလှ သရဖူ
မချစ်သော်လဲ မငြူစူ။

မြန်မာမှုနဲ့ ယဉ်ကျေးမှု
ထိန်းသိမ်းစောင့်ရှောက် ဂရုပြု။

ဖားကိုတုလို့ ခရုခုန်
မြန်မာ့ဇာတ်အိမ် ပျက်ယွင်းပုံ။

အတိတ်ဘုံမှ ဒဏ်ရာက
မီးမောင်းထိုးလို့ ထင်ရှားပြ။

မြန်မာ့အလှ ပန်ဆင်သူ
တို့မမလေး စံနမူ။

တို့ဂုဏ်ယူလို့ ဘယ်မဆုံး
သားချင်းဆွေမျိုး ပီတိဖုံး။ ။

အောင်ရဲဆွေ



# နှင်းပန်းကြီး



နှင်းပန်းကြီးသည် ဖူးဖူးစင်စင်နှင့် သိမ်မွေ့လှပသော မိုးရာသီပန်းတမျိုးဖြစ်သည်။ အသားထူ၍ ရှည်သွယ်သော ပွင့်တံ၏ ထိပ်တွင် အဖူးကြီးငယ်တို့သည် အဆင့်ဆင့် ပူးကပ်၍ ခရုပတ် လှည့်ထွက်သည်။ ပွင့်တံသည် တခါတရံ သုံးပေခန့် ရှည်သည်။ အဖူးများသည် အကုန်လုံး တပြိုင်တည်း မပွင့်ကြ။ အောက်ပိုင်းမှ အဖူးများက စတင်ပွင့်ကြ၍ ရက်ကြာကြာမခံ။ တဖွတ်ဖွတ် ကြွေကြသည်။ အပွင့်တပွင့်မျှမပွင့်မီကပင် ဖူးတံများကို ခူးဖြတ် ထားနိုင်၍ ပန်းအိုးတွင် ထိုးထားရင်း အဖူး များ က ပွင့် လိုက် လာသည်။ ည နေ ပိုင်း တွင် ပွင့်သော ပန်းမျိုးဖြစ်၍ အလွန်ကြိုင်လှိုင်စွာ မွှေးလေသည်။

ဥတက်ရှိသော အပင်မျိုးဖြစ်၍ ဥတက်သစ်များ တဖြည်းဖြည်း ပွားလာ သဖြင့် အပင်အုံကြီးလာသည်ကို အပင် ခွဲထုတ်ရသည်။ အရွက်များသည် ရှည်ရှည် မြောင်းမြောင်းဖြစ်၍ ထိပ်ချွန်သော ဓားရှည် ပုံသဏ္ဍာန် ရှိသည်။ အပင်အုံ တအုံလျှင် အနည်းဆုံးအရွက် ရှစ်ရွက်ခန့် ရှိသည်။ နှင်းပန်းကြီးပင်သည် အမေရိကနှင့် အာရှတိုက် အပူပိုင်း ဒေသ၌ မူလက ပေါက်ရောက်ခဲ့သည်။ ယခုအခါ သမပိုင်း ဒေသများ၌လည်း ဖြစ်ထွန်းသည်။

နှင်းပန်းကြီး၏ အပွင့်ရော ဥတက်ပါ ဆေးဖက်ဝင်သည်။ သို့သော် အဆိပ်ရှိသဖြင့် ချင့်ချိန်၍ သုံးစွဲရသည်။ မြန်မာ လျှာ ပွတ် ဆေး ဖော် စပ် ရာ တွင် နှင်း ပန်း ကြီး ဥ သည် ဆေး တ မည် အ ဖြစ် ပါ ဝင် သည်။ အနောက်တိုင်းမှ ပြင်သစ်၊ ဣတလီ၊ ဆွစ်ဇာလန် နိုင်ငံများတွင် ရေမွှေး၊ ပေါင်ဒါစသော အလှကုန် ပစ္စည်းများ ပြုလုပ်ရာတွင် နှင်းပန်းကြီးအပွင့်မှ အမွှေးနံ့ကို သုံးခဲ့ကြသည်။ ယခုမူ နှင်းပန်းနံ့ကို လူကြိုက်နည်းလာလေသည်။

**တင့်တင့်**





ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၄။

# ကြောင်ရိုးကလေး




ပန်းချီ-ဦးဘကြည်။
ဇာတ်လမ်း-ကျော်ညွန့်မိုး။

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ ဝါခေါင်လဆုတ် ၂ ရက် (၂၃-၈-၇၅)

တခါတုန်းက ရွာတရွာမှာ အင်မတန်ဆင်းရဲပြီး အင်မတန် ကလေးများတဲ့ လယ်သမား ဦးကြီး မိသားစုရှိသတဲ့။ သို့သော် အင်မတန်လဲ ရိုးရိုးသားသား ရှိလှသတဲ့။




အငယ်ဆုံးကတော့ ကိုယ်ခန္ဓာသေးငယ်ကြုံလှီပြီး အားနည်းလို့ ညွှက်ပုလို့ ခေါ်ကြတယ်။






ဉာဏ်ကတော့ကောင်းလို့ ဖခင်ကြီးက တနေ့ တော့ စိတ်ဆုံးဖြတ်သတဲ့။




အသက်ကလေးရတဲ့တနေ့မှာ ရွာဦးဘုန်းကြီး ကျောင်းကိုသွားအပ်သတဲ့-
တပည့်တော် သား -ညွှက်ပု- ကို ... သာသနာ့ဘောင်အတွင်း သွတ်သွင်း ချီးမြှင့်တော်မူပါ ဘုရား
အေး- သာဓု သာဓု ထားခဲ့ပေါ့
ကိုရင်မဝတ်သေးမီ ဘုန်းတော်ကြီးက စာချ ပေးသတဲ့၊ စာများကို ချက်ချင်း လိုလိုတဲ့ အလွတ်ဆိုနိုင်လို့
ဆရာတော် ဘုန်းကြီးများက ညွှက်ပု ကို အငမထန် သဘောကျကြသတဲ့၊
ညွှက်ပုက တယ်ဉာဏ် ကောင်းပါလား ဟဲ့
ရော့ ငှက်ပျော သီးစား
သုံး လေးရက်ကြာလျှင် ကျောင်းသို့ လယ် သမားကြီးကငှက်ပျောသီးသွားကန်တော့ရင်း
ကလေး ပျော်ရဲ့လား ဘုရား
ပျော်ပါတယ်၊ ညွှက်ပုက တယ်ဉာဏ် ကောင်းတာပဲ
သားကြောင်လေး တော့ - ဒီနေ့တဲ့ ခွေးကိုက်လို့သေ သွားတယ်
ဟင်- ကျွတ်- ကျွတ်။ သနားပါတယ်
ကြောင်ကလေး သေတင်းကြားပြီးသည့် နေ့မှ စ၍ စာကျက်ချိန်တွင် စာမကျက်ပဲ ကြောင် ရုပ်များသာ ရေးဆွဲနေသတဲ့
မိကြောင်
မိကြောင်
မိကြောင်
ကျောက်သင်ပုန်း၊ စာအုပ်တွင် ပုံများပြည့် သွားလျှင် ကျောင်းနံရံ ကျောင်းတိုင်များတွင် ပါ လျှောက်ရေးနေတော့တယ်။


တုန်းတော်ကြီးက ကျောက်တံ၊ ခဲတံ၊ မြေဖြူ များကို ဝှက်ထားပေမယ့်-
ညွှက်ပု - မသိအောင် ကျောက်တံ၊ ခဲတံ၊ မြေဖြူတွေ အကုန် ဖွက်ထားလိုက်မယ်
ညွှက်ပုဟာ မီးဖိုထဲက မီးသွေးယူပြီး ကျောင်းနံရံ၊ ကျောင်းတိုင်၊ ဇရပ်၊ ကုဋီတိုက်တွေမှာ ကြောင်ရုပ်ရေးလို့ ညစ်ပတ်ကုန်သတဲ့-
တုန်းကြီးက ဆုမရ၊ ကြိမ်းမရဖြစ်နေလို့ သူ့ကို မေဒင် တွက်ကြည့်ထော့လဲ တနေ့ကျရင် ကောင်းစားမယ်လို့တွေ့ရတယ်။
အင့်ဟင်..ဒီကလေးဟာ ကြီးပွားမယ့်ဇါတ်ရှင်ဘဲ။ အင်း... ကျုံးကျုံးကြပ်ကြပ်နဲ့ အကျိုးပေးမယ့်ပုံဘဲ။ အို-ဘာဘဲဖြစ်ဖြစ်-ငါ့ကျောင်း ညစ်ပတ်အောင်လုပ်တာတော့ မဖြစ်ဖူး
နောက်တနေ့မှာ
ညွှက်ပု — မင့်ကို ဒို့အားကြီးသနားတယ် -ကျုညီချင်တယ်၊ ဒါပေမယ့်-မင်းက ကြောင်ရူးရူးပြီး ထားမကျက်နေရင်တော့ မထားနိုင်ဘူးကွဲ။ မင်း-ဒီနေ့ဘဲ အိမ်ပြန်ပေတော့ --------
----အေး-တရုတ်ပြော့ မှာလိုက်မယ်ကွဲ---
မင်း-ဘယ်ဘဲသွားသွား-
ဘာဘဲ လုပ်လုပ်-ကျယ်ကျယ်ကိုရှောင်-ကျဉ်းကျဉ်းကိုဆောင်ရမယ်ကွဲ။
ဦးတင်ပါသေး၏ဘုရား
ဘုန်းကြီး - အဓိပ္ပါယ်ရှိတာ ဘာမှန်းလဲမသိဘူး
တင်ပါ့
ညွှက်ပုဟာ စကားအဓိပ္ပာယ်ကိုလဲမသိ ဘယ်သွားရမယ်ဆိုတာလဲ မသိရှာဘူးတဲ့-


ကျောင်းဝင်းဝရောက်တော့ စဉ်းစားမိသတဲ့
ငါ အိမ်ပြန်ရင် အားလုံး ငိုင်းဆူနေမှာဘဲ။ ဒီတော့-ဟိုဦးဇင်းကြီး တခါက ပြောဘူးတဲ့ ဟိုး အဝေးကြီးက ရွှေကျောင်းတော်ကြီးကိုဘဲ ရောက်အောင် သွားတော့မယ်---
ဟိုမေး၊ ဒီမေး၊ လမ်းလျှောက်လိုက်၊နားလိုက်၊ လှည်းကိုစီးလိုက်၊ သွားလိုက်နဲ့ မှောင်စပျိုး ချိန်မှာ ရောက်သွားပြီး-
ဟင်..တံခါးပိတ်ထားပါလား၊ ကျောင်းကြီး က တော့ တယ်ကောင်းတာဘဲ။ မော်ကြည့်အုံးမှဘဲ၊
ဘုန်းကြီးဘုရား ဘုန်းဘုရား
ဘယ်လောက်ခေါ်ခေါ် ထူးသံမကြားဘူးတဲ့။
ဒီအခါမှာ လူထယောက်ရောက်လာပြီး
ဟဲ့ သူငယ်- ဒီကျောင်းထဲမှာ ဘယ်သူမှ မရှိဘူး၊ နတ်ဆိုး ခြောက်လှန့်တယ်ဆိုပြီး အားလုံး ထွက်ပြေးကုန်ကြဖို့။ တချို့ သတ္တိရှိတဲ့ ရွာသားတွေ သွား အိပ်တော့လဲ - နတ်ဆိုး မတွေ့ကြဘူးတဲ့။ မင်း ဝင်ကြည့်ချင် ကြည့်လေ....
အဲဒီလူထွက်သွားတော့ တံခါးကိုတွန်းကြည့်တာ ဟသွားသတဲ့။
ဒီလူကြီး ပြောတာ တော့ မယုံပါဘူး။ လူကိုက အချောင်ကြောင်နဲ့
ကျိ----
ဟင်- တခါးစေ့ရုံ စေ့ထားတာဘဲ
ဒါနဲ့ အထဲဝင်သွားတယ်။ ကျောင်းကြီးထဲမှာ မီးထွန်းထားတာ တွေ့ရသတဲ့။
ဟင် - မီးထွန်းထားပါလား၊ တယောက်ယောက် တော့ ရှိမယ်ထင်ပါရဲ့......
အံ့အားသင့်ပြီး ကြည့်နေရင်း နံရံတွေ့တော့-
ဟာ - နံရံကြီးကို မွေးနေပါလား။ အတော်ဘဲ။ မီးလင်းဖိုထဲမှာ မီးသွေးလဲတွေ့တယ်။ ဒီနေ့ ငါ့ကြောင်လေးပုံလဲ မရေးရသေးဘူး။ ဟန်ကျလိုက်တာ။ ဒီမှာကြောင်ပုံရေးရင် ဘယ်သူမှလဲ ဆူမှာ -ကြိမ်းမှာ မဟုတ်ဘူး။
ဟဲဟဲ -


အဲဒီလိုပြောဆိုပြီး အဆမတန် ကြောင်ရုပ်ကြီးကို နံရံပေါ် ရေးလိုက်သတဲ့။
ဒီတခါမှာဘဲ
ငါ့စိတ်တိုင်းကျ
ရေးရတော့တယ်
ပြီးလဲပြီးရော အကျေနပ်ကြီး ကျေနပ်ကာ ထိုင်ကြည့်ရင်း အိပ်ငိုက်လာသတဲ့။
အင်း ----
မောသွားပြီ။
အိပ်ချင်လိုက်တာ။
မျက်စိတွေလဲ
ညောင်းနေပြီ။
-----
ဟင်-နေပါအုံး
ဘုန်းကြီးမှာ
လိုက်တာ
ရှိပါသေး
တယ်။
ကျယ်ကျယ် ကိုရှောင်-ကျဉ်းကျဉ်းကို
ဆောင်----တဲ့။ ဘာကို ဆိုလိုတယ်တော့
မသိဘူး။ ဒါပေမယ့် ဒီနေရာက
ကျယ်တယ်။ ကျဉ်း
တဲ့နေရာ ရှာအိပ်
မှကောင်းမယ်
ထင်ပါရဲ့---
ဒါနဲ့ ဘီဒိုအံဆွဲထဲ ဝင်အိပ်လိုက်တယ်။
ခေါ်-ခေါ်---ခေါ်
မောမောနဲ့ အိပ်ပျော်သွားလိုက်တာ မိုးစင်စင်လင်းမှဘဲ နိုးလာတော့တယ်။
ဟား
ငါဘယ်
ရောက်နေ
ပါလိမ့်
ဘေးဘီကို လှည့်ကြည့်ပြီး တစုံတခုကိုတွေ့လို့ အံ့အားသင့်သွားပြီး-
ဟာ
ဘာကြီးလဲ



တခါ နံရံပေါ်မှာ လှမ်းကြည့်လိုက်ပြီး
ဟောဗျ-- ကြောင်ကြီးကိုက်သတ်ထားတာကိုး၊ ပါးစပ်မှာသွေးတွေနဲ့
ကြည့်ရင်းကြည့်ရင်း ကြောက်စိတ်ဝင်လာလို့ ထွက်ပြေးတာ ဘိုးသူတော်နှင့် ဆုံမိမှ-
ဟဲ့-ဟဲ့-ဘာဖြစ်လာတာလဲ
ဟေ
လာလာ-ငါနဲ့ လိုက်ခဲ့၊ ရွာထဲကလူတွေ-သွားခေါ်ရအောင်
မကြာမီ အနီးမှရွာသားများ ရောက်လာတယ်။
ကျနော် ရေးထားတာ
ဟေ
ဒီတော့ အဖိုးအိုတဦးက ပြောသတဲ့


နောက်ပြီးတော့ မီးရောင်မှိန်မှိန်နဲ့ ဆိုတော့ ကြွက်ကြီးက ကြောင်ရုပ်ကို တကယ့်ကြောင် လို့ ထင်မှာပေါ့......
တခါတခါ လေ ကလေးက ဟတ်လိုက်တော့ - မီးတောက်က လှုပ်လိုက်ရင် - ကြောင်ရုပ်က လှုပ်သလိုဖြစ်လာမယ် ဟုတ်လား
ဟုတ်ပါပြီ
...ဒီတော့ ကြွက်ကြီးက (ဒီကြောင်လောက်တော့ မကြောက်သေးဘူး) ဆိုပြီး ခုန်အုပ်မှာတဲ့။ နံရံနဲ့ ထိပြီး ပဲ့ကွဲလေလေ - ဒေါသကြီးလေလေ - ခုန်ကိုက်လေလေ - နေမှာပေါ့
...ကာတော့ ကြွက်ကြီးဟာ အားအင်ကုန်ခမ်းပြီး သေမှာပေါ့။ ကြည့်ပါလား ကြောင်ရုပ်မှာ သွေးကွက်တွေနဲ့။
ဟုတ်မယ်
ဟာ - ဟုတ်ပါပြီ
ဟုတ်ပါပြီ အဘရယ် - ဒါဘဲဖြစ်ရမယ်။
အင်း နော်
ဟုတ်မယ်
ဟားဟား
ဦးသူတော် ထင်တဲ့ နတ်ဆိုး မရှိပါဘူး။ ကြွက်ဆိုးဘဲ ရှိတယ်။
ဟုတ်တာပ ဟုတ်တာပ
ဟားဟား ဟားဟား
အဲဒီလို ဘေးရန် ရှင်းသွားတော့ ဘုန်းကြီး များကို ပြန်ပင့်ပြီး ကျောင်းအပ်ကြတယ်။
...တကါလေး ညွှက်ပုသာ မရောက်လာရင် ဒီကျောင်းကြီးဟာ အလကား ပျက်စီးသွားမှာဘဲ၊ ကျေးဇူးပါဘဲကွာ....
ညွှက်ပုရဲ့ ကျေးဇူးကြီးလှလို့ ရွာသားများက ဝိုင်းဝန်း ရှင်ပြုကြရုံသာမက ကိုရင်ညွှက်ပု အလှူနှစ်သက်တဲ့
ကြောင်ကလေးများပါ ပို့ပေးထားလို့ စိတ် ဖြောင့်ဖြောင့်ထားကာ စာကျက်နိုင်တော့
နောင်တနေ့မှာ ကြောင်တရာ ဆရာတော် ဦးညွှက်ပု ဆိုတဲ့ ဘုန်းကြီးတပါး ပေါ်လာ သတဲ့။
ပြီး



# ထီး

သောင်းရွှေ ကော့မျုံး

ထီးသည် နေပူမိုးရွာသည့်ဒဏ်ကို ခံနိုင်ရန် အတွက် ဦးခေါင်းထက်တွင် အုပ်မိုးသောလူအသုံးအဆောင် ပစ္စည်း တမျိုးဖြစ်သည်။

သို့ရာတွင် မြန်မာမှု အနေဖြင့်ကား လူသုံး ပစ္စည်းသာမဟုတ်၊ လူတို့၏ အပူဇော်ခံယူထိုက်ခြင်းနှင့် တန်ခိုး အာဏာကိုပြသောအထိမ်းအမှတ်ပစ္စည်းလည်း ဖြစ်ပေသည်။

မြန်မာ နိုင်ငံ၌ ထီးကိုဘုရားပုထိုး စေတီများ၏ထိပ်၌ တင်ထား ကိုးကွယ်လေ့ ရှိသည်။ ထိုထီးမှာ ကြေး၊ သံ၊ သံဖြူ စသည် တို့ဖြင့် ပြုလုပ်ထားပြီး ကြေးခွေ၊ သံခွေများကို အောက်မှ အထက်သို့အရစ်အရစ်ဆင့်ကာ မကိုဋ်သရဖူသဏ္ဌာန် ဘုံအဆင့်ဆင့်ကို ပြုလုပ်ထားသည်။

မြန်မာ ဘုရင် များ၏မင်းမြောက် တန်ဆာ ငါးပါးတွင်လည်း ထီးသည် တပါးအပါ အဝင် ဖြစ်လေသည်။ မင်းသုံး နန်းသုံး ထီးဖြူ၏ သဘောမှာ မင်းတို့၏ အချုပ်အချာ အာဏာ ပိုင် ခြင်း ကို





ဖော်ပြသော အထိမ်း အမှတ် အဆောင် အယောင် ဖြစ်သည်။ ပြူစောထီးမင်း၏ ထီးသည် အရိုးလုံးပတ် သုံးထွာ၊ သန္တာအရိုး ကိုးတောင် နှစ်မိုက်ရှိပြီး ထိပ်ဖျားၖ ပတ္တမြားစီခြယ်ထားသည်ဟု ဆိုသည်။

ထို့ပြင် မှူးကြီး မတ်ရာ သေနာပတိတို့ အတွက် အဆောင်အယောင် အဖြစ် ပေးအပ်သော ထီးနီ သည်လည်း ရှိသေးသည်။

မြန်မာ နိုင်ငံတွင် သံရိုးများဖြင့် ခေတ်မီစွာ ပြုလုပ်ထားသော အမျိုးသား အမျိုးသမီးဆောင်း ပိုးထီး၊ ဖဲထီး၊ ပိတ်ထီးများအပြင် ရွှေထီး၊ ရဟန်းဆောင်း၊ သီလရှင်ဆောင်း ထီး စသည် တို့ကိုလည်းလုပ်ကိုင်ကြသေးသည်။

မန္တလေး အိမ်တော်ရာအရပ်က ထွက်သော အိမ်တော်ရာထီးသည် တချိန်က နာမည်ကြီးပြီး ပုသိမ်မြို့မှထွက်သော ပုသိမ်ထီးသည် ယနေ့ တိုင်ခေတ်စား နေဆဲ ဖြစ်သည်။

ယခုအခါ နိုင်ငံခြားတိုင်းပြည်အချို့သည် အရိုး၊ လက်ကိုင်နှင့် ခရိုင်များကို သံမဏိများ အစားထိုး အသုံးပြုလာကြပြီး ကိုင်ဆောင်ရလွယ်ကူစေရန် အတွက် နှစ်ဆစ်ချိုး၊ သုံးဆစ်ချိုး၊ ချိုးခေါက်၍ရသော ခေတ်မီခေါက်ထီးများကို တီထွင် အသုံးပြုလာကြပြီဖြစ်သည်။

ရေကူးကန်များ၊ ပင်လယ်ကမ်းခြေများ၊ သဲသောင်များထက်၌ အပန်းဖြေ ခိုနားရန် အတွက် အရောင် အမျိုးမျိုးစပ်ထားကြသော မြေစိုက်ထီးကြီးများလည်း ရှိပေသည်။


ထူးဆန်းသော
သတ္တဝါ
တခါက ရွာတရွာ၌ လယ်ပိုင်ရှင် သူဌေးကြီး တဦးတွင် သားတယောက် ရှိလေသည်။
ငါ့သားလေး မောင်နန္ဒကို ဂရုစိုက်ကြကွယ်
ဟုတ်ကဲ့
မောင်နန္ဒသည် ပျင်းသည့်အခါ ရွာထဲမှ သူငယ်ချင်းများနှင့် ကစားလေ့ရှိသည်။
ဒီတခါငါရှုံးလို့ပေါ့ — နောက်တခါငါကပြန်စီးရအောင်လုပ်မယ် -
မောင်နန္ဒ အရွယ်ရောက်သော် တက္ကသိုလ်သို့ ပညာသင်သွားရလေသည်။
သွားတော့မယ်သူငယ်ချင်းတို့ရေ - ကျောင်းပိတ်တာနဲ့ ငါပြန်လာခဲ့မယ် -
တက္ကသိုလ်မှ ပညာသင်ကြားတတ်မြောက်ပြီး ရွာသို့ပြန်လာသော်အခါ
ဟာ မောင်နန္ဒ!
ဟေး မောင်နန္ဒ!
မောင်နန္ဒ !


ဟာ- ဒို့ကလယ်ဘဲ လုပ်နေကြတာပေါ့
ဟားဟား-ဟား ပညာမတတ်တော့ လယ်ဘဲ လုပ်ရတာပေါ့ကွ- ဟားဟား-
ဟေ့-ဘာ ဖြစ်နေကြ တာလဲကွ-
ဟော- မောင်ရွှေလှ ပါလား
သူငယ်ချင်းများက နွားကျောင်းသားလေး မောင်ရွှေလှအား မောင်နန္ဒ အကြောင်းကို ပြောပြလိုက်လေသည်။
တနေ့တွင်


မောင်နန္ဒမှာ ချွေးများပြန်လာသည်။ စဉ်းစားလေ အဖြေမရလေဖြစ်၏။ နောက်ဆုံးတွင် လက်လျှော့ကာ—
ပညာမာနတက်သော မောင်နန္ဒကို မောင်ရွှေလှက အနိုင်ယူ၍ ငွေကိုပိုက်ကာ သူငယ်ချင်းများနှင့် ထွက်သွားလေတော့သည်။

# ကမ္ဘာ့အလေးဆုံးနှင့် အကြီးဆုံးစာအုပ်

အ လေး ချိန် ၇၃၀ တန် ကျော် ပြီး စာမျက်နှာ ပေါင်း ၁၄၆၀ ရှိ သည့် စာ အုပ် သည် ကမ္ဘာပေါ် တွင်အလေးဆုံးနှင့် အကြီးဆုံး ဖြစ် သည်။ ထို စာ အုပ်ကြီးကို ပဉ္စမ သင်္ဂါယနာ တင် မင်းတုန်းမင်း တရား က လှူဒါန်း ခဲ့သည်။ ယင်း စာ အုပ်ကြီးကို ပြည်ထောင်စု ဆို ရှယ်လစ် သမ္မတ မြန်မာ နိုင်ငံ တော် မန္တလေးမြို့ရှိ လောက မာရဇိန် ခေါ် ကုသိုလ် တေ ဘုရားကြီး ထဲတွင် တွေ့မြင် ရ ၏။ စက္ကူ စာရွက် များ ဖြင့် ပြု လုပ် ထား သည့် စာ အုပ် မ ဟုတ် ပေ။ ကျောက် ပြား များ ပေါ် တွင် စာ လုံး များ ထွင်းထု ထားသည့် ကျောက် စာအုပ် ဖြစ်သည်။ ကျောက် ပြား တပြားလျှင် တတန်ခန့် လေးပြီး ကျောက်ပြား ပေါင်း ချပ်ရေ ၇၃၀ ဖြင့်ထွင်းထုထား ခြင်း ဖြစ်သည်။ ထိုကျောက် ပြားများ ပေါ်တွင် ပိဋကတ် သုံးပုံ၊ နေတ္တိကျမ်း၊ မိလိန္ဒပဉှာ ငှ် ပေဋကောပဒေသ စသည့် ဒ္ဒ၏ တရားများကို ပါဠိဘာ ဖြင့်ရေးသားထားသည်။

ကျောက်ပြားများကို ၁၃ ကော ကျယ် ဝန်း သည့် လေး ဝောင့် ကျကျ မြေကွက် ထဲ တွင် စနစ်တကျတန်းစီ၍ စိုက် ထူထား၏။

**အောင်သန်းချစ်**



## အစားမတော်






"တုံ....တုံ....တုံ"

ရွာဦး ဘုန်းတော်ကြီး ကျောင်းကအုံးမောင်းခေါက်သံ ပေါ်ထွက်လာပါသည်။

ကျွန်တော်သည် ကပြာကရာ လူးလဲ ထလိုက်ပါသည်။ ကျွန်တော့် နံဘေးတွင် ညီမငယ်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲပင်ရှိပါသည်။ အမေမနိုးခင်ကပင် ကျွန်တော်နိုးနေပါသည်။ သရက်သီး ကောက်ရန် စိတ်စောနေပါသည်။

ကျွန်တော်တို့ ရွာတွင် သရက်ပင်များသည် ရွာထဲတွင် မရှိပါ။ ရွာဦး ဘုန်းတော်ကြီးကျောင်းတွင်သာ ရှိပါသည်။ ကျောင်းဝင်းအတွင်းရှိ ရေကန်နှစ်ကန် ပတ်ပတ်လည်တွင် သရက်ပင်မျိုးစုံတို့ ရှိပါသည်။

ယခုလို မိုးဦး ကျချိန်တွင် သရက်သီးများ ကြွေတတ် ပါသည်။ ကျွန်တော့်လိုပင် ရွာထဲတွင် ရှိနေကြသော ကလေးငယ်များသည် ဘုန်းကြီးကျောင်းသို့ မနက်စောစောအရုဏ်တက်တွင် ထ၍ သရက်သီးကောက်လေ့ ရှိကြပါသည်။

သရက်သီး ကောက်ရသည်မှာ အလွန်ပျော်စရာကောင်းလှပါသည်။ ထိုနေ့နံနက်က ကျွန်တော်သည် ခါတိုင်းလိုပင် မီးခွက်ကလေးကို ထွန်းညှိပြီး မီးအုပ်ဆောင်းထဲ ထည့်ပါသည်။ ပြီးမှ သရက်သီး ထည့်နေကျ လွယ်အိတ်ကို လွယ်၍ ရွာဦးကျောင်းဆီသို့ လာခဲ့ပါသည်။

အဝေးကပင် သရက်ပင်အောက်ဆီက မီးရောင်လက်လက်ကလေးများကို မှိတ်တုတ် မှိတ်တုတ်ဖြင့် မြင်နေရပါသည်။ ကျွန်တော့်အရင် ရောက်နေနှင့်သူများ ဖြစ်ပါသည်။

သရက်ပင်များ အောက်ရောက်လျှင် ကျွန်တော်လည်းမီးအုပ်ဆောင်းဖြင့်သရက်သီးများကိုရှာ၍ လိုက်ကောက်ပါသည်။

"ဟေ့....ဖိုးထောင် မင်း အခုမှ လာသလား။ ဖို့ကောက်လို့ သရက်သီးတွေကုန်ပြီကွ"

ရွာသူကြီးရှေ့ပိုင်းက "ဝက်ပု"၏ အသံဖြစ်ပါသည်။ ဝက်ပုသည် လူတဖက်သားအပေါ်တွင် အလွန် နိုင်ချင်စိတ် ရှိသူ ဖြစ်ပါသည်။ သူများက ဘူထက်သာလျှင် မနာလိုစိတ်ရှိတတ်သူ ဖြစ်ပါသည်။ အခုလည်း သူက အစောဆုံးရောက်၍ ကျွန်တော်တို့ထက် သရက်သီး များများရ၍ ဝမ်းသာနေဟန်ရှိပါသည်။

"ဖိုးထောင်ရေ လာဟေ့၊ ဒီဘက်ကန်ဘောင်ရိုးကို သွားကောက်ကြမယ်"

ကျွန်တော့် နောက်မှ ကျွန်တော့်သူငယ်ချင်း အောင်မင်းက ခေါ်နေပါသည်။

ကျွန်တော်နှင့် အောင်မင်းသည် ဝက်ပုနှင့် အခြားကလေးများမရောက်ကြသေးဟု ထင်ရသည့် ကန်ဘောင်ဆီသို့ လာခဲ့ပါသည်။

ထိုစဉ် သူတပါးကို မနာလိုတတ်သော ဝက်ပုသည် ကျွန်တော်တို့နှစ်ဦး သူ့ထက်ပို၍ သရက်သီးရသွားမှာကို စိုးရိမ်နေ

သည်ဟု ထင်ပါသည်။ ကျွန်တော်တို့နောက်သို့ ကန်ဘောင်ရိုးအတိုင်း လိုက်လာပြီး ရှတ်တရက်

"ဟိုမှာဟောဘာကောင်ကြီးလဲမသိဘူး။ မဲမဲကြီး"ဟု ကျွန်တော်တို့ ကြောက်အောင် အလန့်တကြား အော်လိုက်သည်။

ကျွန်တော်တို့ လည်း ကြောက်အား လန့်အားနှင့် နောက် လှည့် ကြည့်လိုက်သည်နှင့်တပြိုင်နက် ဝက်ပုသည် ကျွန်တော်တို့ လက်ထဲမှမီးအိမ်များကို"ဝူး"ကနဲ မှုတ်လိုက်ပြီး ဝမ်းသာအားရ"ဟေး....ဟေး...."ဟု၍ အော်ကာ ရှေ့သို့ ပြေးပါတော့သည်။

ကျွန်တော်တို့မှာ မှောင်နှင့်မဲမဲတွင် ကြောက်လန့်ပြီး နှစ်ယောက်သား ဖက်ထားကြ၏။

"အောင်မယ်လေးဗျ လုပ်ကြပါအုံး...."

ဝက်ပု၏ အော်သံကြောင့် ကျွန်တော်တို့ လှမ်းကြည့်လိုက်သောအခါ ဝက်ပုမှာ ရေကန်ကြီးထဲ "ဝုန်း"ကနဲ ကျသွားသံကြားလိုက်ရပါသည်။

ထိုအချိန်က အလင်းရောင်ကောင်းကောင်းမလာသေးပါ။ မီးမပါလျှင် ဘာမျှ သဲသဲကွဲကွဲမမြင်ရပါ။ ကျွန်တော်တို့ကိုချောက်ပြီး ဝက်ပုသည် မီးအိမ်ကိုဆွဲ၍ ကန်ဘောင်ရိုးအတိုင်းပြေးရာ ရှတ်တရက် မီးအိမ်ငြိမ်းပြီး ခြေချော် လဲကျသွားသည်ဟု ထင်ပါသည်။

ကျွန်တော်နှင့် အောင်မင်းမှာဘာလုပ်ရမှန်းမသိဘဲ၊ "လာကြပါအုံးဗျို့- လာကြပါအုံး- ဝက်ပုရေကန်ထဲကျသွားလို့"ဟု အော်ဟစ် ကြတော့မှ အခြားကလေးများလည်း ပြေးလာပြီး ဘုန်းကြီး ကျောင်းစောင့် ဦးဘသာကြီးက ပြေးလာ၍ ဝက်ပုကိုရေကန်ထဲမှ ဆယ်ယူရသည်။

ဝက်ပုသည် ရေကူးတတ်သော်လည်း ကြာတွေကြားထဲတွင် ဝူး-ဝါးနှင့် ဖြစ်နေပါသည်။

ဦးဘသာကြီးက ဝက်ပုကိုရေကန်ထဲမှ ဆယ်ပြီး တင်လိုက်တော့ ဝက်ပု ရေတွေမွန်းနေပါသည်။ သူကောက်ပြီးသား သရက်သီးများလည်း ရေကန်ထဲတွင် ဖိတ်ကျကုန်၍မရှိတော့ပါ။

ကျွန်တော်တို့လည်း ရသမျှ သရက် သီး နှင့် အိမ် ပြန် ခဲ့ ပါသည်။

နောက်တနေ့တွင် ဝက်ပုသည် ကျွန်တော်နှင့်အောင်မင်းကို သူ့အမှားအတွက် တောင်းပန်ပါသည်။ နောင်တ ရသွားဟန်တူပါသည်။

ကျွန် တော် တို့ က သူ ငယ်ချင်း အချင်းချင်း မည်သို့မျှအပြစ်မယူပါ။ သူ့ကိုပင်သနားကြရပါသည်။ ဝက်ပုမှာ သူ့အပြစ်နှင့် သူ့အမှားဒဏ်ကို ခံရခြင်းသာ ဖြစ်ပါသည်။

"သူတပါး မနာလို၊ ကိုယ့်အကျိုးထိ" ဆိုသလို ဝက်ပုတ ယောက် ဖြစ် ရ ခြင်း ဖြစ်ပါသည်။ ။

## နွား

ခိုက်ပျိုးရာမှာ ပါဝင်ကူ
သမန်းညက်စေသူ၊

စပါးနယ်သူ လုပ်အားလှ
လှည်းဆွဲလိုက်မယ်ပါ။

နောက်ချေးကျတော့မြေဩဇာ
အသုံးတည့်ပေတာ၊

အရသာ ချိုဆိမ့်အေး
နွားနို့ကိုလဲပေး။

ရောဂါတေးဖြင့် မနေပျော်
အသက်ဆုံးလေသော်၊

သူ့သားရေနော် လှုပစ္စည်း
ဖိနပ် အိုးစည် အသီးသီး။

ကြီးမားပေစွ သူ့ဝန်တာ
အသုံးများပေတာ၊

ကျေးပြန်စွာ ထမ်းဆောင်သွား
ငါတို့မိတ်ဆွေနွား။ ။

နန်းပွင့်ငုံ



R. 517

# ကိုယ်ရံကြီးပန်း



ခတ္တာပန်းမျိုးဖြစ်သော ကိုယ်ရံကြီးပန်းတို့သည် မိုးဦးကျအခါတွင် ဖူးပွင့် ကြသည်။ အသားထူ၍ ဖြောင့်စင်း ရှည်လျားသော ပွင့်တံကြီးများ၏ထိပ်တွင် အဖူးများ စုပြုံ၍ ထွက်သော ပန်းခိုင်ကြီးမျိုးဖြင့် ပွင့်သည်။ ယင်းပန်းခိုင်ကြီးတခိုင်တွင် အဖူးကြီးငယ်တို့ အတော်များများ ပါရှိရာ တကြိမ်လျှင် အများဆုံး သုံးလေးပွင့်ခန့်သာ ပွင့်သဖြင့် အဖူးကုန်အောင် အဆိုပါ ပန်းခိုင်ကြီးသည် ရက်အတော်ကြာကြာ ခံလေသည်။ ဖြူဖွေးသော အပွင့်များသည် ကြီးမားသော်လည်း ပွင့်ချပ်များ၏ဖြက်သည် စပါးလုံး တထောက်ခန့်သာရှိ၍ ပျော့ပြောင်းပြီး ကော့ညွတ်နေသောကြိုးပြားကလေးများနှင့် တူသည်။ ပွင့်ချပ်ခြောက်ခုပါရှိရာ အလယ်တွင် ထိပ်ဖူးဝါသော ဝတ်ဆံများ ရှိလေသည်။ အပွင့်များသည် ညနေပိုင်းတွင် ပွင့်ကြ၍ ရနံ့အလွန်သင်းလေသည်။

ကိုယ်ရံကြီးပင်သည် ဥတက် ရှိသော အပင်မျိုး ဖြစ်သည်။ အပင်အုံ ကြီးမား၍ အရွက်ကြီး များကလည်း ရှည်လျားကြီးမားသည်။ ဥတက်မှ ထွက်သော အရွက်



ကြီးများ သည် နှစ်တောင်သုံးတောင်ခန့် ရှည်၍ဖြက်တမိုက်ခန့် ကျယ်သည်။ ထိပ်အနည်းငယ် ချွန်၍ အသားထူသည်။ နွေရာသီတွင် အရွက်မကျပဲအမြဲ စိမ်းစိုနေသော အပင်မျိုး ဖြစ်သည်။

ကိုယ်ရံကြီးအရွက်ရော ဥပါ ဆေးဖက်ဝင်သည်။ အဆိပ် အမျိုးမျိုးကို နိုင်သည်ဟု ဆိုကြ၍ အစွမ်းထက်သော ဆေး တမည်လည်းဖြစ်သည်။ လျှာပွတ်ဆေး ဖော်စပ်ရာတွင် ကိုယ်ရံကြီးဥကို အသုံးပြုကြသည်။

တင့်တင့်

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၅။

# ဖရှိဘဲလျှောင် ရှိယောင်ဆောင်တော့


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-မသမြေ


ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ ဝါခေါင်လဆုတ် ၉ ရက် (၃၀-၈-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



နံနက်ခင်း ရေဆင်းသောက်တော့မှ ညက လိမ့်ကျတာ ရွှေမင်အိုးကြီးထဲ ကျတာဖြစ်ရမယ်လို့ ရိပ်မိသတဲ့။
ဟာ- တယ်ချောတဲ့ ငါ ပါလား
ဒါနဲ့ အမြတ်ထုတ်ရန် ကြံစည်နေစဉ်-
နေရောင်ထဲတွင် ရွှေရောင် လက်နေတာကို အခြားတောခွေးများက အူကြောင်ကြောင်နဲ့ ချောင်းကြည့်နေတာကိုး-
သူသိတော့ ခပ်တည်တည်နဲ့ ပြောသတဲ့၊
ဟဲ့ကောင်တွေ· ဘာငေး နေကြ တာလဲ..... အနားလာ နာခံကြလော
ငါ့ကို နင်တို့နဲ့ ခပ်ဆင်ဆင် တူနေလို့ နင်တို့လို တောခွေး ထင်နေကြသလား....ဟေ့။...
ငါကိုယ်တော်သည်ကား ဟူဆိုလျှင် တောသုံးတောင်ကိုစောင့်တဲ့ နတ်မင်းကြီး ဟ
မင်းတို့နဲ့ တကွ တိရစ္ဆာန် အပေါင်းတို့ရဲ့ ဘုရင် အဖြစ် အုပ်ချုပ်
ကွပ်ကဲဖို့ မန်ဆင်းတော်မူလိုက်တဲ့ ရွှေကိုယ်တော် ဖြစ်သည်ကို
မသိကြသလော......



...ဒါကြောင့် - မင်းတို့ ယခုပဲ -တောအနှံ့ လိုက်လံ ဆော်ဩပြီး -နက်ဖြန်မှ အစပြုပြီး နေ့တိုင်း အစာရှိမယ်ဖြစ်တော့.....
တောခွေးများဟာ ကကယ်ထင်မှတ်ပြီး လုပ်ငန်းများ စတင်လုပ်ကြတော့သတဲ့။
အချို့ တိရစ္ဆာန်ငယ်လေးများကို အနားမှာ ဝေယျာဝစ္စပြုလုပ်ရန် တာဝန်ပေးပြီး
အချို့သော တိရစ္ဆာန်ကြီးများကိုတော့ ကိုယ်ရံတော် အစောင့်တပ် ဖွဲ့ပေးထားသတဲ့။
ရပါတယ်


နောက်တနေ့တွင် တောလုံးကျွတ် တိရစ္ဆာန်များ လာခစားကြတော့ မိန့်ခွန်းခြွေသတဲ့။
အို - ကျွဲတောတောင်နေ တိရစ္ဆာန်အပေါင်းတို့----- အသင်တို့သည် ယနေ့မှစ၍ ကောင်းမြတ်ထူးကဲသော ငါ ကိုယ်တော်၏ အုပ်ချုပ်ရေးကို ခံစားရတော့မည်ဖြစ်၍- မတရားသောဘ- ကြီးနိုင်-ငယ်ညှဉ်း ဆဲဝါဒ - မရှိစေရ..... တကောင်နှင့်တကောင် - တမျိုးနှင့်တမျိုး - ချစ်ကြည်စွာနေကြရမည်.... တောတောင့်နတ်မင်းကြီးတန်ခိုးဖြင့် ကြီးပွားကြတော့မည်။ အမှုကြီးငယ် ရှိမရှိ သိနိုင်ဆေရန် နံနက်တိုင်း အခစားဝင်၍ နာကြားတော်မူမည်။ ယနေ့အတွက် မှုခင်းများရှိမည် မဟုတ်၍ - ဂါရဝပြုပြီး စနစ်တကျ ပြန်နိုင်ကြပြီ---
တိရစ္ဆာန်အုပ်ကြီး တဖြည်းဖြည်း စည်းကမ်းတကျ တအုပ်စီ ထပြန်သွားကြတယ်။
ငယ်သာ ငယ်တယ် - ရွှေကိုယ်တော်လေးက - အပြော တယ် ခန့်တာဘဲ
အေးဗျ
တောတောင့်နတ် ဖန်ဆင်းထားတော့ ရွှေရောင်ကို ဝင်းနေတာဘဲနော်-
လက်လက် လက်လက်နဲ့ ကျွတ်ကျွတ်
ဘုန်းရှင် ကံရှင် သဘာရှင် ပေကျို - လှရမယ်- ခန့်ရမယ် ထူးရမယ် ကဲရမယ် ပေါ့
ရွှေကိုယ်တော်ဟာ ပြန်သွားကြတဲ့နောက်ဆုံး အကောင်လေးကို အလစ်သုတ် စားလိုက်သတဲ့။
ဟီး - ခေါင်းကို တချက်ထဲ ငုံလိုက်တယ် ဆိုရင် ဘာ အသံမှ မထွက်ဖူး။ ဘယ်သူမှ မသိလိုက်ဖူး။ တနေ့ တကောင် လောက် ဆိုရင်- ဟီး - ဖီမိဘဲ။
ဒီလိုနဲ့ ဘာမှမစားဘဲ ပြီးသလိုလိုနဲ့ ဟန်ဆောင်နေတာမို့ အားလုံးက သူ့ကိုပိုပြီး လေးစားလာကြသတဲ့။
ဘာမှ လဲ စားတာ မတွေ့ဘူး နော်
အိပ် ထူးခြားတာ ဘဲ



သူကအကောင်ကြီးတွေကို ရေရေလည်လည် ဆက်ဆံသတဲ့။
ဝံကြီးတွေ - များရည် များများရကြရဲ့လား
ရှိကြောင်းပါ ကိုယ်တော်
အိမ်း - အဲဒီ - တောခေါင့် နတ်မင်း တန်ခိုး ပြလို့ ရတာပေါ့ -- ဟဲဟဲ
အကောင်လေးတွေကိုလဲ အလိုလိုက်တာဘဲ
လာလေ -- အနား ကပ်ကြစမ်းပါကွဲ့။ ငါ ကိုယ်တော့် အသား နဲ့ထိထားရင် ဘေးရန် အန္တရာယ် ကင်း - ကင်း ပါသေး တယ်ဟ
ငါကိုယ်တော်က မင်းတို့လေး တွေကို ချစ် တာကွ
ဒါပေမယ့် တောခွေးတွေကျတော့ သူကတွေး ပြီး ကြောက်လေတော့
ဒီကောင်တွေက ငါ့လို တောခွေး ဆိုတော့ ကြာရင် ငါ့ခိုးစားတာ ရိပ်မိမယ်။ ဒီတော့ ခပ်စောစောထဲက နှိမ်ထားမှ ဖြစ်မယ်.
အနားကပ်တာနဲ့ ဟိန်းလား ဟောက်လား လုပ်ပြီး ဝေးဝေးနေအောင် လုပ်သတဲ့
နင်တို့ တောခွေး တွေ ဟိုး နောက်ဖက် ခပ်ဝေး ဝေး နေရာမှာ - ခ စား ကြစမ်း။ နင်တို့ ကိုယ်နံ့ တွေက နံ - စော် - နေ တာဘဲ.....
ထိုကဲ့သို့ မကြာခဏ ပြောလေတော့ တချို့ တောခွေးတွေက မခံရပ်နိုင်ဘူးတဲ့။
ဖိုက်ခဲ့ရယ် - ငါတွေးကြည့်တယ်။ ဒီခွေးကိုယ်တော် ဆိုတဲ့ ဥစ္စာဟာ - အမွေး မွှေးရောင်က လွဲရင် - နို့လို တောခွေး ပါဘဲကွာ။ အရွယ် အစားရော - ပုံပန်းရော - အသံရော - ရုပ်ရော - အတူတူပါဘဲ ကွာ....
ဟောဘရယ် ... ငါ သိချင်တာက - သူက - အဲလို ရှိတောခွေးတွေကိုဘဲ ခဏခဏ ဖယ်ပြီး ကြိမ်းလိုး မောင်းလား လုပ်နေရတာလဲလို့။ ငါတော့ နဲနဲမှ မကျေနပ်ဖူး။ ငါတို့ခွေးဆိုးမိုလ် အရှုံးမျိုး နားနဲ့ တိုင်ပင် ကြည့်ရအောင်။
အေး - ကောင်းသားဘဲ
ROBERT
MICHAEL
MICHAEL


ထို့နောက် သူငယ်ချင်း အရှုံးမျိုးနားဆိုသူနှင့် သွားရောက်ဆွေးနွေးကြရာ
ထိုညတွင် တောတွင်းတနေရာမှာ တောခွေး အဖွဲ့သားတို့ ဆုံကြပြီး အစီအစဉ်တခုကို ပြုလုပ်ကြလေတယ်။
နောက်တနေ့တွင် အခစားဝင်နေကြစဉ်
တစ် နှစ် သုံး
ဝူ.........ဝူး
ထပြိုင်နက် အဖွဲ့ဝင်ခွေးမျိုးများ အူလိုက်ရာ
အားလုံးသော တောကောင် များမှာ ဆန်း ပြားလှ၍ ကြောင်နေကြစဉ်
ရှိသမျှ တောခွေးများလည်း ဝိုင်းအူကြတော့
ရွှေ ကိုယ် တော် ကြီး လည်း တောခွေးပင်ဖြစ်တော့ အူချင် စိတ်ပေါက်လာပြီး
အူထဲ-အသဲထဲက-လှိုက်လှိုက် တက် လာ တာ ကြောင့် ဣန္ဒြေပင်မရ
မအောင့်နိုင် မအီးနိုင်တော့ဘဲ တောခွေး သဘာဝ အတိုင်း


အားရပါးရ အူလိုက်တော့မှ
မိုက်ခဲတို့၊ လောဘတို့၊ အရှူးမျိုးနားတို့ အဖွဲ့သားများက အစီအစဉ်အတိုင်း ရုတ်တရက် ရပ်လိုက်ပေမယ့်
ရှေ့ကိုယ်တော် တောခွေးမှာ မသိရှာတဲ့ တကောင်ထဲ အူကြောရှည်ကြီး အူနေစဉ်-
အားလုံးက ရိပ်စားမိသွားကြတုန်း
အကောင်ငယ်များက ထွက်ပြေးကြပြီး အကောင်ကြီးများက ဒေါသထွက်ကာ သူ့ကို
ကိုက်ဖြတ် ဆုတ်ဖြဲ သတ်ပစ်လိုက်ကြတယ်၊



# ယွန်း

သောင်းဇွဲ [ ကျော့မှူး ]


ယွန်းပညာသည် နက် နဲ သိမ် မွေ့ သော အနုပညာရပ်များဖြင့် ပေါင်းစပ်ဖန်တီးထားသည့် မြန်မာ့နည်း မြန်မာ့ဟန်ကျသော မိသားစု လုပ်ငန်းတရပ် ဖြစ်ပေသည်။

ရှေးမြန်မာမင်းများ လက်ထက်မှသည် ယနေ့တိုင် "ယွန်း" ကို မြန်မာမှုတရပ်အနေဖြင့် မင်္ဂလာအ ခမ်း အ နား များ တွင် အသုံးပြုခဲ့သည်သာမက အလှအပကို မြတ်နိုးသူတိုင်းက လှပနူးနယ် လက်ရာကြွယ်သည့် ချစ်စရာ ယွန်းထည်များကို ခုံတမင် ဝယ်ယူသုံးစွဲကြသည်။

ထိုမြန်မာ့ အနုလက်ရာ ယွန်းပညာရပ်များကို ယခုအခါ ပုဂံမြို့ဟောင်း အနီးရှိ မြင်းကပါရွာနှင့် မုံရွာမြို့မှ ၁၀ မိုင်ခန့်ဝေးသော ကျောက်ကာရွာများတွင် စုံလင်စွာ တွေ့မြင်နိုင်ပေသည်။ ထို့ပြင် မန္တလေးမြို့မှ မင်္ဂလာအုပ်၊ မှန်စီရွှေချအုပ်၊ ဟင်္သာကွမ်းတောင် ပန်းတောင်များနှင့် တန့်ဆည်၊ ဝက်သဲ၊ ရတနာရွာနှင့် မောင်းထောင်မြို့များမှ ထွက်သောဗျပ်၊ဒေါင်းလန်းနှင့် အခြားအိမ်မှု အသုံးဆောင်များကိုလည်း တွေ့မြင်နိုင်သေးသည်။

ယွန်းလုပ်ငန်းမှာ ဝါးနှီးဖြင့် ပြုလုပ်ထားသော ပစ္စည်းများကို သစ်စေးသုတ်ခြင်း၊ သရိုးကိုင်ခြင်း၊ အရုပ်ရေးခြင်းဖြင့် မှုန်းခြယ်ရသည် ဖြစ်၏။

ထို့ပြင် အဖူထည် ရက်လုပ်ခြင်း နှီးပညာ၊ပွတ်တိုက်ခြင်း ပန်းပွတ်ပညာ၊



ယွန်းထိုးခြင်း၊ ဆေးရေးခြင်း၊ မြန်မာ့ပန်းချီ လက်ရာနှင့် သရိုးကိုင်ခြင်း မြန်မာ့ရိုးရာ မှန်စီ ရွှေချပညာ စသည်ဖြင့် အနုပညာပေါင်းစုံ ပေါင်းစပ်ထားခြင်း ဖြစ်ကြောင်း လေ့လာ တွေ့ရှိနိုင်ပါသည်။

လုပ်ကိုင်ပုံ အဆင့်ဆင့်မှာလည်း ဝါးဖြင့် အဖြူထည် ရက်လုပ်ခြင်း၊ ထိုရက်လုပ်ပြီး အသုံးဆောင် ပစ္စည်းများကို သစ်စေးသုတ် ခြင်း၊ မားဖြင့်ခြစ်ခြင်း၊ အုတ်ရှုပ်ခဲဖြင့် စား ခြင်း၊မြေတိုက်သွင်းခြင်းများကို အကြိမ်ကြိမ် အ ထပ် ထပ် ပြု လုပ် ရ သည်။ ထို့ကြောင့် အရောင်တင်ခြင်း၊ ပန်းချီရေးခြင်းဖြင့် သေး ဖွဲ့သော လုပ်ငန်းမပါ၊ အ ရေး ကြီး သော အပိုင်းချည်း ၁၈ ဆင့်ခန့် ရှိပေသည်။

လူအသုံးဆောင်ပစ္စည်းများအဖြစ် ယွန်း စားပွဲ၊ ယွန်းသေတ္တာမှအစ ဗျပ်၊ လင်ပန်း၊ ရေခွက်၊ ကွမ်းအစ်၊ ဆွမ်းအုပ်၊ လဖက်အုပ်၊ ပန်းအိုး၊ ရေ နွေး က ရား၊ ဆေးလိပ်ခွက်၊ ပိုက်ဆံသေတ္တာ၊ သနပ်ခါးဗူး အစ ကလေး ကစားစရာများ မကျန် မျိုးပေါင်း ၂၀၀ ကျော်ခန့်ရှိသော မြန်မာ့ ယွန်းလက်ရာများ ကို လူတိုင်းမြတ်နိုး ခုံမင်ကြသည့်ပြင် ကမ္ဘာ့



ကုန်စည်ပြပွဲကြီးများ၌ပင် အခြား မြန်မာ့ အနုပညာ ပစ္စည်းများနှင့်အတူ ယှဉ်တွဲ၍ အောင်ပွဲခံလျက် ရှိပေသည်။



ကိုကိုနဲ့ညီညီဟာ အတန်းထဲမှာ စာ
တော်ကြသူများ ဖြစ်လို့ မျက်နှာ
ပွင့်ကြတာပေါ့။
အိမ်မှာလဲ စာတော်ကြလို့ မေမေနဲ့ ဖေဖေက
အလိုလိုက်ပြီး မြှောက်စားကြတယ်
ထို့နောက် ညီညီမှာ စာကိုရှေးကထက် တိုးပြီး
ကြိုးစားဖတ်လေတော့တယ်


အကိုဖြစ်သူ ကိုကိုမှာကား ညီညီလို မဟုတ်ပေ။
အချိန်ရှိတုန်း ဆော့သွားကန်အုံး မယ်ကွ—
ညီက စိုးရိမ်၍ သတိပေးသော်လည်း
သို့ဖြင့် စာမေးပွဲ စစ်ပါတော့တယ်။ ထို့နောက်
စာမေးပွဲ အောင်စာရင်းထွက်သော်
ဟာ- ညီညီက ပထမရတယ်ဟေ့—
ထို့နောက်


ထိုစဉ်အတန်းပိုင် ဆရာမ ရောက်လာရာ
ဟေ့-မောင်ကိုကို ဘာလုပ်တာလဲ
အမယ်လေး!
ထို့ကြောင့် ကျောင်းအုပ် ဆရာမကြီးထံ ရောက်တော့ ကျောင်းအုပ် ဆရာမကြီးက မိဘများကို ခေါ်ယူပြီး
အမြစ်ကတော့ အဲဒီတိုင်းဘဲ-
ဘုရား- ဘုရား
အိမ်ရောက်သော်
တောက်! ရှက်လိုက်တာကွာ-ဆရာမကြီးက မငိုက်ပါနဲ့ ဆိုလို့သာ-ဟင်း တောက်။
အို-ကလေးဆိုတာ အကျိုးအကြောင်းပြော ဆုံးမယင်ရ ပါတယ် ကျမ ဆုံးမပါ့မယ်
သားရယ် သားပထမမရတော့ရော ဒီလိုလုပ်ရသလားလို့----
သား-သားမေမေတို့ ဆီကဆုတွေ မရမှာစိုးလို့-
သား နောက် ဒါမျိုးမလုပ်ရဘူးနော် လူ ရဲ့တန်ဘိုးဆိုတာ ပထမ ရတဲ့အပေါ် မှာလဲမတည်ပါဘူး- ငွေတဆယ် အပေါ်မှာလဲမတည်ပါဘူး- အကျင့်
စာရိတ္တကောင်းတဲ့ အပေါ်မှာဘဲ ရတည်တယ်
ဟုတ်-ဟုတ်ကဲ့

# အကြီးဆုံးစစ်သင်္ဘော

ကမ္ဘာပေါ်ရှိ စစ်သင်္ဘောများတွင် အမေရိကန် ပြည်ထောင်စုမှ အင်တာပရိုက်သည် အကြီးဆုံး ဖြစ်သည်။ သင်္ဘောအရှည် ၁၁၀၁ ၃/၄ ပေရှိပြီး ဝမ်းပိုင်း ၂၅၂ ပေ ကျယ်သည်။ ရေစူး ၃၇ ပေရှိသဖြင့် ၎င်း၏ ရေစူးသည် ရေနံတင်သင်္ဘောကြီးများ၏ ရေစူးထက် နှစ်ဆခန့် ပိုသေးသည်။ ယင်းစစ်သင်္ဘောကြီးသည် အနုမြူအားသုံး လေယာဉ်တင်ခေတ်မီ အမျိုးအစား ဖြစ်သည်။ သင်္ဘောသား ၄၆၀၀ နေနိုင်ပြီး လေယာဉ်ပျံပေါင်းများစွာကိုပါ တင်ဆောင်သွားနိုင်သည်။ ကုန်တန်ချိန် စုစုပေါင်း ၇၅၃၅၀ ထိ တင်နိုင်သည်။ ထိုစစ်သင်္ဘော၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၄၄ ဖြစ်သည်။



ယခုအခါ အမေရိကန် ပြည်ထောင်စုကပင် အင်တာပရိုက်ထက် ပို၍ ကြီးသော အိုင်စင်ဟောင်ဝါအမည်ရှိ စစ်သင်္ဘောကို တည်ဆောက်ခွင့်ပြုထားသည်။ ယင်းစစ်သင်္ဘောအတွက် ကုန်ကျစရိတ်ကို အမေရိကန်ဒေါ်လာသန်းပေါင်း ၅၁၀ ထိ ခန့်မှန်းထားကြသည်။

အောင်သန်းချစ်

## ဒါကြောင့်ကိုး






ကျမ သည် ကျောင်း သွား ရန် ပြင်ဆင်၍ အိမ်ထဲမှ ထွက်ခဲ့ပါသည်။ ကျမဓနသောကျောင်းသည် အိမ်နှင့် သိပ်မဝေးလှပါ။

"စုလှိုင်ခရေ ကျောင်း သွား တော့မယ်ပေါ့"

"နှင့်ဘာသာ နှင် သွား ပါလား"

ကျမတို့ အိမ် ခန်း ဘေး မှ မောင် မောင် က ကျ မ ကို ကျောင်းသွားရန် လာခေါ်နေသည်။ မောင် မောင် သည် စတုတ္ထတန်း ပညာကို ကျမနှင့် တခန်းထဲအတူ သင်ယူနေသည့် ကျောင်းသားတယောက် ဖြစ်ပါသည်။ ကျမအား ကျောင်းသွားချိန်တိုင်း လာခေါ် တတ်ပါသည်။ ကျမသည် သူနှင့် ဘယ်တော့မှ မသွားခဲ့ပါ။ သူကိုလည်း အဖော် မလုပ်လိုပါ။ ကျောင်းသွား လျှင် ကျမ တယောက်တည်း သွားတတ်ပါသည်။ သူ့ကို ကျမ အဖော် မလုပ်လိုမှန်း သိသွားသောအခါ မောင် မောင် သည် ကျမ၏နောက် မလှမ်းမကမ်းမှ လိုက်တတ် ပါသည်။ ဒါကိုပင် ကျမသည် မကြိုက်နိုင်ပါ။ သူနှင့်ဝေးအောင် မြန်မြန် လျှောက် သွား တတ် ပါသည်။

မောင်မောင့် ဖေဖေ သည် ကျမတို့ ဖေဖေ လုပ်သော ရုံးမှ နေ့ စား အ လုပ် သ မား တယောက် ဖြစ်ပါသည်။ သူ့မေမေက ဈေးရောင်းပါသည်။ ဈေးသည်ပီပီ မောင်မောင့် မေမေသည် အလွန် လျှာကြမ်း အာကြမ်းလှန်းပါသည်။ ရပ်ကွက်ထဲမှာ ရန်ဖြစ်ပြီ ဆိုလျှင် သူနှင့်ဒိုင်ခံ၍ ဖြစ်တတ်ပါသည်။ သူနှင့် ရန်မဖြစ်ဘူးသူ ရပ်ကွက်ထဲမှာ မရှိပါ။ မောင်မောင့် မေမေကို ကျမ ကြည့်မရပါ။ အလိုလို ရွံမုန်းနေပါသည်။ မောင်မောင်နှင့် အပေါင်းအသင်းလုပ်ရမည်ကိုလည်း ကျမသည် ရှက်နေမိပါသည်။ လုပ်လည်း မလုပ်လိုပါ။ အမေ့သားသည် အမေလိုဘဲ လာပါလိမ့်မည်။

သည် က နေ့ လည်း ကျမ ကျောင်းသို့သွားနေစဉ် မောင်မောင်သည် နောက်မှ ကပ်၍ လိုက်ပါ လာပါသည်။ ဒါကိုပင် ကျမ မကြိုက်နိုင်ပါ။ မောင်မောင်နှင့် ဝေးသည်ထက် ဝေးအောင် ခပ်သုတ်သုတ်လျှောက်ခဲ့ပါသည်။ သူ မှီလာမည်လားဟူသော စိုးရိမ်စိတ်ဖြင့် ကျမသည် နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် လျှောက်နေရပါသည်။ ကျောင်းသို့ရောက်သောအခါ က စား နေ ကြ သော ကျောင်းသားများကို ကျမ ဝင်တိုက်မိလေသည်။

"ဘယ်လိုလဲဟ၊ဒီမှာ ကစားနေတာ မမြင်ဘူးလား"

"မျက် လုံး တွေ ကန်း နေသလား"

"ရုံးအုပ် သမီး ဆိုပြီးတော့ လှုပါး သိပ်ဝတာဘဲ"

စသည်ဖြင့် တယောက် တမျိုး အပြစ်တင် နေကြပါသည်။ သူတို့မျက်နှာတွေ ကျမ လိုက်၍ ကြည့်နေမိပါသည်။ သူတို့ အားလုံး ကျမကို မကျေနပ် ကြပါ။

သူတို့ထဲမှ ကောင်ဆိုးလေး တစ်ယောက်က ကျွဲမကို တုန်းလဲ့လိုက်ပါသည်။ အမှတ်မထင် ခံလိုက်ရသဖြင့် ကျွဲမသည် မြေကြီးပေါ်သို့ ပက်လက်လန် လဲကျသွားပါသည်။

သူတို့သည် ကျွဲမအား ဝိုင်းလျက် ပြိုင်တူ ရယ်မောနေကြပါသည်။ ကျွဲမသည် တော်တော်နှင့် မ ထ နိုင် ပါ။ ခြေတဖက် နာသွားသည်ဟု ခံစားလိုက် ရ ပါ သည်။ တဦး တယောက်က လာပြီး ကူထူပေးမှ ကျွဲမသည် မတ်တတ် ရပ်နိုင်ပါသည်။ ကျွဲမကို ထူပေးသူမှာ မောင်မောင်။

မောင်မောင်က– "မင်းတို့ကလဲကွာ၊ မတော်တဆ တိုက်မိတာဘဲ၊ တမင် ဝင်တိုး တာမှ မဟုတ်တာဘဲ၊ ဒီလိုဘဲ အရမ်းတွန်း ပစ် လိုက် ရ သလား"ဟု ကောင်လေးများကို ပြောလိုက်ပါ၏။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင် တာ ပေါ့ ဟ၊ မောင်မောင်နဲ့ စုလှိုင်က မောင်နှမလေ"

သူတို့သည် ရယ်မောနေကြပြန်သည်။ ကျွဲမ၏စိတ်မှာ ရှက်လာ မိ လေ သည်။ အတန်တန် ထိန်းချုပ် ထားဆီး ထားခဲ့သည့်ကြားမှပင် မျက်လုံးအိမ် အစုံမှ မျက်ရည်တို့သည် တပေါက်ချင်း ကျဆင်း လာနေ ပြန်ပါသည်။

"ဒါဟာ ငိုစရာ မဟုတ်ဘူး စုလှိုင်၊ မငိုနဲ့"

သူက ကျွဲမ၏ မျက်ရည်တို့ကို လက် ဖြင့် သုတ် ပေး ရင်း ပြောနေ ပါသည်။ ကျွဲမသည် သူ့ကိုငေး၍ကြည့်နေမိပါသည်။ သူကား ကျွဲမ အလွန်မုန်းသော အဖော် မလုပ်လိုသော မောင်မောင်ပင် ဖြစ်ပါသည်။ မောင်မောင်သည် သူ့အမေလို ရွံစရာ မဟုတ်ပါလား။ သူ့ အ မေ လို ရိုင်းစိုင်းသော စိတ်ထား သူ့တွင် မရှိပါလား။ ဤသို့ ကျွဲမ တွေးနေမိပါသည်။

"လာ စုလှိုင်၊ ကျောင်း ပေါ်ကို သွားကြမယ်"

မောင် မောင် သည် ကျွဲမ ကိုယ်တွင် ပေနေသော ဖုံတို့ကို ခါပေးရင်း ကျွဲမကို ကူတွဲလျက် ခေါ်လာခဲ့ပါသည်။ ထိုအချိန် ကလေးမှာပင်ကျွဲမသည် မောင်မောင့် အ ပေါ် ခင် မင် သော၊ အားကိုးသော သံယောဇဉ် တို့ဖြင့် နှစ်လို အားရ ဖွယ်ရာ ပြုံးလိုက်မိပါသည်။ ကျွဲမအဖော် မပြုလို ခဲ့ သော မောင် မောင် သည် ကျွဲမကို အမြဲတမ်း အဖော်အဖြစ် ဖိတ်ခေါ် နေတတ်ခဲ့ပါသည်။ မောင် မောင် သည် မပြောင်းလဲခဲ့ပါ။

ကျွဲမ၏အမှားများကို ကျွဲမ နားလည်ခဲ့ပါပြီ။ အမှန်ကို မြင်တွေ့ခဲ့ပါပြီ။ မောင် မောင် ကိုလည်း ကျွဲ မ ၏ အ မြဲ တမ်း ကျောင်းသွားဖော် သူငယ်ချင်း အဖြစ် အသိအမှတ် ပြုလိုက်ပါပြီ။ ကျွဲမ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပါပြီ။ ။

# ဆင်ကလေးမိုမို

ဆင်လေးမိုမို ဝတိုတို
အသားရောင်ကညို။

သီချင်းဆို ခေါ်ရင်ထူး
အော်သံ တဝူးဝူး။


ကုသိုလ်ထူးမေ့ ဆင်လေးမို
ခင်သူမင်သူ ပေါသကို။

ကြံချိုချို မိုမိုလွေး
ဒိုမျှားပစ်ကာကျွေး။

နှာမောင်းကလေး
ခေါင်းပေါ်တင်
ကျေးဇူးတင်လို့ရှင်။

ချစ်ချစ်ခင်ခင် ရွှင်ရွှင်မြူး
မိုမိုအော်သံ တဝူးဝူး။ ။

မောင်မေခ



R. 517



## လေးကျွန်းကြာခိုင်ပန်း

# ခိုင်ပန်းစုံ

လေးကျွန်းကြာခိုင်ပန်းများသည် မူလက မြေထဲတွင် ဥသာရှိ၍ မြေပေါ်တွင် အပင်မပေါ်သေးသော်လည်း မိုးနီးလာလျှင် အထူးသဖြင့် သင်္ကြန်ကြိုမိုး တဖြိုက်နှစ်ဖြိုက်ခန့် ရွာလိုက်လျှင်ပင် ဖူးတံအစို့များ အစီရီပေါ်လာပြီး မကြာမီ ဖူးပွင့်လေတော့သည်။ မိုးဦးတွင် ဖူးပွင့်သော ပန်းမျိုးဖြစ်သည်။ အမည်နှင့် လိုက်အောင်ပင် အရပ်လေးမျက်နှာ အလိုက် အဖူးလေးဖူး ထွက်၍ အပွင့်လေးပွင့် ပွင့်သည်။ ကြာဖူးကြာပွင့်တို့ ထွက်သကဲ့သို့ ပွင့်တံသည်မားမားမတ်မတ် အပေါ်ထောင်၍ ထွက်သည်။ ရှည်၍ ခေါင်းပွသော ပွင့်တံထိပ်ရှိ အပွင့်တွင် ပွင့်ချပ်ခြောက်ခုစီပါရှိ၍ အလယ်မှ ဝတ်ဆံခြောက်ခုသည် ကော့ပျံ့နေကြသည်။ ပန်းရောင်အပွင့်မျိုးကို အများဆုံး တွေ့ရသော်လည်း ကြက်သွေးရောင်၊ နီညိုရောင်၊ အဖြူတွင် အစင်းပါသော အပွင့်ပွင့်သည့် အပင်မျိုးလည်း ရှိသည်။ အပွင့်နှစ်လက်မခန့်ရှိ၍ ကြော့ရှင်းခန့်ညားသော ပန်းမျိုးဖြစ်ပြီး ပန်းအိုးထိုးရန် လှပလေသည်။

ဥရှိသော အပင်မျိုးဖြစ်၍ အပွင့်ပွင့်ပြီးမှ အရွက်များလိုက်လာသည်။ ပြောင်ချောနေသော အရွက်များသည် ဓားရှည်သဏ္ဌာန် ရှည်ရှည်ပြားပြား ဖြစ်ပြီး ထိပ်ဝိုင်းသည်။ အလယ်ကျောရိုးရှိသည်။ အရည်ရွှမ်းသည်။ မိုးကုန်ပြီးနောက်တွင် အရွက်များလည်း တဖြည်းဖြည်းကျလာ၍ ဆောင်းနှင့်နွေရာသီအတွင်း၌ လေးကျွန်းကြာခိုင် ပင်များသည် ဥများသာရှိနေ၍ အရွက်ကင်းနေကြလေသည်။ ဥများမှ ဥတက်များ ထွက်ကာ၊ တဖြည်းဖြည်း အပင်များ ပွားများလာလေသည်။ လေးကျွန်းကြာခိုင်ပင်သည်ဂမုန်းမျိုး ဖြစ်သည် ဟု ဆိုကြသည်။



တင့်တင့်

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။


အတွဲ ၇။ အမှတ် ၃၆။

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ တော်သလင်းလဆန်း ၂ ရက် (၆-၉-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။






အံမယ် - တယ်ကောင်းတဲ့ အိမ်လေးပါလား။ ဒါကြောင့်လည်း ဦးငနဲ သိပ်ပျော်နေတာကိုး။ ဒီအိမ်လေးက လုံခြုံမှုလည်းရှိတယ်၊ လှပတဲ့ရှုခင်းတွေလည်း မြင်ရတယ် - ငါတော့ပွတာကွ။
ညနေပိုင်းတွင်မောင်ဝိဇ္ဇလေးသည် အလုပ်ကမှ ပြန်ရောက်လာသည်။
အလို - ငါ့အိမ်တံခါးပိတ်ထားပါလား။ အထဲကို ဘယ်သူများ ဝင်နေပါလိမ့်။
ဟို - အထဲမှာဘယ်သူလဲ တံခါး ဖွင့်စမ်းပါဦး။
ဒုန်း ဒုန်း
ဟော် - ဧည့်သည်လား။
ဘယ်က ဧည့်သည်ကြီးမှာလဲ။ ဒါကျုပ်အိမ်ပါ။ ခင်ဗျား ဘယ်သူလဲ။
ကျုပ်အိမ်မို့ ကျုပ်နေတာပေါ့။ လာမရှုပ်စမ်းပါနဲ့ဗျာ။ အိမ်ပျက်တယ်၊ ပိုင်ရှင်မရှိမှ ဘယ်သူဝင်နေနေ ပိုင်တာကွ - ဟဲ - ဟဲ -


မနက်ကတည်းက အစ်ကြီး ထွက်သွားတာ ခုမှပြန်ရောက်လာတယ်။ ကိုယ့်ပိုင်ရှင်မဲ့ဂူမှာ လိုက်ပိုင်ရှင်တကျပြန်ပြီ၊ ချိုး ဦးစံမလေးကို ခေါ်ခဲ့ ဂုတ်ပေါင်းများ သားအဆောင်သစ်တွေ ခုထွက်သွားပါ။
မထွက်နိုင်ဘူး ခင်ဗျား မကျေနပ်ရင် တောကားသွားကြီး တဦးဦးဆီသွား တင်ပြမယ်-အဆုံးအဖြတ်ခံမယ်-ဘယ့်နှယ်လဲ-
မောင်ဇီးကလေးသည် ဒေါသကြောင့် တကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ကြွက်ပုပ်ကလည်း မပေးသဖြင့် နောက်ဆုံးတွင် တောကားသွားကြီး တဦးဦးထံ အဆုံးအဖြတ်ခံရန် သဘောတူလိုက်ကြသည်။
ကောင်းပြီ-ကဲ-လာ သွားကြမယ်။
မောင်ဇီးကလေးနှင့် ကြွက်ပုပ်တို့သည် သူတို့အမှုကို အဆုံးအဖြတ်ပေးရန် တောကားသွားကြီး တဦးကို လိုက်ရှာကြသည်။
ဟောဟိုမှာ ဘိုးရွှေယုန်မှတ်လား-သူ့မှာ ဉာဏ်ရှိတယ်၊ သူ့ဆီသွားပြီး အဆုံးအဖြတ် တောင်းကြမယ်။
ဟေး-ကောင်းတယ်
မောင်ဇီးကလေးနှင့် ကြွက်ပုပ်တို့သည် ဘိုးရွှေယုန်အား အကျိုးအကြောင်း တင်ပြကြသည်။
မင်းတို့ဟာ အိမ်နီးပါးချင်းဖြစ်ကြသားနဲ့ တဦးနဲ့တဦး မသင့်တင့်တာ မကောင်းပါဘူး။ အချင်းချင်း ပြေလည်အောင် လုပ်ကြပါ။ ကြွက်ပုပ်ကလဲ ကိုယ့်အိမ်ကိုယ်ပြန်ပေးမှပေါ့ကွယ်။




ထို့နောက်
အနိစ္စ-ဒုက္ခ-အနတ္တ····


ကဲ-ကဲ-အချိန်ကုန်တယ်၊ တကူးထိုင်ချိန်ပျက်မယ် ငါ့တရားတိုးပြီး၊ မင်းတို့ကိစ္စကို မြန်မြန်ပြောကြစမ်း၊ ငါက နားလေးတယ်ကွဲ့၊
မှောင်စီကလေးတို့သည် တကယ့်သူတော်ကောင်းကြီး ထင်မှတ်ပြီး ယုံကြည်ကာ၊ တရားသို့ချဉ်း ကပ်သွား၍ ဖြစ်သမျှကို တစ်ယောက်တစ်ပြန်စီ ခုန်ပြင်းပြောပြကြသည်၊
အို-ဂနိုဖြစ်မနေကြစမ်းပါနဲ့ကွာ၊ ငါက နားလေးတယ်၊ ငါ့နားနားကပ်ပြီး ပြောကြမှပေါ့ကွဲ့၊
လာကြ-လာကြ-ဟုတ်ပြီ..
ကဲ-မပြေးကြနဲ့-မင်းတို့ငါ့အစာဖြစ်ပြီ-
အမယ်လေး သေပါပြီဗျို့
အချင်းချင်းမသင့် တင်ကြသော မှောင် စီကလေးနှင့်ကြွက် ပုံတို့သည် နောက် ဆုံးတွင် ကြောင်သူ တော်ကြီး၏ ဝမ်းမှ ဓါးသောက်ခြင်းခံရ လေတော့သတည်း၊
အင်း-ဒီလိုအချင်းချင်း မသင့်မြတ်တဲ့ကောင် တွေကို ဒီလိုနည်းနဲ့ ဖမ်းစားရတာ တယ်ပြီး အရသာရှိတာကိုး- ဟဲ-ဟဲ-ဟဲ-





ကြယ်များသည် ကမ္ဘာ့ နေကြီးနှင့်အလားတူ နေဂြိုဟ်များပင် ဖြစ်၏။ နေသည် ကမ္ဘာနှင့်ပို၍ နီးခြင်းကြောင့် ပို၍ ကြီးမား တောက်ပခြင်း ဖြစ်ပြီးကြယ်များကားအလွန် ဝေး၍ အမြင်သေးငယ်ပြီးမှေး မှိန်ခြင်းဖြစ်၏။ စင်စစ် အချို့ ကြယ်များကား နေထက် အ ဆပေါင်း ၁၀ ကုဋေမျှ ပို၍ တောက်ပ သည်။ နေသည် ကမ္ဘာမှ မိုင်ပေါင်း ကိုးကုဋေ သုံးသန်းသာဝေး၍ အနီးဆုံး ကြယ်သည်ပင် မိုင် ၇၄ ကုဋေ ခန့် ဝေးလေသည်။

ရှေးအီဂျစ်တို့သည် ကြယ် တလုံး နတ်တပါး အုပ်ထိန်း သည်ဟုယူဆကြသည်။ ကြယ် ကို နိုင်ငံ အလံများတွင် အ ထိမ်းအမှတ်အဖြစ် သုံးသည်။ ရှေးက ခရီး သွားလာရာတွင် ကြယ်ကို ကြည့်၍ အရပ်မျက်နှာ ရှာဖွေကြရ၏။

တသမတ်တည်း တောက် ပနေသော ကြယ်များ အပြင် မှုံဝါးကြယ်ကဲ့သို့ လင်းတလှည့်၊ မှိန်တလှည့် နေသော ကြယ် များကိုရင်း၊ ကြယ် အမြွာပူး များကိုရင်း တွေ့မြင် နိုင်၏။ အာကာသ၌ ကြယ်ပေါင်းမည်


# ကြယ်တာရာ

ရေးသူ စိုးမြင့်










မျှရှိသည်ကို မည်သူမျှမပြော နိုင်ကြ။ မိုးသားကင်းစင်သည့် ညတွင် သာမန် မျက်စိနှင့် ကြည့်လျှင် ကြယ်အလုံးပေါင်း ၂၀၀၀ ခန့်ကိုသာ မြင်နိုင် သည်။ သိပ်သည်း ထူထဲသော လေထုနှင့် ခုံးနေသော ကမ္ဘာ လုံးမိုးကုတ်စက်ဝန်းများကွယ် နေခြင်းကြောင့် ကျန်ရှိသော ကြယ်များကို မမြင်ရခြင်း ဖြစ် ၏။ ဝေးလွန်း၍ မှုန်ဝါးပျောက် ကွယ်နေသော ကြယ်များကိုမူ အလွန်အားကောင်းသော မှန် ဘီလူးနှင့် ကြည့်နိုင်ပြီး ရေဒီ ယိုစတားခေါ် ကြယ်အချို့မှ အလင်းရောင်ခြည် လှိုင်း အ စားထုတ်လွှင့်သည့်အသံလှိုင်း များကို တဖက်ပုံပါ "ရေဒီယို တယ်လီစကုတ်" ခေါ် ကရိယာ ဖြင့် အသံဖမ်းယူနိုင်၏။

ကြယ်သည် အလွန် ပူ သော ဓာတ်ငွေ့အစိုင်အခဲဖြစ် ၍ အတွင်း၌ ဤကမ္ဘာမြေ အတွင်းရှိ ဓာတ်သတ္တု များ နည်းတူ ရှိဟန်တူ၏။ အလင်း ရောင်သည် ကြယ်၏ မျက်နှာ ပြင်တဝိုက်ရှိ ဓာတ်သတ္တုများ မှ ထွက်လာခြင်း ဖြစ်သည်။ အတွင်းပိုင်းရှိ ဓာတ်သဘာဝ ကိုမူ မသိနိုင်သေးပေ။ နေ့ အ ခါ၌နေရောင်လွှမ်းနေ၍ကြယ် များကို မမြင်ရခြင်းဖြစ်၏။

ကမ္ဘာသည် ဝင်ရိုး စွန်း ပေါ်၌ လည်နေခြင်းကြောင့် ကြယ်များ အရှေ့ဖက်မှ အ နောက်ဖက်သို့ ရွေ့လျားခြင်း ဖြစ်ပြီး ကြယ်ရောင်ဖြတ်သန်း လာသော လေထု၏ လှုပ်ရှား မှုကြောင့်သာ အရောင်ဖြာပြီး မှိတ်တုတ် မှိတ်တုတ် မြင်နေ ရခြင်းဖြစ်သည်။



ကျွန်တော်တို့ရွာလမ်းကိုရပေါင်း ပြင်ဘို့ ငွေအလှူခံပါတယ် ဦးကြီးဝ -
ခင်းတို့အလုပ်မဟုတ်ပါဘူး၊ လမ်းဌာနက ပြင်မှာပေါ့၊ အလှူငွေ ထည့်စရာ ပိုက်ဆံ မရှိပါဘူး -
သူဌေး ဦးကြီးဝသည် ငွေမာနတက်ပြီး အများနှင့် မပေါင်းဘဲ နေလေသည်။
ရွာကတံတား ပျက်ကိုရပေါင်း ပြင်ဘို့ အလှူခံ ပါတယ် -
သက်ဆိုင်ရာဆောက်လုပ်ရေးဌာနက ပြင်မှာပေါ့၊ ပိုက်ဆံမရှိသေးဘူး -
ကျမတို့ရွာမှာ ကျန်းမာရေး ဆေးခန်း ရုံပေါင်း ဆောက် မလို့ အလှူငွေထည့် ပါအုံး ဦးကြီးဝ -
ဟယ် - ကျန်းမာရေးဌာနက ဆောက်ပေးမှာပေါ့ နင်တို့ အလုပ်မဟုတ်ဘူး၊ ငါ့မှာ ပိုက်ဆံမရှိသေးဘူး၊
ရွာလုံခြုံရေး အတွက် ကင်းတဲ ဆောက်ဘို့ အလှူငွေထည့် ပါအုံး - ဦးလေးဝ -
ရဲဌာန ရှိသားဘဲ၊ အဲဒို အလုပ်တွေ - အလှူ ငွေမထည့်နိုင် သေးဘူးကွာ -
ရွာလမ်းကလဲ တယ်ဆိုး ဟါဟါ၊ မှောက်ကလဲ ထ လိုက်တာ - မိုးကလဲ ရွာလာမနဲ့ဖြ -
တနေ့တွင် ဦးကြီးဝ အလှူအိမ်သွားရာ


အမယ်လေး
အဝတ်အစားတွေလဲ ညစ်ပေကုန်ပြီ၊ အလှူအိမ်မသွားတော့ဘူး၊ ရွာလယ်ဖြတ်လမ်းတံတားကနေပြီး အိမ်ပြန်မှဘဲ.
တံတားကလဲ ယက်လို့ပါလား၊ ဂရုစိုက်လျှောက်မှ-
ကျွတ်-ကျွတ်-ကျွတ် နာလိုက်တာ-
အင်း-ငါ့ဆေးမီးတိုလဲ ကုန်နေပြီ-ဒုက္ခပါဘဲ-
သို့ဖြင့် အိမ်ပြန်ရောက်လေသည်။
မအော်နဲ့-အော်ရင် သေသွားမယ်၊ သေချာ သော့ပေးစမ်း -
မရှိပါဘူး
ထိုညတွင် ဦးကြီးဝ အိမ်ကို ဓါးပြတိုက်လေသည်။
ဓါးပြဗျို့
ဓါးပြများကို ရွာကင်းသမားမြင်လေသည်။


ဦးကြီးဝ အိမ်ကို ဓားပြဝင်တိုက်နေပြီ၊ လိုက်ကြ-ဟေ့- ဝိုင်းကြ-ဟေ့
သေတ္တာသော့မပေးဘူးလား-ခေါင်းမာတဲ့ လူကြီး-ကဲကွာ-
မရှိပါဘူး
ငွေမရတဲ့အပြင် ခံနေရအုံးမယ်၊ ကင်းသမားတွေ လာနေပြီမြန်မြန် လစ်ကြစို့ဟေ့-
ဟာ-ဦးကြီးဝမေ့လဲနေတယ်၊ ရွာဆေးပေးခန်းကို ခေါ်သွားပြီးကုမှဖြစ်မယ်၊ ကဲ-မြန်မြန်ဝိုင်း ထူကြစမ်း-
ဦးလေးဝ-နေကောင်း တယ်နော်-
နေကောင်း ပါတယ်.
ကျေးရွာဆေးခန်း
ဦးလေးဝ သက်သာတယ်နော်.
ရွာဆေးပေးခန်းတွင် ဦးကြီးဝကို ဆေးကုသပေးကြလေသည်။
ငါ့-အသက်စည်းစိမ် မပျက်စီးတာဟာ ရွာရဲ့စုပေါင်းစည်း လုံးမှုကြောင့်ဘဲ- ငါလဲတယောက်ထဲ နေလို့မဖြစ်တော့ဘူး
မင်းတို့မြင်ချင်တဲ့ ဒီလမ်းကိုလဲပြင်၊ တံတားလဲအသစ်ဆောက်၊ ဆေးပေးခန်းလဲတိုးချဲ့-ကင်းတဲလဲခိုင်ခိုင်ဆောက် ကုန်တဲ့ငွေ အားလုံးငါပေးမယ်-
ဟုတ်ကဲ့
ထိုနောက်— ဦးကြီးဝသည် နောင်တရပြီး အများနှင့် ပေါင်းသင်းလေသည်။



၁၉၆၈ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က အမေရိကန် ပြည်ထောင်စု ဂျော်ဂျီယာ ပြည်နယ်တွင် ပျံသန်းခဲ့သော စီ ၅ အေဂါလာစီအမျိုးအစား လေယာဉ်ပျံကြီးသည် ကမ္ဘာပေါ်တွင် အလေးဆုံးဖြစ်သည်။ စုစုပေါင်း တန်ချိန် ၃၈၂.၂၅ လေးသည်။ ထိုလေယာဉ်ပျံသည် အလျား ၂၄၅ ပေ နှင့် ၁၀$\frac{3}{4}$ လက်မ

# ကမ္ဘာ့အလေးဆုံး လေယာဉ်ပျံ

ရှည်လျားပြီး တောင်ပံ တဖက်စွန်းမှ အခြားအစွန်းသို့ ၂၂၂ ပေနှင့် ၇$\frac{2}{4}$ လက်မ ကွာဝေးသည်။ ကုန်အလေးချိန် ၁၃၂.၅ တန်တင်နိုင်သည်။အမြန်ဆုံး တနာရီလျှင်မိုင်ပေါင်း ၆၁၁ မိုင်ပျံသန်းနိုင်ပြီး ပုံမှန်တနာရီလျှင် မိုင် ၅၄၀ ခန့်ခရီးတွင်သည်။

ယင်းလေယာဉ်ပျံထက်ပို၍လေးသောအသံထက်မြန်သည့်ခရီးသည်တင်လေယာဉ်ကြီးကို ဘိုးအင်းကုမ္ပဏီက တည်ဆောက်ခဲ့သည်။ ယခုအခါစတင် ပျံသန်းချိန်နီးကပ်နေလေပြီ။ စုစုပေါင်း အလေးချိန် ၆၃၅၀၀၀ ပေါင် ရှိသဖြင့်အနာဂတ် ကာလတွင်အလေးဆုံး လေယာဉ်ပျံကြီး ဖြစ်လာပေမည်။ လေယာဉ်ပျံအရှည်ပေ ၂၈၀ ရှိပြီး တောင်ပံတဖက်နှင့် တဖက် ၁၄၁ ပေနှင့် ၈ လက်မ ဝေးကွာသည်။ ခရီးသည် ၂၃၄ ဦးလိုက်ပါနိုင်သည်။

**အောင်သန်းချစ်**


## ဤတပတ်မှာ ဖြစ်ခဲ့ဖူးသည်

**စက်တင်ဘာ ၆ - ၁၂**

- ၁၈၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဗရာဇီးနိုင်ငံသည် ပေါ်တူဂီအုပ်ချုပ်ရေးအောက်မှ လွတ်လပ်ရေးရခဲ့သည်။
- ၁၈၂၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ရုရှစာရေးဆရာကြီး လီယိုတော်စတွိုင်းကို ဖွားမြင်ခဲ့သည်။
- ၁၈၇၁ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် မင်းတုန်းမင်း၏ ပဉ္စမသင်္ဂါယနာတင်ပွဲကြီး အောင်မြင်စွာပြီးစီးခဲ့သည်။
- ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် စတင်ကျင်းပသော သီဟိုဠ်နိုင်ငံကန္ဒီကွန်ဖရင့်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာစစ်ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။
- ၁၉၅၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အရှေ့တောင်အာရှစာချုပ်အဖွဲ့ ( SEATO ) ကို စတင်ဖွဲ့စည်းခဲ့သည်။
- ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဗိုလ်တထောင်သတင်းစာ ပြည်သူပိုင်ဖြစ်လာခဲ့သည်။

# သူတို့ဆန္ဒပြည့်ဝပါစေ

ကျော်ဦးလှရွှေပျဉ်



ကျွန်တော့်နာမည် နေ့လင်း ထွန်းဟု ခေါ်ပါသည်။ ကျွန်တော့်ကို မေမေက အမေးအမြန်းထူသော ကောင်လေး ဟု ပြောပါသည်။ ကျွန်တော်သည် သိချင်သော အရာကို မမေးပဲ မနေနိုင်ပါ။ တနေ့တွင်....

"မေမေ့ သားသားကို ဘယ်တုန်းက မွေးတာလဲ"

"သားကို သာကေတတန်တားသစ် ဖွင့်တဲ့ညကမွေးတာ"

"အဲဒါဘယ်သတုန်းကလဲ.... သာကေတ တန်တားဆိုတာက ဘာကိုပြောတာလဲ မေမေရဲ့"

"အို ဒီကောင်လေး အမေးအမြန်းကိုထူတယ်၊ မသိဘူး နင့်အဖေ သွားမေးကြည့်"

မေမေ အော်လွှတ် လိုက်၍ ကျွန်တော်သည် ဖေဖေ့ဆီသို့ ထွက်လာပါသည်။ ဖေဖေသည် အလုပ် အားသည့်နေ့တိုင်း စာဖတ်လေ့ရှိပါသည်။ ကျွန်တော့်အတွက်လည်း ရွှေသွေးဂျာနယ်ကိုအပတ်စဉ် ဝယ်ပေးလေ့ ရှိပါသည်။ ကျွန်တော် ဖေဖေ့အနားသို့ ရောက်သောအခါ....

"ဖေဖေ မေမေက သားသားကို သာကေတ တန်တားသစ်ကြီး ဖွင့်တဲ့ညက မွေးတယ်လို့ပြောတယ်၊ သာကေတ တန်တားဆိုတာ ဘာကို ပြောတာလဲ သားသားကို ပြောပြပါ"

ဖေဖေသည် ဖတ်လက်စ စာအုပ်ကို ဘေးသို့ ချလိုက်ပြီးနောက်....

"သာကေတ ဆိုတာက မြို့နာမည်ပေါ့သားရဲ့၊ တန်တားဆိုတာက ချောင်းတို့ မြောင်းတို့ မြစ်တို့ကို ဟိုဘက် သည်ဘက် သွား လို့ ရ အောင် ဆက် ပေးထားတဲ့လမ်းပေါ့ သားရဲ့၊ သာကေတ တန်တားဆိုတာ သာကေတ မြို့ ဘက် ကို သွားလို့ရအောင် ပုဇွန်တောင်ချောင်းကို ဖြတ် ဖောက်ထားတဲ့ လမ်းပေါ့"

"အဲ ဒီ တန် တား ကြီး ကို ဘယ်တုန်းကဖွင့်တာလဲ ဖေဖေ"

"သားကို မွေးတဲ့ ညကပေါ့ ၁၉၆၇ ခု ဖေဖော်ဝါရီလ ၈ ရက်နေ့ညကလေ၊ အခုဆိုရင် ရှစ်နှစ်နဲ့ခုနစ်လ ရှိသွားပြီကွဲ၊ သားနဲ့ အဲဒီ တန်တားကြီးနဲ့ တနေ့ထဲ မွေးတာပေါ့"

"ဒီလိုဆို သား အသက် လဲ အဲဒီလောက် ရှိပြီပေါ့နော်"

"ဒါပေါ့သားရဲ့"

ကျွန် တော် သည် ကျွန်တော်နှင့်အတူတူ မွေးဖွားလာသည်ဆိုသော သာကေတ တန်တားကြီးအကြောင်းကို သိချင်လာပါသည်။ ကျွန်တော်သည် ယခု ပထမတန်းတွင် ပညာသင်နေသော်လည်း သာကေတ တန်တားကြီးကား ဘယ်အခြေသို့ ရောက်နေသည်ကို မသိပါ။

သို့ဖြင့်။

"ဖေဖေ သား ကို အဲ ဒီ တန်တားကြီးဆီ လိုက်ပို့ပေးပါ"

"အေး ညနေကျရင် ဖေဖေ လိုက် ပို့ ပေး မယ် သား သူငယ်ချင်းတွေလဲခေါ်ခဲ့"

"ဟေး ဒါမှ ဒို့ဖေဖေကွ"

ကျွန် တော် သည် အ မျှား ကြီး ပျော်သွားပါသည်။ ညနေ

ဘက်တွင် ဖေဖေက သာကေတ တန်တားကြီးဆီကို လိုက်ပို့ ပေးပါသည်။ ကျွန်တော်နှင့် အတူ သူငယ် ချင်းများ ဖြစ်ကြ သော အောင်မျိုးလွင်၊ ကိုကိုလွင် နှင့် အောင်မျိုးသန့် တို့လဲ ပါလာပါသည်။

ကျွန်တော် သည် တန်တားကြီးကို မြင်ရသောအခါ အလွန် ဝမ်း သာ ပါ သည်။ တန်တား ကြီးသည် မာကျူရီမီးရောင်များ ဖြင့် လှပ နေ ပါ သည်။

"တန်တားကြီးကိုဘယ်တုန်းက ဆောက်တာလဲဖေဖေ"

"၁၉၆၂ ခုနှစ်က စဆောက်တာကွဲ့"

"ဘယ်သူ ဆောက်ပေး တာလဲ ဦးဦး" အောင်မျိုးလွင် က မေးပြန်သည်။

"ကို လံ ဘို စီ မံ ကိန်း အရ ကနေဒါအစိုးရက ဆောက်ပေးတာကွဲ့" ဤတွင် အောင်မျိုးသန့်က "ပိုက် ဆံ အ များ ကြီး ကုန်မှာဘဲနော်ဦးဦး"

"ဒါပေါ့ကွဲ့၊ တန် တား ကြီး အတွက်က ၁၅၆သိန်းကုန်တယ်၊ နောက် ပြီး ဟို ဘက် ဒီ ဘက် လမ်း ဖောက် တာက ၃၇ သိန်း ကုန်တယ်ကွဲ့၊ကဲကွာ နှစ်ခုပေါင်း တော့ဘယ်နှစ်သိန်းကုန်လဲဟေ့"

ဖေဖေသည် တန် တား ကြီး အ ကြောင်း ပြော ရင်း ကျွန်တော် တို့ ကို သင်္ချာ တွက် ခိုင်း လိုက် ပါ သည်။ ကျွန် တော် တို့ စိတ်တွက် တွက်ရင်း သံပြိုင် ဆို လိုက်ပါသည်။

"၁၉၃ သိန်း"

"အေး ဟုတ်တယ်ကွဲ့၊ သား သား တို့က တော် သားဘဲ"

ကျွန် တော် သည် သည် လောက် အံ့ဩဘွယ် ကောင်း သော တန်တားကြီးကို ဘယ် သူတွေများ ဆောက်သလဲဟု သိချင်နေပါသည်။ သို့ဖြင့်

"ဒီတန်တားကြီးကို ဘယ်သူ တွေ ဆောက်တာလဲ ဖေဖေ"

"ဖေဖေတို့ အလုပ်သမားတွေရယ်၊ ဗမာ အင် ဂျင် နီ ယာ တွေရယ် နိုင်ငံခြား ပါရဂူတွေ ရယ် စုပေါင်းပြီး ဆောက်ကြတာပေါ့"

"သားသား ကြီး လာ ရင် အဲ ဒီ လို တန် တား ကြီး တွေ ဆောက်ချင်တယ် ဖေဖေ"

"ဟုတ်တယ် ဦးဦး၊ ကျွန် တော်တို့လဲ ဆောက်ချင်တယ်"

"အေး ဒီလိုဆိုရင် သားသားတို့ အင်ဂျင်နီယာကြီးတွေ၊ ပါရဂူကြီးတွေ ဖြစ်အောင် စာတော်အောင် ကြိုးစားကြကွဲ့။ ဒါဆိုရင် သားသားတို့ ဆောက်ချင်တဲ့ တန် တား ကြီး တွေ လဲ ဆောက်ရမယ်၊ စက်ရုံကြီးတွေ အ လုပ် ရုံ ကြီး တွေ လဲ တည်ရမယ်။ မီးရထားတွေ၊ လေယဉ်ပျံတွေ၊ မီး သ င်္ဘော ကြီး တွေ လဲ လုပ်နိုင်မယ်"

ကျွန်တော်တို့သည် ဖေဖေ့စကားကြောင့် အင်ဂျင်နီယာကြီးတွေ ပါရဂူကြီးတွေ ဖြစ်ချင်သောဆန္ဒများ တဖွားဖွား ပေါ်ပေါက်လာပါတော့သည်။

## ရွှေသို့၏ ကြယ်ပွင့်

လိပ်ပြာကလေးဖြူဖြူ၊
မောင်လူအေးနဲ့တူ။

လိပ်ပြာကလေးနားနား၊
လူအေးအိပ်ပြီလား။

ကျောင်းသားအရွယ် လူအေး
ရယ်၊ စာကျက်ပါအုံးကွယ်။

လိပ်ပြာငယ်လေး အလုပ်လုပ်၊
လူအေး တကုပ်ကုပ်။


လုပ်သားလိပ်ပြာ ပုံခိုင်းကာ၊
လူအေးကြိုးစားမှာ။

စာအုပ်ကိုင်ကာ ကျောင်းစာ
ကျက်၊လူအေးရွှေသို့တက်။ ။

ဆုမွန်(ပါရမီ)




# ဒေါက်စရစ်ပန်း



## ခိုင်ပန်းနုံ

ဒေါင်းစရစ်ပန်းဟုလည်း ခေါ်ကြသည်။ မိုးဦးကျအခါ၌ ဖူးပွင့်၍ အနံ့သင်းသင်း မွှေးသည်။ အထူးသဖြင့် ညအခါတွင် ပို၍မွှေးသည်။ အပွင့်၏ ပုံပန်းသဏ္ဌာန်က ထူးခြားသည်။ အောက်ဖက်တွင် အိုးခံ၍ ထိပ်တွင်ပွင့်ကားထွက်ပြီး ပွင့်ချပ်ကလေးများက ခပ်ပိုက်ပိုက်ဖြစ်သည်။ အပွင့်ဝါစိမ်းစိမ်း ပွင့်သောမျိုးနှင့် စိမ်းနုရောင်ပွင့်သောမျိုး ဟူ၍ နှစ်မျိုးရှိသည်။ အပွင့်ကလေးများသည် သေးသည်။ သို့သော် ပျော့ပြောင်း နူးညံ့ခြင်းမရှိချေ။ ခပ်တောင့်တောင့်ကလေးများဖြစ်၍ ပွင့်ညှာတံ ကလေးများက တိုပြီးဆတ်သည်။ ရွက်ခွများအကြားမှ အဆုပ်လိုက် ထွက်ပွင့်သည်။ ပန်းအဆုပ် တဆုပ်တွင် အဖူး အကြီးအသေး အတော်များများပါရှိရာ အဖူးများသည် အကုန်လုံးတပြိုင်တည်း မပွင့်ကြချေ။

နွယ်ပင်မျိုး ဖြစ်သော ဒေါက်စရစ်ပင်သည် အခြားအပင်များကို မှီတွယ်၍ ပေါက်သည်။ ထို့ကြောင့် စင်တင်၍ စိုက်ပျိုးကြရသည်။ မူလက ဟိမဝန္တာတောင်တန်း၌ ပေါက်ရောက်ခဲ့သည်ဟု ဆိုသည်။ စိုက်ပျိုးရန်လွယ်ကူ၍ အတက်လည်းမြန်သည်။ အပင်လည်း အပွားမြန်သည်။ တခါစိုက်မိလျှင် မျိုးမပြတ်လှတော့ချေ။ ထက်အောက် မြန်မာနိုင်ငံ၌ ပေါက်ရောက် ဖြစ်ထွန်းလေသည်။



ဒေါက်စရစ်ပွင့်သည် မူးဝေသောရောဂါ၊ ဆာလောင်သောရောဂါ၊ သွေးယိုစီးသောရောဂါ၊ နားမျက်စိနှင့်ပတ်သက်သော ရောဂါများအတွက် ဆေးဖက်ဝင်သည်ဟု ဆေးကျမ်းများတွင် ဖော်ပြလေသည်။

တင့်တင့်

၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၇။

# ရွှေသွေး ဂျာနယ်

ပန်းချီ-ဦးဘကြည်။
ဇာတ်လမ်း-ခင်သန့်ဝေ ။

၁၃၃၇ ခု။ တော်သလင်းလဆန်း ၉ ရက် (၁၃-၉-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။



အစားအသောက်ရောင်းသော ဆိုင်ငယ်လေးထဲမှ ဆူညံသံများကြားရသောကြောင့်
စုံစမ်းစပ်စုလို၍ ဆိုင်လေးထဲသို့ဝင်လျှင်
ဆိုင်ရှင်ကြီးက နွမ်းပါးသောသူငယ်ကို ရိုက်နှက်နေသည်ကိုတွေ့လေသော်
ဘာဖြစ်လို့လဲ ဦးလေး




မိမိသည် ဆိုင်ရှင်ကြီးကို ကြည့်၍သာ ပြုံးမြိမြိ လုပ်နေတော့သည်။
ထို့နောက်မှ သူငယ်ကလေးကဖြေ၏။
ဒီတော့... ငါမေးတာ မှန်မှန် ဖြေစမ်း၊ ငါကျေနပ်ချင်လို့ ....။ မင့်မှာ ပိုက်ဆံ ဘယ်လောက် ပါသလဲ


ထိုသို့ဆို၍ ဟိုစမ်းသည်စမ်းနှင့်
ရှိသမျှ ပိုက်ဆံအကြွေလေးများကို မိမိလက်သို့ ထုတ်၍အပ်လိုက်၏။
ထိုအခါ ဆိုင်ရှင်ကြီးက
ဟင် ...
မေ - ခုနကတော့ ပိုက်ဆံ မရှိဘူး ဆို - အခုတော့ ဘယ်က ထွက်လာတာလဲ.... ပေး - ငါ့ကိုပေး .. မင်းက လူလယ်လုပ်လို့ ဘယ် - ဝါလ ... တောက်
ဟု ပြောကာ အတင်းလိုက်လုနေတော့၍
မိမိကလည်း ဝင်၍ပြော၏။
ဘိုးဘိုးပေါ့ ဦးလေးရယ် - ဒီပိုက်ဆံ ဦးလေး ဘဲ ရမှာပါ
ဒါပေမယ့် - အခု ခဏလေး ပဲဒီဘက်ကို သွားနေ လိုက်ပါအုံး။ ကျမ အစီအစဉ် လုပ်ပါရစေအုံး။ နော် - နော်
ဆိုင်ရှင်ကြီး ထွက်သွားသောအခါ ပိုက်ဆံ ကြွေလေးများကိုရေတွက်၍-
ဒီမှာနော် - မငိုပါဘဲ .. ငါးမူး စေ့ - ၂ - စေ့ ရယ် မူး စေ့ .. ၇ - စေ့ ရယ် ဆယ်ပြား စေ့ - ၁ - စေ့ရယ် အားလုံးမှ - ၂၄ - ပြား ထဲ နော် .....


ဟုတ်ပါထယ် အမရယ်၊
ထို့နောက် ဆိုင်ရှင်ကြီးကိုခေါ်လိုက်၏။
ကဲ . ဦးလေးကြီး . လာနိုင်ပါပြီ ရှင့်
ပိုက်ဆံဆိုလျှင် ဝမ်းဝမ်းတက်လိုချင်သောဆိုင်ရှင်ကြီးသည် အနားသို့ပြေးလာ၏။
ဦးလေး - ဒီကောင်လေးမှာ ပိုက်ဆံ ဒါဘဲ ပါတယ်..
ပေးစမ်းပါ၊ ရှိသမျှ အကုန် ယူရမယ်
နေပါအုံးလေ. ဦးလေးကလဲ
ဟုဆိုကာ နားရွက်နားတွင်လှုပ်ပြလေ၏။
တမိနစ်ခန့်ကြာသောအခါ
ဦးလေးကြီး ကြားလား
ဟီး ဟီး ကြားပါ့-ကြားပါ့ တချွင်ချွင် တချွမ်ချွမ်နဲ့ သာယာ နားပျော်ဘွယ် အသံလိုက်တာ... ဟီး ဟီး
ထိုအခိုက် သူငယ်လေးအား ပိုက်ဆံပေးပြီး
ကဲ-ရှေ့သွားတော့ မြန် မြန်
ဟီး ဟီး ဟီး ဟီး


ဆိုင်ရှင်ကြီးကလည်း အတင်းလိုက်လုရန်လှမ်း
စဉ် မီမီကဆွဲထားသဖြင့် မမှီလိုက်တော့၍-
မီမီတက်လှို ဒေါသကြီးဖြင့်


ဦးလေး ပဲပေါင်းကြော်က ဘယ်လောက် ဖိုးလဲ ။
ပြား ငါးဆယ်ဟ
အမယ် - ဈေးကြီး လှချေလား
ဆီဈေးကြီး တာကိုး ဟ
ဒါပေမယ့် ဦးလေးက
တရားရုံးကို တိုင်ရလိမ့်မယ်
ဒါဆိုရင် - အမှုဖွင့်ပြီးရင် - ဦးလေးကြီး အနည်းဆုံးဒဏ်ငွေ နှစ်ဆယ်တော့ - ဆောင်ရမှာတဲ့ ။ ပဲပေါင်းကြော်ဘိုး ပြားငါးဆယ် နုတ်ပြီး - ကျန်တဲ့ - ဆယ့်ကိုးကျပ်နဲ့ ပြားငါးဆယ် အိတ်ထဲက ထုတ်ရမှာ သေချာတယ် ။
ဗျာ — ဟဲ့ - မယ်မင်းကြီးမ ကြွပါတော့ ။ အကြော်ဘိုးလဲ မယူတော့ပါဘူး ........
ကြွ - ကြွ ---- မြန်မြန်ကြွ ---- နှင် ဝင်ရှုပ်မှ ငါးပါး သာမကဘူး သံဃာစင် ပါ မှောက်ပါတော့ ...... ဟ.. ...... ဟီး ...... ရှိုက် ရှိုက်
မီမီကား ထဟားဟားနှင့် ဆက်လက် လှမ်း လျှောက်ထွက်သွားလေသတည်း ။
ဟား ဟား ဟား ဟား ဟား ဟား ဟား ဟား

# ပန်းဆယ်မျိုး

ဓာသာင်းဓမ္မ
(ကော့ရှုပ)

ပန်းအမျိုးမျိုးအနက် ဘုရားမတင် နတ်မဝင် ဦးခေါင်း၌ မဆင်နိုင်သော ပန်းတို့သည် ကား အောက်ပါ ပန်းဆယ်မျိုးဖြစ်သည်။



## ပန်းဘဲ

သံကို ဖိုတွင်ထည့်၍ ပျော့ပျောင်းလာအောင် မီးဖုတ်ပြီး ထုထောင်းရိုက်နှက်ခြင်းဖြင့် ဓား၊ တံစဉ့်၊ကတ်ကြေး၊တူရွင်း၊ ရှူး၊ဆောက်စသော လူအသုံးအဆောင် ပစ္စည်းအမျိုးမျိုးကို လုပ်ကိုင်သော ပညာရပ်ဖြစ်သည်။

## ပန်းရန်



ဘိလပ်မြေ၊ သဲ၊ ကျောက်နှင့် ထုံး တို့ကို အချိုးကျရောစပ်ထားသော အင်္ဂတေဖြင့် အုတ်ကို တွဲကပ်၍ ဘုရား၊ ကျောင်းကန်၊ တိုက်တာ အဆောက်အဦကြီးငယ် ဟူသမျှကို ဆောက်လုပ်သော ပညာရပ်ဖြစ်သည်။

## ပန်းပု



သစ်အမျိုးမျိုးနှင့် ဆယ်စွယ်ဆင်ရိုးတို့ကို ဆောက်များဖြင့်ထု၍ ဘုရား ဆင်းတု၊ နတ်နှင့် လူ တိရစ္ဆာန် ရုပ်တုအမျိုးမျိုး၊ ပန်းနွယ်ပန်းခက် အထွယ်ထွယ်တို့ကို ထုလုပ်သော ပညာရပ်ဖြစ်သည်။

## ပန်းထိမ်



ရွှေကိုနားငှောင်း၊ နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ တာယက်၊ ကြယ်သီး၊ လက်စွပ်စသော လက်ဝတ်ရတနာများအဖြစ်ရင်း၊ ငွေကိုရေခွက်၊ ဖလား၊ ဆုဖိုင်း၊ ဓားအိမ်များအဖြစ်ရင်း လုပ်ကိုင်သော ပညာရပ်ဖြစ်သည်။

## ပန်းချီ



သက်ရှိ သက်မဲ့ဟူသမျှ၏ပုံကို စက္ကူ၊ ပိတ်၊ သစ်သား၊သံပြား၊ အင်္ဂတေများပေါ်တွင် ဆေးရောင် အမျိုးမျိုးဖြင့် ပေါ်လွင်အောင် သရုပ်ဖော်ရေးဆွဲသောပညာရပ်ဖြစ်သည်။

**ပန်းပွတ်**



သစ်သားချောင်းကို လည်အောင်ပြုလုပ်၍ ဆောက်သွားများဖြင့် ထီးရိုး၊ ကုတင်ခြေထောက်၊ စားပွဲခြေထောက်၊ စူးရိုး၊ ဆောက်ရိုးအမျိုးမျိုးကို ပြုလုပ်သော ပွတ်ခုံခြင်း ပညာရပ်ဖြစ်သည်၊

**ပန်းယွန်း**



ဝါးဖြင့် အပြီးထည် ရက်လုပ်ထားခြင်းကို သစ်စေးသုတ်၊ သရိုးကိုင်၊ ဟင်္သပြဒါးသုတ် အရုပ်ရေးခြင်းဖြင့်ဗျပ်၊ လင်ပန်း၊ ဆွမ်းအုပ်၊ ကွမ်းအစ်၊ ထေဗ္ဗာနှင့် ခွက်အမျိုးမျိုးကို ပြုလုပ်သော အတတ်ပညာဖြစ်သည်။

**ပန်းတဉ်း**



ကြေးကို သွန်းလောင်း၍ ခေါင်းလောင်း၊ မောင်း၊ ကြေးစည်၊ ကြေးနောင်၊ ခြူ၊ ဆည်းလည်း၊ လင်ပန်း၊ အိုးခွက်၊ ဟင်္သာအလေးတို့ကို ပြုလုပ်သော ပညာရပ်ဖြစ်သည်။

**ပန်းပု**



ဘုရား၊ ကျောင်းကန်၊ ဇာရုပ်၊ တန်ဆောင်းအစရှိသည်တို့၌ အင်္ဂထေဖြင့် ခြင်္သေ့ရုပ်၊ နဂါးရုပ်၊ နယားရုပ်များ၊ ခြူးပန်းခြူးနွယ်၊ ကနုတ်ပန်းခက်များကို ပြုလုပ်သော ပညာရပ်ဖြစ်သည်၊


**ပန်းတမော့**

ဘုရားဆင်းတု၊ ကျောက်စာတိုင်၊ အရုပ်အမျိုးမျိုးနှင့် ကျောက်ပြင်၊ ရေတံဆုံ စသည်တို့ကို ကျောက်ဖြင့် ပြုလုပ်သော ကျောက်ဆစ် လုပ်ငန်း ဖြစ်သည်။




မိုးတရွာ
ရေးဆွဲသည်
မိုးသဲသဲမဲမဲရွာနေသောနေ့တနေ့တွင် တင်မောင်မောင်သည် ပြူတင်းပေါက်မှ အပြင်ဖက်သို့ ငေးမောကြည့်နေမိသည်။ သည်းလိုက်တဲ့မိုး
ဟာ....
မိုးကြိုးပစ်တယ်ဟ
မိုးတွေကလဲချုန်းလိုက်တာ
တဂျိမ်းဂျိမ်းနဲ့
အူညံ့နေတာဘဲ
တဝုန်းဝုန်းတဂျိမ်းဂျိမ်းနဲ့
တကြည့်လိုက်လဲ
ဥမ္မာမဟုတ်ပါဘူး
ဒီအတိုင်းထိုင်ပြီးနေတာဘဲ
ကောင်းတယ်
တချက်တချက် ဝှေ့ရမ်းတိုက်ခတ်လိုက်သော လေဒဏ်ကြောင့် သစ်ပင်များမှာ မြေပြင်သို့ ပြားကနဲ ပြားကနဲ ဝပ်သွားသည်။
မေမေလဲ
ခုထိ- ပြန်မလာ
သေးပါလား


ဘာလို
ဟိုမှာ
ထီးတလက်
ထီးလွင့်သွားရာနောက်မှ လူကြီးတယောက်
ပြေးလိုက်လာသည်။
လေက တိုက်လိုက်
ထီးက လွင့်သွားလိုက်
လူကြီးက ပြေးမမီလိုက်ရနဲ့
ရယ်ဖို့သိပ်ကောင်းတာဘဲ
ဟား ဟား
ဟာ...
လာပြန်ပြီတယောက်
မိုးရေထဲမှာထီးမပါလို့
အရမ်းပြေးသွားနေတယ်
ဟော...ဟော
လဲပြီ...လဲသွားပြီ
ဟီဟိ-ဟားဟား
ဘိုင်း


တကယ် ရီရတယ် ဟားဟား
အလို တရုံးရုံးနဲ့ ဘာသံပါလိမ့်
လမ်းထိပ်မှာ ကားတစီး နစ်နေတာကိုး
ကောင်းတယ် ကောင်းတယ် ဒီလောက်မှိုက်ထနေတာ လမ်းထဲကိုဝင်ချင်အုံး
ကောင်းတယ်
ရှဲ ရှုး
ကောင်းတယ် သိပ်ကောင်းတယ်
ဟင်.... မေမေ
ကောင်းတယ်...သိပ်ကောင်းတယ် အိမ်မှာ လူတယောက်လုံး ရှိရက်နဲ့-သူခိုးခိုးခံရတယ်လို့ ပစ္စည်းတွေအကုန်ကုန်ပြီ ကဲ-ကဲ...ပေါ့အုံးဟာ ပေါ့အုံး
အောင်မယ်လေး ဗျ
ဖြန်း ဖြန်း
ဖြန်း
ပြီး

# အကြီးဆုံးခေါင်းလောင်း

ကမ္ဘာ့ အကြီးဆုံး ခေါင်းလောင်းသည် ဆိုဗီယက် ပြည်ထောင်စု မော်စကို မြို့တော်တွင် ရှိခဲ့သည်။ ခေါင်းလောင်း အမည်မှာ ဇာကိုလိုခေါ်ဖြစ်ပြီး ၁၇၃၃ ခုနှစ်ကပင် သွန်းလုပ်ခဲ့သည်။ အလေးချိန် ၂၁၆ တန်ရှိပြီး ခေါင်းလောင်းအဝ ၂၂ ပေနှင့် ရှစ်လက်မ ကျယ်သည်။ အစောက်မှာ ၁၉ ပေကျော်သေးသည်။ ၁၁ တန်ခန့်လေးသော အပိုင်းအစတခု ထိုခေါင်းလောင်းကြီးမှ ပဲ့ထွက်သွားခဲ့သဖြင့် ခေါင်းလောင်းကွဲကြီးကို ကရင်မလင် နန်းတော် ကြမ်းပြင်ပေါ်တွင် ၁၈၃၆ ခုနှစ်ကတည်းက သိမ်းဆည်း ထားလိုက်ကြသည်။ ပထမကမ္ဘာစစ်အတွင်းက အရည်ကျိုပြီး အမြောက်သွန်းလုပ်ခဲ့ကြသဖြင့် ယခုအခါ ထိုခေါင်းလောင်းကြီးကို မတွေ့မြင်နိုင်တော့ပေ။



ယနေ့လက်ရှိ ခေါင်းလောင်း များထဲတွင် မြန်မာနိုင်ငံစစ်ကိုင်းမြို့နယ်ဥတ္တမသုခရွာရှိ မင်းကွန်း ခေါင်းလောင်းကြီးက အကြီးဆုံးဖြစ်နေသည်။ စုစုပေါင်း အလေး ချိန် ၉၇ တန်ရှိပြီး အဝ အကျယ် ၁၂ တောင်၊အစောက် ၁၄ တောင်ခန့်ရှိသည်။ ကုန်းဘောင်ခေတ် ဘိုးတော် ဦးဝိုင်းက သွန်းလုပ်လှူဒါန်းခဲ့သည်။

**အောင်သန်းချစ်**

# ဤတပတ်မှာ ဟိုရှေးခါ

**စက်တင်ဘာ ၁၃ - ၁၉**

- ၁၈၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ချီလီနိုင်ငံသည် စပိန် အုပ်စိုးမှုအောက်မှ လွတ်လပ်ရေး ရရှိခဲ့သည်။
- ၁၈၇၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် သီပေါမင်းသား အိမ်ရှေ့မင်းဖြစ်သည်။
- ၁၉၂၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဆရာတော် ဦးဝိစာရ ပျံလွန်တော်မူခဲ့သည်။
- ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ တည်ထောင်ခဲ့သည်။
- ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုး ကွယ်လွန်ခဲ့သည်။
- ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၊ စာပေဗိမာန်၌ ကလေးစာပေ နှီးနှောဖလှယ်ပွဲ စတင်ကျင်းပခဲ့သည်။

# ဆေးပုလင်းလေးတလုံး

သုရကျော်စွာ



"ဇော်အောင်ရေ"

"လာပါပြီကွာ၊ ဟော မျိုးမြင့် ဆော်လုံးကန်တို့ လာခေါ်တာလား"

"မ ဟုတ် ပါဘူးကွ၊ ဒီနေ့ အောင်ကြွင်တို့အဖွဲ့ အပျော်ဟင်းချက်စားကြမလို့တဲ့၊ အဲဒါ မင်းကိုလာပြောတာ၊ မင်းပါမယ်ဆိုရင် ညရှစ်နာရီလောက် လာခဲ့တဲ့"

"ပိုက်ဆံဘယ်လောက်ထည့်ရမလဲ"

"တယောက်နှစ်ကျပ်တဲ့ကွာ မင်းမှာရှိရဲ့လား၊ ငါတော့ တော်သွားချက်မလို့"

မျိုးမြင့်သည် ပြောရင်းဆိုရင်းနှင့် ခါးပုံစဖြေပြသည်၊ သူ၏ လုံချည် ခါးပုံစထဲတွင် ဆယ်ပြားမွှေးတတုံးကိုတွေ့ရသည်။

"ငါလဲ ဝက်ပန်ရအုံးမှာကွ၊ သွားရှာကြည့်အုံးမယ်"

ဇော်အောင်သည် ဖွားဖွား အခန်းထဲ ချွတ်နင်း ဝင်သွားသည်။ သူအလွန်ချစ်သော ဖွားဖွားသည် ကုတင်ပေါ်တွင် တေးစောင်း အိပ်ပျော် နေသည်။

သူသည် ဖွားဖွားကိုတချက် လှမ်းကြည့်ရင်း ဖွားဖွား စဘွဲ့ပေါ်မှ ဆေးပုလင်းကို ယူကာ အိမ်ရှေ့သို့ ကပျာကယာထွက်ခဲ့သည်။ သူယူခဲ့သည့်ဆေးပုလင်းမှာ ဖွားဖွား ရင်ကြပ်လျှင် သောက်နေကျ တီ ပီ အိုင် တံဆိပ်နှင့် ဆေးပုလင်း အသစ်ကလေးပင်ဖြစ်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် လမ်းထိပ်သို့ခပ်သုတ်သုတ် ထွက်ခဲ့ကြသည်။

ဇော်အောင်တို့ ဘာဘူကြီး ကွမ်းယာဆိုင်သို့ ရောက်သော အခါ မျိုးမြင့်က

"ဘာ ဘူ ကြီး၊ ဒါ ဘယ် လောက်ပေးမလဲ"

"နှစ်ကျပ်"

ဇော် အောင် က လည်း၊ သူ့ ဆေးပုလင်းကို ပြရင်း၊

"ဒါကော"

"လေးကျပ်"

"ဟာ နဲတာပေါ့၊ ကျနော်တို့ ရောင်းနေကျတဲ၊ တိုးပေးပါအုံး"

မျိုးမြင့်က ဝင်ပြောသည်။

"ငါးကျပ်ပေးမယ်" နောက်ဆုံး ငါးကျပ်နှင့်အရောင်းအဝယ် ဖြစ်သွားသည်။

သူတို့နှစ်ယောက်၏ မျက်နှာများမှာ ပြုံးရွှင်လျက် ရှိသည်။ ယနေ့ည ပျော်ပွဲစား ဟင်းချက်စားရာတွင် သူတို့နှစ်ယောက် ပါဝင်နိုင်ပြီ မဟုတ်ပါလား။

× × ×

"သားရေ ဇော်အောင်"

ကျောင်း မှ ပြန် လာ သော ဇော် အောင် ကို မေ မေ သည် ဖွားဖွားအခန်းထဲမှ လှမ်းခေါ်လိုက်သည်။ ဇော်အောင် ဖွားဖွား အခန်းထဲသို့ ရောက်သော အခါ ဖွားဖွား ရင်ကြပ်နေသည်ကို တွေ့လိုက်ရ၏။ သူ့မေမေက

"ဒီ စဘွဲ့ပေါ် က ဖွားဖွား ဆေးပုလင်း မတွေ့မိဘူးလား"

ဇော်အောင် မျက်နှာသည် ချက်ခြင်း ပျက် သွား ပါ သည်။ သို့သော် ချက်ခြင်းပင် ပြန်ပြင်လိုက်ကာ

"မတွေ့မိပါဘူး မေမေ" ဟု ညာလိုက်သည်။

"ဒုက္ခပါဘဲ ဆေးပုလင်း အသစ်ကြီး ပျောက်နေတယ် ရှာကြပါအုံး"

ဇော်အောင့် မေမေသည် စိတ်ပျက်စွာ ညည်းလိုက်သည်။ တအိမ်လုံး ဝိုင်းရှာကြသော်လည်း မတွေ့ပေ။

ဖွားဖွားမှာ ဆေးမသောက်ရ၍ တညလုံး ရင်ကြပ်၍ နေပါတော့သည်။ မေမေက နံဘေးမှ ခြေဆုပ် လက်နယ်ပြုစုနေသည်မှ အပ ဘာမျှ မတတ်နိုင်ပေ။

ဇော်အောင်မှာ သူ့အမှားကို သူသိလာပြီးဖွားဖွားအတွက် စိတ်မကောင်း ဖြစ်ရသည်။

× × ×

ဇော်အောင့် မေမေ ဖွားဖွား အတွက် ဆေးဝယ် ထွက်သည်မှာ ယနေ့ဆိုလျှင် သုံးရက်ရှိပေပြီ။ ဖွားဖွားအခြေအနေက ထူးမခြားနားပင်၊ ညနေ ရုံးမှ ပြန်လာသော မေမေသည် ဆေးဝယ်မရ၍ စိတ်ညစ်နေပါသည်။

"မေမေ ကျနော် လမ်းထိပ်က ဘာဘူကြီးဆိုင်မှာ သွားဝယ်ကြည့်အုံးမယ်"

"ရှိမှာ မဟုတ်ပါဘူး သားရယ်"

"ရှိမှာပါ မေမေ"

"ရော့သား ဘယ်လောက်ပေးရ ပေးရ ဝယ်ခဲ့"ဟုပြောရင်း ဇော်အောင့်ကို တဆယ်တန် တရွက် လှမ်းပေးသည်။

× × ×

"ဘာဘူကြီး ကျနော်ရောင်းထားတဲ့ ဆေးရှိသေးလား"

"ရှိတယ် ရှိတယ်"

"ဘယ်လိုရောင်းလဲ"

"တပုလင်း တဆယ်"

"ဗျာ...." ဇော်အောင်သည် ဘာဘူကြီးကို မုန်းတီးစွာကြည့်လိုက်ပြီး၊

"ဘာဘူကြီး ခင်ဗျား မတရားဘူး၊ ကျနော်ရောင်းတုန်းက တပုလင်း ငါးကျပ်ဘဲ ပေးတယ်၊ အခု တဆယ်တောင်ယူတယ်"

"ဟဲ့ ကန်ကလေး နင်နားမလည်လို့၊ ဒါ ငွေစီးပွားရေးဘဲ"

ဇော်အောင် ဘာတတ်နိုင်အုံးမည်နည်း။ ဖွားဖွား ရောဂါသက်သာဖို့က အရေးကြီးသည် မဟုတ်ပါလား။ သူ တနေ့က ငါးကျပ်နှင့် ရောင်းခဲ့သည့် ဆေးပုလင်းကိုပင် ယခု တဆယ်ပေး၍ ဝယ်ခဲ့ရသည်။

ဇော်အောင်သည် မိမိကြောင့် ဖွားဖွား ဝေဒနာခံစားရကတည်းက မိမိအမှားကိုသိပြီး စိတ်မကောင်း များစွာ ဖြစ်ခဲ့ရသည်။ ယခု ဘာဘူကြီး၏ မတရားမှုကိုပါ သိလာရ ပြန်ပြီ။ ဤကဲ့သို့ သူဝယ်ချင်း များ နှင့် ပျော်ချင် ပါးချင်သည့် အတွက် အိမ်မှ ပစ္စည်းများကို ခိုးဝှက်ရောင်းချသည့် အပြုအမူမျိုးကို နောင် မလုပ်တော့ပါဟု ဇော်အောင် ဆုံးဖြတ်လိုက်မိပါတော့သည်။ ။

## လမ်းအကူး

★ ဖိုးမျှားတတွေ ကျောင်းကို
သွားတော့
ဘတ်စကားနဲ့ ဆိုက်ကားတွေ
ပွေလို့ ရှုပ်လို့နေ။
ညီလေးတို့ရေ
ကားတွေကကြမ်း။
အရင်လို ရမ်းပုံပြေးရင်
ဘေးတွေ့မယ့်လမ်း။

★ ညီမလေးရေ စဉ်သတိနဲ့
ဘယ်ကိုကြည့်လို့ - ညာကြည့်ပါ
ဘယ်ကြည့်ပြန်တခါ။
ကားရပ်တဲ့ခါ ကူးပါကွဲ့မနေး။
ပျော်သလိုလမ်းအကူးမှာ
မြူးပါနှင့်လေး....။

★ မီးဝါမီးစိမ်းအချက်ပြတော့
စောရပ်လို့ နေကြပါ
ကားတွေပြေးလို့လာ။
မီးနီ တဲ့ခါ ကူးပါစို့လား။
ယာဉ်ဆိုရင် အကုန်ရပ်တယ်
သိမှတ်လို့ထား....။ ။

ဗန္ဓုရဝင်း



K. 31/




# စပယ်ပန်း

အချို့က ဗိတ်စပယ်ဟုလည်း ခေါ်ကြသည်။ ချုံပင်မျိုးဖြစ်၍ နှစ်ပေထုံးပေခန့်သာ မြင့်သည်။ စပယ်ကြီးနှင့် အပင်အရွက်တူသည်။ ပွင့်ချိန်လည်း တချိန်တည်းဖြစ်သည်။ တပွင့်ချင်းဖူးပွင့်၍ အပွင့်ကြီးပြီး ပွင့်အာခ နှင်းဆီပုံကလေးများနှင့်တူလေသည်။

တင့်တင့်

# ခိုင်ပန်းစုံ



ဖြူဖြူဖွေးဖွေး၊ ရိုးရိုးယဉ်ယဉ်နှင့် လှပမွှေးကြိုင်သော စပယ်ပန်းများသည် ကဆုန်၊ နယုန်လများတွင် လှိုင်လှိုင်ကြီး ဖူးပွင့်ကြသည်။ စပယ်အမျိုးမျိုးရှိသည်။ အချို့သည် ချုံပင်၊ အချို့သည် နွယ်ပင်၊ အချို့သည် ချုံယောင် နွယ်ယောင်အပင်များဖြစ်ကြသည်။

စပယ်ကြီး (စပယ်ရိုးရိုး) သည် ချုံပင်မျိုးတွင်ပါဝင်သည်။ ပွင့်ချပ်နှင့်အရွက် ထိပ် အနည်းငယ်ပိုင်းသည်။ ပန်းတခိုင်တွင် သုံးလေးပွင့်ခန့်သာ ဖူးပွင့်သည်။ များသောအားဖြင့် တထပ်ချင်းအပွင့်များဖြစ်သည်။ ဆဲ့နှစ်ရာသီစပယ်သည် စပယ်ကြီးနှင့် တူသည်။

(စပယ်) ကြက်ရုံးသည် ချုံယောင် နွယ်ယောင်ဖြစ်သည်။ အရွက်နှင့် ပွင့်ချပ်တို့ ထိပ်ချွန်သည်။ တောစပယ်သည် ကြက်ရုံးပွင့်နှင့် ဆင်သည်။ သို့သော် အပွင့်သေး၍ ဇွန်ပန်းနှင့် ပို၍တူသည်။ အဖြူရောင်လည်းမသန့်လှ၊ အမွှေးနံ့လည်းနည်းသည်။ အရွက်များကလည်း အတန်ငယ်သေးသည်။ ပွင့်ချိန်ကလည်း ဆောင်းအကုန်နွေအကူးတွင်ဖြစ်သည်။

ပွင့်ချပ် အထပ်များသော စပယ်မျိုးများလည်းရှိရာ အလှဆုံးမှာ စပယ်အိုးပုတ်ဖြစ်သည်။

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၀။

# ပေါ်ပြူလာကြီး

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဓါတ်လမ်း - ဖြူမာတင်

၁၃၃၇ ခု၊ တော်သလင်းလဆုတ် ၁ ရက် (၂၀-၉-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။




မင်း ဖေဖေ ဦး သိဟ-က ဘာလုပ်စားလဲ
ထောင်မှူးကြီး
ဟော
ဟာ
ဟင်
ဟယ်
သူတို့ထိတ်လန့်သွားကြသည်။
ထောင်မှူးကြီးဟူသော စကားကြားလျှင် အပေါင်းအသင်းများက အတွေးချော်ကြ၏။
ဘုရား စောင်းတန်းထဲက မှုခင်း ပုံတွေထဲ မှာ တော့- ပါးကွက် အကျဉ်းသား များ ဟာ - တယ် ရက်စက် ကြတာ ဘဲ----- -----
အမယ်လေး - ထောင်မှူးကြီး ဆိုရင်တော့ အရမ်း နှိပ်စက်တတ်မှာဘဲ......
အေးကွ
---အရုပ်ဆိုးပြီး အကော့ ကို ကြောက်စရာ ကောင်းမှာဘဲ ------


နောက်ပိုင်းတွင် သုခနှင့် မကစားကြတော့
ချေးအခေါ် အပြောလည်း မလုပ်ကြသဖြင့်
ဖခင် ဦးသီဟအား ပြောပြလေလျှင်
သား ကို သူတို့က မခေါ်ဘူး။ သားနဲ့လဲ မကစားချင်ကြဘူး။ ထောင်မှူးကြီးသား ဆိုတဲ့။ ထောင်မှူး ဆိုတာ ကြောက်စရာကြီးတဲ့
ဟေ
ဦးသီဟသည် ထိုကိစ္စအတွက် သုခတို့ကျောင်း
ဆရာနှင့် တိုင်ပင်လေသည်။
မျှားမကြာမီတနေ့တွင် ဆရာလေးက
အခု လာမယ့် စနေနေ့မှာ အကျဉ်းထောင် ကို လေ့လာရေးခရီး ထွက်မယ်။
ကျောင်းသား တိုင်း လိုက်ခဲ့ရမယ်။ ဒီနေရာမျိုး ဟာ ရောက်ခဲ တယ်ကွဲ....
ကျောင်းလွှတ်၍ အိမ်အပြန်တွင် ကျောင်းသား
တို့သည် မကျေနပ်ကြောင်းပြောနေကြ၏။
ငါတော့ ထောင် ကို မလိုက် ချင်ပါဘူးကွ ကြောက် တယ်
ငါလဲ ဒီလိုဘဲ။ မလိုက်ပြန်ရင် လဲ ဆရာ လေးက စိတ် ဆိုးအုံး မှာ
ရက်ချိန်းစေ့လျှင် လှည်းဖြင့် လေ့လာရေးခရီး
ထွက်ကြလေသည်။
လေ့လာရေးခရီး ထွက်ရင်



ခရီးအတော်အတန်သွားမိပြီး
အဲဒါ မဟုတ် အကျဉ်းထောင်ကြီး ပေါ့
ဟာ
ဟယ်
ထောင်ကြီးအနီးသို့ရောက်လျှင်
အဲဒါ- ထောင် တံခါး မကြီးဘဲ
ကြောက် စရာကြီး
အထဲသို့ဝင်မိကြသော်
ထောင်မှူးကြီး ဦးသီဟက ဆီးကြို၏။
အော… ဆရာလေး တို့ လူစု ရောက်နေ ကြပြီကိုး
ဟုတ်ကဲ့၊ အခုလေး တွင်ဘဲ ရောက် ပါတယ်
နှုတ်ဆက်နေစဉ် အကဲခပ်နေကြသည်။
နို့ထင်သလို- အရုပ်ဆိုးကြီး ဟုတ်ပါဘူး
ဟာ- ခန့်ခန့် ချောချောကြီး ဘဲ
တော်တော် တရား မျှတပုံ ရတယ်
ဘာဘာ ကိုယ်တိုင်လိုက်ပြမယ်။ ထောင်ဆို တာ- ဘာမှ ကြောက်စရာမလိုဘူး ။ မဟုတ် သူတို့ ရအောင် ပေါ့ ကွယ်--- ဟုတ်လား



ထိုနောက်အချုပ်ခန်းထဲသို့ ခေါ်သွားပြီး
ဒါတွေကတော့ - အမှု မစစ်ရသေး
တဲ့ လူဆိုးတွေ ။ မပြေးနိုင်အောင်
ထိပ်တုံး ခတ်ထားတာ
ဟယ်
သနားပါတယ်
ကျွတ် - ကျွတ်
ဘာဘာ မင်းတို့ကို တခုမေး မယ်နော် -----
... မင်းတို့ကျောင်းမှာ - စာမကျက်တဲ့ လူ ...
ရန်ဖြစ်တဲ့သူ - ဆိုးတဲ့သူ ကို
ဆရာက -
ဘာလုပ်
သလဲ
တချို့ကို
ခုံပေါ်တက်
မတ်တတ်ရပ်ခိုင်း
ပါတယ် .......
... တချို့ကို ဒူး
ထောက်ခိုင်းပါတယ် ..
တချို့ကို - ထိုင် - ထ -
လုပ်ခိုင်းတယ် .....
.တခါတခါလဲ
ရိုက်ပါတယ်
.......
ဘာဖြစ်လို့ ဒီလို လုပ်ခိုင်းသလဲ
အားလုံး လိမ္မာလာအောင်လို့ -
အားလုံး ချစ်ခင်ကြ အောင်လို့ -
အဲဒီလိုပဲ - တိုင်းပြည်မှာ လူတွေကောင်းဖို့
ကောင်းနေကြတာကို လိုက်နှောင့်ယှက်ပြီး
ဓါးပြ တိုက်နေတဲ့သူတွေ ...


ခိုးတဲ့ လူတွေ....
လုတဲ့ လူတွေ....
လိမ်တဲ့ လူတွေ...
ရန်ဖြစ်တဲ့ လူတွေကို
ဖမ်းဆီးပြီး တရားရုံးတော်မှ - အပြစ်ထင်ရှားတယ်လို့ အမိန့်ချမှတ်ရင်.....
...ကြိမ် ၅ ချက်၊ ငွေ ၁ ကျပ်မှအစ - အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ပါ - ဆိုးရင်ဆိုးသလောက် နှစ်များများ ချတယ်။
သူတို့က - အရင် ရွှေတိုက်ခိုးရယ် - စာရေးကြီးရယ်၊ စာရင်းကိုင်ရယ် ပူးပေါင်းပြီးတော့ တိုင်းပြည်ဘဏ္ဍာတော်ကို အလွဲသုံးစားလို့ ထောင်ကျတာ
ဒီလူက - အစက - တရားသူကြီးပေါ့ - လာဘ်စားပြီး အမှုကို ထိမ်ချန်လို့ - ထောင်ကျနေတာ - -
တယ်ဆိုးတဲ့ လူတွေပါလား
ဟင်... ဆရာတရား သူကြီးဖြစ်နေရော ပေါ့
များများချပါလား ဘဘ


...ပညာခံ ဘာမှမရှိတဲ့ အကျဉ်းသားတွေ ကိုတော့ - အချိန်ကျလို့ ထောင်ကလွတ်ရင် ရှာဖွေစားသောက် နိုင်အောင် လို့ လက်မှု ပညာပါ သင်ပေးလိုက်သေးတယ်။
ဒီတော့ - ထောင်ဆိုတာ - လူကောင်းတွေ က - ဘာမှ ကြောက်စရာ မလိုဘူး။ အဲ--- မတော်မတရား လုပ်တဲ့ လူဆိုးတွေက တော့ ကြောက်ရမှာပေါ့
...ထောင်အရာထမ်းတွေ ဆိုတာလဲ - အကျဉ်းသားတွေကို အလကား ညှဉ်းဆဲနေတာမဟုတ် ဘူး။ ...သူတို့ စောင့်ကြပ်ခိုင်းအောင်သာ - တရားဥပဒေအရ တာဝန်ယူပြီး ကြပ်ကဲ ဆုံးမနေရတာ ------ ခင်းတို့ ဆရာလေးလို ပေါ့ကွယ်.... ဟဲ ဟဲ ဟဲ. ---------
ရှင်းလင်းပြသပြီးသောအခါ
ကဲ - ဒါနဲ့ - မောင်သူခ - က အိမ်ကျရင် - မင်းသူငယ်ချင်း တွေကို ဘာနဲ့ ဧည့်ခံမှာလဲ
မေမေက - သားတို့ အတွက် - မုန့် ဟင်းခါး ချက်ထား တယ်တဲ့
စားသောက်ပြီးသောအခါတွင်ကား ကျောင်း သားတယောက်ခေါင်းဆောင်၍
ဘဘကြီး ခင်ဗျား။ ကျွန်တော်တို့ သဘော ပေါက်ပါပြီ။ အထင်မှား မိတာတွေ ကို - ခွင့်လွှတ် ပါခင်ဗျား။ ကျွန်တော်တို့ ကိုယ်ကံမြောက် နိုင်တော့ ပါတယ်။
သာဓု သာဓု သာဓု
ထိုနေ့မှစ၍ သဘောပေါက်ကာ သူခကို ချစ် ခင်စွာ ပေါင်းသင်းကြလေသတည်း။

# လက်သမားသုံး ကရိယာ

ဒေါ်သင်းမြ
(ဓာတ္တုမှူး)




ကမ္ဘာဦး ကျောက်ခေတ် လူသားတို့သည် ကျောက်ဂူများအတွင်း နေထိုင်ကြရာမှ အဆင့်ဆင့် ပြောင်းလဲ တိုးတက်လာကာ၊ ဝါးအိမ် သစ်သား အိမ်များ ကို ဆောက်လုပ်နေထိုင်လာကြပြီး၊ ထိုသို့ဆောက်လုပ်ရာတွင်၊ ကျောက်ပုဆိန်၊ ကျောက်စူး၊ ကျောက်တူစသည့် ကရိယာများကို တီထွင် အသုံးပြုခဲ့ကြသည်။

ထိုမှ တစ တစ တိုးတက်လာသောအခါ၊ ကြေးလက်နက်၊ သံ လက် နက် များ ကို အသုံးပြု၍၊ သစ် ဝါးစသည်တို့ကို ပေါင်းစပ်ကာ၊ နေအိမ် အဆောက်အဦများကို ဖန်တီး ခဲ့ကြသည်။ ထိုအချိန်မှစ၍၊ လက်သမားနှင့် လက်သမားသုံး ကရိယာတို့ ပေါ်ပေါက်လာဟန်ရှိသည်။

ယခု ခေတ် တွင် နေအိမ် တိုက်တာ အဆောက် အဦ များ ဆောက် လုပ် ရာ တွင် လက် သ မား မ ပါ လျှင် မပြီးပေ။ အိမ်ထောင်ပရိဘောဂ အမျိုးမျိုး၊ လှေ သမ္ဗန်၊ သင်္ဘောများ ဆောက်လုပ်ရာတွင်လည်း လုပ်ငန်း အခြေအနေကိုလိုက်၍၊ တွင်ကျယ်ပြီး ခရီးပေါက်လှသော လက်သမားသုံး ကရိယာများကို သူနေရာနှင့်သူ အံဝင်အောင် တီထွင် အသုံးပြုကြပေသည်။

ဥပမာ- သစ်သားချောင်းကို တ ခု နှင့် တ ခု ခိုင်မြဲစွာ







တွယ် ကပ် လို ၍၊ သံ ကို ရိုက် သွင်းရာ၌၊ တူကို အသုံးပြုပြီး မလိုအပ်သောသံများကို ပြန်လည် နှုတ်ရန်အတွက် ပလာယာ ဆိတ်ချိုစသော သံနှုတ်ကရိယာများကို အသုံးပြုကြသည်။ သစ်သားချောင်းများကို လိုရာပုံစံများ ရအောင် ထွင်း ဖောက် လို သည့် အခါ လွှယ်ကူ၍၊ ခရီး တွင် ကျယ်သော လွန်၊ ဆောက် စသောကရိယာများကို တီထွင်ခဲ့၏။


တ ဖန် နေ အိမ် များ ဆောက် လုပ် ရာ တွင် ဆင့်၊ တန်း၊ ထုပ်လျှောက်၊ ဒိုင်း၊ မြှားတို့၏ မျက်နှာပြင်များ ညီနေစေရန် ရေချိန်ကိုင်း၊ စိုက် ထူထား သော တိုင် များ တည့်မတ်မှုရှိစေရန် ချိန်သီးကိုင်း အသုံးပြု၍၊ စားပွဲ၊ ကုလားထိုင် အစရှိသော ပရိဘောဂ ပစ္စည်း များ ပြု လုပ် သည့် အခါ တိကျ၍ ညီညာသော အတိုင်းအတာ၊ အရွယ်ပမာဏကို ရရှိနိုင်ရန်အတွက် ကျင်တွယ်၊ ပေတံ၊ ပေ ကြိုး တို့ ကို အသုံးပြုကြလေသည်။

ပရိဘောဂ ပစ္စည်းများ ပြုလုပ်ရာတွင် အနုစိပ်၍၊ သေသပ် လှပမှုသည် အထူး လိုအပ်လှပေသည်။ ထို့ကြောင့် သစ် သား ချောင်း များ ၏ မျက်နှာပြင်ကို ချောမွတ်နေစေရန် ရွှေပေါ် နှင့် ကျားလျှာ တို့ကို အသုံးပြုရလေသည်။

လက် သ မား ပ ညာ ရပ်တွင် လက်သမားသုံးကရိယာများ အမျိုးမျိုး အစားစား ရှိသည်နှင့်အမျှ ကာလအလိုက် သူနေရာနှင့်သူ အ သုံး ဝင် လှပေသည်။





ငါ့အကြောင်းပြန်ပြောရရင် အရွယ်ကြီးပါကွာ။ ငါဒီကို ရောက်လာတာကြာပြီကွ မင်းတို့ မမွေးသေးဘူး။
လသာသော ညများတွင် ကုက္ကိုပင်ကြီးသည် ကောက်ပင်ပျိုလေးများနှင့်အတူ ပျော်ပျော်ပါးပါး တေးသီချင်းဆိုလေ့ရှိသည်။
ပျော်တယ်-ပျော်တယ် နဲ့ ပျော်တယ်-ဟေး-ဟေး ဟေး-
ထိုသို့နေလာခဲ့ကြတာ နေ့ညနေခင်းတွင်—





# အကြီးဆုံးခန်းမ



တရုပ်ပြည်ရှိ အမျိုးသားကွန်ဂရက် ခန်းမသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးခန်းမဖြစ်သည်။ ပီကင်းမြို့တော်၌ တီယန်အင်မင်း ပန်းခြံ၏ အနောက်ဖက်တွင် ယင်းခန်းမကြီးကို တွေ့မြင်နိုင်သည်။ အကျယ် ၁၂.၉ ဧကရှိသည်။ ခန်းမထဲတွင် လူတသောင်းစာ ထိုင်ခုံများ အဆင်သင့်ရှိသည်။ ၁၉၅၉ ခုနှစ်တွင် ယင်းအဆောက်အဦကြီးကို အပြီးသတ်ထည်ဆောက်နိုင်ခဲ့သည်။ ထိုခန်းမကြီးထဲတွင် လူထု အစည်းအဝေးပွဲများ၊ ကိုယ်စားလှယ်ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်လေ့ရှိ၏။ တခါတရံတွင် ပြဇာတ်များကိုပင် ထိုခန်းမထဲ၌ခင်းကျင်းကပြလေ့ရှိသည်။ ၁၉၆၄ ခုနှစ်ကဆိုလျှင် ကမ္ဘာကျော် "အရှေ့တခွင်လုံးနီ" ပြဇာတ်ကို ယင်းခန်းမကြီးထဲမှာပင် ခင်းကျင်းကပြခဲ့လေသည်။

အောင်သန်းချစ်

## ဤကြားပတ်မှာ ဟိုစဉ်ရှေးခါ

**စက်တင်ဘာ ၂၀ – ၂၆**

- ၁၆၄၂ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဟားဘတ်၊ ကိန်းဘရစ်နှင့် မက်ဆာချူးဆက် တက္ကသိုလ်တို့မှ ကျောင်းသားကိုးဦးကို ဘွဲ့အဘွဲ့ စတင်ပေးအပ်ခဲ့သည်။
- ၁၇၉၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြင်သစ်အမျိုးသားညီလာခံ ကျင်းပခဲ့ပြီး၊ ထိုညီလာခံက ဘုရင်စနစ်ကို ဖျက်သိမ်း၍ သမ္မတနိုင်ငံ တည်ထောင်ကြောင်း ကြေညာခဲ့သည်။
- ၁၈၆၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အမေရိကန်သမ္မတ လင်ကွန်းက ငွေဝယ်ကျွန်များ လွတ်မြောက်ရေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။
- ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမှုထမ်းသပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။
- ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း အမှူးပြုသော အိမ်စောင့်အစိုးရ အာဏာလွှဲပြောင်းရယူခဲ့သည်။
- ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် သခင်သန်းထွန်း ကျဆုံးခဲ့သည်။

# ဆရာပါစု

အားမြင့် (မြန်းဝဏ္ဏသိုလ်)



ခိုင်ခိုင်သည် အလွန် စပ်စု တတ်၍ သူတပါး အပေါ်တွင် လည်း အလွန် ဆရာ လုပ်တတ် သော မိန်းကလေး ဖြစ်သည်။ သူသည် တွေ့သမျှ လူတိုင်းကို စပ်စုတတ်ပြီး ဆရာလုပ်လေ့ ရှိ သည်။ ခိုင်ခိုင်သည် သူ့ သူငယ် ချင်းများ ဘာဘဲလုပ်လုပ် "နင် လုပ်တာမှားတယ်၊ ဒီလိုလုပ်ရ တာ မဟုတ်ဘူး၊ ငါပြပေးမယ်" စသည်ဖြင့် ဆရာလုပ်လေ့ ရှိ၏။ ထို့ပြင် သူ၏ သူငယ်ချင်းများ တစုံတခု လုပ်နေသည်ကို တွေ့ လျှင်လည်း "ဟေ့ နင်တို့ ဘာ လုပ် နေ ကြ တာ လဲ ဟင် ငါ့ကို ပြောစမ်း၊ ငါသိချင်လိုက်တာ" စသည်ဖြင့် စပ်စုလေ့ရှိ၏။ ထို အလေ့အကျင့်ကြောင့် သူ့ကို လူ တိုင်းက အမြင်ကတ်ကြသည်။

တနေ့တွင် ခိုင်ခိုင်၏ သူငယ် ချင်း ရီရီသည် ကျောင်းမတက် နိုင်သဖြင့် ဆရာမထံပေးရန် ခွင့် တိုင်စာကို ခိုင်ခိုင့်ထံ လူကြုံပါး လိုက်၏။ ခိုင်ခိုင်သည် သူ၏စပ်စု ချင် သော စိတ် ခါတ် ကြောင့် ထို ခွင့် တိုင် စာ ကို ဖွင့် ၍ ဖတ် ကြည့်ခဲ့လေသည်။ ထိုကိစ္စကို ဆရာမသိရှိသွားသောအခါ –

"ခိုင်ခိုင် မိန်းကလေးဆိုတာ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို မစပ်စုရ ဘူး၊ သူများအပေါ် ကိုလဲ ဆရာ မလုပ်ရဘူး၊ မြဲမြဲမှတ်ထားပါ" ဟု ဆိုဆုံးမ ခဲ့လေသည်။ သို့ သော် ခိုင်ခိုင်မှာ သူ၏ဝါသနာ ကို မစွန့်လွှတ်နိုင်ခဲ့ပေ။

တညတွင် ခိုင်ခိုင်၏ မိခင် ဒေါ်ခင်မြင့်သည် အပ်တ ချောင်းဖြင့် အကျီအစုတ်များ ကို ဖာထေးနေ၏။ ထိုစဉ် ခိုင်ခိုင် က –

"မေမေလုပ်တာမဟုတ်ဘူး၊ ချုပ်ရိုးတွေကလဲ ကျဲလိုက်တာ။ မချုပ်တတ်ရင်သမီးပြပေးမယ်" ဟူ၍ ဆရာလုပ်လေသည်။ ထို အခါ သူ့အကြောင်းကို သိသော မေမေက ဘာတခွန်းမျှ ပြန်မ ပြောဘဲ လုပ်လက်စ အလုပ်ကို သာ ဆက်လုပ်နေ၏။ ခိုင်ခိုင် လည်း ပါးစပ် ညောင်းသော အခါ သူ့အလိုလို ပါးစပ်ပိတ် သွားလေတော့သည်။

တညနေတွင်လည်း ခိုင်ခိုင် ၏ အဒေါ်သည် မီးဖိုခန်းထဲတွင် ထမင်းချက်နေလေသည်။ ထိုစဉ် ခိုင်ခိုင်ရောက်လာပြီး –

"အဒေါ်ကလဲ ထမင်းကို ဒီလို မချက်ရဘူး၊ မှန်း ထမင်း တွေ ပျော့ကုန်ပြီထင်တယ်" ဟု ပြောပြောဆိုဆို ထမင်းအိုးကို ဝင်ဆွဲလေရာ ထမင်းအိုးမှောက် သွားတော့၏။

ဤသို့ဖြင့် ခိုင်ခိုင်နှင့် စပ်စု တတ်သော အကျင့်၊ ခိုင်ခိုင်နှင့် ဆရာလုပ်တတ်သော အကျင့်တို့ သည်ဒွန်တွဲ၍ လာခဲ့ပေသည်။

တ နေ့ တွင် ခိုင် ခိုင် သည် ကျောင်းဆင်း၍ အိမ်သို့ပြန်လာ ရာ၊ လမ်းတွင် ခရမ်းချဉ်သီးများ ကို တောင်းဖြင့်ထည့်၍ ရွက်လာ

သော မိန်းမကြီးတယောက်ကို တွေ့လေသည်။ တောင်းမှာ အောက်ပိုင်းတွင် အပေါက်ကလေးတခုပါရှိပြီး ထိုအပေါက်ကလေးမှ ခရမ်းချဉ်သီးတလုံး ပြူထွက်နေ၏။ ဤသည်ကို ခိုင်ခိုင်တွေ့သောအခါ "အဒေါ်ကြီး နေအုံးနေအုံး ခရမ်းချဉ်သီးတွေ ထွက်ကျတော့မယ်" ဟု အော်ပြီး တောင်း၏ အောက်ပိုင်းကို လက်နှင့်လှမ်းထိုးလိုက်ရာ နဂိုကပင် ဆွေးနေသော တောင်းအောက်ပိုင်းသည် ပွင့်ထွက်သွားပြီး ခရမ်းချဉ်သီးများ အားလုံး ထွက်ကျကုန်လေသည်။ "တော်တော်ရှုပ်တဲ့ ကောင်မလေး၊ နင်တော့သေပေတော့" ဟုဆိုပြီး အဒေါ်ကြီးက လိုက်သဖြင့် ခိုင်ခိုင်မှာ မောကြီး ပန်းကြီး ပြေးလာခဲ့ရလေ၏။

တရက်တွင်လည်း အိမ်တွင် အိမ်ဖော်မိအေးက လျှော်ပြီး အဝတ်များကို မြက်ခင်းပေါ်တွင် ဖြန့်ကာ လှန်းနေ၏။ ဤသည်ကို ခိုင်ခိုင်က "အဝတ်တွေကို မြက်ခင်းပေါ်လှန်းရင် ဖုန်တွေပေပြီး ညစ်ပတ်ကုန်မှာပေါ့။ ဒီလိုလှန်းရတယ်" ဟု ဆိုကာ အဝတ်များကိုယူ၍ သွပ်သူးကြိုးပေါ်သို့ လှန်းလိုက်ရာ သူးကြိုးနှင့် ညိပြီး အဝတ်များ စုတ်ပြဲကုန်တော့သည်။

နောက်တနေ့ ကျောင်းအသွားတွင် ကောင်ကလေးများ ဂျင်ပေါက်နေသည်ကို ခိုင်ခိုင် တွေ့ရပြန်၏။ ခိုင်ခိုင်က --

"နင်တို့ ဂျင်ပေါက်တာ မဟုတ်သေးဘူး၊ ငါပေါက်ပြမယ်" ဟု ဆိုကာ ဂျင်ကိုယူ၍ ပေါက်လိုက်ရာ ဂျင်သည် သူ့ခြေဖမိုးကို ထိမှန်ပြီး သံချောင်းသည် ခြေဖမိုးထဲသို့ နစ်ဝင်သွားလေ၏။

ခိုင်ခိုင်မှာ နာကျင်လွန်းလှသဖြင့် အားကနဲ အော်လိုက်ရသည်။ ဂျင်ကိုလက်ဖြင့် ဆွဲနုတ်လိုက်သောအခါ သွေးများ စိမ့်ထွက်လာသည်။ ဒဏ်ရာမှာ အတော်နက်၏။ ခိုင်ခိုင်သည် သွေးများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်သည်။ သူသည် အတော်ပင် ဝေဒနာ ခံစားရလေ၏။

ခိုင်ခိုင်မှာ ဆေးခန်းသို့သွား၍ ခြေဖမိုး မှဒဏ်ရာကို ဆေးထည့်ရသည့်အပြင် ဆေးလည်း ထိုးရလေသည်။ ဆေးခန်းမှ အိမ်သို့ အပြန်တွင် ခိုင်ခိုင်သည် ထော့နဲ့ထော့နဲ့ဖြင့် လျှောက်လာရင်း ဤသို့ စဉ်းစားမိလေ၏။

"စပ်စုတဲ့၊ ဆရာလုပ်တဲ့ အကျင့်ဟာ ငါ့ကိုရော သူများကိုပါ ဘာမှ ကောင်းကျိုးမပေးပါလား။ နောင်ကို ဒီအလုပ်မျိုး ငါမလုပ်မိအောင် ရှောင်မှ ရှောင်မှ...."။ ။

## တို့မောင်နှမ

ကြိုတ်ဆုံထဲ စပါးထည့်
ဂဲ - ဂဲ........ဂဲ - ဂဲ လှည့်။

သုတ်သုတ် သုတ်သုတ် လေအေးငွေ
မလေး စပါးလှေ့။

ဆန်လုံးတီးကို မောင်လေးသယ်
မောင်းထဲ လည့်လိုက်ကွယ်။

မလေးညောင်းတော့
မောင်လေးထောင်း
ဒိန်း - ဒုန်း....ဒိန်း - ဒုန်းဝေါင်း။

ဘန်း ဆန်ကောနဲ့ မလေး ပြာ
ဆန်လုံးဖြူဖွေးလာ။

ထမင်းအိုးမှာ ထည့်၍ချက်
ဆူပြီ တဗွက်ဗွက်။

ပွက်ပွက်ဆူတဲ့ ထမင်းရေ
ဆိအနှစ်မို့ မသွန်စေ။

မောင်လေးရေ
သောက်လို့ကောင်း
အားခွန်ပြည့်စေကြောင်း။ ။

တင်တင်ကြီး



R. 517

# ဇွန်ပန်း

အရောင်အသွေးနှင့် ပုံပန်းသဏ္ဍာန် ဆန်းကြယ်လှပလှသည် မဟုတ်သော်လည်း မြန်မာအမျိုးသမီးများ နှစ်သက် မြတ်နိုးသော မိုးရာသီပန်းတမျိုးမှာ ဇွန်ပန်းဖြစ်လေသည်။ မုလေး (မြတ်လေး) ပန်းအသေးစားကလေးများနှင့်တူ၍ သေးသေးနုနု ဇွန်ပန်းပွင့်ကလေးများသည် ရိုးရိုးယဉ်ယဉ်နှင့် လှပသိမ်မွေ့သည်။ အလွန်မွှေးကြိုင် သင်းပျံ့သည်။ အဆုပ်အခိုင်များဖြင့်ဖူးပွင့်ရာ၊ အဆုပ်တဆုပ်တွင် အပွင့်များများ တပြိုင်တည်း မပွင့်ကြချေ။ နည်းနည်းချင်းသာပွင့်၍ တပွင့်ချင်း ခူးရသည်။ ညနေပိုင်းတွင် ပွင့်သောပန်းမျိုးဖြစ်၍ ပွင့်မည့်အဖူးများကို တင်ကြိုပြီး ခူးထားနိုင်သည်။ ဇွန်ပန်းပွင့်ကလေးများကိုသီတံဖြင့်ရင်း၊ ကြိုးဖြင့်ရင်း၊ သီ၍ပန်ဆင်ကြရသည်။ သေးငယ် နုနယ်သော ပန်းပွင့် ကလေးများ ဖြစ်သော်လည်း



# ခိုင်ပန်းစုံ

ရှုတ်တရက် နှမ်းလှယ်ခြင်း မရှိပေ။

ဇွန်ပင်သည် မုလေး(မြတ်လေး)၊ စပယ်တို့နှင့်မျိုးရင်းတူသည်။ မုလေးနှင့်ပို၍နီးစပ်သည်။ မုလေးပန်းမျိုးစိတ်တမျိုးကို ဇွန်ကြီး ဟုရင်း၊ ဇွန်ထိပ်ဝိုင်း ဟုရင်း ခေါ်ကြသည်။ ယင်းပန်းမျိုးသည် ဇွန်ပန်းအကြီးစားနှင့်လည်းတူသည်။ ချုံယောင် နွယ်ယောင်ပင်မျိုးဖြစ်သော ဇွန်ပင်သည် အရွက်များ သေးငယ်၍ ထိပ်ချွန်းသည်။ ဇွန်အဝါမျိုးလည်းရှိ၍ အနံ့ပိုမွှေးပြီး ပိုပြီး လှပသည်ဟု ဆိုကြသည်။

ဇွန်ပင်သည် ကမ္ဘာ့အရှေ့ခြမ်း အပူပိုင်းဒေသပေါက် အပင်မျိုးဖြစ်သည်။ အဖြူရောအဝါပါ နှစ်မျိုးစလုံး၏ အရွက်၊ အပွင့်၊ အမြစ်တို့သည် ဆေးဖက်ဝင်သည်။

တင့်တင့်



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွှတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် ) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၃၉။


# ရွှေသွေး ဂျာနယ်

## မိုးကြိုးဝန်ကြီး


စွန့်စွန့်စားစား

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-တက္ကသိုလ်-မောင်အောင်ဆွေ

၁၃၃၇ ခု၊ တော်သလင်းလဆုတ် ၈ ရက် (၂၇-၉-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။


ဆရာတော်ခိုင်းသမျှ လုပ်ရုံမက နှိပ်နင်းပေးပြီး ညနေခင်းမှ အိမ်ပြန်လေ့ရှိ၏။
ဦးသော်ကောင်းသည် တခါတခါပူမိ၏။
အင်း... ငါ့သား မိုးကြိုး ကတော့ ဘုန်းကြီးကျောင်းမှာ ပျော်နေပြီ ကြီးလာရင် ဘုန်းကြီး များလုပ် သွားမလား မသိဘူး.... တော်တော်ကြာ မနေနိုင်လို့ လူထွက်ပြီး များမိန်းမ ယူရင်.... ဘာ ဘာလုပ်ကျွေး မလဲ ????
တနေ့တွင် အိမ်ပြန်လာစဉ် စကားပြောသံ ကြားရ၍ မိုးကြိုးသည် ချောင်းနားထောင်၏။
ဘာများ လဲတော် - ကျုပ်တို့သားလေး မိုးကြိုး က ဘာဖြစ်နေလို့လဲ ရှင်...
တော်ကလဲ.... ကျုပ် သားလေး မလိုက်ရဲ့တာ ဒေါ်မနေပါနဲ့ တော်!
တင်ငါသည် သားဆိုပြီး ပင်လယ်ကြောက်နေလို့ ဖြစ်မလား ....ကွ


ထိုစကားများကို ကြားလျှင် မိုးကြိုးသည် ရင်ခုန်လာ၏။
ရှင်ထဲက တဒိန်းဒိန်းနဲ့ ပါလား
နောက်ဆုံး၌ ဖခင်၏ အမိန့်သံ ကြားလျှင်
မနက်ဖြန် ကျရင် - ဘုန်းကြီးကျောင်း မသွားဘဲနဲ့ - ပင်လယ်ထဲ ခေါ်သွားရမယ်
မျက်လုံးများပိုင်းသွား၏။
တကယ်တော့ - ငါဟာ ငယ်ငယ်ထဲက စပြီး ကမ်းခြေတပိုက် တွင်ဘဲ - ဆော့စီးဘူးတယ်။ သူငယ်ချင်းများနဲ့ ကမ်းစပ်မှာဘဲ လှိုင်းစီးဘူးတယ် - ရေကူးဘူးတယ်။ ရေနက်ထဲ တခါမှ မသွားဘူးသေးဘူး။ ဒီတခါတော့ ဒုက္ခပါဘဲ ... ဒုက္ခပါဘဲ ...
ထိုည၌ တညလုံး အိပ်မပျော်ရှာပေ။
ဒုက္ခပါဘဲ
ဒုက္ခပါဘဲ
လိုက်သွားလို့တော့ မဖြစ်ဘူး
ဒုက္ခပါဘဲ
မိုးလင်းခါနီးသော် မနေရဲတော့ပဲ ခြေဦးတည့်ရာ အိမ်မှထွက်ပြေး၏။



မမျှော်လင့်ပဲ ဘကြီးထွန်းတို့၊ဦးလေးတုတ်တို့နှင့် ရင်ဆိုင်တိုးမိ၍ ပြန်ကွေ့ ပြေးရလေသည်။ ဘယ်ပြေးမလဲ-
ဟာ
ပြေးစရာမရှိသည့် နောက်ဆုံး၌ ဆရာတော်ကျောင်းဆီသို့ ရောက်သွား၏။
အရှေ့အရပ်မှ နေလုံးပြူလာချိန်တွင် ဦးသော်ကောင်းသည် မိုးကြိုးကို ရှာမတွေ့၍
တောက်! ဒီကောင်လေး ဘယ်များ ပျောက်သွား နေပါလိမ့်
နေမြင့်လျှင် ဆရာတော်ထံ သွားတိုင်၏။
ဒါကြောင့် - အိမ်မှာ တလလောက်ထားလို့ ပါတယ်ဘုရား
အေး အေး - ခေါ်ထားပေါ့။ ကိစ္စပြီးတော့ - သူ့လိုချင်တဲ့ အခါ - လာပါစေ
သို့ဖြင့် လမ်းတလျှောက်လုံး ငို၍ပါလာ၏။
အိမ်ရောက်လျှင် အပြင်ဘက်မှလှမ်း၍



သို့ဖြင့်ဘုန်းကြီးကျောင်းလည်း မသွားရ၊ ပင်လယ်ထဲလည်း မလိုက်ရနှင့် မိုးကြိုးမှာ တနေကုန် ဆော့လိုက် စားလိုက်ဖြင့် အပျော်ကြီး ပျော်နေလေသည်။
ဟေး....
တနေ့တွင် ဦးသော်ကောင်းသည် လှေပေါ်သို့ ပိုက်တင်နေစဉ် ဒေါ်ဝိုင်းသည် ရေနွေးကြမ်းကရားနှင့် ပန်းကန်လာပို့ရင်း
ရှင်- ဒီနေ့ ဘယ်နား ထိ လိုက်ချ မှာလဲ
ဒီကမ်း ခြေ အနီး တဝိုက် ဘဲကွာ။ ငါး အုပ် တွေ ကမ်းခြေဘက် - လာကြမယ်ဖြစ်တဲ့ ...
ထိုအခိုက် မိုးကြိုး ကစားရင်းရောက်လာရာ
ဟော- သားရေ၊ မင်းအဖေ တယောက်ထဲ ပျင်း နေလိမ့်မယ်။ မင်း ဦးရီး တောက်ထိန် ကလဲ နေမကောင်းလို့ မလိုက်နိုင်ဘူး - မင်း လိုက်သွားပါလား
ဒီကမ်းခြေနား ဘဲ ဆိုရင် သား လိုက်ရဲပါတယ်
သို့ဖြင့်မကြာမီ ကမ်းခြေအနီးတွင် ကျောက်ချ၍ ငါးရှာနေကြတော့သည်။
တော်ပါသေးရဲ့ ကမ်းမြင်နေရသေးတယ်
တောက်! မနေ့က ဒီနား မှာ ငါးအုပ်တွေ တွေ့ပါတယ်.... ဒီနေ့ အစ အနတောင် မမြင်ပါလား
သားရေ- ဆက်ခတ်ကြ အုံးစို့ ကျောက်တင် လိုက်
ဟုတ်ကဲ့ အဖ
မျှားမကြာမီ လှိုင်းလေများကိုဖြတ်၍ ခတ်နေကြ၏။ ရွာကိုလည်းမှုန်ပျပျမြင်ရ၏။
တယ်.... ဒီငါးတွေ- ဘယ်ကိုရွှေ့ကုန်ပါလဲ - -
သားရေ ခိုခိုခတ်ကြရအောင်
ဟုတ်ကဲ့


ထိုသို့နည်းနည်းခတ်ရင်းခတ်ရင်းဖြင့် လှိုင်းလုံးကြီးတွေကြားထဲရောက်လာ၏။
ဟာ...!
အဘ ကြောက်တယ်
ခတ်
ကြောက်ကြောက်နှင့် ဆက်တိုက် ခတ်လာရာ ပင်လယ်နက်ထဲသို့ ရောက်သွားကြ၏။ လေပြင်းထန်၏၊ နေခြစ်ခြစ်တောက်ပူ၏။
သို့သော် သားအဖကား အခတ်မရပ်ချေ။
တခဏကြာလျှင်
ဟုတ်ကဲ့ အဘ
အထန်ကြာသော် လှိုင်းအသင့် အတင့် ငြိမ်သွားသဖြင့် အကြောက်ပြေပြီး ရေနွေးကြမ်းသောက်ရင်းစကားပြောနေကြ၏။
အချိန်ကျ၍ ပိုက်ဆွဲတင်လိုက်ရာ ငါးများပါလာသဖြင့် မိုးကြိုးပျော်သွား၏


ပိုက်တင်ပြီးအိမ်ပြန်လာစဉ် လမ်းခုလတ်၌ မိုးသက်လေပြင်းကျလာသဖြင့်
သား..
မကြောက်နဲ့၊
ရပါတယ်
အဘ
မိုးကြိုးသည်ကမ်းကို လှမ်းမြင်၍
အားပါ၊
ဆက်ခတ်စမ်းပါ၊
ရွာနှင့်ကျေးလက်ပန်းကျနေပြီ ဖြစ်သော မိုးကြိုးကို ပွေ့၍ အိမ်ထဲသို့ချီယူသွား၏။
သား
သား
ရွာကမ်းပါးသို့ လှေထိုး ဆိုက်လိုက်လျှင် မိုး လည်းရွာချလိုက်လေသည်။
ဒေါ်ပိုင်းသည် ပြေးဆင်းလာပြီး–
အမေသည်ပြေလောက်မှ မေး၏။
သား - ပင်ပန်းထဲသွားရတာ ကြောက်သေးလား
ဒေါ်ပိုင်းအားမော့ကြည့်ပြီးလျှင် စပ်ဖြီးဖြီး မျက်နှာနှင့် အဖြေပေးလေသည်။
မကြောက်ပါဘူး
အမေတာလဲ
ယောကျာ်း ဘဲ
ရုတ်တရက်မဖြေသေးပဲ တွေနေပြီးမှ–

# အမဲလိုက်ခြင်း

မောင်သန်းခိုင်
(လုပ်သားရွေး ကောလိပ်)



ကမ္ဘာဦးက လူသားတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ အမဲလိုက်ခြင်းပင် ဖြစ်သည်။

ယခုခေတ်တွင်မူ အမဲလိုက်ခြင်းကို လူရိုင်း အနည်းငယ်မှ တပါးနိုင်ငံအမျိုးမျိုးတွင် အပျော်တမ်းတောကစားမှုအဖြစ်သာ သဘောထား ကြလေတော့သည်။ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စု စသော နိုင်ငံများတွင် အမဲလိုက်ခြင်းသည် အလွန်ခေတ်စားနေသော ပျော်ရွှင်မှုတရပ် ဖြစ်လေသည်။ မြေခွေး၊ ဆတ်နီ၊ ဖျံစသော တိရစ္ဆာန်များကို ကြိုးဝိုင်းသစ်တောတွင် အမဲလိုက်ရန် သီးသန့်မွေးမြူထားကြ၏။



သာမန် မြေခွေးလိုက်သည့်အခါ မုဆိုးများသည် မြင်းပေါ်မှ လိုက်၍ ခွေးများသည် မြေပြင်မှ လိုက်ကြရသည်၊ ခွေးများသည် အနံ့ခံသွားရင်း မြေခွေးကို တွေ့သည့်အခါ ညာသံပေး၍ ပြေးလိုက်ကြသည်။ ခေါင်းဆောင် မုဆိုးသည်မိမိ၏ ခွေးများစုံမစုံသူ၏ လက်ထောက် များအနက် တယောက်ယောက်ကို လိုက်လံရှာဖွေရန် ညွှန်ကြားရလေသည်။






ဆတ်လိုက် ခွေးနှင့် မြေခွေး လိုက် ခွေးတို့၏ ပုံပန်း အသွင် အပြင်မှာ တူသည်က များ၏။

သို့ရာတွင် ဆတ်လိုက်ခွေးသည် အတန်ငယ် ပိုပြီး ကြီးထွားပြီး အဖြူရောင် များသည်။ ယုန်လိုက်ခွေးများကိုလည်း သီးခြားမွေးမြူကြရ၏။ အရောင်အသွေးမှာ မြေခွေးလိုက်ခွေးနှင့် တူသော်လည်း ယုန်လိုက်ခွေးသည် အနည်းငယ်သေး၍ ခြေထောက်တိုသည်။ ဖျံလိုက်ခွေးမှာမူအမျိုးမျိုးရှိ၏။ သားကောင်တို့၏အမျိုးအစားမှာကား တနိုင်ငံနှင့်တနိုင်ငံ အကြိုက်ချင်း မတူကြပေ။ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုတို့တွင် ဖျံ၊ မြေခွေး၊ ယုန်တို့ကို အထူးနှစ်သက်ကြ၍ အိန္ဒိယနိုင်ငံတွင်မူ တောဝက်လိုက်ခြင်းကို လူကြိုက်များလေသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်ရှိ တောလိုက်မုဆိုးများ ဂရုစိုက်လေ့ရှိသော သတ္တဝါများမှာ ဆတ်၊ ပြောင်၊ တောဝက်၊ စသော သတ္တဝါများသာဖြစ်ကြ၏။ အမဲလိုက်ရာတွင် သေနတ်လက်နက်ကိုလည်း သုံးကြသည်။

ယခုအခါ နိုင်ငံအစိုးရက တိရစ္ဆာန်များ ပြုန်းတီးခြင်းမှ ကာကွယ်ရန် အလို့ငှာ ပြုလုပ်လေ့ရှိသော အစီအမံတခုရှိသည်။ ယင်းမှာ ဘေးမဲ့နယ်ပယ်များကို သတ်မှတ်ထားရှိခြင်းပင်ဖြစ်လေသည်။ ထိုနယ်ပယ်အတွင်း မည်သူမျှ အမဲလိုက်ခွင့်မရှိချေ။





တိုးတိုး နှင့်
အချစ်တော်လေးများ
ဇာတ်လမ်း- ပေါ်လင်း
သရုပ်ဖော်-
သူ့ဟာ ကြက်တူရွေးလေးကို မနက်တိုင်း အစာကျွေးလေ့ ရှိတယ်။
ရွှေခဲရေ
ဂျာဂျာ
တိုးတိုးမှာ ကြက်တူရွေးတကောင်နဲ့ ကြောင်ကလေး တကောင် ရှိတယ်။
ဒီလိုမှပေါ့၊ ရော့၊ ငှက်ပျောသီးတလုံး စားလိုက်ဦး
ဟော၊ မီးဖြူပါလား၊ သောနေပြီ ထင်တယ်၊ ကဲ- ရွှေခဲ မငြိမ်ခင် ပြန်ဝင်လိုက်ဦး၊
ညောင်
တိုးတိုးမှာ ရွှေခဲကို လှောင် အိမ်ထဲ သွင်းလိုက်ပြီး၊ တံခါး ကို ပြန်ပိတ်လိုက်တယ်။
နောက် မီးဖြူကို ပွေ့ပြီး-
မီးဖြူရေ
ညောင်
အဲဒါ ဟုတ်ပြီ၊ မီးဖြူလဲ လိမ္မာတာဘဲ၊ ဒီတော့ နို့ပြားစားရမယ်၊



တိုးတိုးဟာ သူတိရစ္ဆာန်လေးတွေကို နေ့စဉ် အစာကျွေးပြီးမှ ကျောင်းသွားလေ့ရှိတယ်။
တနေ့တော့ ရွှေခဲကို အစာကျွေးပြီး လှောင်အိမ်ကို မေ့ပြီး တံခါးမပိတ်ပဲ ကျောင်းထွက်လာမိတယ်။
သူငယ်ချင်းတွေတော့ ငါ့ကိုစောင့်နေကြရောပေါ့!
ညနေကျောင်းကပြန်လာတော့-
ရွှေခဲလေးရေ မေမေ
ရွှေခဲအတွက်တော့ စိတ်မကောင်းစရာဘဲ!
ဟင်၊ ရွှေခဲ ဘာဖြစ်လို့လဲ၊
ဟဲ့၊ သား
တိုးတိုးဟာ တူကြီးတချောင်းကိုကိုင်ပြီး မိဖြူကို လိုက်ရှာနေတယ်။



သေပေတော့
ဒေါ်သတကြီး ပစ်လိုက်ရတဲ့အတွက် လွဲသွားတော့ မိဖြူဟာ ကြောက်လန့်ပြီး ထွက်ပြေးသွားတယ်။
နိုင်၊ ငါ့ခြေက မလွတ်ပါဘူး
သား၊ ဘယ်လိုလုပ်လိုက်တာလဲ
သူ့ရွှေခဲကို၊ ခိုက်သတ်တာကို၊ ရှု၊ သူ့ကို သားသတ်မလို့၊
ဒေါ်သကြီးလှချည်လား၊ ရွှေခဲသေရတာ မိဖြူ အပြစ်မှ မဟုတ်ဘဲ၊
ဗျာ
မနက်က၊ သားရှောင်နိုင်တံခါးကို ပိတ်ခဲ့ရဲ့လား
ဟာ၊ သားအသေ အချာမပိတ်မိဘူး၊ မေ့သွားတယ်၊
အဲဒါကြောင့်၊ ရွှေခဲအပြင်ထွက်လာလို့၊ မိဖြူနဲ့ သားတွေ့တာပေါ့၊ ဒါ သားပေါ့ဆ လို့ဘဲ၊
ဟုတ်ပါတယ်မေမေ၊ လော်ပါသေး ရဲ့၊ သားဒေါ်သကြီးပြီး၊ မိဖြူကို သတ်မိတော့မလို့


# အကြီးဆုံး သားဖွားဆေးရုံ

စင်ကာပူနိုင်ငံရှိ ကင်ဒန်ကာဘော အစိုးရ သားဖွားဆေးရုံသည် ကမ္ဘာပေါ်တွင် အကြီးဆုံး သားဖွားဆေးရုံ ဖြစ်သည်။ ထိုဆေးရုံတွင် သားဖွားဆရာမ ၂၇၉ ဦး အမှုထမ်းလျက်ရှိသည်။ မွေးဖွားရန် ခုတင် ၃၈၈ လုံးနှင့် မီးယပ် ရောဂါအတွက် ခုတင် ၁၅၉ လုံး ထားပေးသည်။ ၁၉၆၈ခုနှစ် တနှစ်တာအတွင်း ကိုယ်ဝန်သည်ပေါင်း ၃၆၄၂၇ ဦးကို မွေးဖွားပေးနိုင်ခဲ့သည်။ ၁၉၆၆ ခုနှစ်က လေးသောင်းခန့်အထိ မွေးဖွား ပေးခဲ့ဘူးသည်။ တနေ့ ၁၀၉ ဦး နှုန်း မွေးဖွားပေးလျက် ရှိသည်။

ဗဟိုဆေးဌာနများထဲတွင် ချီကာဂိုရှိ ခရိုင် ဆေးရုံသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ဖြစ်သည်။ ဆေးရုံ အကျယ် အဝန်း ၄၇၈ ဧက ရှိသည်။ ထိုဆေးရုံတွင် အဆောက်အဦ ငါးခုပါဝင်သည်။ လူနာခုတင် စုစုပေါင်း ၅၆၀၀ ရှိသည်။

ဆေးရုံများထဲတွင်မူ ဆွီဒင် နိုင်ငံရှိ စတော့ဟုမ်းမြို့၏ မြောက်ဖက် ဒန်ဒရက် ဆေးရုံသည် အကြီးဆုံး ဆေးရုံဖြစ်သည်။ ၁၉၆၉ ခုနှစ်က လူနာခုတင်ပေါင်း ၁၂၀၀၀ ရှိခဲ့သည်။ စိတ်ရောဂါကု ဆေးရုံများထဲတွင် နယူးယောက်မြို့ရှိ ပီလ်ဂရမ်ဆေးရုံက အကြီးဆုံး ဆေးရုံ ဖြစ်သည်။ ယခုအခါ လူနာခုတင်ပေါင်း ၁၂၈၀၀ ရှိသည်။ ယခင်က ခုတင်ပေါင်း ၁၄၂၀၀ ထိ ရှိခဲ့ဘူးသည်။

အောင်သန်းချစ်




## ဤတပတ်မှာ ဟိုရှေးခါ

**စက်တင်ဘာ ၂၇ – အောက်တိုဘာ ၃**

- ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မင်းတုန်းမင်း နတ်ရွာစံသည်။ သီပေါမင်း နန်းတက်သည်။
- ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် နာဇီစစ်ခေါင်းဆောင် ၂၂ ဦးကို ဒုတိယကမ္ဘာစစ်၏ တရားခံများအဖြစ် နူရင်ဘတ် စစ်ခုံရုံးက ဆုံးဖြတ်ခဲ့သည်။
- ၁၉၅၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပထမဆုံး အင်္ဂလိပ်အနုမြူဗုံးကို ဩစတြေလျနိုင်ငံတွင် စမ်းသပ်ဖောက်ခွဲခဲ့သည်။
- ၁၉၅၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့အနီးတွင် ဗထူးတပ်မြို့ကို ဆောက်လုပ်ပြီးစီးသည်။
- ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာကို စတင်ထုတ်ဝေခဲ့သည်။
- ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ စနစ်သစ်တက္ကသိုလ်များကို စတင်ဖွင့်စည်းခဲ့သည်။

# လမ်းစည်းကမ်းကို လိုက်နာမယ်

တက္ကသိုလ်ဖွန်း



ကျောင်းဆင်း ခေါင်းလောင်းသံကိုကြားလိုက်ရသည်နှင့်တပြိုင်တည်းပင် ကျောင်းသူကျောင်းသားလေးများ စာသင်ခန်းများအတွင်းမှ ပြေးထွက်လာကြသည်။ အိမ်ပြန်ကြရတော့မည်ဖြစ်သဖြင့် ရွှင်မြူးနေကြသည်။

မောင်ဇော်နှင့် မြင့်မြင့်တို့သည် လွယ်အိတ်ကိုယ်စီ လွယ်လျက် ကျောင်းခန်းရှေ့တွင် ရပ်ကာ ဆရာမ ဒေါ်တင်တင်ကို စောင့်နေကြ၏။ မောင်ဇော်နှင့် မြင့်မြင့်တို့ နှစ်ယောက်စလုံး နံ့သာရပ်ကွက်တွင် နေထိုင်ကြ၏။ ဆရာမ ဒေါ်တင်တင်သည်လည်း နံ့သာရပ်ကွက်မှာပင် နေထိုင်သည်။ ထို့ပြင် ဆရာမ၏ အိမ်နှင့် မောင်ဇော့်အိမ်၊ မြင့်မြင့် အိမ်တို့မှာ အိမ်ချင်း နီးကပ်သည်။ နံ့သာရပ်ကွက်မှာ ကျောင်း အနီးမှာပင် ရှိသည်။ သို့ဖြစ်ရာ မောင်ဇော်နှင့် မြင့်မြင့်တို့သည် ကျောင်းတက်ရာတွင်လည်း၊ အိမ်မှကျောင်းသို့ ဆရာမနှင့်အတူ လမ်းလျှောက်လာကြ၏။ ကျောင်းဆင်းချိန်တွင်လည်း၊ အတူလမ်းလျှောက်ပြန်ကြ၏။ ယခုလည်း မောင်ဇော်တို့သည် အိမ်ပြန်ရန် ဆရာမကို စောင့်နေကြသည်။

မကြာမီပင် ကျောင်းအုပ်ကြီး ရုံးခန်းထဲမှ ဆရာမ ထွက်လာပြီး

"လာကြဟော့၊ သွားကြစို့"

မောင်ဇော်နှင့် မြင့်မြင့်တို့သည် ဆရာမ ဒေါ်တင်တင်နှင့် အတူ လမ်းလျှောက်၍ ပြန်လာကြ၏။

လမ်းပေါ်သို့ ရောက်သောအခါ

"လမ်း ဟိုဘက်ကို ကူးပြီး လျှောက်ရအောင်"ဟု မောင်ဇော်က ပြောလိုက်၏။

ဆရာမက

"လမ်းလျှောက်တဲ့ အခါမှာ လူသွားလမ်းပေါ်က လျှောက်တာဟာ ဘေးအကင်းဆုံးပဲကွဲ့။ ဒီနေရာလို လူသွားလမ်းမရှိတဲ့ နေရာမှာတော့ မျက်နှာချင်းဆိုင် လာနေတဲ့ ယာဉ် လမ်းရဲ့ ဘယ်ဖက်မှာ ကပ်နိုင်သမျှ ကပ်ပြီး၊ လျှောက်ရတယ်။ မောင်ဇော်ပြောသလို လမ်းဟိုဘက်ကို ကူးပြီး လျှောက်ယင် ယာဉ်လမ်းကို ကျောပေးထားသလို ဖြစ်နေပြီး နောက်က လာတဲ့ မော်တော်ကားက လူကို ပွတ်တိုက်သွားတတ်တယ်ကွဲ့"

မောင်ဇော်နှင့် မြင့်မြင့်တို့သည် ဆရာမပြောသည်ကို နားထောင်ရင်းဖြည်းဖြည်းလျှောက်လာကြသည်။ မကြာမီ လမ်းဆုံသို့ ရောက်လာကြသည်။ လမ်းဆုံကွင် ယာဉ်ထိန်းရဲများ၊ တပ်ထိန်းများနှင့် အခြားလူကြီးများ စုဝေး၍ မော်တော်ကားများကို ရပ်တန့်စေကာ စစ်ဆေးနေကြ၏။

"အဲဒါ ဘာလုပ်နေတာလဲ ဟင် ဆရာမ"

မြင့်မြင့်က မေးလိုက်သည်။

"အဲဒါက ယာဉ် စည်းကမ်း ထိန်းသိမ်းရေးအတွက် စစ်ဆေး ဆောင်ရွက်နေကြတာပေါ့" ဟု ဆရာမက ဖြေသည်။

"ယာဉ် စည်း ကမ်း ဆို တာ ဘာလဲဟင်"

မောင် ဇော် က မေးပြန် သည်။

"မော်တော်ကား မောင်းတဲ့ သူဟာ အရက် မ မူး ရ ဘူး။ လိုင်စင်မပါပဲ မမောင်းရဘူး။ အရှိန်ပြင်းပြင်း မမောင်းရဘူး။ မီးပွိုင့်မှာ မီးနီကို ဖြတ်မမောင်း ရဘူး။ လမ်းကို ပိတ်ဆို့ပြီး မမောင်းရဘူး စတဲ့ မော်တော် ယာဉ် စည်းကမ်းတွေရှိတယ်ကွဲ့။ မော် တော် ကား မောင်း သူ အများစုဟာ အဲဒီ စည်းကမ်း ချက်တွေကို မလိုက်နာကြလို့ ကားတိုက်မှုတွေ မကြာခဏ ဖြစ် ကြတယ်။ လူတွေ အန္တရာယ် ဖြစ်ရတယ်။ အဲဒီလို အန္တရာယ် မဖြစ်အောင်လို့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်နေကြတာ ကွဲ့" ဟု ဆရာမက ရှင်းပြလိုက် ၏။ ထို့နောက် ဆရာမက ဆက် ပြီး ပြောပြသည်မှာ —

"ယာဉ်တွေက စည်းကမ်း ထိန်းဘို့ လိုသလို ခြေကျင် လျှောက်သူ လူတွေကလဲ စည်း ကမ်း ထိန်းသိမ်းကြဘို့ လိုတယ် ကွဲ့။ လမ်းကို ဖြတ်ကူးယင် မျဉ်း ကျားပေါ်က ကူးရမယ်။ ယာဉ် အသွားအလာရှင်းမှ ကူးရမယ်။ ကလေးတွေ လမ်းကို ဖြတ်ကူး ချင်ယင် မိမိတို့သဘောနဲ့ မကူး ရဘူး။ လူကြီးပါယင် လူကြီးနဲ့ အတူ ဖြတ်ကူး။ လူကြီးမပါယင် ယာဉ်ထိန်းရဲရဲ့အကူအညီနဲ့ ဖြတ် ကူးရမယ်။ နောက်ပြီး ကလေး တွေဟာ လမ်းပေါ်မှာ ဘော် လုံးကန်တာတို့ စွန်လွှတ်တာတို့ မလုပ်ရဘူး စတဲ့ လမ်းစည်းကမ်း တွေလဲရှိသကွဲ့။ ယာဉ်မောင်း သူတွေရော လမ်းလျှောက်သူ တွေပါ သက်ဆိုင်ရာ စည်းကမ်း တွေကို တိတိကျကျ လိုက်နာ ကြပါမှ ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ် ကင်းမှာပေါ့ကွယ်"

မောင်ဇော်နှင့် မြင့်မြင့်တို့ သည် ဆရာမ ဒေါ်တင်တင် ပြောပြသည်များကို သေသေ ချာချာ နားထောင် မှတ်သား နေကြ၏။

မကြာမီ အိမ်သို့ ပြန်ရောက် ကြသည်။ မောင်ဇော်သည် ၎င်း၊ မြင့်မြင့်သည်၎င်း ဆရာမ ပြောပြသည်များကို ပြန်လည် ကြားယောင်နေကြသည်။

"လမ်းစည်းကမ်းကိုလိုက်နာ မယ်"

"မိမိကိုယ်တိုင် လမ်းစည်း ကမ်းကို လိုက်နာခြင်းဖြင့် လမ်း အန္တရာယ်ကင်းရှင်းရေးအတွက် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက် မယ်"

ဤသို့ သူတို့ ဆုံးဖြတ်လိုက် ကြလေသည်။ ။

# အားကိုးလောက်တဲ့ သား

အမေ့သား—အမေ့သား
အာဂလူညိုထွား။

စစ်သားကြီးမို့ သူ့ပုံသွင်
ရင်ကိုကော့လို့ပင်။

စစ်သွေးမာန်ဝင် စိတ်မြင့်မား
သေနတ်လွယ်လို့ထား။

တို့မျှားပိုင်တဲ့ နယ်မြေဝင်
ကျူးကျော်ရန်စလျှင်။
အသက်ကိုပင် မငဲ့အား
မောင်းနှင်ထုတ်မဲ့ အမေ့သား။

မွေးမေ့ချစ်သား သံတ္တိဟာ
သမိုင်းစဉ်ဆက်
ထွန်းပြောင်တာ။

အမိမြန်မာ ကာကွယ်ရေး
အမေ့သားတို့ တာဝန်လေး။ ။

မောင်ကြည်မွန် (မြကန်သာ)



R. 517

# စပယ်ခေါင်ရန်းပန်း



စပယ်အမည် ပါသော်လည်း စပယ်ခေါင်ရန်းသည် စပယ်မျိုးစင် မဟုတ်ချေ။ သို့သော် အလွန်မွှေးကြိုင်သော စပယ်ခေါင်ရန်းပွင့်သည် စပယ်အိုးပုတ်နှင့် ဆင်ဆင်တူသည်။ စပယ်အိုးပုတ် ကဲ့သို့လည်း ဖြူ ဖြူ ဖွေး ဖွေး မဟုတ်။ ပွင့်ချပ်များသည် နီညို နုရောင် သို့မဟုတ် မရမ်းစေ့ရောင် သမ်းနေကြသည်။ ပွင့်ညှာတံကလည်း တိုသည်။ ထို့ပြင် စပယ်အိုးပုတ်ကဲ့သို့ တပွင့်ချင်း မပွင့်။ အဆုပ်လိုက် ပွင့်သည်။ အဆုပ်တဆုပ်တွင် အဖူးအပွင့် တော်တော်များများ ပါရှိတတ်ရာ၊ မိုးနှင့် နွေအခါတွင် အဖူးအပွင့်များဖြင့် ငိုက်ကျနေသော စပယ်ခေါင်ရန်း ပန်းဆုပ်ကြီးများကို တွေ့ရတတ်လေသည်။

စပယ်ခေါင်ရန်းပင်သည် ချုံပင်မျိုးဖြစ်၍ အမြင့် လေးငါးတောင်ခန့် ရှိသည်။ အရွက်သည် ထူ၍ ခေါင် ရန်း ရွက် ကဲ့ သို့ ဘေး အ နား ပတ်လည်တွင် ခွေးသွားစိတ်များ ရှိသည်။ ခေါင်ရန်း ရွက်ထက် ပိုကြီး၍ ဖြက်ကျယ်ဆည်။ ထိပ်ဖျားအနည်းငယ် သာချွန်သည်။ အပင်အနေအထား မလှပမ့်အလေ့ကျပေါက်သော အရိုင်းပင်တမျိုးနှင့် တူသည်။

စပယ်ခေါင်ရန်း၏ မူလ ဇာတိသည် ဂျားဗားကျွန်း ဖြစ်သည်။ ယင်း ဒေ သ မှ အခြားအပူပိုင်း နိုင်ငံများသို့ မျိုးယူစိုက်ပျိုးခဲ့ကြသည်။ စပယ်ခေါင်ရန်းကို စပယ်နွဲ့ဟုလည်း အချို့က ခေါ်ကြသည်။ စပယ်ခေါင်ရန်း အရွက်သည် အဖုအကျိတ် ယောင်ယမ်းခြင်း၊ အနာပိုးတွယ်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်ဟု ဆိုလေသည်။

တင့်တင့်




၃၅ ပြား

ရန်ကုန်မြို့၊ ၁၂၉ - ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍ ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် ) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

၁၃၃၇ ခုတော်သလင်းလဆုတ် ၁၅ ရက် (၄-၁၀-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။






စာအုပ်ဆိုင်ကြီးပွားလာသည်နှင့်အမျှ၊ ကိုခင်အောင်၏စီးပွားရေးမျက်စိသည် လည်းပွင့်သထက်ပွင့်လာသည်။
ငါ့စာအုပ်ဆိုင်ဟာ၊ထင်တာထက်တောင်တိုး တက်မှုရှိတယ်ဗျ။ဒါပေမဲ့ ခုလိုစာအုပ်တွေကို စုံအောင်ထားရုံလုပ် နေတာထက်ပိုပြီး ဖြစ်ထွန်းတိုးတက် ရင်ပိုကောင်း မှာဘဲ၊
ကိုခင်အောင်သည်မကြာမီ အလုပ်မှထွက်လိုက်သည်။
ကိုခင်အောင်ခုလိုကိုယ့်ဒူးကိုယ်ချွန်လုပ်တာ သိပ်ကောင်းပါတယ်။ကြီးပွားပါစေလို့ကျုပ်တို့ ဆုတောင်းပါတယ်ဗျာ။
အားလုံးဘဲသွားပြီဗျို့-
အယ်ဒီတာ
ကိုခင်အောင်သည်စာအုပ် ဆိုင်ကိုရောင်းပစ်လိုက်ပြီး ဈေးထဲတွင်ကုန်စုံဆိုင် တစ်ဆိုင်ဖွင့်လိုက်သည်။
စေတနာကုန်စုံဆိုင်
ကိုခင်အောင်၏ကြိုးစားမှု ကြောင့်ကုန်စုံဆိုင် မှာလည်းဖြစ်ထွန်းကြီးပွား တိုးတက်လာခဲ့သည်။
စေတနာကုန်စုံဆို
ကိုခင်အောင်သည်အားလပ်ချိန်လည်း၊အလုပ်များမှနောက်၊ကြီးပွားရာ ကြီးပွားကြောင်းကိုသာအကြံထုတ်တွေးတောစဉ်းစားနေတတ်သည်။
ငါ့အနေနဲ့ဒီထက်ကြီးပွားအောင် ဘယ်လိုလုပ်ရပါ့မလဲ၊ဟိုရှေ့ကတိုက်ကြီး ပိုင်ရှင်ဟာအခုစက်ရုံပိုင်လေးနဲ့ နေကြာကြာကြောင့်များနေ့ချင်းညချင်း တိုက်ပိုင်ရှင်ကြီးပိုင်ရှင်ကြီး ဖြစ်လာတာပါလိမ့်။








# နဝရတ်ကိုးပါး

သောင်းဇော်
(ဓာတုမှူး)



နဝရတ်ဟူသည် နဝရတန ဟူသော ပါဠိမှလာ၍ ရတနာကိုးပါးဟု အနက် အဓိပ္ပာယ်ရသည်။ ထိုကိုးပါးသော ရတနာတို့သည်ကား စိန်၊ မြ၊ ပတ္တမြား၊ ပုလဲ၊ နီလာ၊ ကြောင်၊ ဥဿဖယား၊ ဂေါမုတ်နှင့် သန္တာတို့ ဖြစ်သည်။

နဝရတ်ကိုးပါးသည် ဂြိုဟ်ကြီးကိုးလုံးကို အခြေပြုကာ ပတ္တမြားကိုအလယ်၊ တနင်္ဂနွေထောင့်မှာသန္တာ၊ တနင်္လာထောင့်မှာ စိန်၊ အင်္ဂါထောင့်မှာ ပုလဲ၊ ဗုဒ္ဓဟူး ထောင့်မှာ ကြောင်၊ ကြာသပတေး ထောင့်မှာ မြ၊ သောကြာထောင့်မှာနီလာ၊ စနေထောင့်မှာ ဂေါမုတ်၊ ရာဟုထောင့်မှာ ဥဿဖယားဟူ၍ အရပ်ဒေသ အသီးသီး၌ နေရာတကျ မြှုပ်နှံ စီခြယ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျောက်မျက် ကိုးပါးဖြင့် စီခြယ်အပ်သော နဝရတ်လက်စွပ်ကို ဝတ်ဆင် ထားသူသည် ဘုန်းတန်ခိုး ကြီးခြင်း၊ အသက် ရှည်ခြင်း၊ မင်္ဂလာကျက်သရေရှိခြင်း၊ ဘေးရန်ကို ဖျက်ဆီးနိုင်ခြင်းများအပြင် အနုပီယဆေး ဖြစ်၍



လူနတ် ချစ်ခင်သည်ဟု ရတနာကျမ်းများ၌ အဆိုရှိသည်။

ရှေးစာဆိုတော်ကြီးများကမူ "အလယ်တွင် ကျောက်ပတ္တမြားရယ်နှင့်၊နောက်ပါးတဲ့ ရှစ်ခွင်မှာ၊ နီလာနှင့်ဥဿဖယား၊ မြသားစိန်၊ တထိန်ထိန် အသရေပြောင်တဲ့ပြင်၊ သန္တာကြောင်နှစ်လီ တွဲပါလို့၊ ပုလဲပြန် ဂေါမုတ်သွင်းရတယ်၊ မင်းထိုက် ကျောက်များ"ဟု နဝရတ်လက်စွပ်ကို သာမန် လူတန်းစားများနှင့်မထိုက်တန်ပဲ မင်းများနှင့်သာ ထိုက်တန်ကြောင်း အမွန်းတင် စပ်ဆို ရေးသား ခဲ့ကြသည်။

မဏိသျှတ္တရ ကျမ်းကမူ ပန်းထိမ်ဆရာများထံအပ်နှံသည့်အခါ ရက်ကောင်း ရက်မြတ်အခါမှာ အပ်နှံ၍ ပန်းထိမ်ဆရာကလည်း ရက်ကောင်း ရက်မြတ်ကို ရွေးကာ ရေမိုးသန့်စင်ဝတ်ကောင်း စားလှများကို ဝတ်ဆင်ပြီးမှ ပိတ်ဖြူသို့မဟုတ် သန့်ရှင်းသော နေရာပေါ်တွင် ကျောက်မျက်များကို အစီအစဉ်အတိုင်းခင်း၍ ဆီမီးဖယောင်းတိုင် များဖြင့် သမာဒေဝ နတ်ကောင်း နတ်မြတ် များကို ကန်တော့ပွဲပေး ပြုလုပ်ရသည်ဟု ညွှန်ကြားသည်။

ဝတ်ဆင်သည့် အခါမှာလည်း ဝတ်ဆင်သူသည် ရက်မြတ်ရာဇာ မင်္ဂလာ အခါကို ရွေး၍ ရတနာသုံးပါး၊ မိဘဆရာသမားနှင့် ဂြိုဟ်ကြီးကိုးလုံးကိုပါ ပူဇော်ကန်တော့ ပြီးမှ မြကို လက်ရင်း စိန်ကို လက်ဖျားထား၍ ဝတ်ဆင်ရသည်ဟု အယူရှိပေသည်။

ထို့ပြင် ပတ္တမြား ဘုန်း တောက်၊ မြကျောက်ချေမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါမုတ်ခွန်အား၊ ဥဿဖယားကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ ဂုဏ်ကိုးဝေ ဟူ၍ နဝရတ်ကိုးပါး၌ ပါဝင်သော ကျောက်မျက်အသီးသီး၏ တန်ခိုးအာနိသင်ကို ဖော်ပြလာ သိရှိရပါသည်။

ရှေးမြန်မာမင်းများကမူ နဝရတ်ကိုးပါးကို လက်စွပ်သာမက အခြား နန်းတွင်းအသုံးအဆောင် ပစ္စည်း အမျိုးမျိုး၌လည်း အသုံးပြုခဲ့ကြလေသည်။


ယာဉ်အန္တရာယ် ကင်းအောင်ကွယ်
ဇာတ်လမ်း-မောင်ကျော်ဇော (စာပေဗိမာန်)
သရုပ်ဖော်- ဖိုးဦး
ကျော်ကျော်နှင့်ဇော်ဝင်းတို့သည် ကျောင်းဆင်းချိန်တွင် အတူထွက်လာကြသည်။
ဒီနေ့မင်းအိမ်ကကား နဲ့မပြန်နဲ့ကွာ ...
ငါတို့လမ်းလျှောက်ပြီး ပြန်ကြရအောင်
မလျှောက်ချင်ပါဘူးကွာ ကားနဲ့ဘဲပြန်တော့မယ်
ကျောင်းပိတ်သော နေ့တနေ့တွင် ဇော်ဝင်း သည် စာအတူကြည့်ရန် ရောက်လာရာ ကျော်ကျော့် အဖေက-
ယာဉ်အန္တရာယ်နဲ့ ကင်းဝေးအောင်လိုက်နာ ရမဲ့စည်းကမ်းတွေ
ပြောပြနေတာကို မောင်ဇော်ဝင်း သိအောင်ပြန်ပြောပြမယ်
ဒါတွေကျနော် သိဖို့မလိုပါဘူး ဦးလေး




စာကြည့်ပြီးသော် ကျော်ကျော်က သူ့အဖေထံ ရုပ်ရှင် ကြည့်ရန် ခွင့်တောင်းပြီး ထွက်သွားကြသည်။






ရုပ်ရှင်အပြီးတွင် ဇော်ဝင်းအိမ်က ကားလာမကြို သဖြင့်

















ဇော်ဝင်းသည် ကားကိုကျောပေး၍ လျှောက်နေစဉ်- နောက်ဖက်မှ ကားတစင်းကပ်မောင်းသွားရာ လွယ်အိတ်ကို ငြိ၍ပါသွားလေသည်။

ရှေ့နားတွင် ကားရပ်သွားပြီး ကားမောင်းသူ ဆင်းလာ၏။





# ကမ္ဘာ့အကြီးဆုံး မော်တော်ကားများ

၁၉၂၇ ခု နှစ်က ထုတ်လုပ်သော ဂိုးဒင်း ဘူကတီ အမည်ရှိ ကားသည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ ယင်းကားမျိုး ခြောက်စီး မျှသာ ထုတ်လုပ်ခဲ့သည်။ ကားအမျိုးအစားမှာ ရှိုင်း ပုံစံ ၄၁ အမျိုးအစား ဖြစ်သည်။ ကား အရှည် ၂၂ ပေ ရှိပြီး စက်ခေါင်းဖုံး တခုတည်း ကပင် ခုနစ်ပေရှိသည်။ ဆလင်ဒါ ရှစ်လုံးပါ အင်ဂျင် တပ်ဆင်ထားသည်။ ယခုအခါ ထိုကား မျိုး ခြောက်စီးအနက် အချို့သာ ကျန်တော့ သည်။

ထို မော်တော်ကားထက် ရှည်လျားသော် လည်း မောင်းနှင် အသုံးပြုခြင်း မပြုလုပ်ခဲ့သည့် ကားတမျိုးလည်း ရှိသေးသည်။ ၂၂ ပေနှင့် ၅နံ့ လက်မ ရှည်လျားပြီး တံခါးရှစ်ပေါက် ပါ သည်။ ၁၉၆၅ ခုနှစ် ဇူလိုင်လက မစ်ချီဂန်ပြည် နယ် ကလာမာဇူး ကော်ပိုရေးရှင်းက ယင်း မော်တော်ကားကို ထုတ်လုပ်ခဲ့သည်။

အောင်သန်းချစ်။


# ဤတပတ်မှာ ဟိုရှေးခါ

အောက်တိုဘာ ၄—၁၀

- ၁၈၃၀ ပြည့်နှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် လွတ်လပ်သော ဘယ်လဂျီယံ ဘုရင့် နိုင်ငံကို တည်ထောင်ခဲ့သည်။
- ၁၈၈၈ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီတော်မှ ငှက်မြတ် နား မြေခဲ့သည်။
- ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကမ္ဘာ့ကွန်မြူနစ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။
- ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ရုရှနိုင်ငံက ကမ္ဘာ့ပထမဆုံး ဂြိုဟ်တုကို ပစ်လွှတ်ခဲ့သည်။

# ထီးစုတ်

ကိုချစ်မြိုင်း (သံတွဲ)



"ထီးစုတ် ထီးဟောင်းများ ဝယ်တယ်"

ကျွန်တော်သည် လမ်းမမှ အော်သွားသံကို မျှော်ကြည့်မိ၏။ ကျွန်တော့်အရွယ်လောက်ပင် ရှိမည့် ကောင်လေးသည် ထီး စုတ် သုံး လေး ချောင်း ကို ထမ်းထား၏။ အဝတ်အစားများကလည်း နွမ်းညစ်နေပါသည်။ ကျွန်တော်သည် အစအနောက်၌ ဝါသနာပါသည်။

ခုလည်းထီးစုတ်ထီးဟောင်းဝယ်သော ကောင်လေး ကို နောက်ရအောင် ခြံဝင်းနားသို့ ပြေးကပ်လိုက်ပါသည်။

"ထီးစုတ်ထီးဟောင်း ဝယ်တယ်"

သူ အသံဆုံးလျှင် ကျွန်တော်က -

"ထီးစုတ်ပလုပ် ဝုတ် ဝုတ်၊ ထီးစုတ်ပလုပ် ဝုတ် ဝုတ်"ဟူ၍ နောက်လိုက်ပါသည်။

ကောင်လေး သည် ကျွန်တော့်ကို လှည့်ကြည့်ပြီး အော်မြဲ အော်သွားပါသည်။ ကျွန်တော့် နောက်ပြောင်မှုကို မတုံ့ပြန် သဖြင့် မကျေမနပ် ဖြစ်မိသည်။ ကောင်လေး ကျွန်တော်တို့ လမ်းထဲ ထီးစုတ်လာဝယ်တိုင်း နောက် ပြောင် ပါသည်။ ကောင်လေးကဘာမှပြန်မပြောပါ။ ဘာမှ မဖြစ်သလိုနှင့် လျှောက်သွားတတ် ပါသည်။ ကျွန်တော်သာ မကျေမနပ် ဖြစ်ကျန်ရစ်ပါသည်။

ကျောင်း ဖွင့် တော့ ကျွန်တော် ငါးတန်းတက်ရပါသည်။ ကျွန်တော်တို့ အိမ်နှင့်ကျောင်း အ တော် လေး လှမ်း သဖြင့် အသွားအလာ ခက်ခဲပါသည်။ ခုလို မိုးတွင်းတွင် ပို၍စိတ်ညစ်ရပါသည်။

သည်နေ့ ကျောင်း ဆင်း တော့ မိုးနှင့် လေနှင့် တိုက်လာသည်။ ကျွန်တော့် ထီးသည် အုံရင်းမှလန်သွားပါသည်။ ချုပ်ရိုးများ စုတ်ပြဲပြီး ကိုင်းနှစ်ချောင်း ကျိုးသွား သဖြင့် ဆောင်း၍ မရတော့ပါ။

ကျွန်တော်စိုးရိမ်လာသည်။ အိမ်က ထီးလာမပို့လျှင် ကျွန်တော်မပြန်နိုင်တော့ပါ။ ထီးကြုံဆောင်းဘို့ကလည်း ကျွန်တော်တို့ လမ်းထဲက ကျွန်တော် တယောက်သာလျှင် ရှိသည်။ ကျွန်တော့်လို မိုးခိုနေသူ တယောက် နှစ်ယောက်သာ ရှိတော့၏။ ကျွန်တော်သည် ဝမ်းနည်း အားငယ်လာပါသည်။ မျက်ရည်မကျမိအောင် မနည်းထိန်းထားရပါသည်။

"ဟေ့-နင့်ထီး မရှိဘူးလား"

ကျွန်တော့်ရှေ့တွင် ထီးပိတ်ပြီး ဝင်လာသော ကောင်လေးကို ကြည့်၍အံ့သြသွားပါသည်။ ကောင်လေးသည် ကျွန်တော့်ကို မှတ်မိပုံ ရပါသည်။ သူကား ထီးစုတ်ပလုပ်ဝုတ်ဝုတ် ကောင်လေး ဖြစ်သည်။

"ရှိတယ်- ဆိုင်မှာအပ်ထားလို့"

"ဟုတ်လား၊ ဒီလိုဆို ငါ လိုက်ပို့ပေးမယ်"

ကျွန်တော်သည် ကောင်

လေးကို စိုက်၍ ကြည့်နေမိ၏။ ကျွန်တော့်ကို နောက်နေခြင်း မဟုတ်ပါ။ အမှန်တကယ် ကူညီလိုသောဆန္ဒနှင့် ခေါ်နေခြင်း ဖြစ်ပါသည်။

"နင်တို့အိမ် ငါ သိပါတယ်ကွ၊ ငါလိုက်ပို့ပေးမယ်"

"အေးကွာ ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးကွာ၊ ကျေးဇူး တင်မယ့်တင် ဒီထီးဟောင်းလေးကို တင်ရမှာ၊ ဒီထီးကျေးဇူးကြောင့် ငါကျောင်းတက်နေရတာ"

"ဟုတ်လား၊ နင်ကျောင်းလဲတက်တယ်နော်"

"အေး–နေ့တုန်းက ငါထီးစုတ်တွေ လိုက်ဝယ်တော့–ဒီထီးလေးတချောင်း ငါ့အတွက် အမြတ်ကျန်တယ်"

"အေးကွာ၊ နင်ငါ့ကို မှတ်မိတယ်နော်၊ နင့်ကိုငါတောင်းပန်ပါတယ်–စိတ်မဆိုးနဲ့နော်"

"ငါ စိတ်မဆိုးတတ် ပါဘူးကွာ၊ ငါ့အကြောင်းသိရင် ဘယ်နောက်မှာလဲ"

"ဘာအကြောင်းလဲဟင်"

"ငါ့အကြောင်းကတော့ စုံနေတာပဲကွ၊ ငါ့မှာ အမေ မရှိတော့ဘူး၊ အဖေက ဈေးထဲမှာ ထီးပြင်တယ်၊ ခု အဖေ့ကို ဆိုင်ကူသိမ်းဘို့ သွားတုန်း နင့်ကိုတွေ့တာပေါ့၊ ဒါနဲ့ နေ့က ထီးလိုက်ဝယ်တော့ ကျောင်းစရိတ်လဲရ၊ ခုလို ထီးလဲဆောင်းရတာပေါ့၊ ငါတို့က ဆင်းရဲတယ်ကွာ၊ ဟိုတုန်းကသူငယ်ချင်းတွေငါ့ကို နောက်ကြတယ်၊ ငါ့အကြောင်းသိတော့ ဘယ်သူမှ မနောက်တော့ဘူး"

"နင့်ကိုငါခင်တယ်ကွာ၊ ငါ့မှာ ဗလာစာအုပ်တွေ အပိုရှိတယ်၊ နင့်ကို လက်ဆောင်ပေးမယ်နော်၊ နင့်နာမည် ဘယ်လိုခေါ်လဲဟင်"

"ညွန့်မင်း"

"နင်တို့ကျောင်းကဘယ်မှာလဲ၊ နင်လဲငါးတန်းပဲလား"

"ဒီနှစ်ငါ ခြောက်တန်းတက်ရတယ်ကွ၊တို့ကျောင်းကအမှတ်တစ်လေ"

ကျွန်တော်တို့ လမ်းထိပ်အရောက်တွင် မိုးစဲသွားပါသည်။ ညွန့်မင်းကို နှုတ်ဆက်ပြီး ထွက်ခဲ့ပါသည်။ မနက်ဖြန် မုန့်စားကျောင်းလွှတ်ချိန်တွင် ညွန့်မင်းကို စာအုပ်သွားပေးမည်ဟု ဆုံးဖြတ် လိုက်သည်။ ကျွန်တော် နေသော အမှတ်နှစ် ကျောင်းနှင့် ညွန့်မင်း နေသော အမှတ်တစ် ကျောင်းကား မဝေးလှပါ။ ၁၀ မိနစ်ခန့် လျှောက်သွားလျှင် ရောက်ပါသည်။

အိမ်ရောက်လျှင် အဖေ့အား ညွန့်မင်းအကြောင်း ပြောပြရပါမည်။နောက်ပြောင်ခြင်းကိုစိတ်မဆိုးပဲ ကူညီတတ်သော ညွန့်မင်းကို လေးစား မိပါသည်။ ညွန့်မင်း၏လုပ်အားနှင့် ရထားသော အသုံးဝင်လှန်းသည့် ထီးဟောင်းလေးကို ကျွန်တော် သတိရနေမည်သာ။ ။

# ဗိုလ်ကျောင်းသား

နေ့စဉ်မှန်မှန် ကျောင်းကိုတက်
သင်စာ ဘယ်မခက်။

ချက်ကျလက်ကျ ဆရာသင်
မှတ်သား နားစိုက်ဝင်။

ကျောင်းဆင်းလိုက်လျှင်
ပြေးခုန်လွှား
လေ့ကျင့် အားကစား။

မိဘများကို ကူညီညာ
တတ်နိုင်သမျှပါ။

ရောဂါကင်းဝေးအောင် သန့်ရှင်းဘို့
နေ့တိုင်း ရေချိုးဖို့။

စာကျက်ပြီးလို့ အိပ်ရာဝင်
စောစော ထကာပင်။

လန်းလန်း ရွှင်ရွှင်
ကျောင်းကိုသွား
ဒါမှ ဗိုလ်ကျောင်းသား။ ။

နန်းသိရီ (သာလွန်)





# စလပ်ပန်း

## စိုင်ပန်းစုံ



မိုးရာသီကျ ရောက် လာ သည်နှင့် ဆွတ် ဆွတ် ဖြူသော စလပ်ပန်းများ ပင်လုံးကျွတ် ဖူးပွင့် နေသည်ကို တွေ့ကြရ လေသည်။ ရနံ့မှာ သင်းသင်း ကလေးမျှသာ ဖြစ်ရာ၊ ညနေ ပိုင်းတွင်မှ ပို၍ သင်းပျံ့ လေ သည်။ စလပ်ကြီး၊ စလပ် သိန်၊ တောစလပ်၊စလပ်စကြာ စသဖြင့် အမျိုးမျိုးရှိသည်။

စ လပ် ကြီး ပင် သည် ခြောက်ပေ ကျော်ခန့် အထိ မြင့်သည်။ အကိုင်း အခက် များ၏ထိပ်ဖျားမှ အဖူးအပွင့် များ ထွက်သည်။ အပွင့်၏ အချင်းမှာ တလက်မ ခွဲခန့် ရှိ၍ ပွင့်ချပ် များသည် ဖ ယောင်းသားကဲ့သို့ ချောမွတ် ပြီး အသား အနည်းငယ် ထူ သည်။ အနားတွန့်သော ပွင့် ချပ်များသည် အထပ်များ၍ ဇီဇဝါပွင့်နှင့်ဆင်သည်။ ပွင့်တံ သည် တလက်မခန့် ရှည်၍ အဝါရောင် ဖျော့ ဖြစ်သည်။

စလပ်သိန်၊ တောစလပ် နှင့် စလပ်စကြာ တို့သည် တထပ်ချင်း ဖြစ်၍ စလပ်ကြီး လောက် အပွင့် မကြီးပေ။ စလပ်စကြာ၏ ထူးခြားချက် မှာ ပွင့်ချပ် တို့သည် စကြာ ပုံသဏ္ဌာန်ရှိ၍၊ တနှစ်ပတ်လုံး ဖူးပွင့်ခြင်း ဖြစ်သည်။ စလပ် ပန်းများသည် နွမ်းလွယ်ခြင်း မရှိသဖြင့် ပန်းစေတီပုံသဏ္ဌာန် အမျိုးမျိုးပြုလုပ်၍ ဘုရားအစ ရှိသည်တို့ကို လှူဒါန်း ပူဇော် ကြသည်။



စလပ် ရွက် များ သည် အဖျားချွန်၍ တနှစ်ပတ်လုံး စိမ်းစို ပြောင်လက် နေကြ သည်။ စလပ်ကြီး ပင်သည် အိန္ဒိယနှင့်မလေး ကျွန်းဆွယ်၌ မူလ ပေါက်ရောက် ခဲ့သည်။ စလပ်ကြီး၏အကိုင်းဖြတ်များ မှထွက်သော နို့ကဲ့သို့ အရည် တွင် ကော်တမျိုး ပါသည်ဟု ဆိုသည်။

**တင့်တင့်**

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၁။

# ရွှေသွေး ဂျာနယ်

# ကျော်ကျော်နှင့်ဇော်ဇော်


ပန်းချီ - ဦးတကြည်
ဇာတ်လမ်း - တင့်ထားဆွေ

၁၃၃၇ခု၊ သီတင်းကျွတ် လဆန်း ၇ ရက် (၁၁-၁၀-၇၅)












စနေနေ့တိုင်း ထုတ်ဝေသည်။


ဖော်ဖော် ကတော့ အဖေမရှိတော့ သဖြင့်
မုဆိုးမ မိခင်ကြီးဆိုင်တွင်
ဈေးကူရောင်းပြီးမှ ကျောင်းသွားရ၍-
ကျောင်းဆက်ခါနီးမှသာ ရောက်လေ့ရှိ၏။
ဂလိုင်....ဂလင်......ဂလောင်....
ဂလိုင်....ဂလင်....ဂလောင်...
ဖော်ဖော်သည် ဆင်းရဲသော်လည်း သူတပါး
ကို ကူညီလိုစိတ်ရှိသည်။
ကျော်ကျော်မှာမူ ကူညီလိုစိတ်လည်းမရှိ-
စာကျက်စာသင်ဘို့ထက် ကစားဖက်တွင်သာ
ပို၍ စိတ်ဝင်စားလေသည်။



ကျော်ကျော်သည် ကျောင်းသို့ စော
ဝင်ခေါ်သွားလိုသောကြောင့်-
အဖေါ်ရအောင် - ဇော်ဇော်ကို ဝင် လို့ခေါ် ခေါ်သွားရင် ရမှာဘဲ
စောစောစီးစီးဇော်ဇော့်ဆိုင်ရောက်လာပြီး
ဟေ့ ဇော်ဇော် - ကျောင်း သွားရအောင် ကွ။ မနေ့က ဆရာက စာအသို့ သင်ပေးမယ် - စောစောလာ လို့ မှာလိုက်တယ် ဟုတ်လား ကွ။
မိခင်ကြီးက ကြားလိုက်လျှင် စိတ်ပူမိ၍ - .
ငါ့သားလေးတော့ စာတွေ နောက်ကျနေရှာ တော့မှာဘဲ.......
သွား တော့လေ ။ အမေ ရှိပါတယ်။ နောက်ကျလို့ - ငါ့သား စာတွေ နောက်ကျနေပါအုံး မယ် ။ သွား သွား ။ ကျော်ကျော်နဲ့ အတူတူ လိုက်သွားလေ
ဇော်ဇော်သည် လွယ်အိတ်ကလေး ဆွဲပြီး ကျော်ကျော်နှင့် လိုက်ရန် ထွက်လာ၏။


ကျော်ကျော်သည် သူ့ညာဥ်အတိုင်း ကျောင်းသို့ ဇော်ဇော်ထက် အရင် ရောက်လိုသောကြောင့် ဇော်ဇော်ရှေ့မှ ပြေးသွားလေသည်။
ဒီမှာ ကျော်ကျော်
အေး ဘာလဲ
ရှေ့တည့်တည့်မှ စာအုပ်သယ်လာသော လူကြီးကို သူမတွေ့ချေ။
လှည့်ကြည့်လှည့်ကြည့်ဖြင့် တရှိန်ထိုး ခပ်သွက်သွက် ပြေးလာရင်း-
ခစ်ခစ်
ခစ်ခစ်
ထိုလူကြီးကို ဝင်တိုက်မိလေတော့၏။
ဒွတ်
ဟဲ့ဟဲ့
ဟော့ခလေး
နေအုံး
မည်သို့ပင်လှမ်းခေါ်သော်လည်း ကျော်ကျော်သည် နောက်သို့ပြန်မကြည့်ဘဲ စွတ်ပြေးသွားလေတော့သည်။


ထိုခဏ၌ ဇော်ဇော်သည် လူကြီးနား ရောက်လာပြီး ပြန့်ကျဲနေသောစာအုပ်များကို ဝိုင်းကူကောက်ပေးနေလေသည်။
စာအုပ်များ စုံစုံလင်လင်စုပုံပြီးသော် -
ဘဘ - က ဘယ်သွားမှာလဲ
ဒီနားတင် သွားမှာပါ။ မင်းကကော - ဘယ်ကျောင်းကလဲ ကွဲ၊ ဘယ်နှစ်တန်း ရောက်ပြီလဲ။
ကျနော် - ဟိုကျောင်းကပါ။ တတိယ တန်းပါ။
ဘဘ အိမ် မဝေးရင် ကျနော် ဝိုင်းကူ ပို့ပေးမယ်လေ။
ကိစ္စမရှိပါဘူး ခလေးရယ်.... မင်း-ကျောင်းတက်ဖို့ နောက်ကျနေပါ့မယ် ဘာဖါသာ ဘဘ သယ်သွားလို့ ရပါတယ်...
ကျောင်းတက်ဖို့ အချိန် လိုပါသေးတယ် ဘဘ....... ကျနော် လိုက်ပို့ပါ့မယ်..... ရပါတယ်....
ဤသို့ဆိုပြီး ထိုလူကြီးကို လိုက်ပို့ရာ စကားတပြောပြောနှင့် ရောက်သွားကြ၏။


ဇော်ဇော် ကျောင်းသို့ ပြန်ရောက်သော အခါ ကျော်ကျော်သည် သူငယ်ချင်းများနှင့် ဆူညံစွာ ဆော့နေသည်ကို တွေ့ရ၏။
သုံးရက်ခန့် ကြာလျှင် အထ ဆရာသည် လူတယောက်နှင့် အတူ ထဲသို့ ဝင်လာလေသည်။
မင်္ဂလာပါ ဆရာ.....
ဆရာက ထိုလူအား မိတ်ဆက်ပေး၏။
တပည့်တို့ ... ဒါကတော့ ... ဆရာတို့ ကျောင်းကို ပြောင်းလာတဲ့ ကျောင်းအုပ် ဆရာကြီး တဲ့ကွဲ .....
ကျော်ကျော်သည် ကျော အ သစ်ကိုမြင်လျှင် များစွာ
တနေ့က သူဝင်တိုက်မိခဲ့သော လူကြီးပင် ဖြစ်နေသောကြောင့်ဖြစ်သည်။
ဆရာကြီးက ကျောင်းသား စီ ကြည့်နေသည်။


ကျော်ကျော်ကို မမှတ်မိသော်လည်း
ဇော်ဇော်ကိုတော့ မှတ်မိလေသည်။
ထိုအခါ ဆရာကြီးက ကျောင်းသားများအား-
ဟုတ်ပါတယ် ခင်ဗျာ
အတန်းပိုင်ဆရာနှင့် တပည့်များက ဇော်ဇော်ကို ချီးကျူးဩဘာပေးကြစဉ် -
ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း
ကျော်ကျော်တယောက်မှာ မူကား နောင်တရပြီး ခေါင်းကြီးငုံ့ကာနေသည်ကို တွေ့ရလေတော့သည်။





ကိုယ်ခန္ဓာသန့်ရှင်းမှုပြုလုပ်ရာ၌ ဆပ်ပြာသည် အရေးကြီးဆုံး ပစ္စည်းတခု ဖြစ်သည်။ လူ၏ ခန္ဓာကိုယ်ပေါ်သို့ ဆပ်ပြာနှင့် ပွတ်တိုက်လိုက်သောအခါ ဖုန်မှုန့်နှင့် အညစ်အကြေးတို့မှာ ဆပ်ပြာမြှုပ်များထဲတွင် ကပ်ငြိပေါင်းစပ်ခြင်းဖြင့် စင်ကြယ်သွား၏။

အေဒီ ပထမရာစုနှစ်အတွင်း ရောမပညာရှိကြီး ပလင်နီ ရေးသားချက်အရ၊ ပထမဆုံး ပြုလုပ်ခဲ့သည့် ဆပ်ပြာမှာ ဆိတ်အဆီနှင့် ကော့စတစ်ဓာတ်ပါသော သစ်သားမှရသည့် ပြာကို ရောနှော၍ ကျိုချက်ယူသော ဆပ်ပြာ ဖြစ်သည်ဟုဆိုသည်။ ဆပ်ပြာ လုပ်ငန်းသည် ၁၃ ရာစုနှင့် ၁၄ ရာစုတို့တွင် အီတလီနှင့် ဂျာမနီပြည်တို့မှပြင်သစ်နှင့် အင်္ဂလန်ပြည်များသို့ ပြန့်ပွားသွား၏။

ဆပ်ပြာသည် ဖက်တီးအက်ဆစ် အချို့မှ ဖြစ်သော သတ္တုဓာတ်ဆားဖြစ်သည်။ ယင်းဓာတ်ဆားများသည် သန့်ရှင်းစေတတ်သော





သတ္တုရှိပြီး၊ ရေထဲသို့ ပျော်ဝင်နိုင်၏။

ဆပ်ပြာကို ကျိုချက်ရာ၌ အထပ်ထပ် ဆူပွက်နေအောင် ကျိုထားပြီးနောက် အအေးခံရသည်။ ထိုနောက် ဆပ်ပြာကို ကရတ်ချာခေါ် စက်သို့ ပို့၍ လိုအပ်သည့် အမွှေးအနံ့များ၊ အရောင်တင်ဆေးများစသည် တို့ကို ထည့်ပေးရသည်။ ကရတ်ချာ၏ အလယ်အူတိုင်တွင် တပ်ဆင်ထားသော ဒလက်များကလည်း ဆပ်ပြာကို ချောမွတ်လာသည်အထိ မွှေပေးရ၏။

ထိုနောက် ပုံစံခွက်ကြီးများထဲတွင် ထည့်ကာ အခြောက်ခံထားရသည်။ မာလာသော အခါ အရွယ် အမျိုးမျိုး ဖြတ်ယူနိုင်၏။

ဆပ်ပြာမွှေးချက်သောအခါ ကရတ်ချာသို့ မပို့ပဲ၊တိုက်ရိုက်အခြောက်ခံပြီး ကြိတ်စက်ရုံသို့ ပို့ပေးရသည်။ ထိုစက်တွင် အဖတ်ငယ် ကလေးများ ဖြစ်လာသည် အထိ ကြိတ်ပြီး၊ အမွှေးအနံ့များ အရောင်တင် ဆေးများနှင့် ရောနှောပေးရသည်။ ထိုနောက် ဒလိမ့်တုံးများ ထဲ၌ ထည့်ကြိတ်ခြင်းအားဖြင့် ဆပ်ပြာထဲ၌ ပျံ့နှံ့သွား၏။ နောက်ဆုံးကြိတ်စက်မှ ထွက်လာသောဆပ်ပြာကို ပုံစံခွက်၌သွင်း၍ လိုအပ်သည့်ပုံစံများ လုပ်ရသည်။


အချို့က အဆန်းထွင်၍ အလင်းပေါက် ဆပ်ပြာကို ပြုလုပ်ကြသည်။ ထိုဆပ်ပြာမျိုးကို အအေးနည်းဖြင့် ချက်လုပ်ရ၏။ ရိုးရိုးဆပ်ပြာတွင် အရက်ပြန်ထည့်ပြီး ယင်းကို ပေါင်းချွေးခံ၍ ထုတ်ပစ်ခြင်းအားဖြင့် အလင်းပေါက်ဆပ်ပြာကို ရနိုင်သည်။








မိုးရွာနေချိန်
တိုးတိုး ပါဝင် သည်
မိုးအုံ့သော နေ့တနေ့တွင် တိုးတိုး ကျောင်း တက်ရမှာ ပျင်းနေသည်။
အင်း ! ကျောင်း မတက်ရအောင် မေမေ့ ကိုပြောမှ -
မိုးသိပ်ရွာနေရင်လဲ မသွားနဲ့ပေါ့-
ဟုတ်ကဲ့
တိုးတိုးအလွန်ပျော်၍သွား၏။
ဟေး ဟုတ်ပြီ


ထို့ကြောင့် ပြတင်းပေါက်အနီး သွား၍ ဆုတောင်းနေ၏။
မိုးရယ်-သဲသဲ မဲမဲရွာချ လိုက်စမ်းပါ-
တိုးတိုး ဆုတောင်းပြည့်သည်ထင်၏။ မကြာမီ ပင် မိုးသည် သဲသဲမဲမဲရွာလာ၏။
ဟုတ်ပြီ-ဟုတ်ပြီ- ကျောင်းသွားခါ နီးဆဲရွာချလိုက် စမ်းပါ-
အဲဒီပုဂ္ဂိုလ်ကလေးဟာ ဘယ်သူပါလိမ့်
ဪ-သတင်းစာပို့တဲ့ ဖိုးထောင်ဘဲ-
ထို့နောက်
ဟာ ဦးသိန်းကလဲ မိုးရွာကြီးထဲ လာဖို့ရှိသလား


မင့်အမေ ခိုင်းလိုက်တုန်းကတော့မိုး မရွာဘူးပေါ့-လမ်းကျမှ ရွာတာ-ဒါပေမဲ့ ဒီပစ္စည်းတွေ အစောကြီး ပို့ရမယ်ဆိုတဲ့ တာဝန်ကရှိ တယ်မှတ်လား
ထို့နောက်-
ဟော့ ညီလေးတော်ခါမပိတ် ရုံးအိုးမင်းတို့ အိမ်အတွက် စာပါတယ်ကွ-
ဟင်-အကိုကမိုးဒါလောက်ရွာနေတာ နားမနေဘူးလား
အလုပ်ဟာအလုပ်ဘဲ ညီလေး- နေပူတယ် မိုးရွာတယ် ရွေးနေလို့ မရဘူး-ဒါမှ တာဝန်ကျေတဲ့လူဖြစ် မယ်-
တာဝန်ကျေတဲ့လူ တာဝန်ကျေတဲ့လူ ဟင် သူများတွေက မိုးရွာနေချိန်မှာ သူ့တာဝန်သူကျေမှ နေတယ် ငါက...
? ? ?
တိုးတိုးသဘောပေါက်သွားချေပြီ။ ထို့ကြောင့် သူ့တာဝန်ဖြစ်သော ကျောင်းသွားရန်ကို ပြင်ဆင်၍ ကျောင်းတက်ရန် အိမ်မှ ထွက်လိုက်လေသည်။
ပြီး

# အကြီးဆုံးဂြိုဟ်



ဤစကြာဝဠာတွင် ဂြိုဟ်ကိုးလုံး ရှိသည့် အနက် ဂျူပီတာသည် အကြီးဆုံးဖြစ်သည်။ ယင်းဂြိုဟ်သည် လွန်ခဲ့သည့်နှစ်ပေါင်း တသန်း ငါးထောင် ခန့်ကပင် စတင်ခဲ့သည်။ အရှေ့နှင့် အနောက် ၈၈၂၉၈ မိုင်ကျယ်ပြီး တောင်နှင့် မြောက် ၈၂၇၉၀ မိုင် ရှည်လျားသည်။ ကမ္ဘာ ထက် အလေးချိန် ၃၃၈.၅၄ ဆမျှကြီးမားပြီး ထုထယ်အားဖြင့် ၁၃၁၃ ဆရှိသည်။

ဂျူပီတာ၏ မျက်နှာပြင်သည် ကမ္ဘာ့ မျက်နှာပြင်ကဲ့သို့ မာကြောနေသည့် အစိုင် အခဲ မဟုတ်။ အရည်နှင့် ဓာတ်ငွေ့များသာ ဖုံးလွှမ်းလျက်ရှိသည်။ ဟိုက်ဒရိုဂျင် ဓာတ်ငွေ့ ဟီလီယမ်ဓာတ်ငွေ့၊ ရေခဲနှင့် အမိုးနီးယား ပါသော တိမ်ထုကြီးက မိုင် ၆၀၀ ခန့် ဖုံးအုပ် ထားသေးသည်။ ဂြိုဟ်တခုလုံး၏ ကျန်အစိတ် အပိုင်းများကိုမူ ဟိုက်ဒရိုဂျင် အရည့်တို့က သာ လွှမ်းလျက်ရှိသည်။ အစိုင်အခဲဆို၍ သံ ပါမည်ဟု ထင်ရသော ကျောက်အနည်းငယ် ကိုသာ တွေ့ရ၏။

ဂုင်းဂြိုဟ်ပေါ်တွင် ထာဝစဉ် လေ ပြင်း ပြင်း ထန်ထန် တိုက်ခတ်လျက်ရှိ၏။ လေ သည် တနာရီမိုင် ၃၀၀ နှုန်းခန့်ထိ ပြင်းထန် သည်။ ထို့ပြင် ထာဝစဉ် မိုးကြိုးပစ်လျက် ရှိပြီး လျှပ်စီး အမြဲလက်နေလေ့ ရှိသည်။ သက်ရှိများကို ဂုင်းဂြိုဟ်တွင်မတွေ့ရ။ သက်ရှိ များ နေထိုင်ရန် အလွန်ခက်ခဲသည့် ဂြိုဟ်ပင် ဖြစ်သည်။

အောင်သန်းချစ်

# ဤတပတ်မှာ ဟိုရှေးခါ

အောက်တိုဘာ ၁၁ - ၁၇

- ၁၄၉၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကိုလံဘတ်သည် အမေရိကတိုက်ကို ရှာဖွေ တွေ့ရှိခဲ့သည်။
- ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ရွမ်းမဲကွယ်လွန်ခဲ့ သည်။
- ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း အမှုးပြုသည့် အာဇာနည်ကြီး များအား လုပ်ကြံသော တရားခံများကို စတင်စစ်ဆေးခဲ့သည်။
- ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဘီ-အေ-အေ ကစားကွင်းကို "အောင်ဆန်း အားကစား ကွင်း" ဟု အမည်ပြောင်းခဲ့သည်။
- ၁၉၆၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ အင်းလျားကန် ဟော်တယ်ကို စတင်ဖွင့်လှစ် ခဲ့သည်။




ချင်းတွင်း မြစ်ရေပြင်သည် ညီညာ မွဲ့ပျူးလျက် ရှိသည်။ လေကလည်း သာယာ ညှင်းပျောင်းစွာဖြင့် တိုက်ခတ်လျက် ရှိသည်။ မြစ်တွင်း၌ လှိုင်းမရှိ၊ လှိုင်းကြက်ခွပ် ကလေးများပင် ထည်းမရှိ။ "မြစ်ကျွင်းသင်ဖျူးခင်း" ဟုဆိုစကားရှိသည်မဟုတ်ပါလား။

ဒီကနေ့ ကျွန်တော်တို့ ရွာတွင် လှေပြိုင်ပွဲ ရှိသည်။

ကျွန်တော်တို့ ရွာ၏ အမည်မှာ ဓနုဒြာဘင်ပင် ဖြစ်ပါသည်။ ရွာသည် ချင်းတွင်း မြစ်ကမ်းနဖူး ပေါ်တွင် တည်ရှိသည်။ ရွာသူ ရွာသား အများစု၏ အဓိက လုပ်ငန်းမှာ တံငါ လုပ်ကိုင်ခြင်း၊ သမ္ဗန် ခတ်ခြင်းနှင့် မြစ်သိတွင် ထင်းဆယ်ခြင်း တို့သာ ဖြစ်သည်။ ထို့ကြောင့် ရွာသူ ရွာသား အများစုသည် ကလေး လူကြီး မကျန် ရေ၌ ကျွမ်းကျင်ကြသည်။ လှေလှော် လှေခတ်ကို ကောင်းစွာ တတ်ကျွမ်းကြသည်။

ယနေ့ရွာ၌ လှေပြိုင်ပွဲပြုလုပ်မည်ကို လွန်ခဲ့သောတလခန့်ကပင် ကြိုတင်၍ ကြေညာထားသည်။ ပြိုင်မည့် လှေသင်းနှစ်သင်းမှာ အရှေ့ရပ်မှကိုဘမောင် ခေါင်းဆောင်သော မိုးရိပ်လှေသင်းနှင့် ရွာအနောက်ပိုင်းမှ ကိုကြာညိုခေါင်းဆောင်သောတိမ်ထိုးလှေသင်းတို့ ဖြစ်ပါသည်။ ထိုအသင်းနှစ်သင်းတို့သည် လွန်ခဲ့သော တလခန့်ကတည်းကပင် တက်ရေးလှေကျင့်ကြ၊ ကောင်းသထက် ကောင်းသော လှေလှော်သား များကို ရွေးချယ်ကြနှင့်လုံးပန်းနေခဲ့ကြပါသည်။

အရှေ့ရပ်မှ လှေသင်းက သူတို့ အနိုင် ရရမည်ဟု ဆိုသလို အနောက်ပိုင်းမှ လှေသင်း ကလည်း သူတို့ အနိုင်ရရမည်ဟု ဆိုပါသည်။ ဘယ်သူ ဘာပြောပြော ဒီကနေ့တော့ အနိုင်အရှုံးကို အထင် အရှား ဆုံးဖြတ်ရတော့မည် ဖြစ်ပါသည်။

ကျွန်တော်တို့ ကလေး တသိုက်သည် မနက် စောစောကတည်းကပင် မြစ်ဆိပ်သို့ ရောက်နေကြပါသည်။ မြစ်ကမ်းနဖူးတွင် လူအုပ်ကြီးမှာ ဖွေးဖွေးလှုပ်နေပါသည်။ အခြား အနီးအနားရွာများမှ လူများလည်း လှေပွဲကို လာရောက် ကြည့်ရှုကြပါသည်။

အလောင်း အစား ဝါသနာပါသူတို့မှာ ဟိုနားတစု၊ ဒီနားတစုနှင့် တိုးတိုး ကြိတ်ကြိတ် အလောင်းအစား လုပ်နေကြပါသည်။ ပြိုင်ပွဲဝင်မည့် လှေနှစ်စင်းမှာမူ မြစ်လယ်တွင် အလှတက်ရေးပြနေကြပါသည်။

အရှေ့ ရပ်မှ ကိုဘမောင် ခေါင်းဆောင်သော မိုးရိပ် လှေလှော်သားများမှာ စပို့ရှပ် အနီရောင် ဆင်တူနှင့် ခေါင်းဘီတို အဖြူ ဆင်တူနှင့် ဖြစ်ကြပါသည်။ အနောက်အရပ်မှ ကိုကြာညို ခေါင်း ဆောင် သော တိမ်ထိုး လှေလှော် သားများမှာမူ မပြာပုဆိုး ဆင်တူဝတ်ပြီး ခါးတောင်း ကျိုက်ထားကြ ပါသည်။ အပေါ်ပိုင်းတွင် ဇာကိုမပါပါ။

မကြာမီအတွင်းမှာပင် လေ့ပြိုင်ပွဲ စ ပါသည်။

ကျေးရွာ ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌက သေနတ် ဖောက်၍ တာလွှတ်လိုက်သည်နှင့် တပြိုင်နက် လှေနှစ်စင်းသည် အပြိုင်တာထွက်လာကြပါသည်။ နှစ်ဖက်စလုံး အားကြိုး မာန်တက် အံကြိတ်၍ လှော်ခတ်ကြပါ၏။

"ငမိုးရိပ်ဟေ့–ငမိုးရိပ်"

"တိမ်ထိုးဟေ့–တိမ်ထိုး၊ရေကို စိုးမဲ့ တိမ်ထိုး"

ကြည့်နေသော ပရိသတ်သည် မိမိ နှစ်သက်ရာ ဘက်ကို အော်ဟစ်အားပေးကြပါသည်။

နှစ်မိနစ်ခန့်ကြာသောအခါ ကိုဘမောင် ခေါင်း ဆောင်သော ငမိုးရိပ် လှေသည် တိမ်ထိုးကို ၁၀ ပေခန့် နောက်ချန်၍ ထားခဲ့ ပါသည်။ ငမိုးရိပ်လှော်သား များမှာ တိမ်ထိုးလှော်သားများထက် လက်ရည်သာ ပါသည်။ တက်မြှောက်တက်ချ၊ တက်နုတ် တက်ရုတ်၊ တက်ဖြတ်၊ တက်ခတ် ပို၍ကောင်းပါသည်။

ငမိုးရိပ်လှေသားများသည် လောလောဆယ်တွင် မိမိတို့က အသာ ရနေသဖြင့် ဟန်ရေးပြလာကြ ပါသည်။ တက် ကို မြှောက်၍ လေချွန်ခြင်း၊ တက်ကို ဝှေ့ရမ်း၍ ပွဲကြည့် ပရိသတ်ကို နှုတ်ဆက်ခြင်း စသည်တို့ကို ပြုလုပ်ကာ ဟိတ်ဟန် ထုတ်နေကြပါ၏။ နောက်မှ လိုက်လာသော တိမ်ထိုး လှေသားများမှာကား မလျော့သော ဇွဲနှင့် အံကြိတ်၍လှော်ခတ်နေကြဆဲ။

ပန်းဝင်ခါနီးပါပြီ။

တိမ်ထိုးလှေသားများသည် ထက်ညီလက်ညီ မလျော့သော ဇွဲဖြင့်လှော်ခတ်ကြခြင်းကြောင့် ငမိုးရိပ်ကို မှီလာပါ တော့၏။ ထိုအခါကျမှ ငမိုးရိပ် လှေသားတို့ မျက်လုံး ပြူးသွား ကြပြီး ဟန်ရေးပြမှုကို ရပ်ကာ ပန်းဝင်နိုင်ရေးအတွက် ကြိုးစားလှော်ခတ်ကြပါ၏။ သို့သော် နောက်ကျ သွား ပါပြီ။ တိမ်ထိုးသည် ငမိုးရိပ်ကို နှာတဖျားဖြင့်အနိုင်ရကာ ပန်းဝင်သွားပါပြီ။

နာမည်ကြီးလှသော ငမိုးရိပ်သည် ရှုံးသွားရပါသည်။

"ငမိုးရိပ်ဟာ လက် ရည် ကောင်းပေမဲ့ ဟန်ရေး ပြတာတွေ၊ ကြွားချင်ဝါချင်တာတွေကြောင့် ရှုံးသွားရတယ်။ တိမ်ထိုးကတော့ လက်ရည် သင့်ရုံသာ ရှိပေမဲ့ ညီညွတ်မှု၊ စိတ်ဓာတ်မကျဘဲ ဇွဲရှိမှုတို့ကြောင့် အနိုင်ရသွားရတယ်" ဟု ပရိသတ်ထဲမှ လူကြီး တယောက် ပြောနေသည်ကို ကျွန် တော် ကြားလိုက်ရပါသည်။

ကျွန်တော်သည် ထိုလူကြီး၏ စကားကို သေသေချာချာ စွဲမှတ်ထားလိုက်ပါသည်။ မည်သည့် အလုပ်ကို လုပ်လုပ် ဇွဲရှိမှ ဖြစ်နိုင်မည်ကို ကျွန်တော် သဘော ပေါက်မိ လိုက် ပါ တော့သည်။ ။

× × ×

# လကမ္ဘာသို့

မိုးလေဖြိုမ်ဖြိုမ် တိမ်ဖြူခတော့
ဒုံးကလေးဟာ ...

မိုးလေငြိမ်ငြိမ် တိမ်ဖြူခတော့
ဗုံးလွှတ်ကြစို့ မောင်တို့ရယ်။

ဗုံးကလေးဟာ ဂုန်းပျံကြီးပေါ့
တို့တက်စီးလို့မောင်းကြမယ်။

ဧော်ပျံတွေယင် မှတ်ဆိတ်မွှားကို
တို့ကစားတို့ နုတ်ခဲ့မယ်။

ကြယ်ကလေးတွေ မြမြသွေးကို
မမလေးတို့ လက်ဆောင်သယ်။

လကမ္ဘာကို အရောက်စီးလို့
ကျောက်ခဲကြီးတွေယူခဲ့မယ်။

သွားမယ် – သွားမယ်။ ။

မော်ကျွန်း • ဓမောင်ရည်တင့်



# ခိုင်ပန်းစုံ

## ခွာဖြူပန်း

ကြာပန်းကဲ့သို့ ရနံ့သိမ်မွေ့သင်းပြန့်သော ပန်းတမျိုးမှာ ခွာဖြူပန်းဖြစ်လေသည်။ ခွာဖြူပန်းဟု လူသိများနေကြသော်လည်း ယင်းသည် ခွာညိုအဖြူပန်းဖြစ်သည်ဟု ပန်းပင် သစ်ပင် ပညာရှင်များကဆိုသည်။ ခွာညိုနှင့် မျိုးတူသည်။ သို့သော်ခွာညိုသည်ဆောင်းပန်းဖြစ်၍ ခွာဖြူသည် မိုးပန်းဖြစ်သည်။ ခွာညိုသည် မိုးများသော ဒေသတွင် မဖြစ်ထွန်းချေ။ ခွာဖြူကမူ မိုးကိုကြိုက်၍၊ နေရာဒေသ အဆင် ပြေလျှင် (အလင်းရောင်၊ နေရောင်များများရသော နေရာမျိုးတွင်) ဖွေးဖွေး လှုပ်အောင် ပင်လုံးကျွတ် ဖူးပွင့်လေသည်။

ရနံ့က သိမ် မွေ့ သ ကဲ့ သို့ အပွင့်ကလေး များကလည်း လှပ သိမ်မွေ့နူးညံ့သည်။ ရွက်ခွအရင်းမှ ပန်းခိုင် ကြီးငယ်တို့ထွက်၍ ဖူးပွင့်သည်။ ပွင့်ညှာရိုးတံ ရှည်ရှည်သေးသေး၏ထိပ်မှ ပွင့်ချပ် လေးခု ဝိုင်းရံထားသော ဝတ်ဆံဖြူဖြူ အစုကလေး များ သည် ထိုး ထိုးထောင် ထောင် ထွက်နေကြသည်။ အဖူးကြီးငယ်တို့ ပါသော ပန်းခိုင်များသည် တပြိုင်တည်းပွင့်ကြသည် မဟုတ်ပေ။ ခူး၍ပန်လျှင် နွမ်းလွယ်သော်လည်း ပန်းအိုး ထိုးထားလျှင်မူ ရက်ကြာကြာခံလေသည်။

ခွာဖြူပင်သည် ခွာညိုကဲ့သို့ နွယ်ပင်မျိုးပင်ဖြစ်သည်။ သို့သော် အရွက်ချင်းမတူပေ။ ခွာညိုရွက်ကဲ့သို့ ကွမ်းရွက်နှင့် မဆင်။ သုံးထောင့်ချွန်းပုံမျိုးဖြစ်သည်။ ပိုပြီးပါး၍ရွက်ဆိုင်ထွက်လေသည်။

ခွာဖြူပင်သည်လည်း စိုက်ပျိုးရန် မလွယ်လှချေ။ များသောအားဖြင့် အနွယ်ရင့်ရင့်များကို ဖြတ်၍ ပြုပြင်ထားသော မြေကြီးနှင့် ထိနေအောင်ခွေရစ်ချထားရသည်။ ယင်းသို့ဖြင့် အနွယ်၏ အဆစ်များမှ အမြစ်ထွက်လာပြီး အပင်ဖြစ်ကာ ရှင်သန်လာသည်။

တင့်တင့်





၃၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၂။

# အဖေ့ စကား

ပန်းချီ ဦးဘကြည်
ဇာတ်လမ်း - ရဲရဲ

ရွှေသွေး ဂျာနယ်
၁၃၃၇ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (၁၈-၁၀-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။


....ဒါပေမယ့် တခုတော့ မှာချင်တယ်......
ငါတို့ အဖေ့စကား အတိုင်း ပြောရမယ်ဆိုရင်
(မင့်ကို နေရာ အနှံ့ အပြား လျှောက်သွား
စေချင်တယ်၊ မင်း စိတ်ကြိုက်ရောက်တဲ့
နေရာ ရောက်ရင် နေရာထိုင်ခင်း စီစဉ်၊ ဒါမှ
အရေး ကြုံလာရင် - ခိုလှုံဖို့ နေရာရှိမှာ)..တဲ့။
ဒီတော့ မင်း ခရီးစရိတ် လိုသလောက်
ထုတ်ယူသွားပေတော့.... ။
ဟုတ်ကဲ့ - ရပါတယ် ဖိုးဖိုး
နောက်ထနေ့၌ပင် ခရီးစထွက်လေရာ
ရွှေသာလျောင်း၊ မဟာစေတီ၊ ရွှေမော်ဓော၊ ကလျာဏီသိမ်ကျောင်းရောက်တယ်
ပဲခူးမြို့သို့ရင်း
မန္တလေးမြို့သို့ရင်း
အမယ်. တယ်လှပါလား
ပင်လယ်ကမ်းခြေသို့ရင်း
ရှမ်းပြည်အင်းလေးသို့ရင်း
ရှမ်းမလေးတွေ ပေါ်တယ် ...တောလယ်...
...အား ချမ်းလှတဲ့ ရာသီပယ်...ချစ်စရာကောင်း
လှပေတယ်...
ကျိုက်ထီးရိုးတောင်သို့ရင်းရောက်၍
အမျှ
အမျှ
အမျှ
သါဓု - သါဓု



သဘောကျသော မြို့တိုင်း၌ အိမ်ဆောက်ရန် အစီအစဉ်များပြုလုပ်ပြီးပြန်လာ၏။
အိမ်ပြန်ရောက်လျှင်
ဖိုးဖိုး - သားသား ပြန်လာပါပြီ၊ နေရာ အနှံ့အပြား လဲ - ရောက်ခဲ့ပါပြီ။ စိတ်ကြိုက် ရောက်တဲ့ နေရာ မှာလဲ - နေရာထိုင်ခင်း တွေ - စီစဉ်ခဲ့ပါပြီ ..... --အဲ ..... ကုန်ကျမယ့် စရိတ်သာ ထုတ် ပေးဖို့ပါဘဲ ..........
ဟာ - မြန်လှချေကလားဟ၊ ဘယ်တွေ ရောက်လို့ ဘာတွေ စီစဉ်ခဲ့ သလဲ ...... ....
ပဲခူး - မန္တလေး - ပေလီ - ကျိုက်ထီးရိုး ကိုရောက် ပါတယ် ဖိုးဖိုး၊ မြို့တမြို့မှာ တော့ - ဗမာ ဆန်ဆန် - ကိုယ်ပိုင် နေ နိုင်အောင် ပြာသာဒ် ဘုံဆောင် တွေနဲ့ အိမ်ကြီးတဆောင် ဆောက်ဖို့ စီမံ ခဲ့ပါတယ်...
အော် - ရှမ်းပြည်လဲ ရောက်ခဲ့ပါတယ်။ အဲဒီမှာ အေးအေး ဆေးဆေး အနားယူ၊ လေကောင်း


ဖိုးဖိုးရယ် ကျနော်တို့လို တက်ခေတ်လူငယ်တွေ ဆိုတော့ - ဘာလုပ်လုပ် ၁ ပါဖြန့်ဖြန့်သွဲ.... ထွန်းယူတာ ခေတ် ဟုတ်လား...... ..... ဟဲဟဲ
ဟဲ့ - ဟဲ့ - ငါ့မြေးရဲ့ ။ မဟုတ်သေးဘူးဟဲ့ ။ ခေတ်လူငယ်တွေကိုပြောရတာ တယ်လက်ဝင် ပါလား ။ အခြေပြီပါ့ကွာ . မှလို....ဟ
ကမ္ဘာတဝှန်းလုံးကို ခရီးထွက်ပြီး
နိုင်ငံအသီးသီး ရောက်အောင်သွား။ အီဂျစ်၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်စသဖြင့်ပေါ့။
လူမျိုးအမျိုးမျိုး၊လုပ်ငန်းရှင်အမျိုးမျိုးနဲ့တွေ့ပြီး
ဆက်ဆံကြည့်ရမယ်
xxx ဝါကျင့်ညီ အိုပေ့ မလန်းတီ၊ ... ကမ်းပေ့။



ရှိးသားတဲ့သူ
မစ္စတာ ဗီတာ - ကောင်တာ မှာ လက်စွပ် မေ့ကျန်ခဲ့ ပါတယ်
သိုင်းကျူး
သစ္စာရှိတဲ့သူတွေနဲ့ပေါင်းပြီး အလုပ်လုပ်
…လွန်ခဲ့တဲ့ သုံးနှစ်လောက်က - မောင်ရင် - ကျုပ်ကို မသိတဲ့နို့ - လမ်းခုလယ်မှာ ကူညီတဲ့ အနေနဲ့ - ငွေ သုံးရာ ချေးလိုက်တာကို - - အခု လာဆပ်တာ ဘဲ
ဟယ် - သတိ ရှိတဲ့ လူပါလား
ဒီတော့မှ တခါတလေ မမျှော်လင့်ပဲ ဘေး ဆိုက်လာတဲ့အခါကျယင်
ဥပမာ-လေဘေးကျရောက်ယင်
ကူးစက်တတ်တဲ့ရောဂါများဖြစ်ယင်
မြေငလျင် တော်လဲ၍လှုပ်ယင်
စစ်ဘေးစစ်ဒဏ်သင့်ယင်



လုပ်ငန်းမပျက် - အချိန်မရွေး ဘယ်မှာမဆို သွားနေနိုင်မယ် .... လို့ ဆိုလိုတာကွ။ မှတ်ထား၊
ဒို့အဖိုးများ လက်ထက်က ... မင်းတို့ရဲ့ ... အဲ ... ဘိုးဘွား ဘီဘင် ဆိုတော့ ... ... မင်းတို့ရဲ့ ဘိုးလက်ထက်တုန်းကဆိုရင် .. ဒီထက် - အဓိပ္ပါယ် နက်ရှိုင်းတဲ့ စကားလုံးတွေနဲ့ - နှောင်လာနောက်သားများကို မှာလေ့ရှိသကွဲ့။ ဥပမာ ပြောပြရရင် ပတ္တမြား ထိပ်တင် - ထမင်းစားပါ ဆိုရင် ....
.... နေမွန်းတဲ့ အချိန်ကျမှ ထမင်းစားပါလို့ ဆိုလိုတာ။ ဒါမှ - ထမင်း အလွန်ဆာနေပြီဖြစ်လို့ - ဘာဟင်းနဲ့ပဲ စားရ စားရ - မြိန်တာပဲ။ ဒီတော့ ငွေကုန်ကြေးကျ သက်သာနိုင်တဲ့ - အလေ့အကျင့်တခု ရနိုင်စေတော့ သတော့ဘဲ .... ကွဲ့။
အိမ်နောက်ဖေးမှာ - ဆိုင်တယ်ပါ - ဆိုရင် ....
..ဟင်းရွက် ဟင်းသီး ပင်များကို အိမ်နောက်ဖေး မြေထဲမှာ စိုက်ပါ .... တဲ့။
ဦးခေါင်း သုံးလုံးနဲ့ သူနဲ့ တိုင်ပင်ပါ ဆိုရင် ... ------ ...


....ဒီလို သက်ကြီး ရွယ်အိုထဲက - အတွေ့အကြုံ များတဲ့ - ပညာရှင်သန် နေတဲ့ လူထဲ ပြုစီဒဲ့ ပါလို့ ... ....ဆိုချင် တာ...ကွဲ
ခေါင်း တရာ ရှိတဲ့ ငါး စားပါ .... ဆိုရင် ......
..... ငါး သေးသေး ငယ်ငယ်လေး တွေကို ညွှန်းတာ ...ကွ။ မာင်း တခွက်အတွက် ငါးလေး တွေ တရာ လောက် ပါတော့ - ခေါင်း တရာ ဖြစ်တာပေါ့ .....
..... ငါး သေးသေး ငယ်ငယ် ဆိုတော့ ဝယ်ရတာ ဈေးသက်သာတာပေါ့ကွ။
ဗျို့ ..... ဆောလိုက်တာ။ မောင်းတို့လို တက်ခေတ် လူငယ်တွေက ... တဲ့တဲ့ပြောမှ ရိပ်မိတာကိုး .....(ဟောဟဲ) ..... ကဲကဲ ငါ့ကို အဆောပြေ အောင် - ဆေး တခွက် မြန်မြန် တိုက်စမ်း ......
(ဟောဟဲ) (ဟောဟဲ)
ဖိုးဖိုး ရယ် - သားသား သဘော ပေါက်ပါပြီ။ ရော့ ... ပယင်း ရောင် ဆေးလေး သောက်ပြီး - ငြိမ်း နေလိုက်ပါအုံး
ထို့နောက် ထိုင်တွေးနေမိတော့လေသည်။
အဖိုးပြောမှ တဲ့ (အပေ့စကား) တွေဟာ
တယ် အဓိပ္ပါယ် နက်ခဲ့တာဘဲ

# မြန်မာ့ဆေးတံ

ဖေသောင်းရွှေ (ကော့မှူး)



မြန်မာနိုင်ငံတွင် ဆေးတံကိုမွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ် ကျေးရွာ၌ အများဆုံးလုပ်ကိုင်လျက်ရှိပြီး၊ ခေတ်မှီ၍ တွင်ကျယ်သော ဆေးတံ လုပ်ငန်းကိုလည်း ထိုရွာမှ ဦးညွန့်ဆိုသူက ၁၉၂၀ ပြည့်နှစ်ကစတင်တီထွင် ခဲ့ပေသည်။ လုပ်ငန်း အစ ပြုစဉ်က တွင်ခုံ၊ ပွတ်စက်စသော စက်ကရိယာများ မရှိသေးပေ။ သဘော်သီးခြစ် ကဲ့ သို့ သော သွပ် ပြား ကို အ ပေါက် ဖောက် ထား သည့် ပစ္စည်းဖြင့်သာ သစ်သားကိုတိုက်၍ အသုံးပြုခဲ့ရလေသည်။ ထိုနောက်မှ ဦးဖိုး ဆိုသူ ဆေးတံလုပ်သားတဦးက အပ်ချုပ်စက် အဟောင်းမှ ဝင်ရိုး၊ ဘီးနှင့် အခြားပစ္စည်းများကို စုပေါင်း တပ်ဆင်ကာ၊ ဆေးတံလုပ်ငန်းအတွက် တွင်ခုံတခုကို တီထွင်ခဲ့သည်။



ဆေးတံလုပ်ငန်းမှာ အစမှအဆုံး တဦးတည်းဖြင့် ပြီးမြောက်အောင် လုပ်ကိုင်နိုင်ခြင်း မရှိပဲ၊ လုပ်ငန်းအလိုက် အဆင့်ဆင့်ခွဲဝေလုပ်ကိုင်ရသော အိမ်တွင်း စက်မှု လက်မှု လုပ်ငန်းတရပ် ဖြစ်ပေသည်။



ဆေးတံကို စျေးပေါပေါဖြင့် အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ကြသော်လည်း ထိုဆေးတံတချောင်း ဖြစ်လာရန်ကား မလွယ်လှပေ။ သစ်သားဖြတ်ခြင်း၊ အိုးပုံဖော်ခြင်း၊ လေရှူပေါက်ဖောက်ခြင်း၊ အနားသိမ်းခြင်း၊ အရိုးဖြတ်ခြင်း၊ ကော်ပတ်စားခြင်း၊ သပြုရွက်တိုက်ခြင်း၊ အရောင်တင်ခြင်းများအပါအဝင် ၂၅ ဆင့်ခန့် ပြုလုပ်ရပေသည်။

ဆေး တံ ပြု လုပ် ရန် အ တွက် ကျွန်း၊ ပိတောက်၊ ပျဉ်းမ၊ ယင်းတိုက်၊ ချယ်ရီနှင့် ပင်လယ်အုန်းဘုများ၊ အမြစ်ဆုံ၊ အမြစ်ဖု

များ၊ ကျောက်ခတ်ဝါးမြစ်များကို အသုံးပြုလေ့ရှိသည်။ လေခံ အတွက်ကိုမူ သစ္စာ့အပိုင်းအစများကို လိုရာ ပုံစံရအောင် ကျိုချက်သွန်းလောင်း၍ တံစဉ်းဖြင့် အချောတိုက်ပြုလုပ်ရသည်။

မြန်မာ့ သစ်သား ဆေးတံများကို နိုင်ငံခြားစံချိန်မှီအောင် သံပူတံဆိပ်တုံးဖြင့် ဆေးတံအိုးများတွင် ရှုချင်စဖွယ် အပွေး၊ အဖုအထစ်၊ အချိုင့်ကလေးများ ဖော်ရသည်။ ထို့ပြင် သဘာဝက ဖန်တီး ပေး ထား သော ဝါးမြစ်ဆုံများကို နဂိုမူလပုံမပျက်စေပဲ တီထွင်ထားသော ခမောက်ပုံ၊ ငှက်ပုံ၊ ကျွဲရုပ်ပုံသဏ္ဌာန်ဆေးတံများသည် လှပ၍ ဥရောပနှင့် အမေရိကန် နိုင်ငံများ က အထူး နှစ်ခြိုက်ကြသည်။

ထို့ပြင် ဆင်္ဂီဟတ်ပုံ၊ ကျွန်းမီးခံ၊ မဟာရာဂျာ၊ မဲဇာလီ၊ ပင်လယ်အုန်းနှစ်ထပ်၊ ချယ်ရီအရိုးကောက်၊ပျဉ်းမဘု၊ ကိုယ်တော်လေး၊ ခြောက်မြှောင့်ပုံ၊ ကော်သူးလေပုံ စသော လှပနုနယ် ချစ်စဖွယ် ကောင်းသည့် မြန်မာ့ဆေးတံများမှာ အမျိုးပေါင်း ၆၀ နီးပါးခန့်ရှိပေသည်။

ထို့ကြောင့် မြန်မာ့ဆေးတံ လုပ်ငန်းမှာ အိမ်တွင်း လက်မှုလုပ်ငန်း အသေးစားတရပ်မျှသာ ဖြစ်သော်လည်း ကမ္ဘာ့ အလယ်တွင် ထယ်ဝါဝင့်ကြွားနိုင်သော မြန်မာ့ အနုလက်ရာ လက်မှုပညာတရပ်ဟု ဆိုရပေမည်။









တစ်ခါသော် မယ်စွေးဆိုသည့် အဖွါးအိုတဦး ရေဆိပ်၌ အဝတ်လျှော်နေစဉ်..
ဖူးဘုရင်လေး
ဇာတ်လမ်း - မြင့်အောင်
သရုပ်ဖော် - ဆိုးညို
အလို..ဖူးသီးကြီး တဖော့ပေါ်လာ..ဘယ်က မျောလာပါလိမ့်
ထိုဖူးသီးကြီးကို ဆယ်ယူပြီး အိမ်သို့ သယ်လာခဲ့သည်...
လေးလံလိုက်တဲ့ ဖူးသီးကြီးတော့ မောဟဲ့..မောတယ်
အိမ်ရောက်၍ ဖူးသီးကြီးကို ခွဲလိုက်သော်
ဟာ..ကိုယ်တော်ရေ ယောကျ်ားလေးတစ်ယောက် ထွက်လာတယ်
ဟုတ်တယ်ဗျော့
ကလေးကို ဖူးဘုရင်ဟူ၍ နာမည်ပေးပြီး မွေးစားထားကြသည်
ဗျာ
ဖူးဘုရင်လေးရေ့
ဖူးဘုရင်လေး အရွယ်ရောက်လာသည့်အခါ..အဘိုးကြီးက ဓားရေးကျွမ်းကျင်အောင် သင်ပေးလေသည်
သူတို့ရွာလေး အနီးရှိ တောအုပ်ထဲတွင် ဘီလူးကြီး တကောင်
ဟားဟား..ဟားဟား..ဟားဟား



တောတွင်းသို့လာသမျှ လူသူကျွဲနွားများကို ဖမ်းဆီးစားသောက်ပြီး ဂူကြီးတခုတွင်နေထိုင်လျက်ရှိသည်
ဘီလူးကြီးမှာတစတစအာဏာရှိလာသဖြင့် ရွာသားများမှာရွာပြင်သို့မထွက်ရဲကြတော့ပေ
ရွာပြင်ထွက်ပြီးလယ်မလုပ်ရဲကြတော့လူတွေငတ်တော့မှာဘဲအဘရယ်
ဒီတော့ဘီလူးကြီးကို ကျွန်တော်နှိမ်နင်းပစ်မယ်အဘ
ဖြစ်ပါ့မလား လူလေးရယ်
ဖိုးဘူရင်လေးကအဘတန်ရဲတောင်းပန်သော ကြောင့် ဆောက်စဉ်း ချင့်ပြုလိုက်ရလေသည်
ဘေးမသီရန်မခပဲ အောင်မြင်ပါစေကွယ်
လမ်းမှာစားဖို့ မုန့်တွေ ယူသွားနော် လူလေး
လမ်းခရီးတွင်မျောက်ကလေးတကောင်နှင့် သစ်တောက်ငှက်တကောင်တွေ့သဖြင့် ခေါ်လာခဲ့သည်
ကွီ-ကွီ
စားပါကွ-ငါ့မှာမုန့်တွေ အများကြီးပါ ပါတယ်
သုံးရက်မြောက်နေ့တွင် ဘီလူးကြီး နေသော ဂူတံခါးကိုတွေ့ရလေသည်
ဂူတော့တွေ့ပြီ . ကိုသစ်တောက်ရေ တံခါးဖွင့်အောင် ကြိုးစားစမ်းပါ


သစ်တောက်ငှက်၏ကြိုးစားမှုကြောင့် ..
မကြာမီတံခါးမှာအပေါက်ဖြစ်သွား၏။
တံခါးပျက်မှတ်တော့ မယ်ကွ- အခုဝင်သင့်ပြင်ထား ကြနော်
ကျယ်ကျယ်
ကွီ-ကွ
ရုံးအတွင်းသို့ရောက်သော်အိပ်ပျော်နေ သောဘီလူးကြီးကိုတွေ့ရသည်
ဘီလူးကြီးမျက်လုံးတွေကို ထိုးဖေါက်လိုက်စမ်းပါ ကိုသစ်တောက်
ဘီလူးကြီး၏အော်ဟစ်သံကြောင့် ဂူတခုလုံးသိမ့်သိမ့်ခါသွားလေသည်
အား
ဒယီးဒယိုင်နှင့်ထလာသောဘီလူးကြီးကို သစ်တောက်ငှက်နှင့်မျောက်တို့ကဝိုင်း၍တိုက်ခိုက်ကြသည်
ရှူး... ရှူး
ဝါး....
ဖိုးဘုရင်လေး၏မိတ်ဆွေများနှင့်အလုပ်ရှုပ်နေသောဘီလူးကြီးကို ဖိုးဘုရင်လေးက ချိန်သင့်ပြီး ဓားနှင့်ပိုင်းလိုက်ရာ
သွားပေတော့ ဘီလူးယုတ်
အီး
ဘီလူးကြီးကိုနှိမ်နင်းပြီးပြန်လာသော ဖိုးဘုရင်လေးနှင့်အဖွဲ့ကို ရွာသားများကဝမ်းသာအားရကြိုဆိုကြသည်
ဖိုးဘုရင်လေးကွ
ဖိုးဘုရင်လေး သက်တော်ရာကျော် ရှည်ပါစေ
ပြီး

# ကိုလံဘီယာ ဖါး

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းရှိ ချိုကိုတောနက်ကြီးများထဲတွင် အနက်နှင့် အဝါရောင်အစင်းကျား ဖားကလေးများကို တွေ့ကြရသည်။ အလွန်သေးငယ်သဖြင့် လက်ဖက်ရည်ဇွန်းထဲပင် ထည့်ထား၍ ရနိုင်သည်။ အကောင်ငယ်သော်လည်း ယင်းတို့၏ အရေခွံများထဲတွင် အလွန်ပြင်းထန်သည့် အဆိပ်များရှိသည်။ ထိုအဆိပ်များကို အင်ဒီးယန်းလူမျိုးတို့သည် အမဲလိုက်မြှားထိပ်ဖူးတွင်တပ်ဆင်အသုံးပြုကြသည်။ အဆိပ်ပြင်းထန်သော်လည်း လူကိုရန်မူလေ့မရှိ။

ထိုကြောင့်လည်း အင်ဒီးယန်းလူမျိုးတို့သည် ချီ-ချီ-ချီဟူသော ယင်းဖားငယ်များ၏ အော်သံမျိုး အတုပြုကာ ဖားငယ်များကို ဖမ်းဆီးကြလေသည်။ ဖားငယ် ၂၄၀၀ ကို သတ်ပြီးထုတ်ယူပါမှ အဆိပ်ရည် ၃၀ မီလီဂရမ်မျှသာရရှိသည်။ ထိုအဆိပ်ရည် ၃၀ မီလီဂရမ်ဖြင့်ပင် ကြွက်ကောင်ရေ သုံးသန်းကို သေစေနိုင်သည်။ အကယ်၍ မတော်တဆ လူ၏ ခန္ဓာကိုယ်အတွင်းသို့ အဆိပ် အနည်းငယ်ဝင်သွားပါက ပါးစပ်ချဉ်လာပြီး ချွေးများ ထွက်လာမည့်ပြင် နှလုံးပျက်စီးကာ အသက်ပါဆုံးရှုံးရတော့သည်။

အောင်သန်းချစ်



## ကမ္ဘာ့သမိုင်းမှာ ဟိုရှေးခါ

**အောက်တိုဘာ ၁၈—၂၄**

- ၁၇၄၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် အင်္ဂလိပ် စာရေးဆရာကြီး ဂျွန်နသန်ဆွစ် ကွယ်လွန်ခဲ့သည်။
- ၁၈၈၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဘုံဘေဘားမား သစ်ခိုးမှုစီရင်ချက်ကို မကျေနပ်သဖြင့် အင်္ဂလိပ်က မြန်မာသီပေါမင်းထံ ရာဇသံပို့ခဲ့သည်။
- ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စာရေးဆရာကြီး ရွှေဥဒေါင်းကို မန္တလေးမြို့၌ မွေးဖွားခဲ့သည်။
- ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို တရားဝင် ဖွဲ့စည်းခဲ့သည်။
- ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့ ရွာသစ်ကြီးရှိ တိုင်းရင်[illegible]းလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ဖွင့်လှစ်ခဲ့သည်။




တတိယတန်း အခန်းမှဆရာမ စားပွဲပေါ်တွင် စားပွဲခင်း ဖြူဖြူသည် အပြင်ကဝင်လာသော လေပြေကြောင့် လှိုင်းတွန့်လှုပ်ရှား နေပေသည်။ ခင်သီတာသည် နိုင်ငံခြားနှင်းဆီပန်း ဖွေးဖွေးလှလှတပွင့်ကို စားပွဲပေါ်သို့ သွားရောက် တင်လိုက်သည်။ နိုင်နိုင်မော်နှင့် ကျော်ကျော်မိုးတို့ကလည်း နိုင်ငံခြား နှင်းဆီပွင့် ပန်းရောင်နှင့် အနီရဲတပွင့်စီကို စားပွဲပေါ်သို့သွား၍ တင်ထားလိုက်ကြသည်။

သူတို့သည် ဆရာမ ဒေါ်ယဉ်နွဲ့အတွက် နှင်းဆီပန်းလက်ဆောင်ပေးကြခြင်း ဖြစ်ပါ၏။ ဆရာမ ဒေါ်ယဉ်နွဲ့သည် အမျိုးသမီးပီသစွာပင်ပန်းကို နှစ်သက်သည်၊ မြတ်နိုးသည်။ အထူးသဖြင့် နှင်းဆီပန်းကို ပို၍ကြိုက်ဟန်တူသည်။

ဆရာမသည် ပန်းကို ခေါင်းတွင်ပန်ဆင်ရုံမျှသာမက ရင်ပတ်တွင်လည်း အင်္ကျီနှင့် ကပ်ကာ အလှထိုးလေ့ ရှိ၏။ ဆရာမ၏ အကြိုက်ကို တပည့်များက သိရှိကြသဖြင့် နေ့စဉ်ပင် ဆရာမ အတွက် ပန်းလက်ဆောင်ပေးကြခြင်းဖြစ်ပေသည်။

အစ ပထမတုန်းကမူ ပန်းပေးသူမှာ ခင်သီတာတယောက်သာ ဖြစ်ပါ၏။ ခင်သီတာမှာ အရာရှိသမီး ဖြစ်ပြီး၊ အိမ်တွင် ပန်းခြံ ရှိသည်မို့ နေ့တိုင်း ပန်းပေးနိုင်ပေသည်။ ကြာတော့ ခင်သီတာ၏ အတုကို ကျော်ကျော်မိုးတို့၊ နိုင်နိုင်မော်တို့က လိုက်လာကြလေသည်။

မကြာမီ ဆရာမ ဒေါ်ယဉ်နွဲ့သည် ပြုံးရွှင်စွာ အတန်းထဲသို့ ဝင်လာတော့၏။ နှင်းဆီပန်း အဖြူနှင့် ပန်းရောင်ကို ခေါင်းမှာ ပန်လိုက်သည်။ အနီရဲကိုမူ ရင်မှာ ထိုးလိုက်သည်။ ကျော်ထူးသည် နေ့စဉ် ဤမြင်ကွင်းကို မြင်နေကျ ဖြစ်သည်။ သူ မြို့ကျောင်းကိုရောက်လာသည်မှာ တနှစ် ကျော်ကျော် ရှိပေပြီ။ အားလုံး သူမြင်တွေ့ရသမျှတို့မှာ အဆန်းချည့် ဖြစ်နေသည်။ ယခင်ကတော့ ကျော်ထူးမှာ တောကျောင်းသား ဖြစ်၏။

သူလည်း ပန်းပွင့် လှလှကလေးများကိုဆရာမအားပေးချင်သည်။ သူဆရာမကို ချစ်သည်။ ရိုသေသည်။ ကြောက်လည်းကြောက်မိပါသည်။ ဆရာမ၏သင်ကြားပုံ၊ ဆုံးမပုံ၊ ကဗျာရွတ်ပြပုံတို့ကို သူအနှစ်သက်ဆုံး ဖြစ်သည်။ ထို့ကြောင့် သူသည် ဆရာမကို ပန်းပွင့်လှလှကလေးများပေးချင်သည်။ သို့သော် နိုင်ငံခြားနှင်းဆီပွင့်လှလှကိုဝယ်ဖို့ သူ့မှာ ပိုက်ဆံမရှိချေ။ သူ့အဖေမှာ ဆိုက်ကားသမား၊ သူ့အမေက အကြော်သည်၊ ကျော်ထူးသည် စဉ်းစားရ ခက်နေပေသည်။

သည်ကနေ့တော့ ရွာမှာနေစဉ်က ဘကြီးသာကျော် ပြောလိုက်သော စကားများကို ကျော်ထူး သတိရမိသည်။

"ဆရာကိုချစ်ရင် ပညာကြိုးစားရတယ်၊ ဆရာကို ရိုသေရတယ်၊ လေးစားရတယ်၊ ဆရာပြောတဲ့စကား သုံးမတဲ့ စကားကို လိုက်နာ မှတ်သားရတယ်၊ နားထောင်ရတယ်၊ ဆရာသမားမိဘကို နေ့စဉ် ကန်တော့ပြီးမှ အိပ်ရတယ်"

ကျော်ထူး၏ မျက်နှာသည် ကြည်လင် လန်းဆန်းလာတော့သည်။ ရွာဘုန်းကြီး ကျောင်းတွင်နေစဉ်က ညနေအိပ်အပြန်တွင် ဆရာဘုန်းတော်ကြီးအား ဝတ်ချကန်တော့ရသည်။ ဆရာတော်၏ သာခုခေါ် သံကိုကြားတိုင်း ကျော်ထူး၏ စိတ်တွင် အေးမြခဲ့ရသည်။ ပန်းမပေးနိုင်သော ကျော်ထူးသည် သူချစ်သော ဆရာမကို ညနေကျောင်းပြန်တိုင်း ကန်တော့မည်ဟုစိတ်ကူးမိသည်။

"ဖြစ်မှဖြစ်ပါ့မလား၊ ငါ့ကိုသူငယ်ချင်းတွေက ပြောင်ကြမလား"

ကျော်ထူးသည် နာမည်နှင့်လိုက်အောင် ကျော်၍ ထူး၍ လုပ်တတ်သူ ဖြစ်သည်။

"သူများလိုတော့ နိုင်ငံခြားနှင်းဆီပန်းတွေ မပေး နိုင် ဘူး၊ ငါတို့ကတော့ ညနေ ကျောင်းပြန်တိုင်းဆရာမကို ဝတ်ချ ကန်တော့မယ်"

ကျော်ထူးသည် ပြတ်သားစွာဆုံးဖြတ်လိုက်သည်။ ညနေကျောင်း ဆင်းသော အခါ ကျော်ထူးသည် ဆရာမ၏စားပွဲရှေ့သို့သွား၍ ဖိနပ်ကလေးကို ချွတ်၊ လွယ်အိတ်ကလေးကို ချကာ သုံးကြိမ်တိုင်တိုင် ဝတ်ချကန်တော့လေ၏။

"အေး ကောင်းတယ်ကွယ်၊ သာခုကွယ်၊ သာခု၊သာခု ဆရာမ တပည့်က မြန်မာဆန်ဆန်ယဉ်ကျေးပါလား"

သူ့ ဆရာမထံမှ သူမမျော်လင့်မိသော စကားကို ကြားရသောအခါ အေးမြချမ်းမြေ့ခြင်းဖြင့် ဝမ်းမြောက် ကြည်နူးမိတော့၏။

နောက်နေ့ နောက်နေ့များတွင် -

ကျော်ထူးသည် သူ ချစ်သောဆရာမကို မြန်မာဆန်ဆန်ရိုးရာ ကန်တော့ပန်းဖြင့် ကန်တော့လေတော့သည်။

ကြာတော့ သူ့ သူငယ်ချင်းများကလည်း ကျော်ထူး၏ အဘကိုလိုက်လာကြသည်ပင်။ ။

× × ×

# သီတင်းကျွတ်

ဝါလလွတ်ကင်း ကျွတ်သီတင်း
ကြာမြို့ကြာနီ ကြိုင်ကြိုင်သင်း။

ထိန်ထိန်ပင်းလို့ ရောင်စုံဖြာ
ဆီမီးတွန်းပွဲ စည်ကားစွာ။

ဘူးဖရုံသီချိန်ကာလ
ပလ္လင်ဆောင်းမိုး ရွာသွန်းချ။

သင်္ကြန်ဦးယူမင်္ဂလာ
ဂုဏ်ပါကြီးသူ ပူဇော်ကာ။

မြန်မာ့ရိုးရာမူဓလေ့
သိမ်မွေ့ရင့်ကျက်လှပါပေ။ ။

လက်ပံနီ



R. 517

# ခိုင်ပန်းစုံ



## ကြာပန်း

မြန်မာ စာပေတွင် ကြာပန်းကို သီတင်းကျွတ်လ၏ ရာသီပန်းအဖြစ် ဖော်ပြကြသည်။ သို့သော် မိုးကျလာ၍ မြစ်ချောင်း အင်း အိုင်တို့တွင် ရေပြည့်လျှင်ပင် ကြာပင်တို့ ရှင်သန်လာပြီး ဖူးပွင့်ကြသည်။ ရေကန်နှင့် ကြာပန်းသည် ပနံတင့်လှသည်။


ကြာအမျိုးမျိုး ရှိရာ၊ ကုမုဒြာ၊ ပဒုမ၊ ပုဏ္ဍရိက်၊ ကြာနီ၊ ကြာညိုဟူသော ကြာမျိုးငါးပါးကိုသာ မြန်မာစာပေ၌ ဖော်ပြသည်ကများသည်။ အရောင်အားဖြင့် အဖြူ၊ ပန်းနု၊ ပန်းရင့်၊ အနီနှင့်အပြာ (ကြာညို)တို့ကိုသာ မြန်မာ နိုင်ငံ၌ တွေ့ရ များသော်လည်း နိုင်ငံခြားတွင် အဝါရောင် လှပသော ကြာပန်းများလည်း ရှိသည်။ ပဒုမ္မာကြာနှင့် ကြာညိုပန်းတို့၏ သင်းပျံ့သော ရနံ့ကိုလည်း မြန်မာ စာပေတွင် တင်စားဖွဲ့ဆိုကြသည်။

ကြာပင်တို့သည် ရေအောက် ရွှံ့နွံထဲတွင် အမြစ်တွယ်၍ တခုချင်း ထွက်သော အရွက်နှင့် အဖူးအပွင့်တို့သည် ရေပေါ်သို့ ထိုးထွက်ပေါ်လွင်နေကြသည်။ ရှည်၍ လေလျောက်နိုင်သော ခေါင်းပွရိုးတံများရှိသည်။ အချို့ ကြာမျိုး၏ ကြာရိုးတံတွင် ဆူးရှိ၍ အချို့တွင်ဆူးမရှိချေ။

ကြာပွင့်၏ အလယ်တွင် ဝတ်ဆံ ဖိုမများနှင့် ကြာခွက်ကလေး ရှိသည်။ အပွင့်ရင့်လာ၍ ပွင့်ချပ်ပွင့်ဖတ်တို့ကြွေလျှင် ကြာခွက်သည်လည်း ကြီးထွားလာ၍ ယင်းကြာခွက်၌ ပါရှိသည့်ကြာစေ့များကို စားသုံးကြသည်။

အချို့ အပင်တို့သည် ပဥ္စငါးပါးသာ ဆေးဖက်ဝင်သည်၊ ကြာပင်တွင် ကြာရွက် လိပ်၊ ကြာရွက်၊ ကြာပွင့်၊ ကြာဝတ်ဆံ၊ ကြာစေ့၊ ကြာစေ့အိမ်၊ ကြာဝတ်ရည်(ပန်းရက်ရည်)၊ ကြာရိုး၊ ကြာစွယ်၊ ကြာမြစ် ဟူ၍ အင်္ဂါ ၁၀ ပါး ရှိ၍ အားလုံးဆေးဖက် ဝင်သည်ဟု ဆိုကြလေသည်။

တင့်တင့်





ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၃၄) က ရိုက်နှိပ်သည်။


အတွဲ ၇။ အမှတ် ၄၃။

နှလုံးသားကောင်းသူ


# ရွှေသွေး ဂျာနယ်

ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ဖိုးလမင်း

၁၃၃၇ ခု၊ သီတင်းကျွတ်လဆုတ် ၆ ရက် ·(၂၅-၁၀-၇၅)






စနေနေ့တိုင်း ထုတ်ဝေသည်။



ကြည်တော်မူ မင်းသားလေးဟာ သိပ်လှတာဘဲ.... ဖြူဖြူလေး
သားရယ် မေမေ ပါနဲ့ မင်းသားလေးလို ဖြူဖြူလေး နေပါလား
ကြည့်ရတာ စိတ်ချမ်းသာတယ်.. ....နော်
ရွှေမြို့တော်သူ မြို့တော်သားများသည် အပန်းဖြေထွက်ရင်း ကြည်တော်မူမင်းသား၏ ရုပ်တုနား ရောက်လာကြပြီး ကြည့်ရှုကာ ချီးကျူးကျေနပ်နေကြလေသည်။
တညသောအခါ ပျံလွှားလေးတကောင်သည် ရွှေမြို့တော်ထက်၌ ပျံဝဲလျက်
ထိုသို့စိတ်ကူးရပြီး ကြည်တော်မူ ရုပ်တုကြီး၏ ခြေနှစ်ဖက်ကြားထဲတွင် ဝင်လိုက်၏။



ထိုနောက်အတောင်ကြားတဲခေါင်းထည့်ကာ
အိပ်ရန်ပြင်ဆင်လိုက်စဉ်-
ကြီးမားသောရေတပေါက်ကျလာ၏။
ဟော ဗျ
ပျံလွှား လေးသည် ကောင်းကင် ထက် ဆီသို့
မော့ကြည့်မိကာ စဉ်းစားမိ၏။
အင်းဟင်...တိမ်မသားလဲ မတော်ကျ
ကြယ်လေးတွေကလဲ လက်နေ
ပါလျက်နဲ့..ဘာလို့ မိုးရွာပါလိမ့်
..ရာသီဥတု အတော် ဆိုးနေပါလား
ထိုအခိုက် နောက်ထပ် ရေတပေါက် ကျလာ၍
ဟိုက်
ဘယ်လို ပါ လိမ့်...
ဒီရွှေရုပ်ကြီးက-ငါ့တကိုယ်စာတောင် မိုး:မလုံပါလား
တကြားတနေရာ ရှာအုံးမှဘဲ ။ ကဲ-ကြာတယ်-ခုဘဲ
သွားမယ်......
......ဟင်
ထိုသို့ ဆိုပြီး အတောင် ဖြန့်၍ ထွက်လိုက်စဉ်
နောက်တဖန် ရေတပေါက်ထပ်ကျလာသဖြင့်
မော့ကြည့်လိုက်ရာ မင်းသားရုပ်တုမှ မျက်ရည်
များကျနေသည်ကို တွေ့ရ၍


အကြောင်းကို သိလိုဇောဖြင့် မေးလိုက်၏။
အသင် - ဘယ်သူလဲ
ကြည်တော်မူ မင်းသားလေးပေါ့
ဘာလို့ ငိုရတာလဲ
ဒီလိုပါကွဲ့ ငှက်ကလေးရယ်
အစတုန်းက ကြည်တော်မူ မင်းသားလေး ဆိုတဲ့ ငါဟာ - လူသားတယောက်ပါဘဲ... အဲဒီတုန်းက မျက်ရည်ဆိုတာ - ဘာမှန်းမသိ ခဲ့ပါဘူး။ ဝမ်းနည်းစရာ စိတ်ညစ်စရာ ဘာမှ မရှိဘဲကိုး -------
..နေ့ခင်းဆိုရင် ဥယျာဉ်ထဲမှာ ပျော်ပျော်ပါးပါး ကစားလို့ နေခဲ့ရတယ်.....
..ညညဆိုရင် အချော့တော် အယိမ်းတော်တွေက အက အဆို အတီး တွေနဲ့ ပျော်ဖြေကြတယ်.....
..ရွှေနန်းတော်ကြီးကိုလဲ အုတ်မြို့ရိုးကြီးတွေ ကာလို့ထားတော့.......
...အပြင်ဘက်မှာ ဘာတွေရှိတယ်ဆိုတာလဲ တခါမှ မေး မကြည့်ခဲ့မိဘူး .......
...ဒီလိုနဲ့ကြီးလာပြီး တနေ့ကျတော့ - ရောဂါကြောင့် သေဆုံးတော့မှ - အခုလို ရွှေရုပ်ကြီး ထုပြီး ရွှေမြို့တော်အလယ်မှာ လာထားကြတယ်.
အခုမှဘဲ ရွှေမြို့တော်ကြီးရဲ့ ကမ္ဘာကျန်ကျယ် သရုပ်ကို မြင်တွေ့လာနိုင်ခဲ့တယ်.....



....ငါ့ရဲ့အသဲနှလုံးတွေဟာ ခဲတုံးကြီးတွေဖြစ်နေပြီး အမြဲမပြုံးနိုင်အောင် ငိုခဲ့ရပါပြီကွယ်..
အို - ဒီလိုဆိုရင် သင်ဟာ ရွှေခင်းသားကလေး ဘယ်ဟုတ်လို့လဲ။ အပေါ်ယံကသာ ရွှေတွေ မွမ်းမံထားတာကိုး
... ဟို အဝေးကြီးမှာ ကျဉ်းမြောင်း မြို့ရွှေ့ ဖြိုဖျားတဲ့နေရာက တဲလေးထဲမှာ မိန်းမတယောက် - ညဉ့်နက်လှပြီ - ရွှေနန်းတော်အတွက် ချိတ်ထဘီ - မလာယာဘီတွေ ယက်နေရရှာတယ်...
....တဲထောင့်နားမှာ သူ့သားလေး အပြင်းဖျားနေတာကို ပြုစုဘို့ အချိန်မရသေးဘူး။ ပြီးရင် - မင်းမြစ်မင်း၃ ကျော်သင့်မယ်ဟုတ်လား....
အမေ့ အမေ ဆာတယ်
ဆန်ပြုတ်ပေးပါ
ပူတယ်
..ဆန်ဒိုးထဲဆန်မရှိပေမယ့်-သွားမဝယ်အားသေးဘူး။ဆန်ဝယ်ဘို့လဲ ငွေမရှိ။သူ့မျှားဆီမှာ သွားချေးရအုံးမှာ....
...အဲဒီတော့ ငှက်ကလေးရယ် ငါ့ဓါးရိုးထိပ်က ပတ္တမြားကို ဖြုတ်ယူပြီး သွားပေးပါလား။ငါက ရုပ်တုဆိုတော့ သွားလို့မရလို့ပါကွယ်...။
ကျေးဇူးရှင်ပါရဲ့။ဒါပေမယ့် ကျုပ်အပေါင်းတွေက အဲဒေသကို-သွားနှင့်ကြပြီ။ သူတို့က ကျုပ်ကို စောင့်ရင်း ပင်သာဝတီ ဘုရင်ကြီးရဲ့ သချိုင်းဂူတော်မှာ အိပ်စေယ်လို့ကတိပြုထားကြတယ်။ ဘုရင့်ဂူဆိုတာ - ရွှေတွေ - ငွေတွေ ကျောက်သံ ပတ္တမြားတွေနဲ့ပေါ့...
ငှက်ကလေးရယ် - ဒီတညတော့ ဆိုင်းပါအုံးကွယ်၊ ဒီယက်ကန်းသယ်မလေး သိပ် စိတ်ညစ်နေရှာတယ်။ကလေးကလဲ သိပ်ငိုနေရှာတယ်...။
ငိုပါစေ.. ဘယ်လောက် ငိုငို။ ဒီလို ကောင်လေးတွေကို မုန်းလွန်းလို့။ တနေ့က ကျနော် မြစ်ကို ဖြတ်ပျံလာတုန်းက အဲဒီလို ကောင်လေး နှစ်ယောက်က အောက်ကနေ ပစ်ကြတယ်...



ကြည်တော်မူရပ်တုကြီးမှာ ဘာမှမပြောနိုင်ပဲ မျက်ရည်တွေကျနေသည်ကိုတွေ့မှ ငှက်ကလေးသည် စိတ်ထိခိုက်သွားကာ-
အင်းလေ....ကဲ- ဘာတဲ့မှစ်ဖြစ် ဒီတည်တော့ အသင်ခေင်းသား နဲ့အဲ နေမယ်၊ စေလိုရာစေပါ။ ကျနော်ဆောင်ရွက်ပေးပါ့မယ်။
အေးကွယ် - ကျေးဇူးတင်ပါတယ်။ ပတ္တမြားသိဖြုတ်ပြီး ယက်ကန်းသယ်မ လေးဆီပို့ပေးပါနော်
ကောင်းပြီ
ထိုသို့ဆိုပြီး ပတ္တမြားကိုဖြုတ်လေ၏။
ထိုနောက် ပတ္တမြားကိုကိုက်လျက် ရွှေနန်းတော်ကြီးအထက်မှ ဖြတ်၍ပျံသွားရာ-
သာယာနှဲ့နှောင်းသော စောင်းသံများ၊ တေးသံများ ကြားရသဖြင့် ငှက်ကြည့်လိုက်လျှင်
နန်းတော်ဆောင် တခု၏ တံပြာသာဒ်တွင်
နှစ်မတော်
မောင်တော်
ချစ်ထင်းနှီးနှောနေသောစုံတွဲကို တွေ့ရသည်။
မောင်တော်ဗျာ့ - မြင်းခင်းသဘင်တော်ပွဲ နီးလာပြီနော်ဗျာ။ အဲဒီမှာဝတ်ဖို့ ဝတ်လဲတော် - ယက်ကန်းသယ်မဆီမှာ အပ်ထားပြီဗျာ။ မှီမှမှီပါ့မလားတော့ မသိဘူးဗျာ...


…. ယက်ကန်းသယ်မ တွေကလဲ - အလုပ်ကို ဖိဖိစီးစီး လုပ်လို့ ပင်ပန်းကြတယ် - မှာ?
ငှက်ကလေးသည် ရွှေနန်းတော်ပတ်ဝန်းကျင်မှထဖန့် လယ်ကွင်းဖက်ရှိ ဘုန်းကြီးကျောင်းကိုဖြတ်လျက် မြစ်ကမ်းနားရှိ ရွာငယ်လေးသို့ ဆက်လက်ပျံလေ၏။
နောက်ဆုံး၌ ယက်ကန်းသည်မ သားအမိ နေသော အိမ်ထဲသို့ ဝပြီး ဝင်လိုက်၏။
ပဏ္ဏမြွားကို ယက်ကန်းသည်မလက်ထဲသို့ထည့်လိုက်ပြီး တောင်ပံသံ ပြင်းပြင်းပေးကာ ပြန်ထွက်လာလေသည်။
သို့သော် သားအမိနှစ်ယောက်မှာ မနိုးသေးပဲ အိပ်မြဲ အိပ်နေကြ၏။
ကြည်တော်မူရှပ်တုထံ ပြန်ရောက်သော်--
ဟဲ - အဆွေတော် - ကိစ္စတွေ ဆောင်ရွက် ပြီးပါပြီ။
ဆောင်းရာသီ တော်တော် အေးနေပေမယ့် - ကျနော် နွေးနွေးထွေးထွေး တော့ ရှိသွားဘဲ။ မောသွားပြီး အိပ်လိုက်အုံးမယ်။
ထိုသို့ဆို၍ ငှက်ကလေးသည် လှဲ၍အိပ်ရန်ပြင်လိုက်စဉ် မင်းသားလေးက
ဘဲ ချီ ဘာဖြစ်လို့ နွေးနွေးထွေးထွေး ရှိသလဲလို့ဆိုတော့ - သူတပါး အကျိုးကို ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့်ဘဲ။

ဆက်





# ဆင်

မောင်ကျော်ဇော
(စာပေဗိမာန်)

ဆင်သည် ကုန်းသတ္တဝါ အပေါင်းတို့တွင် ကိုယ်ထည် အကြီးဆုံးဖြစ်သည်။ ခွန်အား လည်း အကြီးဆုံး ဖြစ်၏။ ဆင်အမျိုးကို သာမန်အားဖြင့် နှစ်မျိုးတွေ့နိုင်သည်။ ယင်း တို့မှာ အာဖရိကတိုက် ဆင်မျိုးနှင့် အာရှ တိုက် ဆင်မျိုးဖြစ်၏။

အာဖရိကဆင်သည် အာရှဆင်ထက် ပို၍ကြီးမားသည်။ တခါတရံ ၁၁ ပေမျှ အထိမြင့်၏။ အာရှဆင်မျိုးသည် အရပ် ၁၀ ပေထက် မကျော်ပေ။ အာဖရိက ဆင်မျိုးသည် ဦးထိပ်လုံး၍ နားရွက်ကြီး သည်။ အာရှဆင်မျိုးသည် ဦးထိပ်ခွက်၍ နားရွက်သေးသည်။ အာဖရိက ဆင်မျိုး ၏ နှာမောင်း၌ ညီညာသောအရစ်များ ပါရှိ၏။ ထိုနှာမောင်းများတွင် လက် ညှိုးလောက် ရှိသော နှုတ်ခမ်း နှစ်ခုလည်း ရှိသည်။ အာရှဆင်မျိုး၏ နှာမောင်းမှာ ပြောင်ချော၍ အဖျားသို့ တဖြည်းဖြည်း သွယ်သွားသည်။ အဖျား၌ နှုတ် ခမ်း တ ခု တည်းသာရှိ၏။

ဆင်ဟူသမျှ အပေါင်းအသင်းကို ကြိုက် သည်။ အစုအအုပ်နှင့်သာ သွားလာကျက် စားတတ်ကြသည်။ ဆင်အုပ် တအုပ်တွင် ၁၀ ကောင်မှ ၁၀၀ အထိရှိတတ်၏။ အများ အားဖြင့် ဆင်မကြီးက ဦးစီးခေါင်းဆောင် ပြုလေ့ရှိသည်။



ဆင်သည် မြင်းကဲ့သို့ မတ်တတ်သော်ရင်း၊ ဝပ်လျက်သော်ရင်း အိပ်နေနိုင်သည်။ လူတို့၏ အချုပ်အနှောင်ကို ခံနေရသည့် အချိန်တွင် ဆင်သည် ရက်သတ္တပတ်ပေါင်းများစွာ မလဲလျောင်းပဲ နေတတ်သည်။ ငါးနှစ်မျှ မလဲလျောင်းပဲ နေနိုင်သော ဆင်များရှိသည်ဟု သိရ၏။


ဆင်သည် ရေကူးလျှင်သည်။ ပေ ၃၀ ကျော်မျှနက်သောရေထဲတွင်ခြောက်နာရီမျှ နေနိုင်ကြောင်း အမှတ်အသားများရှိ၏။ ဆင်သည် ခြေလေးချောင်းစလုံး မြေကြီးမှ ကြွအောင် မခုန်နိုင်ချေ။ သို့သော်လည်း ပြေးလွှားရာတွင် အံ့သြဖွယ်ကောင်းလောက်အောင် မြန်ဆန်လှ၏။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ဆင်ကို လေးလံသောဝန်ကို သယ်ဆောင်ရသည့် အလုပ်များတွင် ခိုင်းစေသည်။ မျက်နှာပြင်ညီညာသော အရပ်ဒေသများတွင် ဆင်သည် အလေးချိန် တတန်ခွဲမျှကို လွယ်ကူစွာ သယ်ဆောင်သွားနိုင်၏။ အချို့ဒေသတို့၌ ဆင်ကို သစ်ဆွဲရန်သာမဟုတ်ပဲ၊ လယ်ထွန်ရန်၊ ကုန်တွဲကြီးများဆွဲရန် စေခိုင်းကြသည်။ မြန်မာနိုင်ငံ သစ်လုပ်ငန်းတွင်ဆင်မပါလျှင်မပြီးပေ။

ဆင်ကို ယာဉ်အဖြစ်လည်း အသုံးချနိုင်သေးသည်။ ဆင်၏ ကျောက်ကုန်းပေါ်တွင် ကုန်းနှီးတွဲကို တပ်ဆင်ရ၏။ ထိုကုန်းနှီးတွဲပေါ်တွင် လူစီးနင်းလိုက်ပါနိုင်ရန် လေးဖက်လေးတန် အကာအရံ ပါသော ထိုင်စရာကို လုပ်ပေးရသည်။

ဆင်သည် အသက်ရှည်၏။ နှစ် ၁၀၀ ကျော်ခန့်အထိ နေနိုင်သည်။ ဆင်မသည် သားမွေးလျှင် အရေအတွက်နည်း၏။ ရှေးအခါက ဆင်များကို ဆင်စွယ်အလို့ငှာ သတ်ဖြတ်ခဲ့ကြ၏။ ယခုအခါ သက်ဆိုင်ရာ အစိုးရတို့သည် ဆင်များအား သတ်ဖြတ်ခြင်းကို တားမြစ်ထားကြသည်။




ပဲပင်ပေါက်-ပဲပြား-ပဲခါး
ဇာတ်လမ်း
သန့်ဇင်အောင်
သရုပ်ဖော်
တခါက ဥာဏ်ပညာနှင့် ပြည့်စုံသော သူငယ်မ တယောက်သည် ဒိဒိဘိဓ ရှေ့ခြံထဲ၌ မြက်နုတ်နေစဉ်-
ဟေ့သူငယ်မ၊ မင်းခြံထဲက မြက်ပင်တွေ ဘယ်လောက်ရှိတယ်ဆိုတာ၊ ရေတွက်နိုင်ပါ့မလား၊
အဘိုးရဲ့ မုတ်ဆိတ်မွေးများရော၊ အဘိုးရေတွက်လို့ ရပါသလား
မင်းဟာ သိပ်ဉာဏ်ပါးနပ်တဲ့ သူငယ်မဘဲ၊ အဘိုးရဲ့ ဦးထုပ် အပေါက်ကို ဖါပေးပါလား
ဟုတ်ကဲ့
သူငယ်မက သေချာ သပ်ရပ်စွာ ဖာထေး ပေး လိုက်သောအခါ-
ကလေးမ၊ ပဲကို ဘယ်လိုပြုတ်ပြီး စားသုံးတတ်သလဲ၊
ပဲကို ပြုတ်ပြီး စားတတ်ပါတယ် အဘိုး၊
ပဲကို ရေစိမ်ပြီးတော့ တခုနဲ့ ဆယ်ထားပြီး၊ အပင်ပေါက်ယင်၊ ကြိုက်သလို လုပ်စားနိုင်သေးတယ်ကွဲ၊
သူငယ်မသည် အဖိုးကို ပြောသည့် နည်းအတိုင်း ပဲပင်ပေါက်လုပ်၍စား ကတ်သွားလေသည်။



ရက်အနည်းငယ် ကြာသောအခါ အဖွားအို တယောက် ရောက်လာပြီး
သူငယ်မ၊ မင်းခြံထဲက မြက်ပင်တွေကို ရေတွက် နိုင်ပါ့မလား၊
အဖွားရဲ့ ဆိတ်ကလေးကိုယ် ပေါ်က အမွေးတွေကိုကော ရေတွက် နိုင်ပါ့မလား၊
အဖွားအိုက သူငယ်မ၏ဉာဏ်ပညာကိုရိပ်စားမိ၍
သူငယ်မသည် သေသပ်စွာညှစ်ပေးလိုက်သည်။
အဖွားရဲ့ဆိတ်ကို နို့ညှစ်ပေးပါလား ကွယ်၊
ရော့၊ အဖွား
ကျေးဇူး ပါဘဲ၊
မင်း၊ ပဲကြီးဘယ် လို လုပ်စားတတ် သလဲ
ပဲကြီးပြုတ်ပြီးတမျိုး အပင်ပေါက်ပြီးတမျိုး လုပ်စားတတ်ပါတယ်
ပဲကြီးပြုတ်ပြီး ထောင်း၊ ကျောက် နဲ့ဖိပြီး ပဲပြားလုပ် စားရတယ်၊
သို့ဖြင့် သူငယ်မသည် ပဲပြားလုပ်၍စားလာတတ်၏။



ရက်အနည်းငယ်ကြာသောအခါ
မင်း၊ ခြံထဲက၊ မြက်ပင်တွေကို ရေတွက်နိုင်ပါ့မလား
ရှင်စီးလာတဲ့မြင်းကိုယ်ပေါ်က၊ အမွေးတွေကိုကော၊ ရှင်ရေတွက်လို့ရမလား
မင်းဟာ၊ ရုပ်ရည်လှသလောက် ပညာအရည်အချင်းနဲ့ပြည့်စုံသူပါဘဲ၊ ငါ့ကို လက်ထပ်ပါလားကွယ်၊
ရှင်
သူငယ်မလည်း ဗဟုသုတနှင့်ပညာကို လိုလားသူဖြစ်၍—
ပဲကြီး၊ ပဲပြုတ်၊ ပဲပင်ပေါက်၊ ပဲပြား လုပ်စားတတ်ပြီ၊ နောက်ထပ်ပဲကို တမျိုးလုပ်စားတတ်အောင် ပညာတတ်ယင်၊ လက်ထပ်ပါ့မယ်၊
လုလင်ပျိုက ကျောက်ပြား၊ ကျောက်တုံးများကို ရှာကာ ကြိတ်ဆုံပြုလုပ်ပြီး ဆီထွက်အောင် လုပ်ပြလိုက်လေသည်။
သူငယ်မက လုလင်ပျိုအား အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်သဖြင့် လက်ထပ်လိုက်လေသည်။
ထိုအချိန်မှစ၍ ယနေ့တိုင် ပဲပင်ပေါက်၊ ပဲပြား၊ ပဲဆီ တို့ကို စားသုံးကြရလေသည်။


( ရိုးရာပုံပြင်တစ်ပုဒ်မှ )

# ယုန်ဒရယ်



ယုန်လောက်သာ အရွယ်အစား ကြီးမားသည့် ဒရယ်တမျိုးကို ကိုလံဘီယာ နိုင်ငံနှင့် အီကွေဒေါနိုင်ငံတို့ကြားရှိ အင်းဒီးစ် တောင် တန်း တွင် တွေ့ကြရသည်။ ထို ဒေ သ မှ တပါး အခြား မည်သည့်အရပ်တွင်မှ တွေ့ရလေ့မရှိ။ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည့်တိုင် ယင်းတို့၏ စားကျက်ကို အခြား ဝေးဝေးလံလံ ဒေသများသို့ ပြောင်း ရွှေ့ လေ့ မရှိကြ။ ထိုကြောင့်ပင် ယင်းတို့ကို အမဲလိုက်ခွေးများဖြင့် အလွယ်တကူ ရှာဖွေ ဖမ်းဆီးနိုင်သည်။ ဖမ်း ဆီး ရ လွယ် ကူလွန်း သ ဖြင့် မျိုး ပြုန်း သွားမည်ကိုပင် စိုးရိမ်နေကြပေပြီ။ ယင်းမျိုးပြုန်းလုနီးနီး ရှားပါးနေပြီဖြစ်သော ယုန် ဒရယ်တို့၏ အမည်ရင်းမှာ ပူဒူ ဒရယ်ဖြစ်သည်။ ထိုဒရယ်တကောင်၏ အများဆုံး အလေးချိန်မှာ ၂၂ ပေါင်မျှသာရှိသည်။ ယခုအခါ ကိုလံဘီယာနိုင်ငံ အာဏာပိုင်တို့က ယုန် ဒရယ်များကို ဘေး မဲ့ ပေးရန် ကြိုးစားနေကြသည်။

အောင်သန်းချစ်

## အောက်တိုဘာမှာ ယခုရှေးခါ

**အောက်တိုဘာ ၂၅ – ၃၁**

- ၁၇၉၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အင်္ဂလိပ်ကဗျာဆရာ ဂျွန်ကိကို မွေးဖွားခဲ့သည်။
- ၁၉၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရုရှတော်လှန်ရေးသမားများက ဇာဘုရင်ကို တော်လှန်၍ အာဏာသိမ်းပိုက်ခဲ့သည်။
- ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် အီဂျစ်နှင့် အစ္စရေးတို့ ဆိုင်နိုင်ကျွန်းဆွယ်၌ တိုက်ပွဲဖြစ်ခဲ့သည်။
- ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် တော်လှန်ရေးအစိုးရက လိုင်စင်မဲ့သွင်းကုန် (အိုဂျီအယ်) စနစ်ကို ရပ်စဲခဲ့သည်။
- ၁၉၆၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ အင်းလျားကန်ဟော်တယ်၌ ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ခဲ့၏။



# မွေးမေမေ

ငယ်ငယ်

အမေ့ကို ကျွန်တော်မကျေနပ် ပါ။ အမေ သည် ကျွန်တော့်ကိုဆိုလျှင် အမြဲပင် နှိမ့်ချ ပြောဆို တတ်သည်ဟု ထင်မိပါသည်။ အမေသည် ကျွန်တော့်ကို မကျေနပ်လျှင် ကျွန်တော့်ကိုသာမက အိမ်သို့အလည်လာသော ဧည့်သည် များကိုပင် ကျွန်တော့်အကြောင်း ပြောဆိုတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်စိတ်တွင် အမေသည် ကျွန်တော့်ကို သူများအမေတွေလောက်မချစ်ဟု ထင်လာမိ၏။

ယနေ့ ညနေပိုင်းတွင်လည်း နီတွတ်တို့အမေသည်ကျွန်တော်တို့ အိမ်သို့ လာ လည်သည်။ ကျွန်တော်နှင့်နီတွတ်သည် လေးတန်း ကျောင်းသားများ ဖြစ်၍ တတန်းထဲ သားများ ဖြစ်ကြသည်။ နီတွတ်သည် အတန်းထဲတွင် စာတော်၍ လစဉ်စာမေးပွဲတိုင်း ပထမ ရသူဖြစ်၏။ ကျွန်တော့်မှာမူ အတန်း ထဲတွင် စာညံ့၍ အမြဲတမ်းဆရာ၏အဆူအပူကို ခံနေရသူ ဖြစ်ပါသည်။ အမေသည် နီတွတ်၏ စာကြိုးစားမှုကြောင့် နီတွတ်ကို အမြဲ ချီးမွမ်းလေ့ ရှိ၏။ ယခုလည်း အမေသည် နီတွတ်တို့ အမေကို နီတွတ်သည် လိမ်မာကြောင်း၊ စာ ကြိုးစား ကြောင်း၊ ဉာဏ်ကောင်းကြောင်းတို့ကို ချီးမွမ်း ပြောဆို၍ ကျွန်တော့်ကိုမူမလိမ်မာကြောင်း၊ စာ မကြိုးစားကြောင်းနှင့် ဉာဏ်မှာလဲသူများ တွေထက် တုံးသေး သည်ဟု ပြောဆိုနေ၏။ အမေသည် မိမိ၏သားအား နှိမ့်ချ ပြောဆို၍ နီတွတ် ကျတော့ ချီးမွမ်းနေသဖြင့် ကျွန်တော် အမေ့ကို မကျေနပ်ပါ။ ထို့ကြောင့် ညဘက် အမေ စာကျက်ခိုင်းသည်ကို မကြားချင်ယောင်ဆောင်၍ ကျွန်တော် အိပ်ရာသို့ ဝင်ခဲ့ပါသည်။

မနက်တွင် ကျောင်း သွားဘို့ပြင်ဆင်ပြီး အမေ ပြင်ထားသော ထမင်းကြော်နှင့် ကော်ဖီသောက်၍ ကျောင်းသို့ ထွက်လာခဲ့၏။ လမ်း လျှောက်ရင်း အမေမနေ့က နီတွတ်တို့ အမေကိုပြောဆို နေသော စကားသံများကို ကြားယောင်နေမိ၏။

"ဟေ့ အောင် အောင်"ဟု ခေါ်သံကြောင့် နောက်သို့လှည့်ကြည့်လိုက်ရာ နီတွတ်ကို တွေ့ရ၏။

"မင်း အခု တလော စာ မကျက်ဘူးဆို"

"ဘာလဲ မင်းအမေက မင်းကိုပြန်ပြောတယ်မဟုတ်လား"

"အေးပေါ့ကွ.... မင်းက စာ မကျက်၊ စာ မကြိုး စားတော့ မင်းအမေက သိပ် စိတ်ညစ်တဲ့အကြောင်း ငါ့အမေကို ပြောတယ်လေ.... မင်းစာကြိုးစားရင် မင်းအမေလဲ ငါ့အမေလို သိပ်ဝမ်းသာပြီး၊ သိပ်စိတ်ချမ်းသာမှာဘဲပေါ့"

ကျွန်တော်ဘာမှ ပြန်မပြောမိတော့ချေ။ သို့သော်ကျွန်တော်သည် နီတွတ်ကဲ့သို့ စာကြိုးစားပါက အမေသည် နီတွတ်ကဲ့သို့ပင် ကျွန်တော့်အား ချီးမွမ်းပြောဆိုမှာဘဲဟု ထင်မိ၏။

ဒီနေ့ ကျောင်းတွင် တိုက်

တိုက် ဆိုင်ဆိုင်ပင် ဆရာက– "မင်းတို့ ဒီနေ့ အိမ်စာ အဖြစ် 'မေ့မေမေ' ဆိုတဲ့ စာစီစာကုံး ရေးခဲ့ရမယ်၊ ဘာမှ ကြီးကြီး ကျယ်ကျယ် ရေးစရာ မလိုဘူး၊ မင်းတို့အမေတွေက မင်းတို့တွေ ကိုမွေးတဲ့အချိန်ကစပြီးဒီအရွယ် အထိ ဘယ်လိုပြုစုခဲ့တယ်၊ ဘယ် လိုယုယခဲ့တယ်၊ ဘယ်လို ကြင် နာခဲ့တယ်ဆိုတာကို ဖွဲ့နွဲ့ရေးရင် ဘဲ၊ စာစီစာကုံးကောင်းတပုဒ် အဖြစ် ရေးနိုင်လိမ့်မယ်"

ကျောင်းဆင်း၍ အိမ်အပြန် လမ်းလျှောက်ရင်း စာစီစာကုံး ရေးရန်အတွက် တွေးတောမိရာ မှ အမေ့အကြောင်း စဉ်းစား လာမိပါသည်။

ဟုတ်ပါသည်၊ ကျွန်တော့် အမေသည် ကျွန်တော့်ကိုမွေးစ မှစ၍ လိုလေသေး မရှိအောင် ပြုစုခဲ့ခြင်း ဖြစ်သည်။ အမှန် တော့ ကျွန်တော့် အမေသည် ကျွန်တော့်ကို ကိုးလလွယ်၊ ၁၀ လမွေး၍ ပူ၊ ငန်၊ စပ်၊ ခါး ရှောင်ကာ မှက်၊ ခြင်၊ ယင်၊ မသန်းရလေအောင် ပြုစု ယုယ စောင့်ရှောက် နို့ချို တိုက်ကျွေး ခဲ့သော မွေးမိခင်ပင် ဖြစ်ပါ သည်။ ယခု အချိန် အထိ ကျွန်တော်သည် ကျွန်တော်စား သော ပန်းကန်တချပ် မဆေးခဲ့ ဘူး၊ အင်္ကျီတထည် မလျှော်ခဲ့ ဘူးပေ။ ယခုကျွန်တော့်အသက် သည် ၁၀ နှစ်ရှိပါပြီ၊ ကျွန်တော် မွေးစမှစ၍ ၁၀ နှစ် အတွင်း ဝတ်ခဲ့သော အင်္ကျီကို နှစ်ရက် လျှင်တထည်နှုန်းပဲ တွက်ကြည့် ပါဦး။ ကျွန်တော့် အင်္ကျီအထည် ၁၈၀၀ ကို အမေ လျှော်ပေး ခဲ့ပြီးဖြစ်၏။ ထို့အတူ အမေ ဆေးပေး ခဲ့သော ကျွန်တော် စားခဲ့သည့် ထမင်း ပန်းကန်ကို လည်း တွက်ကြည့်မိ၏။ ဤမျှ လောက် ချစ်ခင်သော အမေ သည် ကျွန်တော့်ကို သူများ သားများ နည်းတူ တော်စေ ချင်ပေမည်။ လိမ္မာစေချင်ပေ မည်။ စာကြိုးစား စေချင်ပေ မည်မှာ မိခင်တိုင်း၏ အကြီး မားဆုံး စေတနာ ဖြစ်သည်ဟု ယခုမှပင် ကျွန်တော် နားလည် လာမိပါသည်။

တစ တစနှင့် ကျွန်တော့် အပေါ် ထားရှိသော အမေ့ မေတ္တာ စေတနာများကို ကျွန် တော်နားလည် လာခဲ့ပါသည်။ ထို့အတူ အမေ့ အပေါ် မကျေ နပ်သော စိတ်များ တစတစ ပျောက်ကွယ် ကုန်၍ အမေ့ကို ချစ်ခင်သောစိတ်၊ မြတ်နိုးသော စိတ်၊ တွယ်တာသောစိတ်၊လေး စားကြည်ညိုသော စိတ်များ တ ဖွားဖွား ပေါ်ပေါက်လာသည်။

ယခုလည်း ကြည့်ပါ အုံး။ ကျွန်တော်သည် အမေ့ အ ကြောင်းစဉ်းစားမိသည့် ကျေး ဇူးကြောင့် မနက်ဖန် အတွက် အိမ်စာပေးထားသော "မေ့မေ မေ" ဟူသော စာစီစာကုံးကို အ ကောင်းဆုံး ဖြစ်အောင် ရေး သားနိုင်တော့မည် ဖြစ်ပါသည်။

"ချစ်သော မေမေသို့"

# အငြိမ့်ပွဲ

သမင်လေးက ဗိုက်တိုက်
ဒိုးဆိုင်းတီးသလို၊
နဲ့သံချိုတဲ့ ကြိုးကြာငှက်
သံစဉ်သွမပျက်။
သစ်တောက်ငှက်က စည်းဆရာ
ဒေါက်ဖက်မှန်ကန်စွာ၊ •
လင်းကွင်းဆရာ ကိုရွှေကျီး
အအာ–အအာတီး။
ဝိုင်းတော်တီးတဲ့ ဦးမျောက်ညို
လက်သံသာသကို၊
ခေါင်းမပျို ညာဘယ်သွဲ့
ကကြိုးကဟန်နွဲ့။
ဦးတောက်တဲ့နဲ့ ပုတ်သင်ညို
ပွဲကြည့်လာသကို၊
ပုတ်သင်ညိုက သဘောကျ
ခေါင်းညိတ်ဆုဧ္ဇချ။ ။

မောင်တင်မြိုင် (ပေါက်)




R. 517

# ဆိတ်ဖလူးပန်း



# စိုင်ပန်းစုံ

အလွန်မွှေးကြိုင်လှသော ဆိတ်ဖလူးပန်းများသည် စပယ်ပန်းနှင့် ဆင်ဆင်တူသည်။ သို့သော် တပွင့်လုံး ဆွတ်ဆွတ်ဖြူမဟုတ်ချေ။ ပွင့်ချပ်များက အဖြူရောင် ဖြစ်သော်လည်း အပွင့်၏ ခေါင်းပွရိုးတံသည် နီကြဉ်ကြဉ် အရောင်ရှိသဖြင့် အပွင့်၏ အလယ်တွင် နီကြဉ်ကြဉ်အရောင်ပေါ် နေသည်။ ယင်းပန်းများသည် ညအခါတွင်ပွင့်ကြ၍ နံနက် အရုဏ်တက်ချိန်မှစပြီး၊ တဖြုတ်ဖြုတ် ကြွေကျကာ အပင်အောက်တွင် ပန်းမွေ့ရာ ခင်းသကဲ့သို့ ရှိလေသည်။ ပန်းပွင့်ချိန်မှာ တော်သလင်းလမှစ၍ တန်ဆောင်မုန်းလတိုင်အောင် ပွင့်သည်။ အဆုပ်လိုက် ဖူးပွင့်သော်လည်း အပွင့်များများ တပြိုင်တည်းမပွင့်ပဲ တဖြည်းဖြည်းချင်း ပွင့်ကြသည်။ ဆိတ်ဖလူးပန်း များကို သီတံဖြင့်ရင်း၊ ကြိုးဖြင့်ရင်း ဖောက်၍ သီကုံးပြီး ဘုရား စသည် တို့ ကို လှူဒါန်း ပူဇော်ခြင်း၊ ပန်ဆင်ခြင်းပြုကြရလေသည်။



ဆိတ်ဖလူးပင်သည် အပင်ငယ်မျိုး ဖြစ်၍ ငါးပေမှ ၁၀ ပေ၊ ၁၂ ပေခန့်အထိ မြင့်သည်။ အပူပိုင်းဒေသ၌ ပေါက်ရောက်သော အပင်မျိုး ဖြစ်သည်။ အရွက်များသည် ခေါင်ရန်းရွက်နှင့်ဆင်၍ ပတ်လည် ခွေး သွား စိတ် များ ရှိသော်လည်း အနည်းငယ်ကြမ်းပြီး အမွေးနုနုကလေးများ ရှိသည်။

ဆိတ်ဖလူးပင်သည် ပဥ္စငါးပါးစလုံး အလွန်ဆေးဖက် ဝင်သည်ဟု မြန်မာဆေးကျမ်းများတွင် ဆို ထား သည်။ သို့သော် ယင်းအပင်ကို ပန်းများများပွင့်သော ပန်းပင် တမျိုးအနေဖြင့်သာ ပန်းခြံများ၊ နေအိမ် ခြံဝင်းများအတွင်း၌ စိုက်ပျိုးကြလေသည်။

တင့် တင့်

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၄။

# ရွှေသွေး ဂျာနယ်


၁၃၃၇ ခု၊ သီတင်းကျွတ်လဆုတ် ၁၃ ရက် (၁-၁၁-၇၅)

နှလုံးသားကောင်းသူ့


## ကြည်တော်မူ

(အဆက်)

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - မိုးလမင်း




စနေနေ့တိုင်းထုတ်ဝေသည်။




ကိုသို့ပြောဆိုပြီး မျက်ရည်ဝဲလာပြန်ရာ
အထန့်တန့် မင်းသားလေးကပြော၍ ငှက်ကလေးသည် နီလာကိုဖောက်ယူပြီး-
စာဆိုတော် မသေမရှင်လေးထံ သွားပို့လေ၏။
စာဆိုတော်ကလေးသည် အယံကြွင့် လန့်နိုးလာပြီး
ငှက်ကလေးသည် ပြန်ရောက်ပြီးမင်းသားလေး အတွက်စိတ်မကောင်းဖြစ်၍ အိပ်လိုက်တော့၏။


နောက်တနေ့ နံနက်တွင် ငှက်ကလေးသည် စိတ်အေးလက်အေး မြစ်ထဲ၌ ရေဆင်းချိုး၏။
ဟော - ကြည့်ကြစမ်း ၊ သောင်ဦးပေါ်ကနေပေမယ့် - ငှက်လေးက - ရေး ရှူးဖြားဖြား ဘာများ လုပ်နေပါလိမ့်
အင်း … ဒီညတော့ - ခရီးထွက်မှ ဖြစ်မယ်
ထိုနေ့ည လထွက်ချိန်တွင် -
အရှင်မင်းသားလေးကို ကျနော် နှုတ်ဆက်ပါတယ်။ ဒီညတော့ ခရုံမြို့ကို သွားတော့မယ် .....
ငှက်ကလေးရယ် - ဒီတညလောက်များ ကျုပ်နဲ့အတူ မနေနိုင်တော့ဘူးလား ကွယ် ...
ဟာ ချာ- ဆောင်းရာသီတောင် ရောက်နေပြီ။ အရှင်မင်းသားလေး ကြည့်စမ်းပါ - ဘယ်လောက် အေးနေပြီလဲ။ နှင်းတွေ ကျလာတော့မယ်။ ခရုံမြို့ကော်မှာ ရာသီဥတု ညီမျှပါတယ်။ အရှင်မင်းသားလေးကို ကျနော် သိမ်းချစ်ပါတယ် ... ဒါပေမယ့် - ကျနော့်အဖို့ မသွားလို့ မဖြစ်တော့လို့ပါ။ ဆောင်းကုန်တော့ ပြန်လာမှာပေါ့။
အရှင်မင်းသား အတွက် - ပတ္တမြားတလုံး - နီလာတလုံး၊ ရှာပြီး ယူခဲ့မှာပေါ့။
ဟိုမှာ ကြည့်စမ်းပါဦး - အကြော်မုန့် ရောင်းတဲ့ ကောင်မလေး တယောက် ခလုပ်တိုက်မိပြီး အကြော်မုန့်တွေ မြောင်းထဲ မှောက်ကျသွားပြီ။ မုန့်တွေတော့ ပျက်ရတော့မှာဘဲ။
မုန့်ရောင်းရတဲ့ ပိုက်ဆံ ပြန်မပေးနိုင်ရင်တော့ သူ့အမေ ရိုက်တော့မှာဘဲ။ သနားစရာ ကောင်းလိုက်တာ။ ကျုပ်မျက်စိထဲက ကျောက်တလုံး သွားပို့ပေးပါလား ကွယ် -
သွားပို့ပေးဆိုလဲ - ပို့ပေးရတာပေါ့။ ဒါပေမယ့် အရှင်မင်းသားလေး မျက်စေ့တဖက်မှာ ကျန်တဲ့ နီလာကိုဖြုတ်လိုက်ရင် - အရှင်ဟာ - လောကကြီး တခုလုံးကို ဘာမှ မမြင်နိုင်တော့ဘဲ အမှောင်ဖုံး သွားပါလိမ့်မယ်။
ကိစ္စမရှိပါဘူး - ကျုပ်ခိုင်းတာသာ လုပ်စမ်းပါ။


ကဲလေ - ဒီလောက် စိတ်စေတနာကောင်းလှ မှတော့ - ဆောင်ရွက်ပေးရတာပေါ့ .....
ဤသို့ဆိုပြီး နီလာတတုံးကိုဖောက်ယူကာ-
သွားပို့ပြီးနောက်
ဟောတော့ - ကျောက်ခလေး တလုံးပါယ် - ဘယ်ကကျ လာလဲ မသိဘူး
ပြန်လာကာ-
အရုပ်အချိန်ကျမှတော့ အရှင်မင်းသားကလေး နဲ့ဘဲ - တသက်လုံး အတူတူ နေ ပါတော့ မယ်။
ဘာဖြစ်လို့လဲ ဆိုတော့ - အရှင်မင်းသား မှာ မျက်စိ မမြင်တဲ့ အဝကို ရောက်နေမှကိုး
ဟာ - မယုတ်တာ ရှက်ကလေးရယ် - ဒီမြို့တော်ကို အရောက်သာ ပျံသွားနိုင် ပါပြီ။ ပျံသွားပါတော့ ရှက်ကလေးရယ် ဆောင်ရွက်စရာ ကိစ္စလဲ မရှိ တော့ပါဘူး
ဒါပေမယ့် - အရှင် မင်းသားလေးကို ပစ်ပြီး ရက်ရက်စက်စက် ထွက်ခွာ မသွားနိုင်ပါဘူး
ထိုသို့ဆို၍ ခြေနှစ်ဖက်ကြား၌ အိပ်လိုက်၏။
နောက်တနေ့တွင်လည်း မင်းသားလေးနှင့် အတူနေကာရွှေမြို့တော်ကြီးတွင် ဖြစ်ပျက်သမျှ ကို ပြောပြနေလေသည်။
မြို့တော်ကြီးရဲ့ သာယာ ဆန်းကြယ်တာတွေ - အံ့ဩစရာတွေ သာ ပြောမနေပါနဲ့။ နေရေး ထိုင်ရေး ဆင်းရဲ ဒုက္ခ ရောက်နေတဲ့ လူတွေအကြောင်း လဲ လေ့လာ ပြောပြပါလား
နောက်တဖန် ရွှေမြို့တော်ကြီးကို လှည့်ပတ် ပျံ သန်းကာ ကြည့်ပြီးသော်—
တချို့က တော့ တိုက်ကြီး တာကြီး တွေနဲ့ နေကြ
တချို့ကတော့ - တဲစုတ်လေးနဲ့ နေရတယ်


တချို့က စားနိုင် သောက်နိုင်၊ သုံးနိုင်ရှိပြီး
တချို့က ငတ်ပြတ်နေတယ်။
တချို့က စည်းစိမ်ခံနေပြီး ....
.... တချို့က ချမ်းလို့ ခြုံစရာ စောင်စုတ်
လေးတောင် မရှိရှာဘူး .....
ထိုသို့မြင်တွေ့သမျှကို ပြန်ပြောပြလေရာ—
အင်း .... မင်းပြောသမျှ ကျုပ်ကြားရတာ - သိပ်
စိတ်မကောင်း ဖြစ်မိတယ်။
ကျုပ်ရှင်တဲ့မှာ ဘယ်လိုဖြစ်
ကုန်လဲ မသိဘူး။ မင်း
တတ်နိုင်ရင် - ကျုပ်ကိုယ်မှာ
ကပ်ထားတဲ့ ရွှေပြားအလွှာ
ကလေးတွေကို ခွာပြီး
ဆင်းရဲတဲ့လူ - ငတ်နေတဲ့
ကလေးတွေဆီ သွားပြီး
ဝေမျှ ချပေးပါလား ကွယ်.....
ထို့ကြောင့် ငှက်ကလေးသည် ကြည်တော်မူ
မင်းသားရုပ်တုမှ ရွှေပြားကလေးများကို စိတ်
ရှည်လက်ရှည် ခွာယူ၍-
မရှိနွမ်းပါးသော သူတောင်းစားများ၊ သူ
ဆင်းရဲများထံ ရောက်အောင် အခေါက်
ခေါက်ပို့ရာ
ထိုသူများမှာ ထိုရွှေစလေးများကို ရောင်းချ
ကာ စားနိုင်သောဘဝကိုရကြ၏။


ထိုသို့ တညဉ့်ပြီးတညဉ့် ရွှေပြားလေးများ ဖြန့်ဖြူး ရင်း ရက်များမကြာမီတညတွင် နှင်းများကျ၍ မှုန်မှိုင်းနေတော့သည်။
ပုံ့လွှားငှက်ကလေးသည် ခိုက်ခိုက်တုံအောင် ချမ်းနေတော့သည်။
ထိုသော် ကြည့်တော်မူ မင်းသားလေးအား သံယောဇဉ်ကြီး၍ ခွဲခွာမသွားရက်ပေ။
ငှက်ကလေးသည် အားယူကာပုံ့တက်ပြီး -
ကျွန်တော်တော့ မနေရတော့ဘူး။ သွားရတော့မယ် အရှင်မင်းသား။ နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ အရှင်မင်းသားရဲ့ ပါးတပြင်တချက်ကို အနမ်း လက်ဆောင် ပေးခဲ့ ပါရစေ . . . . . .
ဝမ်းသာလိုက်တာ ငှက်ကလေးရယ် - အခု မင်း ဒုံ့မြို့တော်ကို သွားတော့မယ်ပေါ့ - ဟုတ်လား။ အေးလေ - မင်းလဲ ကျုပ်နဲ့ အတူတူ နေလာခဲ့တာ အတော်ပင်ကြာခဲ့ပြီ။ အဲသည်တော့ အနမ်းလက်ဆောင် ပေးမယ်ဆိုလဲ ပေးနိုင်ပါတယ်ကွယ်။ ကျုပ်ကလဲ သင့်ကို ချစ်ခဲ့ပါတာ အမှန်ပါဘဲ
အရှင် မင်းသား ကျွန်တော်ကတော့ ဒုံ့မြို့ကို သွားမယ့်သူ မဟုတ်ဘူး။ အခု - ကျွန်တော် - သွားရမှာက - သေ - မင်း - နိုင် - ငံ - ကို -
သွား - -
ရ - -
မှာ - -
ထိုသို့ဆိုပြီး အနမ်းလက်ဆောင်ပေးကာ ဖုတ် ကနဲကျ၍ မင်းသားလေး၏ ခြေရင်းတွင် သေ ဆုံးသွားလေသည်။


ငှက်ကလေး ကျသေသည်နှင့်တပြိုင်နက် မင်းသားလေး၏ ရင်နှစ်ခြမ်း ပြန်းပြန်းကွဲသွားလေတော့သည်။
ဖြန်း
နောက်တနေ့နံနက်တွင် မြို့တော်ဝန် ရောက်လာကာ မင်းသားရုပ်တုကိုတွေ့လျှင် -
ဟင်! နေ့ချင်းညချင်း အယ်လိုဖြစ်တာ ပါလိမ့်
ထိုအခိုက် အဖိုးအိုတဦး ရောက်လာပြီး ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလေသည်။
မြို့တော်ဝန်လည်း အကြောင်းစုံကို ဘုရင်ကြီးထံ သံတော်ဦးတင်လေရာ
ထိုအခါမှစ၍ ရုပ်တုအသစ် ဖြစ်ပေါ်လာပြီး ရွှေမြို့တော်ကြက်သရေကိုဆောင်လျက် ရှိတော့သည်။
ချမ်းသာ ကြွယ်ဝကာပြီ ဖြစ်သောသူများကလည်း ဆင်းရဲစဉ်က စောင်မခဲ့သည့် နှလုံးသား ကောင်းသူ ကြည်တော်မူမင်းသားနှင့် ပုံလွှားကလေး ရုပ်တုကို ကြည့်မဝ ရှုမဆုံး ဖြစ်နေကြတော့သတည်း။

# ခွေးသွားစိတ်
## စက်မှုတိတ်ရန်


အိမ်တွင်ရှိသော ကစားစရာလေးများ၊ နာရီများမှာ ပါရှိသည့် အစိတ်အပိုင်းကလေးများကို ဂရုတစိုက် လေ့လာကြည့်လျှင် အသွားကလေးများပါသည့် ခပ်ဝိုင်းဝိုင်း ပစ္စည်းကလေးများကို တွေ့ရပေလိမ့်မည်။ ယင်းပစ္စည်းများကို မြန်မာလို ခွေးသွားစိတ်ဟုခေါ်ပြီး၊ အင်္ဂလိပ်လို "ဂီယာ" သို့မဟုတ် "ပင်နယံ"ဟု ခေါ်သည်။


ထို ခွေးသွားစိတ်သည် စက်မှုလောကတွင် အလွန်အရေးပါ အရာရောက်သော ပစ္စည်းတမျိုး ဖြစ်သည်။ ထိုကြောင့် စက်မှုလက်မှုနှင့် ပတ်သက်သော တံဆိပ်ဖြစ်စေ၊ အမှတ်အသားဖြစ်စေ၊ သင်္ကေတ တခုခု ပြုလုပ်သောအခါ ခွေးသွားစိတ်ပုံကို ပြုလုပ်လေ့ရှိကြသည်။ စက်မှုလက်မှုဌာနဆိုင်ရာ ဆိုင်းဘုတ်များ၊ မော်တော်ယာဉ်များတွင်ခွေးသွားစိတ်ပုံ ရေးဆွဲထားသည်ကို မြင်ကြရပေလိမ့်မည်။

ခွေးသွားစိတ်၏ အဓိကတာဝန်မှာ ဝင်ရိုးတခု၏ လည်ပတ်မှုကို အခြားဝင်ရိုးများထံရောက်အောင် ဆောင်ရွက်ပေးသော တာဝန်ပင်ဖြစ်သည်။

ပထမဝင်ရိုး၏ လည်ပတ်မှုကို ဒုတိယဝင်ရိုးသို့ ပေးရာ၌ ပဌမဝင်ရိုးသည် အကယ်၍ နာရီလက်တံများ သွားရာဖက်အတိုင်းလည်ပတ်လျှင် ဒုတိယဝင်ရိုးတွင် တပ်ထားသော ခွေးသွားစိတ်သည် ပထမဝင်ရိုးရှိ ခွေးသွားစိတ်၏ လည်








ပတ်မှုနှင့် ပြောင်းပြန်လည်သည်ကို တွေ့ရ ပေမည်။ နောက်ထပ် ခွေးသွားစိတ်တပ်ထားသော တတိယဝင်ရိုးကို ဒုတိယဝင်ရိုး၏ ခွေးသွားစိတ်နှင့် အ သွား ချင်း ဆက်ပြီး လည်စေသောအခါ တတိယ ခွေးသွားစိတ်သည် ပထမခွေးသွားစိတ်နှင့် ဘက် တူ လည်သည်ကို တွေ့ရပေမည်။

နောက်တနည်းမှာ ခွေးသွားစိတ်နှစ်ခုသည် လုံးပတ်ရွယ်တူဖြစ်ပြီး အသွားအရေအတွက်ချင်းတူလျှင်...တခုနှင့်တခု ဆက်၍ လည်စေသောအခါ ပထမ ခွေးသွားစိတ်တပတ်လည်တိုင်း ဒုတိယခွေးသွားစိတ်သည်လည်း တပတ်လည်သည်ကို တွေ့ရမည် ဖြစ်သည်။

ထို့ကြောင့် ခွေးသွားစိတ်နှစ်ခုအနက် တခုသည် ကျန်တခုထက် လုံးပတ်တဆပိုကြီးပြီး၊ အသွား အရေအတွက်သည်လည်း တဆပိုများလျှင် နှစ်ခုဆက်၍ လည်စေသောအခါ၌ ကြီးသော ခွေးသွားစိတ် တပတ်လည်တိုင်း ငယ်သော ခွေးသွားစိတ် နှစ်ပတ်လည်သည်ကို တွေ့ရပေလိမ့်မည်။


ဤသို့ ဘက်ပြောင်း ဘက်တူလည်ပတ်မှုနှင့် အပတ်ရေကွာခြားမှုကို စက်များတွင် လိုအပ်သလို စီမံလည်ပတ်စေခြင်းအားဖြင့် စက်များ၏ စွမ်းရည်ကို ဖော်ထုတ်နိုင်ကြပေသည်။ ။






ထိုမှတစ်ဆက်တည်း
ဒီ..ငါပိုင်ပစ္စည်းမဟုတ်ဘူး..တဦးတယောက်က ကျန်ခဲ့တဲ့ပစ္စည်းကို၊ တာဝန်သိသိနဲ့ သက်ဆိုင်ရာကတဆင့် ပြန်ပေးရမဲ့တာဝန် ရှိမှာဖြစ်နေပါလား
ဒီ-မင်းရဲ့ပိုက်ဆံအိတ်ဟုတ်ရဲ့လား
ဟုတ်၊ ဟုတ်ပါတယ်-ဘာဖြစ်လို့လဲ





# ဧရာမတီကောင်

• ဧရာမ တီကောင်များကို ၁၉၅၆ ခုနှစ်ကမှ စတင်တွေ့မြင်ခဲ့ကြသည်။ ယခင်က ယင်းတီကောင်ကြီးများကို ပန်းချီကားများထဲတွင် စိတ်ကူးယဉ်ရေး ဆွဲ ထား သ ဖြင့် ရုပ်ပုံအဖြစ်သာ လူသားတို့မြင်ခဲ့ကြရဘူးသည်။ ထိုတီကောင်တို့သည် အချို့မြွေများထက်ပင် ကြီးမားသေးသည်။ ငါးပေခန့်ရှည်လျားပြီး လုံးပတ်ငါးလက်မခန့်ရှိသည်။ ရုတ်တရက်မြင်ရလျှင် မဲမဲကောင်ကြီးများဟု ထင်မှတ်ရသော်လည်း အမှန်တကယ်မှာမူ စိမ်းပြာရင့်ရောင် ဖြစ်သည်။ ယင်းတို့ကို ပေပေါင်း ၁၃၀၀၀ မှ ၁၄၀၀၀ ထိ မြင့်မားသော ကိုလံဘီယာနိုင်ငံ၏ အနောက်တောင်ပိုင်း တောင်တန်းကြီးများပေါ်တွင်သာ တွေ့ရလေ့ရှိသည်။ တခါတရံ ထိုတောင်တန်းကြီးများ၏ လမ်းများပေါ်တွင်ပင် လွယ်လင့်တကူ မြင်ရတတ်သေးသည်။ မြေအောက်တွင်းများတွင် နေထိုင်ကြသဖြင့် မြေပြင်ပေါ်၌ အတွေ့ရနည်းသည်။ ယင်းတို့တွင်းအောင်းနေစဉ် လွယ်လင့်တကူ ဆွဲထုတ်၍မရပေ။ ခန္ဓာကိုယ် တဝက်ကျော်မျှ မြေပေါ် ထွက်ပေါ်လာသည်ထိ တူးဆွပြီးမှသာ တွင်းပြင်ပသို့ ဆွဲထုတ်၍ ရနိုင်သည်။

အောင်သန်းချစ်

## ကမ္ဘာပတ်မှာ ဟိုရှေးခါ

နိုဝင်ဘာ ၁ – ၇

- ၁၈၆၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဆူးအက်တူးမြောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။
- ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဩစတြီးယားနှင့် ဟန်ဂေရီတို့သည် သီးခြား သမ္မတနိုင်ငံများ ဖြစ်လာခဲ့ကြသည်။
- ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် အနုမြူထိန်းချုပ်ရေးစီမံကိန်းကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံက လက်ခံအတည်ပြုခဲ့သည်။
- ၁၉၅၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရုရှနိုင်ငံက စပွတ်နစ် အာကာသယာဉ်တွင် ခွေးမကလေးတကောင်ထည့်ပြီး အာကာသသို့ ပစ်လွှတ်ခဲ့သည်။
- ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့သစ်ကို စတင်ဖွင့်လှစ်ခဲ့သည်။

# တန်ဘိုး

မောင်မြတ်မင်း
(အောင်လံ)



ပန်းလှလှလေး ပန်ရတိုင်း မရဲ့မျက်နှာသည် ပန်းလို လန်းနေပါသည်။ ပန်းဆိုလျှင် မရဲ ခုံမင်သည်၊ မြတ်နိုးသည်၊ တယုတယ ပန်ဆင်တတ်ပါသည်။

မရဲ့ မေမေ စိုက်ပျိုးထားသော ပန်းစိုက်ခင်းထဲမှာ ပန်းအမျိုးမျိုး စုံလင်သည်။ မရဲသည် ထိုပန်းအလှလေးများကို အငမ်းမရ ခူးယူ ပန်ဆင်လေ့ရှိ၏။ အပွင့်ကို ခူး သော အ ခါ တခါတခါ အဖူးလေးများ တခါတခါ အညွန့်လေးများ ပါလာတတ်သည်။ မရဲသည် အပွင့်မှာ ကပ်ပါလာသော အ ဖူး လေး များ၊ အညွန့်လေးများကို ချွေပြစ်ပြီးမှ အပွင့် သက်သက်ကို ပန်ဆင်သည်။ မေမေသည် မရဲ ပန်းခူးပုံ တွေ့သောအခါ

“ကုန်ပါပြီ ကုန်ပါပြီ၊ ငါ့မှာ တော့ အရိပ်တကြည့်ကြည့်နဲ့ ထားခဲ့တဲ့ ပန်းလေးတွေ။ ညည်းကတော့အပွင့်ခူးရုံမကအဖူးတွေ အညွန့်တွေပါ ချွေပစ်ထားတော့ မလွန်လွန်းဘူးလား မရွှေရဲရယ်”

မေမေသည် တန်ဘိုးနည်းသော ပန်းလေးများအပေါ်တွင် နှမြောတွန့်တိုလွန်းသည်ဟု မရဲ ထင်လိုက်မိ၏။ သို့သော် မေမေ စိတ်ဆိုးနေမှန်းသိ၍

“မေမေ့ပန်းလေးတွေ လှလို့ သမီး ခေါင်းပေါ် မြှင့်တင်ပြီး ပန်းလေးတွေကို ချီးမြှောက်ပေးတာပါ”ဟု မရဲက လေပြေထိုး လိုက်ပါသည်။

“တော်ပါတော့ မရွှေရဲရယ်၊ စကားတတ်တိုင်း မပိုစမ်းပါနဲ့။ ညည်း မချီးမြှောက်ရင် အပင်ပေါ်က ပန်းလေးတွေ အကုန်သက်သာသေး”

မရဲ့ မေမေသည် ပန်းလေးများကို နှ မြော တွန့် တို သည်၊ သံ ယော ဇဉ် ကြီး သည်၊ တွယ်တာသည်။ သို့သော် မရဲကမူ ပန်းလေးများကို ပန် ရုံ မှ အ ပ စိတ် မ ဝင် စား။ စိတ် ဝင် စား သည်မှာတော့ တန် ဘိုး နည်း သော ပန်းလေးများကို မေမေ အဘယ်ကြောင့် နှမြောတွန့်တို ရပါလိမ့်။ ‘ ။

× × × ×

သည်ကနေ့ မရဲ့ မွေးနေ့။ မေမေသည် မရဲ့ မွေးနေ့တိုင်းမှာ ပစ္စည်းလှလှလေးများ ကို သော် ၎င်း၊ ကျပ်တန်စက္ကူ အသစ်စက်စက်ကလေး များ ကို သော် ၎င်း ပေးလေ့ရှိ၏။ သည်ကနေ့ မေမေ ဘာပေးဦးမည် မသိ။

မရဲ့ မေမေသည် မရဲ့ မွေးနေ့လက်ဆောင်အဖြစ် နှင်းဆီပန်းပျိုးအိုး သုံးအိုးကို ဝယ်ပေးလာပါသည်။

“သမီး မွေးနေ့မှာ အမှတ်တရစိုက်ဘို့မေမေဝယ်လာတာ”

မေ မေ သည် ပေး နေ ကြ ပစ္စည်း လှ လှ လေး မဟုတ် ဘဲ၊ နှင်းဆီ ပင် ပေါက် ကလေး များ ဖြစ်နေသဖြင့် မရဲအဖို့ အံ့သြရ ပါသည်။ သို့ ပေ မဲ့ မွေး နေ့ အမှတ်တရအဖြစ် အမြတ်တနိုး စိုက်ပျိုးပါသည်။ မရဲ ကိုယ်တိုင် တူး၊ ကိုယ်တိုင်မြေသြဇာထည့်၊ ကိုယ်တိုင် ပျိုးအိုးလေးများကို ခွဲပြီး စိုက်ပျိုးလိုက်ပါသည်။

နေ့ စဉ် ရေ လောင်း ပေး သော အခါ အညွန့် လေး များ

ထွက်လာသည်။ ရက်ကြာလာသောအခါ အညွန့်လေးများမှ အကိုင်းများဖြစ်လာသည်။ လချိကြာလာသောအခါ အကိုင်းများမှ အဖူးများ အစိအရီထွက်လာပြီး ဝေဝေဆာဆာ ပွင့်လန်းလာပါသည်။

တပင်က အနီရဲ။ တပင်က ပန်းရောင်ဖျော့။ တပင်က အဝါနု။ မရဲသည် ကိုယ်တိုင်စိုက်ပျိုးလားသော ပန်း လေး များ ကို ကြည့်ပြီး ကြည် နူး ချမ်း မြေ့ မိသည်။ ဘယ်သို့သော ကျေနပ်ခြင်းနှင့်မှမတူ။ မေမေ့ကိုလည်း ဝမ်းသာအားရ ပြောပြလိုက်ပါသည်။

"မေမေ သမီး· စိုက်တဲ့ နှင်းဆီပန်းတွေ ပွင့်ကုန်ပြီ"

"သမီး ကျောင်း သွား ရင် ပန်သွားပေါ့"

"သမီး ခူးပန်ရင် ညှိုးသွားမှာစိုးလို့ မပန်တော့ဘူး မေမေ"

"သမီး မေမေ စိုက်ပျိုးခဲ့တဲ့ ပန်းလေးတွေ ခူးပြီး အဖူးတွေ ချွေတုန်းကရော သည်အတွေးမျိုး မဝင်ခဲ့ဘူးလား"

"သမီး သဘောပေါက်ပါပြီ မေမေရယ်၊ နောက်ဆို မေမေ့ ပန်းလေးတွေလဲ မခူးရက်တော့ပါဘူး"

"အဲဒါပေါ့ သမီးရဲ့ တန်ဘိုးဆိုတာ ကိုယ်တိုင် လုံ့လဝီရိယ ပင်ပန်းမှုတွေ ရင်းနှီးပြီး ရတာနဲ့ အလွယ်တကူရတာဟာ တန်ဘိုးချင်း မတူဘူး။ ဝယ်လို့ ရတဲ့ ပန်းဟာ တန်ဘိုးမများဘူး တင်ပေမဲ့ ကိုယ်တိုင် စိုက်ပျိုးရတဲ့ ပန်းကျတော့ တန်ဘိုးဖြတ်လို့ မရဘူးပေါ့"

မရဲသည် မေမေ့ စကားကို အလေးအနက် တွေး ဆ နေ မိ ၏။ မေမေ ပေးသော ဆုံးမ စကား ကို ကြည့် ရှုပြီး ပုံ သွင် ၍ ချက် ကို နားလည်ခဲ့လေပြီ။ မေမေလို ကိုယ်တိုင် ပျိုးသည့် ပန်းလေး များကို သံယောဇဉ်ကြီးတတ်ခဲ့ မှုမကာ ထို ပန်း လေး များ ကိုလည်း နမြောတွန့်တိုတတ်ခဲ့ပြီ။

ကိုယ်တိုင် အားထုတ်၍ ရရှိသော အရာသည် တန်ဘိုး အကြီးမားဆုံး ဖြစ်သည်ကိုကား မရဲအဖို့ မေ့နိုင်စွမ်းမည် မဟုတ်တော့ပေ။ ။

---

# မြူပြင်ကြယ်စုံ



ဂုတ်ဝဲဆံရှည် တောင်းဘီကျပ်နဲ့
အမြင်ကတ်စရာ လမ်းအလယ်။

အချိန်ဖြုန်းကာ စရိုက်ယွင်းလို့
မိုက်တွင်းနက်ကြပြန်သေးတယ်။

လမ်းသွားလမ်းလာ လူအများကို
ဟားတိုက်ရယ်လို့လှောင်ကြတယ်။

ရည်ရွယ်ချက်ဆို ဘာမျှမရှိ
ဗလာနတ္ထိအကျိုးကွယ်။

လမ်းသရဲစတိုင် ဟန်တမျိုးနဲ့
စိုးကြောက်စရာ ကောင်းလှတယ်။

ဝတ်စားပြင်ဆင် မသပ်ရပ်လို့
စုတ်ရုတ်ပြုတ်ပြုတ်မျက်နှာငယ်။

အနောက်တိုင်းတခွင်ယဉ်ကျေးမှုကို
အတုခိုးမှားလို့ ယူကြတယ်။

သံသေးသံကြောင် သီဆိုတီးလို့
နားငြီးစရာ ကောင်းလှတယ်။


ဂီတပညာ သာယာမှုဆို
ဘာတခုမျှ မရှိဘူးကွယ့်။

သည်အတိုင်းဆို နောင်အရေးကို
ရင်လေးစရာ ကောင်းလှတယ်။
ခက်မယ် ခက်မယ်။ ။

မင်းသူရ

R. 517

# ငရုတ်




ငရုတ်ပင်သည် ပူနွေးခြောက်သွေ့သော ဒေသတွင် ဖြစ်ထွန်းသည်။ ငရုတ်သီးကို အစိမ်း အ တိုင်း သော် လည်း ကောင်း၊ အခြောက်လှန်း၍သော် လည်းကောင်း စားသုံးကြသည်။ မြန်မာတို့၏ ဟင်းလျာတွင် ငရုတ်သီးသည် မပါမဖြစ်သော စားကုန် တမျိုးဖြစ်သည်။

ငရုတ်ပင်သည် နုန်းမြေ၊ နုန်းစနယ်မြေ မျိုးတွင် စိုက်ပျိုးနိုင်သည်။ မိုးရာသီနှင့် ဆောင်းရာသီများတွင် ဒေသအနှံ့အပြား၌ စိုက်ပျိုးနိုင်သည်။ ပျိုးပင်များကို သုံးပေ၊ နှစ်ပေကျယ်သော ပျိုးဘောင်များတွင် ပျိုးယူရသည်။ .ပျိုးပင်များ အရွက် လေးငါး ရွက်ရှိသောအခါ တပင်နှင့်တပင် ၁၀ လက်မ ခန့်ခြား၍ရွှေ့ပြောင်း စိုက်ရသည်။ အမြစ်ကို ရေမမြုပ်အောင် ရေပေးသွင်းရန် လိုသည်။ အပင်ရင်းတွင် မြေဆွေး ပုံပေးရန်လိုသည်။ ငရုတ်သီးများ ရင့်မှည့်ချိန်တွင် ခူးဆွတ်နိုင်ပြီဖြစ်သည်။

ငရုတ်ရှည်၊ ငရုတ်ပု၊ မြေစွယ်၊ ရွှေအပ်၊ မိုးမျှော် စသည်ဖြင့် ငရုတ်ပင် အမျိုးပေါင်းများစွာရှိသည်။ မြန်မာနိုင်ငံတွင် ငရုတ်အများဆုံးစိုက်သောဒေသများမှာမန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မကွေးမြို့တို့ ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ငရုတ်စိုက်ကေ ၁.၃၆ သိန်းခန့်ရှိ၍ ပြည်တွင်းဖူလုံရုံသာ ဖြစ်သည်။ ၁၉၆၂ - ၆၃ ခုနှစ်တွင် နိုင်ငံခြားသို့ ငရုတ်ခြောက် ၆၂ သိန်းဖိုးမျှ တင်ပို့ရောင်းချနိုင်ခဲ့သည်။

သူရကျော်စွာ (စီးပွားရေး)



၁၅ ပြား
ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကာဝင်လွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက် (၈-၁၁-၇၅)







ဟုတ်ကဲ့-ပေးပါ့မယ် အဘကြီး၊


















# ဓါတ်လှေကား

ဓာတ်လှေကားဆိုသည်မှာလူ(သို့မဟုတ်)ကုန်ပစ္စည်း သယ်ဆောင်၍ အထက်အောက် ရွေ့လျား သွားလာနိုင်ရန် စက်မှုပညာရပ်နှင့် လျှပ်စစ် ပညာရပ်များကို ပေါင်းစပ်ကာ တီထွင် ပြုလုပ်ထားသော စက်ယန္တရားတခု ဖြစ်သည်။

မြင့်မားသော အဆောက်အအုံများ၌ ဓာတ်လှေကားများကိုအသုံးပြုလေ့ရှိသည်။ ဓာတ်လှေကား၏အထက်ထိပ်၌ စက်သီးများ တပ်ဆင်ထားသည်၊ လှေကားအိမ်ကို ခိုင်ခံ့တောင့်တင်းသော သံမဏိကြိုးများဖြင့်ဆွဲ၍၊ စက်သီးနှစ်ခု၌ ရစ်ပတ်ပြီးလျှင် တဖက်အစက လှေကားအိမ်၊ ကျန်တဖက်အစက အလေးချိန်တူညီသော မဲတင်းအလေးကို ဆွဲထားသည်။ ခရီးသည်နှင့် ဝန်စည်စလယ်များ၏ အလေးချိန်ကို လျှပ်စစ် မိုတာအားဖြင့် ဆွဲတင်သည်၊ မဲတင်းအလေးရှိသဖြင့် လှေကားပြန်ကျရာ၌ မလျင်မြန်စေဘဲ အရှိန်ကို ထိန်းထားနိုင်သည်။

လှေကားမောင်းနှင်ရာ၌ မိုတာကို လှေကားအိမ်တွင်းရှိခလုတ်များဖြင့် မောင်းနှင်ပေးရသည်။ လှေကားအိမ်ကို ရပ်လိုပါက အလိုလိုရပ်တန့်စေနိုင်သည့် အော်တိုမစ်တစ်ဘရိတ်များလည်းပါရှိသည်။

ခရီးသည်တင် လူစီးဓာတ်လှေကားမျိုးကိုရန်ကုန်မြို့နှင့် အခြား မြို့ကြီးများဖြစ်သော မန္တလေး၊ တောင်ကြီးနှင့်


# စန်းအောင်

ပြည်မြို့များတွင် တွေ့မြင်နိုင်သည်။ လူစီး ဓာတ်လှေကား များတွင် လူဖြင့် မောင်းနှင်ခြင်း၊ အလိုအလျောက် မောင်းနှင်ခြင်းဟူ၍ ရှိသည်။ ထို ဓာတ်လှေကားမျိုးသည် တမိနစ်လျှင် ပေ ၂,၀၀ နှုန်း တက်နိုင် ဆင်းနိုင် စွမ်းအား ရှိသည်။

ပစ္စည်းတင်ဆားဗစ်ဓာတ်လှေကားမှာ ပေါ့ပါးသော ကုန်ပစ္စည်း (ဥပမာ အစားအသောက်ပစ္စည်း) များကို အဆောက်အအုံ၏ တထပ်မှတထပ်သို့ သယ်ဆောင်ရန် ပြုလုပ်ထား၍ လူစီးနင်းလိုက်ပါခြင်းမပြုနိုင်ပါ။ ထို ဓာတ် လှေကားမျိုးကို ကရဝိတ် ဟော်တယ်တွင်လည်းကောင်း၊ ပြည်သူ့ဘိုလပ်ရည်စက်ရုံတွင်လည်းကောင်း တပ်ဆင် ထားရှိသည်။

ကုန်တင်ဓာတ်လှေကားမှာ လူများစီးနင်းလိုက်ပါနိုင် ပြီးကုန်ပစ္စည်းများကိုလည်းတင်ဆောင်နိုင်သည်။ ထိုဓာတ် လှေကားမျိုးကို ရန်ကုန်မြို့ ကမ်းနားလမ်း မြောက်ထပ်ရုံး၊ ကုန်သွယ်ရေး (၁၂)ဗိုင် ယာဉ် သိုလှောင်ရုံနှင့် ပို့ဆောင် ရေး ကော်ပိုရေးရှင်းပိုင် စက်ပြင်ရုံတို့တွင် တပ်ဆင်ထား သည်။


တိုးတက်သော ကမ္ဘာ့နိုင်ငံများတွင် မြေအောက် မီးရ ထားဘူတာရုံနှင့် ကုန်တိုက်ကြီးများတွင် ဓာတ်လှေကား တမျိုးဖြစ်သော အလိုအလျောက် လှေကားရှင်များ တပ် ဆင် အသုံးပြုနေကြပေသည်။






ဟား
ဟား
ဟား
ဟား
အမယ်လေး

# ဟန်ကိုယ့်ဖို့ မာန်သူ့အိုး

သရုပ်ဖော်-ဒါတွန်း ကြွယ်လေး




ရှူး! တိုးတိုး
ရှူး! သူ့အဖေအိပ်နေတယ် ဖြေးဖြေးလျှောက်သွား
ရှူး! ဖြေးဖြေး လျှောက်သွား
မကြာမီ
ခုလို တိုးတိုး တိတ်တိတ် ဝင်လာကြတဲ့အတွက် ကျေးဇူးတင်ပါတယ်
ကဲ- အားလုံးညီညီညာညာ တီးကြမယ် ဝမ်း! တူး!



## လယ်ထွန်သွား နွားမေ့

ကိုမေ့လျော့ ကျန်ရစ်ခဲ့တတ်ကြသဖြင့် လမ်းခရီး ရောက်မှ ဖြစ်စေ၊ အချိန်နှောင်းမှ ဖြစ်စေ ပြန်၍ယူကြရ၏။ တနည်းအားဖြင့် ကျောင်းသို့ သွားသော ကျောင်း သား တယောက်သည် ကျောင်းလွယ်အိတ် သို့မဟုတ် ဖောင်တိန်ခဲတံ စသည်တို့ကို မေ့ကျန်ခဲ့ခြင်းများနှင့် တူပေသည်။

ထို့ကြောင့် မမေ့မလျော့ထိုက်သောပစ္စည်းများ ဖြစ်ပါလျက်၊သတိမေ့လျော့နေခြင်းကို ဆိုလိုသော စကားပုံဖြစ်လေသည်။

လယ်ထွန် ခြင်းသည် နွားနှင့်ထွန်ရသဖြင့် နွားပါမှ ပြီးသော. အလုပ်တခု ဖြစ်လေသည်။ သို့သော် ထိုနွားများကို မေ့ခဲ့ပြီး လယ်ထွန် ဆင်းသွား သော လူတယောက်သည် လယ်ထဲသို့ ရောက်သောအခါ လယ်ထွန်စရာနွားများ မပါလာသဖြင့် အိမ်သို့ တခေါက် ပြန်၍ နွားများကို ယူခဲ့ပြီးမှ လယ်ထွန် ရလေသည်။

ထို့အတူ အချို့လူတို့သည် ပေါ့ပေါ့ဆဆ မေ့မေ့ လျော့လျော့ နေတတ်ကြသည်။ မိမိသွားရောက်၍လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စအတွက် မပါလျှင်မဖြစ်သည့် ပစ္စည်းများ

**မောင်ကျော်ဇော**
(စာပေဗိမာန်)

## ဤတပတ်မှာ ဟိုရှေးခါ

**နိုဝင်ဘာ ၈ – ၁၄**

- ၁၆၇၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် မီလတန် ကွယ်လွန်ခဲ့သည်။
- ၁၈၅၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မန္တလေးနေပြည်တော်၌ ရတနာပုံဒင်္ဂါးစက်ရုံကိုဖွင့်လှစ်ခဲ့သည်။
- ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပထမ ကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်။
- ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် သခင်အောင်ဆန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကာနယ်ဆူဇူကီးနှင့် တွေ့ဆုံပြီး ရဲဘော်သုံးကျိပ် စစ်ပညာသင်ကြားရေးကို ဆွေးနွေးခဲ့သည်။
- ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အနုမြူလက်နက် စမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်ကို မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့သည်။
- ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လူငယ်ရေးရာ ညကျောင်းများကို စတင်ဖွင့်လှစ်ခဲ့သည်။

# တက်ညီ လက်ညီ

မောင်မွှန့်လင်း(ဒလ)



ကျွိ ကျွိ ဖတ်
ကျွိ ကျွိ ဖတ်

ထိုအသံကို ကြားရသဖြင့် အဖေ သမ္ဗန်ခတ် ဆင်းပြီ ဖြစ်ကြောင်း ကျွန်တော် သိနေသည်။

နံနက် ၅ နာရီ ထိုးသည်နှင့် အဖေသည် လုပ်ငန်းခွင်သို့ ဝင်ပါသည်။ ကျွန်တော်လည်း အိပ်ရာမှထကာ သွားတိုက်၊ မျက်နှာသစ်ပါသည်။ ထို့နောက် ရေထမ်း ထွက် ရန် ပြင် ပါ တော့သည်။

ကျွန်တော်တို့ မိသားစုမှာ အဖေနှင့် ကျွန်တော်၏လုပ်ခကို သာမှီ၍ နေထိုင်ကြ ပါသည်။

ကျွန်တော်တို့ အိမ်ထောင်တွင် မိသားစု ငါးယောက် ရှိပါသည်။ ညီလေးနှင့် ညီမလေးလည်း ရှိပါသေးသည်။ ညီလေးသည်၁၂နှစ်၊ ညီမလေးသည်၆နှစ်မျှသာ ရှိပါသေးသည်။ ကျွန်တော်က အကြီးဆုံး သားဖြစ်ပါသည်။

အဖေသည် ဒလ ဘက် မှ ရန်ကုန်ဘက်သို့၊ရန်ကုန်ဘက်မှ၊ ဒလဘက်သို့ ကူးတို့သမ္ဗန် ခတ်ပါသည်။ ကျွန်တော်လည်း ရပ်ကွက်ထဲတွင် ရေထမ်း ရောင်းပါသည်။ တနေ့တွင် ကျွန်တော်က ကျွန်တော်၏ ညီလေးကို ပြောမိပါသည်။

"ညီလေး အဖေ့ကို မချစ်ဘူးလား၊ မသနား ဘူးလားကွာ"

ညီလေးက....

"အိုဗျာ ဘာတွေ ပြောနေမှန်းလဲ မသိဘူး။ ကျွန်တော်သိတာက ကစားမယ်၊စားမယ်၊ လည်မယ်၊ ဒါတဲ့ သိတယ်"

ညီလေးကို ကျွန်တော် စိတ်ဆိုးမိသည်။ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ပြောသော်လည်း နားမဝင်ပါ။ ကစားမြဲတိုင်း ကစား၍ လျှောက်လည်မြဲတိုင်း လည်နေပါ၏။

တနေ့က ဖြစ်ပါသည်။

"ကိုမြ သမ္ဗန် မြစ်ထဲမှောက်လို့တဲ့"

ရပ် ကွက် ထဲ တွင် လူ များ ပြောနေသံကို ကြားရပါသည်။ ကိုမြမှာ အဖေ့နာမည် ဖြစ်ပါ၏။

ကျွန်တော်သည် အမေ့အား အပြေးအလွှားပြောရင်း၊

"လူတွေလဲ တယောက်မှ ရှာမရတော့ဘူးတဲ့"

ကျွန်တော်သည် မျက်ရည်များစီးကျရင်း၊ ဝမ်းနည်းမိပါသည်။ မကြာမီ သမ္ဗန်မှောက်မှုအတွက် အဖေ့ကို ရဲများ လာရောက် ဖမ်းဆီး ပါတော့သည်။

အမေသည် ဝမ်းနည်းအား ငယ်၍ ကျန်ခဲ့ရှာပါတော့သည်။

အဖေ မ ရှိ တော့ သည့်နောက် ပိုင်း တွင် ကျွန် တော်လည်း ရေကို ခါတိုင်းထက် ကြိုးစား ပြီး ထမ်း ရ ပါ သည်။ ညီလေးကား ဘာမှမသိ၊ ဘာမျှနားမလည်း ဖြစ်နေပါသည်။ အဖေ့အတွက် သ နား ရ မှန်းမသိ။ ကျွန်တော်တို့ မိသားစုအတွက် ပူရမှန်းမသိ။ ခါတိုင်းကဲ့သို့ ကစားမြဲတိုင်း ကစား၏။

စားမြဲတိုင်း စား၏။ လည်မြဲတိုင်း လည်၏။

ကျွန်တော့် ညီလေးအတွက် တွေးမိရင်း ရေကိုသာ ကြိုးစားပြီး ထမ်းနေရပါသည်။

သည်နေ့ အဖေ၏ ရုံးချိန်းရက်ဖြစ်၍ ရေကိုကမန်းကတန်း ထမ်းကာ၊ ရုံးသို့ ကျွန်တော်တို့ မိသားစု လာခဲ့ပါသည်။ အဖေ့အတွက် ဆေးလိပ် တထုပ်နှင့်၊ စားစရာများ အပြည့်အစုံယူပြီး လာခဲ့ကြပါ၏။

မကြာမီအချိန်တွင် အဖေ့ကို ရုံးထုတ် လာပါတော့သည်။

ညီ လေး သည် အ ဖေ့ ကို အံ့ဩစွာ ကြည့် နေ စဉ် မှာ ပင် ပြည်သူ့ တရားသူကြီး အဖွဲ့က စီရင်ချက် ချပါတော့သည်။

"ဦးမြအပေါ် ပြစ်မှုထင်ရှား၍ ဤရုံးတော်က ထောင် ခြောက်လ ချလိုက်သည်"

ကျွန်တော်တို့ မိသားစုတစုလုံး ငိုမိကြပါ၏။ အဖေလည်း ကျွန်တော်တို့ မိသားစုကိုကြည့်ပြီး ဝမ်းနည်း ပူဆွေးနေပါသည်။

ညီလေးမှာ "အဖေ့ကို ဘာ အပြစ်ရှိလို့ ဖမ်းတာလဲ။ အဖေ့ကို လွှတ်ပေးပါ လွှတ်ပေးပါ"ဟူ၍ အော်ဟစ် ငိုကြွေးနေပါ၏။

အဖေသည် ကျွန်တော်တို့ မိသားစုကို နှုတ်ဆက်ပြီး ရဲများနှင့်အတူ ထွက်ခွာသွားပါတော့သည်။ ညီလေးသည် ဟစ်အော် ငိုရင်း ကျန်ခဲ့ရှာပါသည်။

ကျွန်တော်လည်း ညီလေးကို ဆွဲခေါ်ပြီး ရှင်းပြရပါသည်။ "အဖေ့သမ္မန်မှောက်လို့ အပြစ်ရှိတယ်ဆိုပြီးရုံးကထောင်ခြောက်လ ချလိုက်တယ် ညီလေးရ"

ထို့နောက် ကျွန်တော်က ဆက်ပြောရသည်။

"ညီလေး အဖေ့ကိုချစ်ယင်၊ အကိုကြီးတို့ မိသားစုကို သနားယင်၊ ဒီနေ့ကစပြီး အလုပ် လုပ်ပါလား"

ညီလေးသည် စဉ်းစားနေပြီးမှ....

"ကျွန်တော် ဒီကနေ့ကစပြီး အ လုပ် လုပ်ပါတော့မယ် အဖေ့ကို သနားတယ်၊ ချစ်တယ်"

အဖေ ထောင်ကျပြီးသည့် အ ချိန် မှ စ ၍ ညီ လေး သည် ရပ်ကွက်ထဲတွင် ရေခဲချောင်း ရောင်းပါ တော့သည်။ အမေလည်း မိသားစု၏ စား ဝတ် နေရေး အခက် အခဲကြောင့် ဈေးရောင်း ထွက်ပါသည်။

အဖေမရှိသည့် နောက်ပိုင်းတွင် ကျွန်တော်တို့၏ မိသားစုသည် တက်ညီ လက်ညီ လုပ်ကိုင် စားသောက်ကြရပါသည်။ အဖေ့ဝင်ငွေ လျော့သွားသော်လည်း ညီလေးရော၊ မေမေပါ အလုပ် လုပ်နေကြသဖြင့် စား ဝတ် နေရေး ဖူလုံပါ၏။

ကျွန်တော်တို့ မိသားစုသည် အလုပ် လုပ်ရင်းဖြင့် ဖေဖေလွတ်မည့်ရက်ကို လက်ချိုးစောင့်စား နေကြပါတော့သည်။ ။

## မြန်မာ့ခလေ့

* ဘုရား, တရား၊ သံဃာရယ်၊
နေ့စဉ်ဝပ်တွား၊ ပူဇော်မယ်။

* မိရယ်,ဖရယ်၊ဆရာသမား၊
ချစ်ခင်လေးစား၊
ကန်တော့ထား။

* မေ့သားရွှေစင်၊
နေ့တိုင်းပင်၊
အိပ်ရာဝင်တိုင်း၊ ရှိဦးတင်။

* မြို့စင်လှပ၊စာရိတ္တ၊
ယဉ်ကျေးမှုနှင့်၊
ထိန်းသိမ်းကြ။

* ယော်စဉ်ကပင်၊
ပေါင်းမြက်သင်၊
ဖူးပွင့်လာမည့်၊ ပန်းပုံသွင်။

* ကြည်လင်ချိုမွှေး၊
မြင့်တိုင်းဆေး၊
မြန်မာမှုနှင့်၊ လူယဉ်ကျေး၊
ရွှေသွေးလူလေး၊
ရွှေသွေးခလေး။

ပန်းတနော် – စိုးဦး။



R. 517

# ဆေး



ဆေးပင်သည် ကုန်ကြမ်းသီးနှံအုပ်စုတွင် ပါဝင်သည်။ ဆေးပင်၏ မူလဒေသမှာ အမေရိကတိုက်ဖြစ်သည်။ ဆေးမှ ငုံဆေး၊ စီးကရက်ဆေး၊ ဆေးပေါ့လိပ်ဆေး၊ ဆေးပြင်းလိပ်ဆေး၊ ဆေးတံ သောက်ဆေးများကို ထုတ်လုပ်နိုင်သည်။ ဗာဂျီးနီးယားဆေးကို ခပေါင်းနှင့်ဒူးယားစီးကရက် ထုတ်ရာတွင် အသုံးပြုသည်။


ဆေးပင်သည် နုန်းတင်မြေနုမြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းသည်။ မြေနုကျွန်းပေါ် ဒေသရှိ ကျွန်းမြေ၊ ကိုင်းမြေများတွင်အကြီးအကျယ်စိုက်ပျိုးကြသည်။

ဆေးပင်၏သက်တမ်း နှစ်လကျော်လျှင် ဆေးရွက်များကို ခူးနိုင်မည် ဖြစ်သည်။ ဆေးရွက် အရင့်ကို တရွက်ချင်း ခူးယူရသည်။

ထို့နောက် ဆေးရွက်များကို နေရောင်ဖြင့်ရင်း၊ လေသာလပ် ခံ၍ရင်း၊ အပူချိန် ပေး၍ရင်း နှပ်ယူ ရသည်။ ပေါင်းနှပ်ရုံထဲတွင် အပူချိန်ဒီဂရီ (၁၅၀) ဖာရင်ဟိုက်ပေး၍ သုံးရက်မှ ငါးရက်အထိ နှပ်ထားရသည်။ နှပ်ပြီးသော ဆေးရွက်များကို ပျော့ပျောင်းလာရန် ရေငွေ့ပေးရသည်။ ထို့နောက် ဆေးထုပ် များကို ဆင့်၍ အချဉ်ပေါက်အောင် တလခန့်ထားရသည်။ အချဉ်ပေါက်သောအခါ အမျိုးအစားခွဲပြီး ငါးနှစ်ခြောက်နှစ်အထိ နှစ်ချိုခံ ထားရသည်။

မြန်မာနိုင်ငံတွင် ဆေးပင်များကိုပခုက္ကူ၊ မင်းတပ်၊ မြင်းခြံ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ မကွေး၊ မင်းဘူး၊သရက်၊တောင်ကြီး၊ဖားအံ၊ သံတွဲမြို့များတွင် အများဆုံး စိုက်ကြသည်။

သူရကျော်စွာ (စီးပွားရေး)



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။


အတွဲ ၇၊ အမှတ် ၄၆။

# ကဲ့ရဲ့ မစောသင့်

ပန်းချီ ဦးစိန်
ဇာတ်လမ်း ရိုရို

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၁၅-၁၁-၇၅)




အေးအေးနှင့် မောင်မောင်တို့ မောင်နှမ အလွန်ပျော်နေကြသည်။ သူတို့၏ အိမ်ဘေးခြံကြီးသို့ လူသစ်များ ပြောင်းလာသောကြောင့်ဖြစ်၏။ သူတို့အရွယ် ကစားဖော် ပါလာလေမည်လားဟူ၍ စိတ်ဝင်စားနေကြလေသည်။

စနေနေ့တိုင်းထုတ်ဝေသည်။


ဟိုမှာ တွေ့လား စာဖတ်နေတယ် တို့အရွယ်လေး တဲ့
အား ဟုတ်
ဘောလုံး ကိုသူ့ဘက် ပစ်လိုက် ပြီး သူက ပြန်ကောက် ပေးတဲ့အခါ အသိဖွဲ့ရအောင်
သူ့အနားရောက် အောင် တအားပစ် လိုက်မယ်
သို့သော် ကောင်ကလေးသည် ဘောလုံးကို ဂရု မစိုက်ဘဲ စာကိုသာ ဖတ်မြဲဖတ်နေတော့၏။
အရေးလုပ်ပြီး လှည့်တောင် မကြည့်ဘူး သိပ်လူပါးဝ တယ်
ဘောလုံး ကောက်ပေး ပါ
ခဏလောက် စောင့်အုံးကွာ



မကြာမီ ကောင်လေး၏အမေ အိမ်ထဲမှထွက်လာ ပြီး ဘောလုံးကိုကောက်ပေးသည်။
သိပ်ဆော့တဲ့ ခလေးတွေဘဲ
ရော့... နင်တို့ ဘောလုံး
ငပျင်းကလေး ထင်ပါရဲ့ သူ့အမေကို ဘောလုံး ကောက် ခိုင်း တယ်
ဒီလိုကောင်လေး မျိုး နဲ့မကစား တာဘဲကောင်း တယ်
နောက်တနေ့တွင်...
ကောင်လေးသည် ပူဖောင်းကို ကောက်မပေးဘဲ စာထိုင်ဖတ်နေသည်။
ဖမ်းပေးပါ ပေါက်တော့ မှာဘဲ


ပူဖောင်းသည် ဆူးနှင့်ထိကာ ပေါက်သွားလေ၏။
အေးအေးတို့ အလွန်စိတ်ဆိုးသဖြင့် -
ငပျင်း စိတ်ထားပုပ် ငပျင်း
အေးအေးတို့အမေက အော်သံကို ကြားသဖြင့် နောင် ဤသို့မပြုလုပ်ရန် ဆုံးမလေသည်။
ဒီလိုမအော်ကြနဲ့ ကောင်းကောင်းမွန်မွန် ကစားကြပါလား
နောက်တနေ့
မင်းတို့ အိမ်နားက ကောင်ကလေး ဒို့ကျောင်း ကိုရောက်လာပြီကွ
အလကား ကောင် ပါကွာ
ဘာဖြစ်လို့လဲ
ငါတို့ဘောလုံးလေး သူတို့ခြံထဲကျသွားတုန်း က အရေးလုပ်ပြီး ကောက် ပေးတာမဟုတ်ဘူးကွ
ကျောင်းတွင် မောင်ကြည်သည် အခြားကျောင်း သားများကို ဖော်ရွေစွာ ပြုံးပြသော်လည်း သူကို သူတို့က ဂရုမစိုက်ကြ -


ဟော့ မြင့်မြင့် ခဏနေပါအုံး မေးစရာရှိလို့
မောင်ကြည် နင်နဲ့စကား မပြောချင်ဘူး နင်စိတ်ထား သိပ်ပုပ်တယ်တဲ့
ဘယ်သူပြော သလဲ
နင်တို့အိမ်နားက မောင်မောင်နဲ့အေးအေး တို့မောင်နှမကပြော တာတဲ့
သူတို့ကို မေးကြည့်ရ အုံးမယ်
ဟိုမှာအေးအေးတို့ မောင်နှမလာနေပြီ ငါ သွားတော့မယ်
ငါ့အကြောင်းကို ဘာမှမသိ တဲ့နဲ့ ဘာဖြစ်လို့ ငါ့ကိုစိတ်ပုပ် ရှိတယ်လို့ ပြောရတာလဲ
တို့ဘောလုံးကို ကောက်မှ မပေး တာ
အဲဒီတုန်းက ငါခြေထောက်နာနေလို့ ဆရာဝန်က လမ်းမလျှောက်ရဘူးဆို တာနဲ့ မင်းတို့ဘောလုံးကိုကောက်မ ပေးတာပါ . နောက်တခါ ဗုသောင်း ပေါက်တုန်းကလဲ စိတ်မကောင်းတဲ့ အကြောင်းပြောပါတယ် မင်းတို့ မကြားလို့ပါ


မင်းတို့ ငါ့ကိုမဟုန်း အောင် ပြောပြတာပါ ငါသွားမယ်
မင်းတို့မောင်နှမကို မောင်ကြည့်က ရန်စပြန် ပြီလား
ရန်မစပါဘူး စိတ်ကောင်း ရှိပါတယ် တို့က အထင်မှား တာပါကွာ
သူများ မကောင်းကြောင်းတွေ ပြောမဲ့အစား ဒီလိုခင်ခင်မင်မင် နေတာ ပျော်ပါတယ်ကွာ
ဒီညနေ မောင်ကြည့်တို့ အိမ်သွားပြီးတော့ ပန့်ရအောင်
အေး သွားကြစို့
အေးအေးနှင့် မောင်မောင်တို့သည် မောင်ကြည့်တို့ ခြံဘက်သို့ လာခဲ့ကြလေ၏။


ဟိုမှာ တွေ့လား၊
မောင်ကြည့်စက်ဘီး
စီးနေတယ်
မမောင်ကြည့်ရေ...
တို့မင်းနဲ့စကား
ပြောချင်လို့
လာပါကွ - ငါလဲကစားဖော်
မရှိလို့ - ပျင်းနေတာနဲ့
အတော်ပဲ
တို့မောင်နှမ မင်းကိုအထင်
လွဲခဲ့တာတွေ စိတ်မဆိုးပါနဲ့
ကွာ - တို့နဲ့လဲကစားပါကွာ
ငါစိတ်မဆိုးပါဘူးကွာ
လာ ကစားကြရအောင်
ဒီမှ အေးအေး ကွ
ကြည့်စမ်း စက်ဘီး စီး
တတ်သွားပြီကွ
ဖြိုး



# စာအုပ်ဟူသည်

ခင်မျိုးအေး

လွန် လေ ပြီး သော နှစ်ပေါင်းများစွာက စာအုပ်ဟူ၍ မပေါ်ပေါက်သေးချေ၊ ရှေးခေတ်လူများသည်ရွှံ့စေးပြား၊ သစ်ခေါက်၊ သားရေ၊ ပျဉ်ပြား စသည့် မပျက်စီးလွယ်သည့် ပစ္စည်းများ ပေါ်တွင် စာများကိုရေးသားကြသည်။ ကျောက်ပြားများ ပေါ်တွင် စာလုံးများ ထွင်းကြသည်။ ထိုနောက် ပေပိုင်းရပ်စ် ဟုခေါ်သော ကျူပင် တမျိုးမှ ရသည့် အရွက်များ ပေါ်တွင် ရေးသားကြသည်။ ရေးပြီး အရွက်များကို ယခုခေတ် စာအုပ်များကဲ့သို့ မချုပ်ဘဲ တခုနှင့်တခု နံဘေးချင်း ယှဉ်၍ ကော်ဖြင့် ကပ်ထား သည်။ ပေပိုင်းရပ်စ်၏ အလျားကို လိုက်၍ အလိပ်များမှာ မြက်ငါးလက်မမှ ၁၂ လက်မ အထိ ရှိသည်။ ပေပိုင်းရပ်စ် အရွက်များ၏ အရေအတွက်ကိုလိုက်၍ အလိပ်များမှာ ၁၅ ပေမှ ပေ ၄၀ အထိရှည်သည်။ ၎င်းအရွက်များ ပေါ်တွင် တဖက်ထည်း၌သာ စာရေးလေ့ ရှိသည်။ ၎င်းတို့ကို ဆေးခြယ်ထားသော သို့မဟုတ် ရွှေချထားသောတုတ်တံတချောင်း၌ ပတ်၍ ထား၏။ တုတ်တံ၏အစွန်း နှစ်ဖက်၌ ဘုများတပ်ထားသည်။ စာဖတ်လိုသောအခါ စာဖတ်သူသည်ညာဖက်လက်ဖြင့် ပေပိုင်းရပ်စ် အလိပ်ကို ကိုင်၍ ဖြန့်ကာ ဖြန့်ကာ တရွက်ပြီးတရွက် ဖတ်ပြီးလျှင် ဘယ်ဘက် လက်ဖြင့် အခြား တုတ်တံတခုပေါ်တွင် ပြန်လိပ်ရသည်။တလိပ်လုံးကို ဖတ်ပြီးလျှင်ပြန်၍ပထမတုတ်တံပေါ်တွင် လိပ်ထားရသည်။ ပေပိုင်းရပ်စ် စာလိပ် များမှာ ရှေးအီဂျစ်ခေတ်မှစ၍ ပေါ်ခဲ့သည်။

ကမ္ဘာ့ အရှေ့တိုင်း များတွင် ပရပိုက်နှင့် ပေစာများ အသုံးပြုခဲ့ရာ၊ ပရပိုက်မှာ စာအုပ်သဘော သက်ဝင်၍၊ ပေစာများကိုမူ ပေထုပ်ပြု၍၊ စာပလွေဖြင့် ရစ်ပတ်ကာ သိမ်းဆည်းထားလေ့ရှိ၏။

ရှေး ဂရိနှင့် ရောမလူမျိုးများသည် ရှည် လျား သော စာမူများအတွက်ပေပိုင်းရပ်စ် စာလိပ်များကို အသုံးပြုသော်

လည်း၊ အတိုအထွာ မှတ်စရာ အတွက်မူ၊ ဖယောင်း အမည်း သုတ်ထားသော ပျဉ်ပြား ကလေးများကို သုံးကြသည်။ စတိုင်းလပ်ခေါ် သံချောင်း ချွန် သို့မဟုတ် အရိုးချွန်ဖြင့် ဖယောင်း ပေါ်တွင် စာလုံး များကို ရေးခြစ် ကြသည်။ ပျဉ်ပြား ကလေးများကို အလျားတဖက်၌ အပေါက်များ ဖောက်၍ သားရေကြိုး၊ သံ ကွင်းစသည်ဖြင့် တွဲထားတတ် ရာ စာအုပ်သဘော ဖြစ်ပေါ် လာပြန်သည်။

အရေး ကြီးသော စာမူ များကို ဗယ်လမ်ခေါ် နွားက လေး သားရေပေါ်၌ ဖြစ်စေ၊ ပတ်ချမင့်ခေါ် သိုး သို့မဟုတ် ဆိတ်သားရေ၌ဖြစ်စေ ကူးယူ ၍ စာအုပ်ပြုလုပ်ထားလေ့ ရှိ၏။ ဤနည်းကို ခရစ်တော် မပေါ်မီ နှစ်ပေါင်း ၅၀၀ ခန့်မှ စ၍ အသုံးပြုခဲ့သည်။




နှစ်ပေါင်း ၅၀၀ ခန့်ကြာ ကာလကမှ ဂျာမန်လူမျိုး ဂူ တင်ဘတ် ဆိုသူသည် စာအုပ် ပုံနှိပ်ခြင်း အတတ် ပညာကို ရှာဖွေ တွေ့ရှိခဲ့သည်။

စာအုပ် တအုပ် ဖြစ်ပေါ် လာရန်မှာဦးစွာ စာမူကို ပြုစု ရေးသားရသည်။ ဤကဲ့သို့ပြုစု သူကို စာရေးဆရာ၊ ကဗျာ ဆ ရာဟုခေါ်သည်။ စာမူကိုထုတ် ဝေသူထံ ပို့ရသည်။ စာတည်း က အမှားအယွင်း မပါရလေ အောင် စာမူကို တည်းဖြတ်ရ သည်။ ရုပ်ပုံနှင့် အဖုံးဒီဇိုင်း များကို ရေးဆွဲရန်ပန်းချီဆရာ သို့အပ်ရသည်။ ထို့နောက်ပုံနှိပ် စက်သို့ ပေး၍ရိုက်ရန် အပ်နှံ ရသည်။ နမူနာ ပရူများကိုအ ဆင့်ဆင့် စစ်ဆေးပြီးသော အ ခါမှ အချောရိုက်ကြရသည်။ ရိုက်ပြီးစာဖောင်များကို ချုပ် ရန်အတွက် စာအုပ်ချုပ် ဌာန သို့အပ်ရပြန်သည်။

အသင့် ချုပ်လုပ်ပြီးသော အခါမှ စာအုပ် များကို ထုတ် ဝေသူထံ ပို့ပေးရပြီး ၎င်းမှ တဆင့် စာအုပ်ဆိုင် များသို့ ဖြန့်ချိ ရောင်းချပေးရန် ပေးပို့ ရတော့သည်။




၃၇ ထွင်လှန်ဝေါ့
ကာတွန်း ~ ဝင်းရှိန်
ယနေ့ ကျောင်းမှ အရည်အချင်းစစ် မှတ်တမ်းများ ပေးသောနေ့ဖြစ်သည်။
ကဲ မေပဦး .. စာမေးပွဲမဖြေနိုင်ဘူးလား .. အမှတ်တယ်နိမ့်တာဘဲ ...
အဆင့်ကလဲ အောက်ဆုံးနားမှာ .. ဓါကျက်ကွဲ ..
အင်း .. ဦးကွန်ပါဘဲ .. ငါ အမှတ်နဲ့ နေတာအိမ်ကျယင်အဆူခံ ရ တော့မှာဘဲ ...
ထိုအကြောင်းကို သူငယ်ချင်း ရေခဲအား ပြောပြလိုက်ပါသည်။
ငါထိုင်ငိုင်နေတာ တွေ့ယင်အကြီးကောင်မှာကွ
အမြင့်ဒီ လိုလုပ်ကွာ
အင်း အိမ်ကလူကြီးတွေရှေ့မှာ ပျော်ပျော်ရွှင်ရွှင်နဲ့နေကွ .. ဒါမှ သူတို့ မသိပ် မှာ ..
အဲဒီ အကြံမဆိုးဘူးကွ
ရေခဲ၏ အကြံအတိုင်း အိမ်အရောက်တွင် သီချင်း ဆို၍ ဟန်မပျက် ဝင်သွားလိုက်ပါသည်။
ငါ ဝင်္ဂဒ မ ... အပျော်ဆုံး နေ့ မို့ ကွယ် ... မော် မဆုံး နိုင်ဘူး ကွယ် ..
22



ကျောင်းသွားရတာ.. စိတ်မှာအလွန်ချမ်းသာ.. ဒါ..
အံမယ်.. သားကသီချင်းတွေ ဆိုလို့.. အိမ်ထဲမှာ လည်း အညှာအချင်းမဲ့ မှတ်တမ်းနဲ့..
မင်းသားက ဒီနေ့ သီချင်းတွေ ဘာတွေဆိုပြီး ပြန်လာပါလား
ပျော်စရာတွေ့လာလို့ ထင်ပါရဲ့
ကျောင်းမှာဝမ်းသာစရာတွေ့လာလို့နေမှာပေါ့ လူတွေဟာဝမ်းသာစရာတွေ့ရင်ပျော်ကြမြဲပဲ
အင်း
အဟိ.. ဂီတသီချင်းဆိုတာကို ပြောတာပဲ.. ကောင်းတယ်.. စိတ်ညှစ်တာကိုမရှိပါဘူး.. ပိုပျော်သွားအောင် ထပ်ပြီးဆိုမှ
လူဆိုတာကျယ်ကြီးအားရင်.. ဘာမဆို အဲပြဖန်နိုင်တယ်.. အယ်
ဟော့ သားလေး.. ပျော်နေတယ်ထင်ပါရဲ့.. မေမေတို့ပါပျော်ရအောင် ဒီနေ့ ရလာတဲ့ အညှာအချင်းအ မှတ်တမ်းကိုပါ ပြပါဦးကွဲ့
အယ်
၇


ကြောက်ကြောက်နှင့်ပင် အဖေ့အား ပြလိုက်ရပါတော့သည်။
ပြီး



## အကွပ်မဲ့ကြမ်းပရမ်းပတာ

တဲအိမ်အချို့မှာ ဝါးခြမ်းပြားများကို စီပြီး ကြမ်းခင်းလေ့ ရှိကြ၏။ ထိုဝါးခြမ်းများ အပေါ်မှ ဝါးခြမ်းစိတ်များကို ကန့်လန့်ဖြတ်တင်ပြီးလျှင် နှီး၊ ကြိုး၊ ကြိမ် စသည် တို့ဖြင့် တုပ်ချည်ဖိနှိပ်၍ ကွပ်ထားရလေသည်။

ထိုကဲ့သို့ ဖိနှိပ် တုပ်ချည်ထားသော အကွပ်များ မရှိခဲ့ပါလျှင် ဝါးခြမ်းများကို မည်မျှပင် ညီညာ ကောင်းမွန်နေအောင် စီတန်း၍ ခင်းထားစေကာမူ၊ ကြမ်းပြင် ပေါ်သို့ လူများ နင်းလျှောက်ကြသည့်အခါ ဝါးခြမ်းပြား များသည် ဟိုရွေ့ သည်ရွေ့ဖြင့် စိပ်သည့်နေရာစိပ်၊ ကျဲသည့် နေရာကျဲနှင့် ပရမ်းပတာ ဖြစ်တတ်လေသည်။

ထို့အတူ လူတို့တွင်လည်း အကြီးအကဲလုပ်သူ၏ ကွပ်ကဲဆုံးမမှု မရှိသော ငယ်သားများသည် ပထမ၌ ညီညီညွတ်ညွတ်နှင့် နေထိုင် ကျင့်ကြံနေထိုင်ကြသော်လည်း ကြောက်ရွံ့ ရှိသေ ရမည့်သူ မရှိသည့်အခါ မိမိတို့ စိတ်သဘောအတိုင်း ထင်ရာစိုင်း၍ ဖြစ်ချင်သလို ဖြစ်နေကြသည် ဟူ၍ ကျူးစကားပုံက ဖော်ပြ ထားခြင်း ဖြစ်လေသည်။

မောင်ကျော်ဇော
(စာပေဗိမာန်)

## ကျော်စာပတ်မှာ ဟိုရှေးခါ

**နိုဝင်ဘာ ၁၅ · ၂၁**

- ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် တတိယအင်္ဂလိပ် — မြန်မာစစ်ပွဲအတွင်း မြန်မာတို့၏ မင်းလှခံတပ် ကျဆုံးခဲ့သည်။
- ၁၉၂၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အလက်ဇန္ဒြားဘုရင်မ ကွယ်လွန်ခဲ့သည်။
- ၁၉၄၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် လီဘာနွန်နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်။
- ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ မြန်မာနိုင်ငံ ပထမအကြိမ် အမျိုးသားစာပေညီလာခံကြီး စတင်ကျင်းပခဲ့သည်။
- ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံပိုင် ရေပြင်နယ်နိမိတ်ကို သတ်မှတ်ကြေညာခဲ့သည်။

# လေးစားရသော ကိုကို

မောင်ဖေရှိန်



( ၁ )

ဖေဖေနှင့် မေမေတို့ ယနေ့ တနေ့လုံး ဝမ်းသာ နေသည်။ အကြောင်းမှာ ကိုကိုစာမေးပွဲ အောင် သော ကြောင့် ဖြစ်ပါသည်။ ကိုကိုသည် နောက်ဆုံး အတန်းတင် စာမေးပွဲကို နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်ပါသည်။

ကျွန်တော်တို့ မိသားစုလေးဦးသည် ကိုကို့အောင်မြင်မှု အတွက် ဂုဏ်ယူကြရ ပါသည်။ ဖေဖေသည် ကိုကိုနှင့်ကျွန်တော့်ကို ပညာကြိုးစားရန် အမြဲတိုက်တွန်းဆုံးမတတ်ပါသည်။

( ၂ )

ကျွန်တော်နှင့် ကိုကိုသည် ဖေဖေ၏ ဆုံးမမှုကိုနာခံ၍ လိုက်နာ ကြပါသည်။ အထူးသဖြင့် ကိုကိုသည် မိဘနှစ်ပါး အပေါ်တွင်ရင်း၊ ညီဖြစ်သူ ကျွန်တော်အပေါ်၌ရင်း၊ အ ဆင် ပြေ စွာ ဆက်ဆံနေထိုင်တတ်သူဟု ဆိုရပါမည်။ ကျွန်တော်သည် ကိုကိုလောက် အနေအထိုင် မတတ်သေးပါ။ တခါတရံ ကျွန်တော်သည် မိဘနှစ်ပါး ရှေ့တွင်မိုးတိုး မတ်တတ် လမ်း လျှောက်သွားတတ်ပါသည်။ ထိုအခါ–ကိုကိုက....

"ညီလေးရေလူကြီးရှေ့ဖြတ်သွားတဲ့ အခါကိုယ်ကို၊ ယို့ပြီးသွားရတယ်" ဟု ဆုံးမတတ်ပါသည်။ ထို့မျှမကသေးပါ။ မိဘနှစ်ပါး၏ အလုပ်ကို ကိုကိုသည် ကျောင်းမှအပြန် အချိန်ရသရွေ့ ကူညီ ဆောင်ရွက် တတ်ပါသေးသည်၊ ထိုအချိန်မျိုးတွင် ကျွန်တော်သည် ကစားသည့်ဘက်သို့ စိတ်ရောက်နေတတ်ပါသည်။

ညီငယ်အား စောင့်ရှောက်တတ်သည့်နေရာတွင် ကိုကိုသည် လေးစားဘွယ်ရာ ဖြစ်ပါသည်။ ကျောင်းသွားကျောင်းပြန်ကား လမ်း အဖြတ်အကူးတွင် ယာဉ်အသွား အလာကို လေ့လာ၍ ကျွန်တော့်အား စ န စ် တ ကျ ဖြတ်ကူးစေပါသည်။ သို့မှသာ ယာဉ်အန္တရာယ်မှ ကင်းရှင်းမည်ဟု ကိုကိုကပြောပါသည်။

ကျွန်တော် သည် စ တု တ္ထ တန်း ကျောင်းသား ဖြစ်၍ ကျောင်းစာကို ဖေဖေသတ်မှတ်ပေးထားသည့် အချိန် အတိုင်း ကျက်မှတ်ရပါသည်။ အပြင်စာတွင် ကာတွန်းမှလွဲ၍ မဖတ်ချင်ပါ။ ကိုကိုကမူ၊ ကျောင်းစာဘက်တွင်မလစ်ဟင်းစေပဲအပြင်စာများကိုလည်း ဖတ်ရှုနေတတ်ပါသည်။ ကိုကို့စာအုပ် ဘီဒိုပေါ်တွင် ဒို့ကျောင်းသား၊ လူငယ်ဂျာနယ်နှင့်၊ သုတပဒေသာ စာစောင်များစနစ်တကျထားရှိပါသည်။ ကျွန်တော့်အတွက်မူ ကိုကိုသည် ရွှေသွေးဂျာနယ်နှင့် တေဇစာစောင်များကို မှန်မှန်ဝယ်ပေးတတ်ပြီး၊ ဗဟုသုတရှိအောင်လေ့လာဖတ်ရှုတို့ ပြောဆိုတတ်ပါသည်။

ကိုကိုသည် ဗဟုသုတကို အတော်အတန်ရှာမှီးတတ်သူဟု ထင်ပါသည်။ ပြီးခဲ့သည့် နှစ်ကလူ ရ ည် ချွ န် ရွေးချယ်ရာတွင် ကိုကိုသည်ပဏာမ ရွေးချယ်ခံခဲ့

ရပြီး နောက်ဆုံး ဆန်ကာတင်တွင်မှ ကျန်ရစ်ခဲ့ပါသည်။ သို့သော် ကိုကိုသည် ဖွဲ့မလျှော့သေးပါ။ ယခုနှစ်ရွေးချယ်မခံရလျှင် လာမည့်နှစ်တွင် အရွေးချယ်ခံရအောင် ကြိုးစားမည်ဟု တဖွဖွ ပြောနေပါသည်။ ကျွန်တော်သည် ကိုကို၏ မလျှော့သော ဇွဲစိတ်ဓာတ်ကို ချီးကျူးမိပါသည်။ ဖေဖေ ကိုတိုင်ကလည်း ကျွန်တော်တို့ ညီအကိုနှစ်ယောက်ကို....

"ငါ့သားတို့၊ ယောကျ်ားဆိုတာ ကောင်းကင် တမွတ်၊ ကြယ်ကိုဆွတ်၊ မလွတ်စတမ်း၊ ရမြဲလမ်းဆိုတဲ့ စကားတောင်ရှိတယ် မဟုတ်လား၊ ရှုံးနိမ့်တဲ့အခါ စိတ်ဓာတ်မကျပဲ ဆက်ကြိုးစားမယ်၊ အောင်မြင်တဲ့အခါမှာလဲ ဘဝင်မမြင့်ပဲ ပိုပြီး အောင်မြင်မှု ရအောင်ဆက်ကြိုးစားရမယ်"ဟု အားသစ် တင်ပေးတတ်သည် မဟုတ်ပါလား။

(၃)

ကျွန်တော်သည် ယခုနှစ် စတုတ္ထတန်း စာမေးပွဲကို ဖြေဆိုရပါမည်။ ကိုကိုကဲ့သို့ ထူးချွန်စွာ အောင်မြင်နိုင်ရန် ကျွန်တော် ကြိုးစားရ ပါလိမ့်မည်။ ကိုကို၏ စံပြ လုပ်ဆောင်ချက်များသည် ကျွန်တော့်အားများစွာ သင်ခန်းစာ ရစေပါသည်။ အမှန် တကယ်ပင် ကိုကိုသည် ကျွန်တော်အတွက် လေးစားရသော ကိုကိုပင် ဖြစ်ပါတော့သတည်း။ ။






# ဆီမီးမြိုင်မြိုင် တန်ဆောင်တိုင်

တန်ဆောင်တိုင်ပွဲသည်ချိန်ခါ၊
ဆီမီးရှိန်ရှိန် ထိန်ထိန်ဝါ။

ပဒေသာပင် ဝေဆာဖြိုး၊
ကုသိုလ်ပွားကြ ဒါနမိုး။

ညိုးညိုးညည့် ယက်ကန်းသံ၊
ကထိန်သင်္ကန်း ကပ်လှူရန်။

ဘဝက်လုံအောင် ခြိမ့်ခြိမ့်သဲ၊
ထူးကဲပေစွ ရာသီပွဲ။

တွဲလိုနွဲ့လို ပျော်ပါးကာ၊
စန္ဒာလမင်း ရောင်တောက်မှာ။

ဝင်းလက်ဖြာဖြာ ငွေကြယ်ပန်း၊
တော်ငွေရောင်မျှင် ယှက်ကာသန်း။


ညချမ်းအလှ နတ်ပန်းချီ၊
ဘယ်ပန်းချီမှ တုမမှီ။

ရွှင်ကြည်သာပျော်မော်မဆုံး၊
ပျော်ကြပါးကြ တန်ဆောင်မုန်း။

သခပြေနီ

B. 517

# မြေပဲ




မြေပဲသည် ဆီထွက်သီးနှံအုပ်စုတွင် ပါဝင်သည်။ ပူနွေးခြောက်သွေ့သောဒေသတွင် ဖြစ်ထွန်းသည်။ မြန်မာနိုင်ငံတွင် စားသုံးဆီအတွက် အဓိကစိမ်ကိန်းဝင် သီးနှံဖြစ်သည်။ မြေပဲတွင် ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်နှင့် အဆီ များစွာ ပါရှိသည်။ အနောက်နိုင်ငံများတွင် ထောပတ်ချက်ရာ၌ အသုံးပြုကြသည်။ မြေပဲမှော်ကို ကျွဲနွားတိရစ္ဆာန်တို့၏ အစာအဖြစ် အသုံးပြုနိုင်သည်။

မြေပဲသည် မြေကြီးအတွင်း၌ ကြီးထွားရ၍ သဲနုန်းမြေနှင့် မြေပွမျိုးတွင် စိုက်ပျိုးရန် အကောင်းဆုံး ဖြစ်သည်။ မြေပဲ ပေါက်ဖွားချိန်တွင် အပူချိန် ဒီဂရီ (၈၀) ဖာရင်ဟိုက် ရရန်လိုသည်။ နှစ်စဉ် မိုးရေချိန် (၄၀) လက်မ ရရန်လိုသည်။ မိုးမြေပဲကို မေလအတွင်းစိုက်နိုင်သည်။ ဆောင်းမြေပဲကို အောက်တိုဘာလအတွင်း စိုက်နိုင်သည်။ မြေပဲများအောင်ရန် ဓာတ်မြေဩဇာ ထည့်ပေးရသည်။

မြေပဲပင်သည် စိုက်ပြီး ငါးလမှ ခုနစ်လအတွင်းတွင် ရင့်မှည့်လေသည်။ မြေပဲပင်အဖျားများ ခြောက်သွေ့လာပါက သိမ်းနိုင်ပြီဖြစ်သည်။ မြေကိုမွအောင်ပြုလုပ်ပြီး မြေပဲပင်များကို နုတ်ယူရသည်။ ထို့နောက် မြေပဲများကို ခြောက်သွေ့အောင်နေလှန်းရသည်။

မြန်မာနိုင်ငံတွင် မြေပဲကို မကွေး၊ ပခုက္ကူ၊ မြင်းခြံ မြို့များတွင် အများဆုံး စိုက်ပျိုးကြသည်။ ရှမ်းကုန်းမြေမြင့်တွင် မိုးရာသီ၌ စိုက်ပျိုးသည်။ မြန်မာနိုင်ငံမှ မြေပဲဖတ်များကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်၍ နိုင်ငံခြားငွေ အမြောက်အမြား ရရှိသည်။ မြေပဲဆီအထွက် အများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။ ။

**သုရကျော်စွာ**
**(စီးပွားရေး)**



၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၃၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၇

# ဝံပုလွေရိုက်နှင့် အဖိုးအို


ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-ဖိုးချစ်လှိုင်


ရှေ့သွား ဂျာနယ်
၁၃၃၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၅ ရက်(၂၂-၁၁-၇၅)




စနေနေ့တိုင်း ထုတ်ဝေသည်။


ညသန်းခေါင်ကျော်ပြီး မိုးလင်းခါမှ မုဆိုးကြီး အိပ်ပျော်သွားသည်နှင့် ဆိတ်ခြံထဲက အသံမျိုးစုံထွက်လာရာ
ဝုန်း
ဝုန်း
မုဆိုးကြီးလည်း လန့်နိုးပြီး ဝံပုလွေရောက်နေကြောင်း သိကာ အိပ်မှုန်စုံမွှားဖြင့် လေးကိုဆွဲ၍ ပစ်ခတ် လေတော့သည်။
သို့သော် မြှားတို့သည် ဝံ့ပုလွေကို မမှန်ချေ။ ထိုကြောင့် ဝံပုလွေ ထွက်ပြေးလေ၏။
မုဆိုးကြီးကလည်း မျက်ခြေမပြတ် အတင်း လိုက်ပစ်လေသည်။
မိုးလင်းသည့်တိုင်အောင် လိုက်ရင်း ပြေးရင်းဖြင့် တောထဲသို့ ရောက်သွား၏။
ဝံပုလွေလည်း မရပ်မနားပြေးရသဖြင့် မောပန်းလာစဉ် အဖိုးအိုတဦးကိုတွေ့၍
ကယ်တော်မူပါ
ဘာဖြစ်လို့လဲ


... ဘလကါ၊ အားအားရှိတိုင်း မြှားနဲ့ လိုက်
ပစ်သတ်နေတယ်။ တညလုံး
လိုက်နေလို့ - မိုးသာလင်းရော - မနား
တန်း ပြေးနေရတယ်။ သနားပါ ဘဘရယ်။
ကယ်တော်မူပါ။ ခြေ ပမ်းလက်ပမ်း
ကျနေပါပြီ
အော် - သနားပါတယ် - ကျွတ် ကျွတ် - ကဲ - ကဲ - ငါ့အိတ်ထဲဝင်
အဖိုးအိုက ဝံပုလွေကို ထမ်းသွားစဉ်
မုဆိုးကြီးလည်း မောပန်းစွာ ရောက်လာပြီး
တောက်! ဘယ်ရောက် သွားပါလိမ့်
ဘဘ . ဝံပုလွေတကောင် များ တွေ့မိလား
ဟင် အင်း
အိတ်ပေါက်ထဲမှ ချောင်းကြည့်နေသော ဝံပုလွေမှာ တုန်လှုပ်ချောက်ခြားနေ၏။
မုဆိုးကြီး ထွက်သွားပြီး မကြာမီ အဖိုးအို သည် အိတ်ကြီးကိုချသော
ကဲ - လွတ်ရာ ကျွတ်ရာ သွားပေတော့



အိတ်ထဲမှ ဒယိမ်းဒယိုင်နှင့် ထွက်လာပြီးသော ဗိုက်ကလေးကိုနှိပ်လျက်
အမယ် ဗိုက်ဆာ လိုက်တာ
အေးလေ - ဆာယင် တောကောင် ဖားတွေ ရှာစားပေါ့
ဒါပြောတာ ဟုတ်ဘူး
ဒါဖြင့် - ဘာ ပြောချင်တာလဲ
တညလုံး လျှောက်ပြေးနေရလို့ မောဟိုက်နေပြီ။ ဘယ်လိုက်ဖမ်းနေနိုင်တော့မှာလဲ မျ
ဆာတာမှ တုန်နေ ပြီ
အောင်မယ်း မနေနိုင် တော့ဘူး
အဖိုးကြီး ကိုဘဲ စားရမယ်
ဟယ် - ဝံပုလွေမိုက် - ငါကား သင်၏ အသက်သခင် ကျေးဇူးရှင်ဖြစ်ပါလျှက် ကျေးစကားချိုး သင့်ပါးစပ်မှ ပြော၍ ထွက်သလော... ဟင်...
ငါ့မှာဖြင့် တအောတပမ်း ထမ်းရပိုးရနဲ့ - မုဆိုးကြီးကိုလဲ ညာပြောလိုက် ရသေးတယ်။ ခုင့်အကြံ တယ်ပက်စက် ရိုက်ပိုင်း ယုတ်မာလှချေ ကလား.... ....ဟေ....


ကြာတယ်မျာ- ဆာလှပြီ- ခင်မျာ့ဘဲ စားမယ်
ထိုအခိုက် ယုန်ကလေးသုံးကောင် ကြောက်အားလန့်အားဖြင့် သူတို့ခြားမှ ဖြတ်ပြေးလေသဖြင့်
ကဲလေ - ဆာတယ်ဆို- ဒီယုန်တွေတော့ ဘာလို့ လိုက်မဖမ်းလဲ
ဟင်အင်း - လွယ်လွယ်ဘဲ ခင်မျာ့ကို စားမယ်၊ လူ့သားက ပိုကောင်းသတဲ့...
ထိုစဉ် မြှားတစင်း ဝှီးကနဲ ဖြတ်လာသည်နှင့် အဖိုးအိုသည် ရုတ်တရက် လှဲချပြီး နီးရာသစ်ပင်နောက်တွင် အကာအကွယ်ယူလိုက်လေသည်။


ထိုခဏ၌ မုဆိုးကြီးသည် ယုန်များနောက်မှ အပြေးလိုက်လာသဖြင့်
ဝံပုလွေသည် ကြံရာမရဖြစ်ပြီး အဖိုးအို၏ အိတ်ထဲသို့ ခုန်ဝင်လိုက်၏။
အဘရေ လုပ်ပါအုံးဗျ
အဖိုးအိုက ချက်ချင်းထ၍ အိတ်ကို ကြိုးဖြင့် တုပ်လိုက်၏။
မုဆိုးကြီး၏အသံ ပျောက်သွားလျှင်
ဖွင့်ပါတော့ မွန်းလှပြီ... တကတဲ လေပေါက် ပိတ်အောင် ချည်ထား ရလား
ဖွင့်မယ် - နင် ငါ့ကို စားမှာ
မစားပါဘူးဗျာ
မလွှတ်ရင် ခင်ဗျား အိတ်ကို စုတ်ပြတ်အောင် ကိုက်ခွဲပြီး ထွက်လာရမလား။ ခင်ဗျားကြီးကို အရိုးပါမကျန် အကုန် စားပစ်မယ်
ဖွင့်စမ်း မြန်မြန်


ထိုအခါ အဖိုးအိုသည် ကြိုးတဝက်ခန့် ဖြေ၍
အိတ်ကို သစ်ကိုင်းတွင် ချည်လိုက်ပြီး
ပါလာသော တောင်ဝှေးဖြင့် ရိုက်လေ၏။
ဖုန်း
ဒိန်
ထိုဆူညံသံများကြောင့် မုဆိုးရောက်လာပြီး
ဘာဖြစ်လို့လဲ အဘ- အိတ်ထဲမှာ ဘာရှိလဲ
ဝံပုလွေ
ဗျာ
မပြောမဆိုနှင့် မြှားသုံးစင်း ပစ်သွင်းလိုက်သဖြင့်
ဒုန်
ဒိန်
ဒိန်း
ဝံပုလွေမိုက် သေလေတော့သတည်း။
အဘအိတ် ကျွန်တော် အသစ်ဝယ် ပေးပါ့မယ်။ ဝံပုလွေတော့ ကျနော့်ပေးပါ
ရပါတယ် မောင်ရယ်
ယုန်လေး တကောင်- စားဘို့ယူသွား ပါအုံး
နှစ်ယောက်သား အိမ်အပြန်လမ်းတွင်
နေပါအုံး - မောင်က-ဒီဝံပုလွေသား ချက်စား မလို့လား
ဟုတ်ပါဘူး အဘရယ်။ ဒီဝံပုလွေကို သတ်နိုင်မှ ဆုငွေ တရာ ရမယ် ဆိုလို့ပါ.... ဗျာ

# စိတ်ဝင်စားဘွယ် တိရစ္ဆာန်အမြီးများ



စိုင်းဖေသိန်း သရုပ်ဖော် ကျော်ဒင်

သဘာဝသည် တိရစ္ဆာန် သားကောင်များ အတွက် နေထိုင်မှု အဆင်ပြေစေရန်၊ တနေရာမှ တနေရာသို့ သွားလာရာ၌ အထောက်အကူဖြစ်စေရန်၊ ရန်သူများနှင့် ရင်ဆိုင်မိသောအခါ တိုက်ခိုက်ရန်၊ ကာကွယ်ရန်တို့အတွက် ပုံစံအမျိုးမျိုးသော အမြီးများကို ဖန်တီး ပေးထားကြောင်း တွေ့ရပေသည်။

● နွားများ၏ အမြီးများသည် အလွန်ရှည်ပြီး အဆုံး၌ အမွေးများ ဖွားလျက်ရှိနေသည်၊ ဤကဲ့သို့ဖြစ်နေခြင်းမှာ နွားများကို အမြဲနှောက်ယှက် လေ့ရှိသော ခြင်၊ ယင်၊ မှက်စသည့် ပိုးမွှားတို့ကို အမြီးဖြင့် ပုတ်ခတ်၍ ချောက်လှန့်ရန်အတွက် များစွာအသုံးဝင်ပေသည်။


● အချို့မျောက်များသည် ကျစ်လစ်၍ ရှည်သော အမြီးများပိုင်ဆိုင်ကြသည်။ သစ်ကိုင်းတကိုင်းမှ တကိုင်းသို့ ကူးရာ၌ အမြီးကိုသစ်ကိုင်းတွင် ရစ်ပတ်ပြီးမှ အခြား သစ်ကိုင်းသို့ ကူးလေ့ရှိသည်။ ဤသို့ဖြင့် သစ်ကိုင်းတကိုင်းမှ တကိုင်းသို့ ကူးရာ၌ အောက်သို့ ပြုတ်ကျခြင်းမရှိသည့်အပြင် လျင်မြန်စွာကူးသွားနိုင်လေသည်။

● တနေရာမှ တနေရာသို့ ခုန်ပေါက်၍ သွားတတ်သော သားပိုက်ကောင်တို့တွင် ရှည်ပြီး တုတ်ခိုင်သော အမြီးများရှိကြလေသည် သားပိုက်ကောင်များခုန်ရာ၌ ယင်းအမြီးကို ခြေထောက် အဖြစ်



ထောက်၍ ခုန်လေ့ရှိသည်။ ထိုအပြင် သားဗိုက်ကောင်များ မတ်မတ်ထိုင်သောအခါ အမြီးသည် နောက်မှနေ၍ ကိုယ်ခန္ဓာကို ထောက်ပေးသကဲ့သို့ ရှိနေလေသည်။

● ရှဉ့်ကလေးတို့သည် သစ်ပင် တပင်မှ တပင်သို့ ခုန်ပျံရာတွင် အမွေးများဖြင့် ဖွားလျက် ရှိသော အမြီးကို လေယာဉ်ပျံ၏ တောင်ပံကဲ့သို့ အသုံးချ၍ လေဟုန်စီးကာ ခုန်ပျံသွားကြလေသည်။



● ကြောင်များသည် ကြိုးတန်းများ၊ ထုတ်ကဲ့သို့ တန်းများပေါ်၌ ဖြတ်လျှောက် သွားလာသော အခါ အမြီးကို အငြိမ်မထားဘဲ ဘေးတဖက်တချက်သို့ လှုပ်၍ သွားတတ်သည်ကို တွေ့ရပေမည်။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ အောက်သို့ မလိမ့်ကျစေရန် ထိန်း၍သွားခြင်းဖြစ်သည်။




● ဥမှပေါက်ဖွားလာစ ဖားလောင်းတို့တွင် အမြီးတိုလေးများပါရှိကြလေသည်။ ဖားလောင်းတို့သည် ရေထဲတွင်ကျက်စားကြရ၍ ယင်း အမြီးတိုလေးကို လှုပ်ရှားခြင်းဖြင့် တနေရာမှ တနေရာသို့ ကူးခတ်သွားကြလေသည်။ ဖားကြီးဘဝသို့ လုံးဝပြောင်းသွားပြီးသော အခါ ယင်း အမြီးတိုကလေးများမှာ ပျောက်ကွယ်သွားလေ့ရှိသည်။


● ကြီးမား၍တုတ်ခိုင်သော မိကျောင်းအမြီးတို့သည် ရေထဲ၌ ကူးခတ်ရာတွင် ပဲ့ကိုင်တက်မကဲ့သို့ လမ်းကြောင်း ထိန်းသိမ်းပေးသည်။ ထို့အပြင် ရန်သူနှင့် ရင်ဆိုင်ရသောအခါ လက်နက်သဖွယ် အမြီးဖြင့် ပုတ်ခတ်၍ ခုခံကာကွယ်ကြလေသည်။




အချောင်စားချင်သော
မျောက်
လိပ်တကောင်သည် တောထဲတွင် လျှောက် သွားနေစဉ် တနေရာ၌ ငှက်ပျောပင်တပင်ကို တွေ့မြင်သောအခါ
ငှက်ပျောသီးတွေပါလား၊ မှည့်နေပြီ၊ ငါလဲ အပင်ပေါ်မတက်တတ်ဘူး၊ ကိုမျောက်ကိုခေါ်ချူးခိုင်းပြီး အတူစားရမယ်၊
မျောက်နှင့်တွေ့သော်
ကျုပ်အတွက်ဝေစုပေးမှ ချူးပေးမယ်နော်
ရပါတယ်ဗျ
မျောက်သည် လိပ်နှင့် လိုက်သွားပြီး ငှက်ပျောပင်ပေါ်သို့ ရောက်သောအခါ
သူပေးမဲ့ဝေစုဆိုယင် ငါဝချင်မှဝမယ်၊ ဒီတော့ ငါဝအောင်အရင်စားထားရမယ်၊
ဟေ့၊ ချူးပြီးအောက်ကိုချပေးလေဗျာ
ဟားဟား၊ မင်းတက်တတ်ယင် တက်ချူးပေါ့၊ အေးလေ၊ ငါဝသွားယင်တော့ မင်းအတွက်သနားသဖြင့် ချူးပေးပါ့မယ်၊ ဟဲဟဲ
တောက် သိကြရောပေါ့ကွာ
လိပ်သည် မျောက် အစားမက်နေစဉ် ငှက်ပျောပင်ခြေရင်းတွင် ဆူးများချထား၍ ပုန်းနေ၏။ မျောက်ဆင်းလာသောအခါ
အမလေး အား-ဆူး-စူးတယ် ဗျ-စူးတယ်


မျောက်ကိုကြည့်ပြီး လိပ်သည် ပုန်းနေရာမှ ကျယ်လောင်စွာ ရယ်လိုက်မိရာ
မျောက်က ရှက်ရှက်နှင့် ဒေါသထွက်ပြီး တွန်းလှဲလိုက်သဖြင့်
မျောက်က ခွင့်ပြုလိုက်သဖြင့် လိပ်သည် ရေထဲသို့ ဆင်းသွားသည်။ သို့သော် ရေလယ်သို့ ရောက်လျှင်
ပြီး


လမ်းအန္တရာယ်
လမ်းကိုကူးယင် ကားကိုကြည့်လို့ သတိထားကာ ဖြတ်ကူးကွယ်။
ကားကွယ်နေယင် သတိမကင်းနဲ့ ကားရှင်းမှသာ ကူးရမယ်။
တန်တားရှိလျှင် အပေါ်ကသွားပေါ့ ဘေးများရန်များ ကင်းရှင်းတယ်။
မီးပွိုင့်ကို ကြည့်ကာသွားလို့ မျဉ်းကျားအတွင်းက ကူးပါကွယ်။
တူတီ
အရှင်လိုယင် ကျုံမဲ့ဘေးကြောင့် ဆေးရုံကားကြီး စီးရမယ်။
သတိ
ဘယ်ခါမဆို ပြာလောင်မခတ်နဲ့ လမ်းဖြတ်ကူးတိုင်း သတိရှိဘွယ်။



# မိုး လွန်မှ ထွန်ချ

လယ်သမားများသည် မိုးဦးကျ၍ လယ်ကွက်များတွင် မြေပျော့လာသည်နှင့် တပြိုင်နက် လယ်ထွန်ကြရ၏။ သို့မှသာ မိုးရာသီအတွင်း ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်းတို့ကို ဆက်လက် ပြုလုပ်သွားနိုင်၏။ မိုးကုန်သောအခါ သီးနှံများ ထွက်လာပြီး လျှင်ဆောင်းဥတု၌ စပါးများ ရင့်မှည့်လာကြသောကြောင့် ရိတ်သိမ်း နယ်လှေ့လိုက်သောအခါ စပါးပုံကြီးများကို ရရှိကြလေသည်။

အကယ်၍ မိုးဦးကျစက လယ်ထွန်ခြင်း မပြုခဲ့ဘဲ၊ မိုးရာသီကုန်ဆုံးမှ ထွန်တုံး ထွန်တန်များကို ပြင်ဆင်၍ လယ်ထွန်ခြင်း၊ ပျိုးကြဲခြင်း အလုပ်ကို ပြုလုပ်ပါက မည်မျှပင် ကြိုးစား လုပ်ကိုင်နေပါသော်လည်း မိုးရေကို မရရှိသဖြင့် ကြဲလိုက်သော မျိုးစပါးများမှာ အစို့အညှောက် ကလေးလောက်သာ ထွက်လာ၍ ရှင်သန် ကြီးမားသော စပါးပင်ကြီးများဖြစ်မလာဘဲ ခြောက်သွေ့ သေကြေပြီး အသီးအနှံများကို မရရှိနိုင်တော့ချေ။

သို့ဖြစ်၍ မည်သူမဆို အချိန်အခါကိုလိုက်၍ လုပ်ကိုင်ရမည့် အလုပ်မျိုးကို အချိန်အခါနှင့် လုပ်ကိုင်မှ အကျိုးကျေးဇူး ခံစားရရှိနိုင်ပေမည်။ လုပ်သင့် လုပ်ထိုက်သော အချိန်တွင် ပျက်ကွက်ခဲ့ပြီး အချိန်လွန်မှ လုပ်ကိုင်ခြင်းမှာ မည်မျှပင် အပင်ပန်းခံသော်လည်း အကျိုးကျေးဇူးကို မခံစားရဟု ဤစကားပုံက ဖော်ပြထားလေသည်။

မောင်ကျော်ဇော
(စာပေဗိမာန်)


## ဤအပတ်မှာ ဟိုရှေးခါ

နိုဝင်ဘာ ၂၂–၂၈

- ၁၇၆၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကုန်းဘောင်ဆက် နောင်တော်ကြီးမင်း ကွယ်လွန်ခဲ့သည်။
- ၁၈၅၉ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် အင်္ဂလိပ်လူမျိုးသဘာဝဗေဒပညာရှင် ချားဒါဝင်က လူတို့သက်ဆင်းလာပုံ ကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေခဲ့သည်။
- ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အင်္ဂလိပ်စစ်တပ်များ မန္တလေးမြို့ကို တက်ရောက် သိမ်းပိုက်ခဲ့သည်။
- ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆရာစံကို အင်္ဂလိပ်အစိုးရက သာယာဝတီထောင်တွင် ကြိုးပေးခဲ့သည်။
- ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အမေရိကန်သမ္မတ ကနေဒီလုပ်ကြံခံခဲ့ရသည်။

# လုပ်အားတန်ဘိုး မြတ်နိုးတတ်ပြီ

ခင်မြတ်နွယ် (ဓါတု)



ဇော်ထွန်းသည် ငွေကြေးပြည့်စုံ၍ အထက်တန်းကျသော မိဘမှ ပေါက်ဖွား လာသော သားကလေးဖြစ်သည်။ မောင်နှမနှစ်ယောက်ထဲရှိသည့် ကြားက အငယ်ကလည်း ဖြစ်ပြန်၊ မိဘတွေကလည်း အလိုလိုက်ပြန်ဆိုတော့ ဆိုးချင်တိုင်းဆိုး၊ တေချင်တိုင်းတေနေသည်။ ထို့ကြောင့် ငါးတန်းကို နှစ်ခါဖြေရသည်။ဘည်နှစ်တော့ အောင်သွားခဲ့သည်။ အောင်သည်ဆိုကတည်းက သူ့အဖို့အပျော်ကြီးပျော်ခဲ့သည်။ ငွေကို ရေလိုသုံး၍ လည်ပတ်ရန်သာ စိတ်ကူးခဲ့မိသည်။

သို့သော်အမဖြစ်သူ မေသင်းဇော်က လမ်းစဉ်လူငယ် ပီပီ၊ ဇော်ထွန်း၏ ကျောင်းပိတ်ရက်များကို အလဟဿ မကုန်စေချင်ပေ။ တိုင်းပြည်အတွက် အကျိုးရှိစွာ လုပ်အားပေး စေချင်သည်။

ထို့ကြောင့် ကျောင်းမဖွင့်မီအတွင်း ရပ်ကွက်စာကြည့်တိုက်တွင် လုပ်အားပေးရန် တိုက်တွန်းခဲ့သည်။ မိမိ ၁၀ တန်းအောင်စဉ်ကလည်း ထိုကဲ့သို့ပင် လုပ်အား ပေးခဲ့ကြောင်း ပြောပြသည်။ အကယ်၍ ဇော်ထွန်း လုပ်အားပေးမည် ဆိုပါက အမက မုံ့ဘိုးအဖြစ် ငွေနှစ်ဆယ့်ငါးကျပ် ပေးမည် ဟု ဆိုသည်။ လုပ်အား ပေးခြင်းသည် အပိုအလုပ်ဟု ထင်နေသော ဇော်ထွန်း တယောက်မုံ့ဘိုးတော့ဖြင့် လိုချင်သည်။ ထို့ကြောင့် လုပ်အားပေးရန် စာရင်းသွင်းလိုက်သည်။

ဇော်ထွန်း၏ တလတာ လုပ်အားပေးခြင်း ကိစ္စပြီးပြီ ဖြစ်သဖြင့် ဂုဏ်ပြုပွဲပင် ပြုလုပ်ပြီးချေပြီ။ ဇော်ထွန်း၏ အမူအရာများသည်လည်း ယခင်ကကဲ့သို့ ဟော့ဟော့ ရမ်းရမ်း မဟုတ်တော့။ အစစအရာရာ နေပုံထိုင်ပုံ၊ အမူအရာမှအစ အဆင်ပြေလာသည်။ သေသေ သပ်သပ် ဖြစ်လာသည်။ ဖယောင်းရုပ်ကလေး တရုပ်ကို ပြင်လုပ်လိုက်သည် အလားထင်ရသည်။ အိမ်သားများက သူ့ကိုကြည့်၍ ပီတိဖြစ်ရသည်။ အမကသူ့ကတိအတိုင်း ငွေအစိတ် ပေးသည်။ ဇော်ထွန်း ထူးထူး ခြားခြား ခေါင်းခါ နေပါပြီ "မမပေးတဲ့ မုံ့ဘိုးကို ကျွန်တော် မယူပါဘူး ငွေထက် အဘိုးတန်တဲ့ အသိဉာဏ် အလိမ်မာတွေ ရအောင် တိုက်တွန်းပေးတဲ့ မမကိုတောင် ကျေးဇူးတင်ရမှာပါ"

"ဘာဖြစ်လို့လဲ မောင်လေးရဲ့" ဟုမမမေသင်းဇော် အံ့ဩစွာ မေးလိုက်သည်။ "ဒီလိုမမရဲ့ လုပ်အားပေးရင်းနဲ့ အလုပ်လုပ်ခြင်းကို တန်ဘိုး ထားတတ် လာတယ်၊ လက်တွေ့ဗဟုသုတရပြီး၊ စာပေကိုလဲ မြတ်နိုးတတ် လာတယ်။ စာတွေနဲ့ လက်တွေ့ဘဝ အတွေ့အကြုံတွေကို ပေါင်းစပ်

မိလာတယ်၊ အဲဒီအချက်တွေကို နားလည် နိုင်စေဘို့ လုပ်အား ပေး စီမံကိန်းကို အကောင်အ ထည်ဖော်ခဲ့တဲ့ အစိုးရရဲ့ စေတ နာကိုလည်း သိလာတယ်၊ ငွေ ကြေးတန်ဘိုးထက် လုပ်အား တန်ဘိုးကို ပိုပြီးတန်ဘိုးထားမိ တယ်၊ ဒါကြောင့် မမပေးတဲ့ မုံ့ဘိုးကို မယူချင်တော့ တာပါ မမရယ်"


မေသင်းဇော်တခါမှ မမျှော် လင့်သော စကားများကို၊ ဇော် ထွန်းထံမှ ကြားရသောကြောင့် ဝမ်းသာ လွန်းလှသည်။ အံ့သြ လွန်းလှသည်။

"အေး....မင်း ဒီလိုလုပ်အား တန်ဘိုး မြတ်နိုးတတ် လာတာ မမ အများကြီး ဝမ်းသာတယ်၊ မင်းကိုပေးဘို့ ရည်ရွယ်ထားတဲ့ ငွေ နှစ်ဆယ့်ငါးကျပ်ကို လည်း မင်းမယူယင် မင်းနာမည်နဲ့ မင်း ကုသိုလ်ရအောင် ပုဂံဘုရားပြု ပြင်ဘို့ အတွက် လှူလိုက်မယ်"

"ကောင်းတယ်မမရေ"

မောင်နှမ နှစ်ယောက်စလုံး ဝင်းလဲ့ ကြည် ရွှင်သော မျက်နှာ ဖြင့် အလှူငွေထည့်ရန် ထွက် သွားကြလေတော့သည်။






## အမျိုးသားအောင်ပွဲနေ့

* အကကောင်းတဲ့ မြဒေါင်းညို
အောင်လံလွှင့်လို့သီချင်းဆို၊
တိုးမြှင့်လိုတဲ့ ပညာရေး
အမြန်မြှင့်တင်ပေး။

* အမျိုးသားရေး ကြိုးစားဘာ
ဇာနည်မျိုးဟေ့ တို့ဗမာ၊
တော်လှန်ကာသပိတ်မှောက်
သတ္တိသွေးက ရဲရဲတောက်။

* မိုးအောက်မြေပြင် အောင်ပွဲဆင်
လဆုတ် ၁၀ ရက်တွင်၊
ထာဝစဉ် တို့မမေ့
တန်ဆောင်မုန်းလ
အောင်ပွဲနေ့။ ။

# ပြောင်း




ပြောင်းသည် နှံစား သီးနှံအုပ်စုတွင် ပါဝင်သည်။ ပူနွေးခြောက်သွေ့သော ဒေသတွင် ဖြစ်ထွန်းသည်။ ပြောင်းကို ဆန်အစား၊ စားသုံးနိုင်သည်။ စားပြောင်းကို သွားရေစာအဖြစ် စားသုံးကြသည်။ ဖက်ပြောင်းကို ပြောင်းဖူးဖက် ဆေးလိပ် လိပ်ရာတွင်၎င်း၊ ပေါက်ပေါက် ပြုလုပ်ရာတွင်၎င်း အသုံးပြုကြသည်။ နှံစားပြောင်းကို တိရစ္ဆာန် အစားအစာအဖြစ် အသုံးပြုနိုင်သည်။

မြေဩဇာ ကောင်းသော နုန်းမြေများတွင် စိုက်ပျိုးနိုင်သည်။ နုန်းတင်မြေနု မြေမျိုးကို နှစ်သက်သည်။ အပင်ပေါက်ချိန်တွင် မိုးမကြာ မကြာ ရွာရန် လိုသည်။ ရေဆင်းကောင်းရန် လိုသည်။

ယခုအခါ ယူ-ပီ-စီ-အေ ပြောင်းဝါမျိုးကို အများဆုံး စိုက်ပျိုးလျက်ရှိသည်။ မိုးရာသီ ကဆုန်လတွင်၎င်း၊ ဆောင်းရာသီ သီတင်းကျွတ်လတွင်၎င်း စိုက်ပျိုးနိုင်သည်။ ပြောင်းအတွက် ကောင်းရန် မြေဩဇာ သုံးရန် လိုသည်။ ပိုးမကျရန် ပိုးသတ်ဆေးများကို စံနစ်တကျ သုံးရသည်။ ပြောင်းစေ့များကို သိုလှောင်ရာတွင် မပေါက်ထိုး ရောခြင်းဖြင့် ကြာရှည်ခံသည်။

မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများတွင် ပြောင်းကို အများဆုံး စိုက်သည်။ ပြောင်းအများဆုံး ရောင်းချသော နိုင်ငံများမှာ အမေရိကန်နိုင်ငံ၊ ဘရာဇီး နိုင်ငံ နှင့် မက္ကဆီကိုနိုင်ငံတို့ ဖြစ်ကြသည်။

**သူရကျော်စွာ (စီးပွားရေး)**



R. 517

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၁၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး (ပုံနှိပ်)
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၄၀။

နှက်ပစ် ကောင်းသော

# ဆိုးပေ

ရွှေသွေး ဂျာနယ်

● ပန်းချီ-ဦးဘကြည်
● ဇာတ်လမ်း-ပန်းတနော် စိုးဦး

၁၃၃၇ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၂ ရက် (၂၉-၁၁-၇၅)











စနေနေ့တိုင်းထုတ်ဝေသည်။



သူများခြံထဲအခွင့်မတောင်းဘဲ အတင်းဝင်၍ သစ်သီးများ ပန်းများခိုး၍ငင်း-
ခြံရှင်များသိ၍ လိုက်ဖမ်းလျှင် ဆဲရေး တိုင်းထွာ ထွက်ပြေး၍ငင်း၊
လိုက် . လိုက်
သူခိုးလေး
သခဲ့ကြိုး
ကပ်စေးနဲ
ဖုတ်
ဖုတ်
လမ်းမီးတိုင်များမှ မီးလုံးများကို အကြောင်းမဲ့ ပစ်ခွဲတတ်၍ငင်း၊
ဖဲ . ဖဲ . ဖဲ -
ငါးလုံး ရှိပြီ -
ပါ . လက်မှန်းတယ်တဲ့ပါလား
ချွမ်
ခွေးများကို တွေ့လျှင် လိုက်ရိုက်၍ငင်း၊
ဟောင်အုံးဟာ
ဟောင်အုံးဟာ
အိုင်
ပေပေလူးလူး ရှောက်ဆော့တတ်၍ငင်း ဆိုးပေဟုသာ ခေါ်ကြ၏။
နောက်ပိုင်းတွင် မိမိအိမ်နားတွင်သာမက အခြားရပ်ကွက်များသို့ သွား၍ နှောက်ရှက်ဖျက်ဆီးနေသဖြင့်-



ရပ်ကွက်မှ လာတိုင်၍ မိဘများက ဆူပူကြိမ်းမောင်း ဆုံးမရုံမက
မင်း-ကောင်းကောင်း သတိထားပါ ။ နောက်ဆုံး သတိပေးခြင်းဘဲ ။ နောက်တခါ ဒီလို အတိုင်ခံရယင် သေဘို့သာ မှတ်ပေတော့
ရိုက်နှက်ဆုံးမသော်လည်းမရ၊ ဆိုးမြဲဆိုး ပေမြဲပေနေတော့၏။
ဆိုးအုံးဟဲ့ ရိုက်အုံးဟဲ့ ပေအုံးဟဲ့ — — —
သူငှက်ပစ်လျှင် သူများထက်ထိ၏။
သူငါးများလျှင် သူများထက် မိ၏။
မဟုတ်က ဟုတ်က ပေါက်ကရ လုပ်တဲ့နေရာမှာတော့ သူများထက်သိ၏။
ဟား ဟား ဟား ဟား ဟား ဟား
ဂလောင်
ဂလွမ်
ဂလုံ
ဒုန်း
ချွတ် ချွတ်
ချွတ် ချွတ်
ထိုကြောင့် အရပ်ထဲမှ လူကြီးများက-
ကျုံးတော်ရယ် - အဲဒီကောင်လေးဟာ - ငါးမင်းလဲမိတာဘဲ၊ ငှက်ဖမ်းလဲမိတာဘဲ ။ ဆိုးလိုက်တဲ့ဟာတောလဲ နေတါဘဲ
ဟဲ့ - မကောင်းမှု နဲ့မှ ချွား အကျိုးပေး နေရော့လား


တနေ့တွင် ငှက်ထောင်ရန် တောထဲသို့ထွက်သွားပြီး-
နေ့လယ်ခင်းတွင် ဖမ်းမိသော ငှက်များထဲတွင် လှပသော ငှက်ဆန်းကလေးတကောင်မိ၏။
အိမ်ပြန်လာသောအခါ အရပ်ထဲမှသူငယ်ချင်းများကို ပြန်ကြွား၏။
ဟော့ကောင်တွေ ဒီငှက်မျိုး မြင်ဘူးလား
ဟယ် လှလိုက်တာ
မင်း ဘယ်က ရသလဲ
သူငယ်ချင်းများက ဝိုင်းဝန်း အားကျချီးကျူးနေစဉ်-
တောင်ပန်လေး ကလဲ တယ်လှပါလား
အဲဒီ ဘာငှက်လဲ
လူကြီး တယောက်က တော့ ဒိန်ညင်း ငှက် - တဲ့
ညီငယ်က တဖြစ်တောက်တောက် ပူဆာ၍ ငှက်ကလေးပေးလိုက်ရာ-
ဒါး - - -
ညီလေး လဲ ကိုင် ချင်တယ် - -
ကဲ-ကဲ ရော့ - ကြိုး ကို မြဲမြဲ ကိုင် ထား
ညီငယ်လက်ထဲမှငှက်ကလေးလွတ်သွားသဖြင့် ဝိုင်းလိုက်ကြ၏။


ငှက်ကလေးသည် ကြောက်လန့်ကာ ပျံ့မိပျံ့ရာ ပျံ့မိပြီး ခြေထောက်မှကြိုးနှင့်လမ်းဓာတ်မီးကြိုး ငြိ၍တွဲလောင်းဖြစ်နေရာ-
ဆိုးပေသည် ငှက်ကလေးကို ပြန်ရလိုဇောဖြင့် ပြေးတက်လေတော့သည်။
ဟဲ့ - ဟဲ့ - ကလေး မတက်နဲ့
သိမ့်ကျပါ့မယ်
ဟဲ့ကောင်လေး ဆင်း
ဓါတ်လိုက် တော့မှာဘဲ
သို့သော်တားမရချေ။ တိုင်ထိပ် ရောက်လျှင် မမီမကမ်းဖြစ်နေသော ငှက်ကလေးကို လှမ်းဆွဲလိုက်ရာ အားလွန်ပြီး-
ဓာတ်ကြိုးကို သွားထိမိ၍ ဓာတ်လိုက်ကာ အောက်သို့ ပြုတ်ကျလေတော့သည်။
ဖလပ်
ဖလပ်
ထိုဆူညံသံများကြောင့် အနီးရှိ ကြက်ခြေနီ အဖွဲ့သားများ ရောက်လာပြီး ပြုစုပေးကာ
ဆေးရုံသို့လိုက်ပို့လိုက်ကြသည်။အနီးရှိလူများလည်း လိုက်သွားကြ၏။
အရေးပေါ်ဌာန


ဆရာဝန်ကြီးက ကုသ၍ သက်သာပြီး ထထိုင်
၍ ငိုင်နေစဉ် မိဘများရောက်လာမှ
ဒီသူငယ်-တော်တော်ကံကောင်းတယ်။ ကြက်ခြေနီလူငယ်တွေ တွေ့ပေလို့။ မဟုတ်ယင် - အသက်ပါ မှီမှာ မဟုတ်ဘူး ----
..... မင်းတို့လူငယ်လေးတွေ မှတ်ထား ... အထူးသဖြင့် မိုးတွင်းမှာပေါ့ကွ ... ဓါတ်ကြိုး ပြတ်ကျနေယင် ဖယ်ဖယ် ဆိုပြီး - သွားပြီး မကိုင်နဲ့ - ခြေနင်းနဲ့ - မထိနဲ့ - ဓါတ်လိုက် လိမ့်မယ် ....
... ဓါတ်လိုက်နေတဲ့လူတွေယင်လဲ သွားမဆွဲနဲ့ - အားလုံး တသီကြီး ဓါတ်လိုက်သေတတ်တယ် ...
.... ဒါမျိုးများ တွေ့ယင် ဝါးလုံးခြောက်ခြောက် - ဒုတ်ခြောက်ခြောက် နဲ့ ဓါတ်ကြိုးကို ရိုက်ထုတ် ရတယ် ---
ဒါ .. ဝါးစိမ်းစိုစိုတို့ - သစ်ကိုင်းစိုစိုတို့ မသုံးလေနဲ့။ ရေဆိုတာ - ဓါတ်လိုက် တယ်ကွဲ ---
တခါက - လူတယောက်ဟာ ---- နွားသားရေ စိမ်း အလိပ်ထမ်းပြီး - ရေစိုနေတဲ့ အခန်းကို ဖြတ်သွားတော့ - သားရေလိပ်က ဓါတ်လုံး ထိပြီး ကွဲသွားလို့ တကကထဲ - ကြုံကြုံဖန်ဖန် လျှပ်စစ်ဓါတ် လိုက်ပြီး သေဆုံး ရှာတယ် ...


---- နောက်တခု သတိထားရမှာက - ခလုတ်ကိုင်ရင်
လက်ချောင်းလေးတွေဟာ အကြောရှုံ့ပြီး ဓာတ်ခနဲ ကွေးပြီး လက်သီး ဆုပ် သွားတယ်----
...ဒါကြောင့် - အိမ်မှာတောင် - မီးခလုတ် များ ဓာတ်လိုက်နေမလားလို့ မသင်္ကာရင်
ပထမ - လက်ဖမိုးဘက်နဲ့ထိ ကြည့် ---- ဒါမှ ဓာတ်လိုက်နေရင် လက်ချောင်းလေးတွေ ရှေ့ကိုကွေးဆုတ်ပြီး ဆွဲခွါသလို ဖြစ်သွားမယ် ----
---- ဒိုးဒိုး သွားကိုင်ရင် - ဓာတ်လိုက်နေမှဖြင့် ဆုတ်ထားမိပြီး ဆွဲခွါလို့မရဘဲ ဖြစ်နေတတ်တယ် ---
ကြက်ခြေနီတပ်သားတွေကတော့ ဒါတွေသိကြတယ်---
ပြောဆိုပြီးဒေါက်တာထွက်သွားလျှင်
ဟဲ - ဒေါက်တာပြောသွားတာ ကြားလား ----
ခင်း - မသေကောင်း - မပျောက်ကောင်း - သေတွင်းက ထွက်လာတာဘဲ။
ဆိုးပေသည် ငိုင်ကျသွားပြီး ငြိမ်၍စူးစိုက်တွေးနေရာမှ-
သူများ အသက်တွေ ပျောက်သတ်နေလိုက်တာ - ကံကောင်းလို့ - ကိုယ့်အသက်ကိုပြန်သတ်မိမလို့ xxxxx xxxxx
တော်ပြီ - ကျနော်လဲ - သူတို့လို အသက်ကယ်တဲ့ဘက်က အလုပ်မျိုးလုပ်တော့မယ်...
ထိုနေ့မှစ၍ ဆိုးပေသည် သတိတရား ရကာ ကောင်းမွန်စွာနေထိုင်လေသတည်း။
မောင်မောင်ဆိုး ရေ - သွားလေ
ခင်ဗျာ
ဒီ-ဘယ်သွားအုံး မလို့လဲဟဲ့
ဒီနေ့ - ကြက်ခြေနီ သင်တန်း ရှိတယ်လေ အမေ
ဪ - အေး

# ရေခဲသေတ္တာ

စက်မှုတိတ်ရန်


ရေခဲသေတ္တာကိုသုံးသည့် အခါက ရည်ရွယ်ချက်မှာ ပုပ်သိုး မြန်သော အစားအစာ၊ ဟင်းသီးဟင်းရွက်စသည်များကို ရက်ကြာကြာထား၍ စားသုံးနိုင်စေရန်ပင် ဖြစ်သည်။

အစားအစာများကို ပုပ်သိုးအောင် ဖျက်ဆီး သော အဓိကပိုးမွှားမှာ "ဘက်တီးရီးယား" ဟု ခေါ်သောပိုးမွှားပင် ဖြစ်သည်။ ယင်းပိုးသည် အလွန်သေးငယ်သည့်အတွက် မျက်စိဖြင့်ကြည့်၍ မမြင်နိုင်။ ယင်း ပိုးမွှားများ မပြန့်ပွါးအောင် ကာကွယ်သောနည်း အမျိုးမျိုး ရှိသည့်အနက် အအေးဓာတ်ဖြင့် ကာကွယ်သောနည်းပင်ဖြစ်သည်။

ရေခဲသေတ္တာမပေါ်မီက ရှေးခေတ် ရောမ လူမျိုးများသည် ပုပ်သိုးလွယ်သောသား-ငါး-ပုစွန်များကို သဘာဝ အလျောက် ကျရောက်နေသော ဆီးနှင်းခဲများဖြင့် ထုပ်ပိုးသိုလှောင်သော နည်းဖြင့် စမ်းသပ်ကြည့်ရာ၊ ရက်ကြာကြာထားနိုင်ကြောင်း သိရှိခဲ့ကြသည်။ ထိုနည်းကို အခြေခံ၍ ပညာရှင်များက တမျိုးပြီး တမျိုး တီထွင် လာကြရာ နောက်ဆုံး ရေခဲသေတ္တာဟူ၍ ပေါ်ပေါက် လာသည်။

"ဖိနှိပ်ခြင်း အမျိုးအစား" နှင့် "စုတ်ယူခြင်း အမျိုးအစား" ဟူ၍ ရေခဲသေတ္တာ နှစ်မျိုး နှစ်စားရှိသည်။ အိမ်သုံးရေခဲသေတ္တာများမှာဖိနှိပ်ခြင်း အမျိုးအစားဖြစ်၍ ပါဝင်သောအဓိကအစိတ်အပိုင်း လေးမျိုးမှာ (၁) ကွန်ပရက်ဆာ၊ (၂) ကွန်ဒင်ဆာ၊ (၃) အိတ်စပင်းရှင်းဗာ (အဆို့ရှင်) နှင့် (၄) အီဗာပူ ရေတာတို့ ဖြစ်ကြသည်။ အိမ်သုံးအမျိုးအစားတွင် ယခင်က "အမိုးနီးယား ဓာတ်ငွေ့ကို ထည့်သုံးသော်လည်း ယနေ့ ခေတ်မီ ရေခဲ သေတ္တာတွင်မူ "ဖရီယွန်း" ဓာတ်ငွေ့ကို ထည့်သုံးကြသည်။

ဖိနှိပ်ခြင်း အမျိုး အစား ရေခဲသေတ္တာ အလုပ် လုပ်ပုံ အဆင့်ဆင့်မှာ ပထမ ဆင့်တွင် ကွန်ပရက်ဆာက ဓာတ်ငွေ့ကို ဖိတွန်း ထုတ်သည်။ ဓာတ်ငွေ့ပူလာသည်။ ဒုတိယ အဆင့်တွင် ဓာတ်ငွေ့ ပူသည် ကွန်ဒင်ဆာရှိ ရေ သို့မဟုတ် လေအေးကြောင့် အငွေ့ဘဝမှ




အရည်ဘဝသို့ ပြောင်းသွားသည်။ တတိယ အဆင့်တွင် ဓာတ်ရည်သည် အဆို့ရှင်ကို ဖြတ်သွား သဖြင့် ကျယ်ပြန့်သွားပြီး ပိုအေးလာသည်။ နောက်ဆုံး စတုတ္ထအဆင့်တွင် ဓာတ်ရည်အေးသည် အီဗာပူရေတာသို့ ရောက်လာသည်။ ထိုနေရာတွင် ရေထည့်ထားလျှင် ရေသည် ခဲသွားသည်။


အီဗာပူ ရေတာသို့ရောက်သောအခါ ဓာတ်ရည် အေးသည် အစားအစာ များတွင် ခိုအောင်းနေသော အပူဓာတ်ကို စုတ်ယူသည့်အတွက် အပူဓာတ်ကြောင့် ဓာတ်ရည်သည် နဂိုမူလ ဓာတ်ငွေ့ဘဝသို့ ပြန်ရောက်သွားပြီး ပဥ္စမ နေရာဖြစ်သော ကွန်ပရက်ဆာသို့ ပြန်ရောက်သွားသည်။ နောက်တကြိမ် အဆင့်ဆင့် အလုပ်ပြန်စသည်။ ဤသို့ အားဖြင့် တပတ်ပြီးတပတ် အလုပ်ဆက်လုပ်သည်။ လျှပ်စစ် မီးခလုတ်ပိတ်လိုက်လျှင် ရေခဲသေတ္တာ အလုပ်မလုပ်တော့ပေ။

အစားအစာများ မပုပ်မသိုးဘဲ ရက်ကြာကြာခံခြင်းမှာ ဓာတ်ရည်၏အအေးဓာတ်ကြောင့် ပိုးမွှားများ မချဉ်းကပ် နိုင်ခြင်း ကြောင့်ဖြစ်သည်။

အာပူချိန်ရှိသောဓါတ်ငွေ့
ဓါတ်ငွေ့ဘဝမှဓါတ်ရည်ဘဝ
အေးလာသောဓါတ်ရည်
ဓါတ်ရည်ဘဝမှဓါတ်ငွေ့ဘဝ




( ဖိနှိပ်ခြင်း အမျိုးအစား )




ဖိနှိပ်ခြင်းအမျိုးအစား
အိမ်သုံးရေခဲသေတ္တာ
အလုပ်လုပ်ပုံပြသောပုံစံ


ငွေစကား
ရေးဆွဲသည်
ညနေခင်း အပြင်ဘက်မှ စကား ပြောသံများသည် နီနီ စာကျက်နေရာသို့ တချက်တချက် ပြန့်လွင့်လာနေသည်။
xxxx... ...xx---xxx ---xxxx
ထို့ကြောင့် နီနီမှာ
ဘာတွေပြောနေကြတာပါလိမ့် အသာနားထောင်ကြည့်အုံးမှ—
အပြင်ဘက်တွင် မေမေနှင့် အခြားမိန်းမကြီးတဦးတို့ ကျယ်လောင်ကျယ်လောင်နှင့် စကားလက်ဆုံကျနေကြ၏။
ဒီမှာဒေါ်စုရဲ့ လောကမှာ ငွေရှိဖို့ အရေးကြီးတယ်
ငွေမရှိယင် ဘယ်သူကမှ အဖက်မလုပ်ချင်ကြဘူး မတူသလိုလို မတန်သလိုလို...
ဟုတ်လိုက်လေ ဒေါ်ငွေခင်ရယ် ငွေသာရှိယင် ဘာလိုချင်သလဲ ဘာခိုင်းချင်သလဲ
အကုန်ရတယ်
နီနီသည် ညအိပ်ရာဝင်ရာတွင် နေ့လယ်က မေမေတို့ပြောနေသော စကားများကို အမှတ်ရနေသည်။
ဘာလိုချင်သလဲ ဘာခိုင်းချင်သလဲ ငွေရှိယင်... အကုန်ရတယ် ...ရတယ် ....ရတယ် ....ရတယ်


ထိုနေ့မှစ၍ နီနီသည် ငွေကိုသာ အားကိုးတော့သည်။
မောင်ညိုရေ…ငါ့ကို မုန့်သွားဝယ်ပေး စမ်းပါဟယ် ပိုက်ဆံ ငါးပြား နင့်ယူလိုက်
မောင်ညိုရေ ဂဏန်းတွက်ပေးပါအုံး နင့်ကိုငါ၊ တပုဒ်ဆယ်ပြား ပေးပါ့မယ်
မောင်ညိုက ခင်မင်မှုစေတနာဖြင့် လုပ်ပေးသမျှတို့ကို နီနီက အတွက်မှားနေလေသည်။
ဟုတ်တယ် ငွေရှိယင် ဘာမဆို ရတယ် ကြည့်ပါလား၊ မောင်ညိုကို ပိုက်ဆံပေးယင် ဘာခိုင်းခိုင်း
ထိုစကားကို တဆင့်စကား တဆင့်နားဆိုသည့် အတိုင်း မောင်ညို ကြားလေသော်-
ဒီ…ငါ့ကို သက်သက် စော်ကားတာဘဲ–ငါက သူငယ်ချင်းချင်းမို့ စေတနာနဲ့လုပ်ပေးတာ ဟင်း….
မရဘူး–ငါ့ကို ဒီမျိုးလုပ်လို့မရဘူး နီနီ့ကို၊ အပြတ် သွားပြောမယ် သိရောပေါ့
သို့သော် မောင်ညိုမှာ လမ်းတဝက်သို့ အရောက်တွင်၊ အကြံတခု ရုတ်တရက် ရလိုက်သဖြင့်
ဟား ဟုတ်ပြီ
မပြောတော့ဘူး လှည့်ပြန်မှ


နောက်နေ့များတွင် ခါတိုင်းလိုပင် နီနီခိုင်းသမျှ လုပ်ပေးမြဲလုပ်ပေးနေသည်။
ငါ့ကို...ဟောဒီ စာအိတ်ကလေး ရေးပေးစမ်းပါဟယ် ရေးပေးနော် ရော့-ရော့ ...
အေးပါ
ပထပိ ပုံဆွဲရသည့်နေ့များတွင်လည်း ပုံဆွဲ တတ်သော မောင်ညိုကပင် ဖိုင်ခံဆွဲပေးနေ ရသည်။ နီနီ ဘာမျှမလုပ်။
မောင်ညိုကမူ ပြက္ခဒိန်ရွက်များကို တရွက်ချင်း လှန်ပြီး
အေးအဲ့ဟဲ့ နီနီရယ် မကြာခင်-အဖြေကို နင်သိတော့မှာပါ
တဖြေးဖြေးနှင့် မောင်ညိုမျှော်လင့်သော အချိန်သို့ ရောက်လာလေပြီ။ ထိုနေ့ကား စာမေးပွဲအောင်စာရင်း ထွက်သောနေ့ -
ဟင်.... ငါ့နံမယ်လဲ အောင်စာရင်းထဲ မပါပါလား ကျပြီ
အောင်စာရင်း
အေး-ကျတယ်နီနီ နင်ကျတယ်
ငါ့မှာ-နင်ဂဏာန်းတွက်ခိုင်းသမျှ ပုံဆွဲခိုင်းသမျှ၊ စာဖြေခိုင်းသမျှ လုပ်နိုင်တဲ့ပညာတတ်လို့ နင့်အကြွေ...ရခဲ့တယ်
နင့်ဆီမှာတွေ့ရှိလေမဲ့ အဲဒီပညာတွေကို တခုမှမတတ်ခဲ့ဘူး ဒါကြောင့် စာမေးပွဲ ဆုရတော့ဘဲ အရာရာကို ဖွေနဲ့ မရနိုင်ပါဘူးနီနီ
ဖြိုး



# နွားရှေ့ထွန်ကျူး

လယ်ထွန်သည့်အခါ နွားကိုရှေ့က တပ်၍ ထွန်တုံးကို နွား နောက်မှ တပ်ဆင်ပြီး မောင်းနှင် ရစမြဲ ဖြစ်သည်။ သို့မှသာ ရှေ့မှ ဆွဲသွားသော နွား၏ နောက်သို့ ထွန်ထုံးပါလာပြီး လယ်ထွန်ခြင်းအလုပ်ကိုပြုလုပ်နိုင်သည်။

ထိုသို့ မဟုတ်ပါဘဲ၊ နွားကဲ့သို့ဆွဲငင် ရုန်းသွားနိုင်သည့် အရည်အချင်းမျိုး မရှိသော ထွန်တုံးကို နွားရှေ့တွင် တပ်ဆင် မောင်းနှင်ပါက နေရာကပင် ရွေ့မည် မဟုတ်သည့်အပြင် လယ်ထွန်၍ပင် ရနိုင်မည် မဟုတ်ပေ။

ထိုအတူ လူတို့တွင် လည်းမည်သည့် အလုပ် ကိစ္စမျိုး၌မဆို ရှေ့ဆောင်လမ်းပြ ပြုလုပ်နိုင်သောအရည်အချင်းရှိသည့် ပုဂ္ဂိုလ် ကြီးများကို အရည်အချင်းနှင့် မပြည့်စုံသော သူများက လွန်ဆန်ပြီး ပြုလုပ်လျှင် မည်သို့မျှ အရာမရောက်နိုင် သော ကြောင့် ထိုကဲ့သို့ မပြုလုပ်ရန် ညွှန်ပြဖော်ဆောင်သော စကားပုံ ဖြစ်သည်။

မောင်ကျော်ဇော
(စာပေဗိမာန်)

## ဤတပတ်မှာ ဟိုရှေးခါ

**နိုဝင်ဘာ ၂၈ ဒီဇင်ဘာ ၅**

- ၁၇၆၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကုန်းဘောင်ဆက် ဆင်ဖြူရှင်မင်း နန်းတက်ခဲ့သည်။
- ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သီပေါမင်း ပါတော်မူခဲ့သည်။
- ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံ ကျောင်းသားသပိတ်ကြီးပေါ်ခဲ့သည်။ ယင်းသည် အမျိုးသားနေ့၏ အစပင် ဖြစ်သည်။
- ၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သခင်ဖိုးလှကြီးခေါင်းဆောင်သော ရေနံမြေသပိတ်တပ်သားများ ချောက်မှ ရန်ကုန်သို့ ချီတက်ခဲ့ကြသည်။
- ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပန်းချီဆရာကြီး ဦးဘလုံ ကွယ်လွန်ခဲ့သည်။
- ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဘာဘေးဒိုးစ်နိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

# ဖိနပ်ချုပ်သမားလေး

မောင်မြွှေဦး (ရေနုမှ)



ကျွန်တော်၏အမည်မှာ ခင်မောင်အေး ဖြစ်ပါသည်။ ကျွန်တော့်တွင် ညီလေး နှစ်ယောက်ရှိပါသည်။ သူတို့၏ အမည်များမှာ ခင်မောင်ထွေးနှင့် ခင်မောင်လေးတို့ ဖြစ်ပါသည်။ အဖေနှင့် အမေသည် ကျွန်တော့်ကို သားအကြီးတယောက်ဖြစ်၍ အလွန်ချစ်ကြ ပါသည်။ ကျွန်တော်သည် ယခု ပဋ္ဌမတန်း ကျောင်းသား တယောက် ဖြစ်ပါသည်။ အတန်းထဲမှ စိန်ဝင်းနှင့်ထိန်ဝင်းတို့မှာ ကျွန်တော်၏ အချစ်ဆုံးသူငယ်ချင်း နှစ်ယောက် ဖြစ်ကြပါ၏။

ကျွန် တော် ၏ အဖေသည် ဖိနပ်ချုပ် အလုပ် သမား တယောက် ဖြစ်ပါသည်။ စိန်ဝင်းနှင့် ထိန်ဝင်းတို့၏ မိဘများမှာ ကား ရုံးများတွင် အလုပ်လုပ်ကြပါသည်။ ကျွန်တော့် အဖေနှင့် သူငယ်ချင်းတို့၏အဖေများကို ယှဉ်ကြည့်လျှင် ကျွန်တော် အလွန် ဝမ်းနည်းမိပါသည်။ သို့သော် စိန်ဝင်းတို့ကမူ ဖိနပ်ချုပ်သမားသားဆိုပြီး ကျွန်တော့်ကို အထင် သေး ခြင်း မရှိကြပါ။ ကျွန်တော်နှင့် စားအတူ၊ကစားအတူ နေကြပါသည်။

အ ဖေ က ကျွန် တော့် ကို ကျောင်းမှ ပြန်ရောက်လျှင် သူနှင့် အတူ ဖိနပ်ဝိုင်းချုပ်ရန် မှာကြား ထား လေ့ ရှိသော်လည်း ကျွန်တော်ကမူ စိန်ဝင်း၊ထိန်ဝင်းတို့နှင့် သွားကစားနေပါသည်။ ညီလေး ခင်မောင်ထွေးနှင့် ခင်မောင် လေး တို့ နှစ် ယောက် ကျောင်းမှ ပြန်ရောက် လျှင် မူ အဖေ့ကို ကူညီကြပါ၏။

တနေ့တွင် ကျောင်း၌ ဆရာမက ကျောင်းသူ ကျောင်းသားတို့၏ မိဘ အမည်နှင့် အလုပ်အကိုင် စာရင်းများကို တောင်းပါသည်။ စိန်ဝင်း၊ ထိန်ဝင်းတို့နှင့်အတူ အခြား ကျောင်းသားများအားလုံး အသီးသီး စာရင်းပေးကြသော်လည်း ကျွန်တော့်မှာကား အဖေ့ အလုပ် အကိုင် ဖိနပ်ချုပ်သမားဟု စာရင်းပေးရမည်ကို ရှက်နေမိပါ၏။နောက်ဆုံးတွင်မူ မပေး မဖြစ် သဖြင့် ရှက်ရှက် နှင့် ပင် ပေးလိုက်ရပါ၏။

'ခင်မောင်အေး-လာပါအုံး'

ဆရာမခေါ် သံကြောင့်ကျွန်တော် လန့်သွားမိပြီး၊ ဆရာမအပါးသို့ မရဲတရဲနှင့် ချဉ်းကပ်သွားရပါသည်။

"မင့် အဖေက ဖိနပ်ချုပ်တယ် ဆိုတော့ မင်းလဲချုပ်တတ်မှာပေါ့၊ ဆရာမအတွက် ဖိနပ်တရံလောက် ချုပ်ပေး ပါလားကွယ်"

"ဟုတ်-ဟုတ်ကဲ့" ဟု ပြောပြီး ကျွန်တော်ပြန်ထွက်လာခဲ့ပါသည်။ တကယ်တော့ ကျွန်တော် ဖိနပ် မချုပ်တတ်ပါ။

သို့ဖြင့် အိမ်ပြန်ရောက်သော် အဖေ့ထံတွင်၎င်း၊ ညီလေးများထံ တွင် ၎င်း ဖိနပ် ချုပ် တတ်အောင် သင်ရပါသည်။ ငါးရက်ဆက်တိုက် သင်လိုက်သောအခါ နဂိုကလည်း မြင်ဘူး တွေ့ဘူး

ထားသည်မို့ ကျွန်တော် ဖိနပ် ချုပ်တတ်သွားပါတော့သည်။

ဆရာမ အတွက် ကတ္တီပါ ဖိနပ် တရံကို ကျွန်တော် ကိုယ်တိုင် ချုပ်ပြီး နောက်တနေ့တွင် ဆရာမကို ပေးလိုက်ပါ၏။

"ဟယ်– ကောင်း လိုက် တဲ့ ဖိနပ်ကလေး။ ဒီမယ် ကြည့်ကြ ဟေ့၊ ခင်မောင်အေး ကိုယ်တိုင် ချုပ်လာတဲ့ ဖိနပ်လေ၊ ဘယ် လောက်လှသလဲ၊ ကျောင်းသား ဆိုတာ ကျောင်းစာတော်ရုံသာ မကပဲ ဒီလို အပြင် လုပ်ငန်းပါ လုပ်တတ်တယ်ဆိုယင်ပိုကောင်း တာပေါ့ကွယ်"

ဆရာမက အများ ကြား အောင် ပြောပြီး ကျွန်တော့်ကို ငွေ ကျပ် ၁၀ ဆုချပါ၏။

ထို့နောက် စိန်ဝင်း၊ ထိန်ဝင်း တို့နှင့်တကွ အခြား သူငယ်ချင်း များပါ ကျွန်တော့်ထံ ဝိုင်းလာ ကြပြီး သူတို့အတွက် ဖိနပ်ချုပ် ပေးရန်နှင့် ကျသင့်ငွေကို ပေး မည် ဖြစ်ကြောင်း ပြောလာကြ ပါသည်။

ကျွန်တော် ဝမ်းပန်းတသာ နှင့်ပင် လက်ခံလိုက်ပါ၏။

ယခု အခါတွင် ဖိနပ် ချုပ် သမား၏ သားဟု ပြောရမည်ကို ၎င်း၊ ကျွန်တော်ကိုယ်တိုင် ဖိနပ် ချုပ်တတ်သည်ဟု ပြောရမည် ကို၎င်း ကျွန်တော် မရှက်တော့ ပါ။ ။




## စာဆိုတော်နေ့

ဆောင်းလကုသိ ဝန်းကျင်ဝေ
ငွေနှင်းမှုန်ရီရီ။
ရဂုံဆီ သဇင်ပန်း
မြှောက်လေ ဆောင်ယူနမ်း။
လဆန်းတရက် နတ်တော်မှာ
စာဆိုပွဲတော် နွှဲကြတာ။
မြန်မြည်မှာ နယ်ရွာများ
စာပေစကား ဟောပြောကြား။
စာသားအလှ ကဗျာစုံ
ပြိုင်ဆိုင်ရေးဖွဲ့ သိကြပုံ။
ရှေ့သူ့ဂုဏ် စိစစ်ရွေး
စာဖွဲ့တော်သူ ဆုတွေပေး။
ယဉ်ကျေးမှုကို အရေးတည်
စာပေစိတ်နှင့် ထိန်းကြမည်။
ဤနေ့သည် စာဆိုပွဲ
ကဝိရုံညီ ပျော်သည့်ပွဲ။ ။

မိုးညွှင်း - [illegible]

ပြထားတဲ့ ပုံနှစ်ခုကို သေသေချာချာကြည့်ပြီး ဖြစ်နိုင်ရဲ့လားဆိုတာ စဉ်းစားကြည့်စမ်းပါ ။



B. 517




# ဂုံလျှော်

ဂုံလျှော်သည်ပူနွေးစွတ်စိုသောဒေသတွင် ဖြစ်ထွန်းသည်။ ဂုံလျှော်ကို ဂုံနီကြိုး၊ ဂုံနီဖျင်၊ ဂုံနီအိတ်၊ စက္ကူကြမ်း၊ ကော်ဇော စသည်များ ပြုလုပ်ရာတွင် အသုံးပြုသည်။

ဂုံလျှော်ပင်ကို နုန်းတင်မြေနုနှင့်ကုန်းကျ၍ သဲဆံသော နုန်းမြေများတွင် စိုက်ပျိုးနိုင်သည်။ ရေစိမ့်မဝင်နိုင်သော မြေဆီလွှာမျိုးကို နှစ်သက်သည်။ ဂုံလျှော်ကို အပူချိန်ဒီဂရီ (၇၀) ဖာရင်ဟိုက်မှ (၁၀၀) ဖာရင်ဟိုက် အတွင်းရှိ၍ မိုးရေချိန်(၅၀)လက်မမှ(၁၂၀) လက်မအတွင်းရှိ နေရာများတွင် စိုက်ပျိုးရန် အသင့်ဆုံးဖြစ်သည်။ ရေသွင်း ဂုံလျှော်ကို မတ်လ ၁၅ ရက်မှ ဧပြီလအတွင်း စိုက်ပျိုးနိုင်သည်။ မိုးကြိုဂုံလျှော်ကို မိုးဦးကျပြီးစတွင် စိုက်ပျိုးနိုင်သည်။

ဂုံလျှော်ပင်ကို သီးတံများထွက်စအချိန်တွင် အပင်ရင်းမှ ဖြတ်၍ ရိတ်သိမ်းရသည်။ ထို့နောက် အရွက်များအကိုင်းများ ဖြတ်ပြီး အစည်းငယ်များ စည်းကာ မြေစိုင်ခဲများ ပေါင်းပင်များဖြင့် ဖုံးအုပ်ထားရသည်။ ထိုသို့ သုံးလေးရက်ထားပြီး ရေထဲတွင်ဆယ်ရက်ခန့် စိမ်ထားရသည်။ အရောင် မည်းလာသော အခါ ဆယ်ယူပြီးတုတ်ဖြင့်ရိုက်ရသည်။ အပင် အရိုး ကြေမွသွားပြီး ဂုံလျှော်သာကျန်တော့သည်။ ယင်းလျှော်များကိုအခြောက်လှန်းပြီး ရှင်းယူခြင်းဖြင့် လျှော်ချည်များကိုရရှိသည်။

မြန်မာနိုင်ငံတွင် ဂုံလျှော်ကို ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဟင်္သာတ၊ ပဲခူး၊ တောင်ငူ၊ ရမည်းသင်း၊ ပြည်၊ သာယာဝတီ နယ်များတွင် အများဆုံး စိုက်ပျိုးကြသည်။ အဆင့်အတန်း မြင့်သော ဂုံလျှော်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချပြီး အဆင့်နိမ့်သော ဂုံလျှော်ကို ပြည်တွင်း၌ အသုံးပြုသည်။



သူရကျော်စွာ
(စီးပွားရေး)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွန်ကြားရေးမှူး ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွန်ကြားရေးမှူး (ပုံနှိပ်) ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ နတ်တော်လဆန်း ၄ ရက် (၆-၁၂-၇၅)













စနေနေ့တိုင်းထုတ်ဝေသည်။





ဂရှုး
အမ့လေး
ကျားသစ်ကလေးက ဖိုးညော်၏ လည်ကုပ်ကို ကိုက်ဆွဲ၍ တောထဲဝင်သွားသည်။
ဖိုးထော်သည်ရုတ်တရက်ဖြစ်၍ကြောင်နေပြီး ဘာလုပ်ရမှန်းမသိဖြစ်နေလေသည်။
သို့သော် ချက်ချင်းပင် သတိ ဝင်လာပြီး သစ်ကိုင်းတခုကို ဆွဲကာ ကျားသစ်အား ဒလကြမ်းရိုက်တော့၏။
ကျားသစ်ကလေးသည် ငယ်သေးသဖြင့် မြန်မြန်မပြေးနိုင်၊ ဖိုးထော်ကိုလည်း ပြန်၍ ရန်မမူနိုင်ဘဲ ဖိုးညော်ကိုသာ တအားခဲပြီးဆွဲသွားတော့သည်။
ထိုစဉ်
ဟာ.. သစ်ကိုင်း ကျိုးသွားဘီ


ကြံရာမရတဲ့ ကျားသစ်ကလေး၏အမြီးကို တအား ဝင်ဆွဲပြန်သည်။ ဖိုးထော်ကဆွဲ ကျားသစ်ကရုန်း၊ ဤသို့ဖြင့် ဖိုးထော်နှင့် ကျားသစ်တို့သည် တရွှေ့ရွှေ့နှင့် တောင်ကုန်းကိုပင် ကျော်မိသွားကြသည်။
ကျားသစ်ကလေးမှာ အချက်ပေါင်းများစွာ အရိုက်ခံထားရ၍အတော်နာနေပြီးဖိုးညော်ကိုချီခဲ့ရသဖြင့် မောနေလေပြီ။
ထိုအထဲ အမြီးကို တအားဆွဲခံနေရသည့်အတွက် တဖြည်းဖြည်း အားကုန်လာပြီး နောက်ဆုံးတွင် မခံနိုင်တော့ဘဲ အားပြတ်၍လဲကျသွားတော့၏။
ဖိုးညော် ညီလေး ညီလေး..
ဖိုးညော်ကားပြန်၍မထူးနိုင်ရှာတော့ချေ။
ဖိုးထော်သည် သူ့ညီလေး အလောင်းကို ထမ်းကာ ရွာအရောက် အားခဲပြီးပြန်လာခဲ့သည်။
ထိုအချိန်တွင် ရွာမှမိဖ ဆွေမျိုးနှင့် ရွာသားများသည် ဖိုးထော်တို့ညီအစ်ကိုပျောက်ဆုံးသွားသည့်အတွက် မီးတုတ်များဖြင့် လိုက်ရှာနေကြ၏။


ဖိုးထော်သည် ရွာမှ လူများနှင့် တွေ့ရသည်နှင့် စိတ်ကို လျှော့လိုက်သဖြင့် သတိမေ့ကာ မြေကြီးပေါ်သို့ လဲကျသွားတော့သည်။
ဟိုမှာဟေ့
တွေ့ပြီ
ဖိုးညော်၏အလောင်းကို တွေ့ရ၍ ရွာသားများလည်း အခြေအနေကို ရိပ်မိသွားကြ၏။
သားရေ…. ဖိုးထော်ရေ..
အမောဆို့ သွားတာပါ သတိပြန်ရ လာမှာပါ
အမေရေ… ညီလေး မရှိတော့ဘူး..ဟီး..
ဘယ်လို ဖြစ်ကြ တာလဲကွယ်
ဖိုးထော်က ဖြစ်ကြောင်းကုန်စင်ကို အစမှအဆုံး မျက်ရည်စက်လက်ဖြင့် ပြန်ပြောပြရှာသည်။
ဒီလိုပါ…
ဒါနဲ့ အဲဒီ ကျားသစ်ကော
လဲပြီး ကျန် နေခဲ့တာဘဲ


ဘယ်နေရာလောက်မှာလဲ
မင်းပြောပြနိုင်ပါ့မလား
ဟုတ်ကဲ့
ဒီတောင်ကုန်း ဟိုဖက်
အဆင်း..ကညင်ပင်ကြီး
အနားမှာပါ
လိုက်ကြစို့
နောက်ကျလို့ မဖြစ်ဘူး
ဒီမှာဟေ့
ချလကွာ
သေဟ
ကျားသစ် ကလေးသည် ရွာသားများကို
မြင်၍ [illegible] နှင့်ထပြေးရန် ကြိုးစားလေသည်။
သို့သော် မပြေးနိုင်မီပင် ရွာသားများ၏
လက်ချက်ဖြင့် သေဆုံးသွားတော့သည်။
ဖိုးထော်ဟာ
သတ္တိရှိတယ်
အေးကွာ.. ဒါ
ညီလေးကိုလဲ ဘယ်
လောက်ချစ်သလဲ
အစရှိသဖြင့် ဖိုးထော်ကလေးကို ချီးမွမ်းခန်းဖွင့်ရင်း ပြန်ခဲ့ကြလေသတည်း။


ကြွက်ကလေး ငနီနှင့် မိုးတည
ဇာတ်လမ်း - မြတင်ရည်
သရုပ်ဖော် - ခိုင်မြင့်
မိုးရာသီ၏ ညတညတွင် ကြွက်ကလေးငနီသည် အေးလွန်းသဖြင့် အိပ်၍မရသောကြောင့် မိမိကိုယ်ကို နွေးထွေးရန်အတွက် နည်းလမ်းရှာကြံနေလေ၏။
ထိုအချိန်တွင် ကြောင်ကလေးငတိုးနှင့်ငဖြိုးသည် အခန်းတခန်းရှိ စောင်ခေါက်တခုပေါ်တွင် တကောင်နှင့်တကောင် ထိလုမတတ်ကပ်လျက်အိပ်နေကြ၏။
ငါတော့ အေးလွန်းလို့ အိပ်ဖို့ နေရာတောင်မရှိဘူး ကြောင်နှစ်ကောင်ကြားထဲ တိတ်တဆိတ် ဝင်အိပ်ရတာ ကောင်းမယ်
သူတို့ကတော့ ခုထိ အိပ်နေကြတုန်းဘဲ - ဟယ်- သူ့အမြီးက သိတ်နွေးတာဘဲ၊ ကတ္တီပါစောင်လို ပတ်ပြီး အိပ်လိုက်ရယင်
ထိုအခါ ...
ဟေ့-ငတိုး ငါ့အမြီးကို ဘာကိစ္စဆွဲတာလဲ


နင့်အမြီးကို ငါလဲ မဆွဲရပါလား!
နင်နဲ့ငါ နှစ်ယောက် ထဲရှိတာ၊ နင်မဆွဲ ဘယ်သူဆွဲ မလဲ
ဟေ့ ငတိုး ဒီမှာ ကြွက်တကောင်ပါလား ငါ့အမြီးဆွဲတာ ဒီကောင်ဖြစ်မှာကွ!
ငတိုးနှင့် ငဖြိုးသည် အငြင်းပွားကြပြီး နောက် မိမိတို့အိပ်ရာအနီးတွင် ရှာဖွေကြည့်လိုက်သော အခါ ငနီကိုတွေ့သွား၍-
ကြွက်ကလေး ငနီသည် ၎င်းအား ဖမ်းဆီးမည်ကို စိုးရိမ်ကြောက်ရွံ့၍ တအား ကုန်ထွက်ပြေးလာရလေ၏။
အမယ်လေး- မောလိုက်တာ အရမ်းကွာ၊ ထွက်ပြေးလာခဲ့ပေလို့သာပေါ့. မိယင်တော့ ငါသေမှာကွ!
တော်ပြီ- နောင်ကို အမြဲ သတိထားရမယ် ကိုယ့်အကျိုးတခုထဲသာ ကြည့်ပြီး သူများ အတွက် မစဉ်းစားမိလို့ အခုလို ဒုက္ခ ရောက်ရတာကွ!
တကိုယ်တည်း ရေရွတ်ရင်း မိမိအမှားအတွက် နောင် တရနေလေတော့သတည်း။

# နေစွမ်းအင်



နေလှန်းဆားချက်လုပ်ငန်း



ပါရာဘိုလစ်နေမီးဖို



ရောင်ပြန်ချပ်နေမီးဖို

ကမ္ဘာ့အရပ်ရပ်တွင် သိပ္ပံနှင့် စက်မှုပညာများ တိုးတက်လျက်ရှိလာသည်နှင့်အမျှ တွင်းထွက်လောင်စာများဖြစ်သော ရေနံသုံးစွဲနှုန်းမှာ လွန်စွာကြီးထွားလျက် ရှိသည်။ တွင်းထွက်လောင်စာများ ရှားပါးလာသဖြင့် လူတို့သည် အခြား ရရှိနိုင်သော စွမ်းအင် အမျိုးမျိုးကို အသုံးချရန် ကြံစည်ကြိုးစားလာကြသည်။

စွမ်းအင်အမျိုးမျိုးရှိသည့်အနက် နေ၏ စွမ်းအင်ကို ယူရသည်မှာ လွယ်ကူပြီး အန္တရာယ်ကင်းကြောင်း တွေ့ရသဖြင့် နေ၏စွမ်းအင်ကို တိုက်ရိုက်အသုံးချနိုင်ရန် တီထွင်ကြလေသည်။

၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံ ကျိုက္ကမီမြို့ရှိ အစိုးရစံပြဆားဖို၌ နေလှန်း ဆားချက်လုပ်ခြင်းကို စတင် လုပ်ဆောင်ခဲ့သည်။ ကုန်ကျစရိတ် အလွန်သက်သာပြီး ဆားစစ် ရာခိုင်နှုန်းလည်း အများဆုံးရနိုင်သည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် နေ့စဉ် လို အပ်မည့်ထင်းမီးတို့ကို အထောက်အကူ ပြုနိုင်မည်ဟုယူဆချက်ဖြင့် နေမီးဖိုများကို စမ်းသပ်ပြုလုပ်ခဲ့ကြသည်။

ပထမဦးဆုံး ဆောက်လုပ်သော ပုံစံမှာ ပါရာဘိုလစ်အကွေးအတိုင်း ပြုလုပ်ထားသည့် အကျယ်တပေ အရှည်တပေရှိသော ရောင်ပြန်ချပ်(ပြောင်လက်သောသွပ် သို့မဟုတ် ဒန်ပြား) ပေါင်း ၁၈ ခုနှင့် အနံတပေ၊ အလျား လေးပေ အရွယ် ရောင်ပြန်ချပ် ငါးခုတို့ ပါဝင်လေသည်။

# စမ်းအောင်



ရေသန့်ကိရိယာ


ရောင်ပြန်ချပ်များကို နေဖက်သို့ မျက်နှာပြုစေပြီး နေစွမ်းအင်ကို ထိုရောင်ပြန်ချပ်များမှ တဆင့် စုရပ်(ဆုံချက်)ဖြစ်သော ၁၀ ပေ အကွာရှိ ဒန်အိုးသို့ နေရောင်ခြည်များ စုဝေးစေပြီး လိုအပ်သော အပူရှိန်ကို ရစေပါသည်။

ဒုတိယ တီထွင်သော နေမီးဖိုမှာ ရောင်ပြန်ချပ်များကို ဒယ်အိုးသဖွယ် ပြုလုပ်ထားသော ပုံစံဖြစ်သည်။ ၎င်း၏ အဝအကျယ်မှာ လေးပေရှိပြီး၊ အပူရှိန်ရရှိသော စုရပ်ကိုတပေခွဲ အကွာတွင် ထားရှိသည်။

ထိုအပြင် နေစွမ်းအင်ကို အသုံးပြုသော ရေငန်မှ ရေချိုသို့ ပြောင်းလဲပေးသော ရေသန့်ကရိယာများကို မီးပြတိုက်များတွင် အသုံးပြုလျက်ရှိသည်။ ယင်း၏ ရေချိုရေသန့် ထွက်နှုန်းမှာ တရက်လျှင်တပေပတ်လည်အတွက် ၀.၀၁၄ ဂါလံဖြစ်သည်။


ဓာတုဗေဒပစ္စည်းများ အသုံးပြုသော ဘက်ထရီအိုးများသည် လေးလံသောလောင်စာများ လိုအပ်ခြင်း၊ လောင်စာကုန်သည်နှင့် အသုံးမဝင်ခြင်းတို့ကြောင့် နေစွမ်းအင်သုံးဘက်ထရီအိုးများကို စမ်းသပ်ထုတ်လုပ်ခဲ့ကြသည်။ ယခုအခါ အာကာသသိပ္ပံပညာတွင် အာကာသယာဉ်များအတွက် နေစွမ်းအင်သုံး ဘက်ထရီအိုးများသည် မသုံးမဖြစ်သောပစ္စည်း ဖြစ်နေလေပြီ။

ထိုပြင် နေရောင်ခြည်ဖြင့် အပူပေးသည့် နေအိမ်များ၊ နေစွမ်းအင်သုံး ရေသန့်ကရိယာ အမျိုးမျိုး၊ နေမီးဖို၊ နေမီးခြစ်များနှင့် နေအားသုံး ရေဒီယိုများကိုလည်း တီထွင် ခဲ့ကြသည်။





နေအင်အားသုံး မော်တော်ကား



မီးခိုးလုံးကြီးများ...
တနေ့တွင် ကျော်ကျော်တို့ကစားနေစဉ်-
မီးခိုးလုံးကြီးသည် ကောင်းကင်သို့ တလိပ်လိပ် တက်နေလေသည်။ မီးတောက်ကြီးများမှာ ကျော်ကျော်တို့ လမ်းထဲသို့ ကူးလာသည်။
မီးတဲ့ဟေ့-မီး မီး-
ကျော်ကျော် ၏ မမချိုက-
ချိုချိုမှာ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။


ဟဲ့၊ ဟဲ့၊ ဒီဦး မတက်နဲ့ မတက်နဲ့ ဒဲ့ရွှေတော့ မျှားကုန်တွေမှာဘဲ၊ မိုးတွေ ဒီဘက် ကူး လာပြီ...
ပြေးကြဟေ့-- ပြေးကြ၊ မိုးတေါက်ကြိုးတွေ ကူးလာပြီ
မကြာမီ ကျော်ကျော်တို့အိမ်ကလေးမှာလည်း မီးထဲသို့ ပါသွားလေသည်။
ကျော်ကျော်တို့ ရပ်ကွက်ကလေးမှာ ပြာကျသွားလေသည်။ ကျော်ကျော်တို့လည်း ဦးလေးအိမ်သို့ ပြောင်းရွှေ့နေရသည်။
ဟင်း၊ စာမေးပွဲနီးမှ စာအုပ်တွေ မရှိတော့ဘူး မှတ်လား၊ ပိုက်ဆံက ဘယ်လောက် တန်ဘိုး ရှိလို့လဲ ?
အံမာ-မမကလဲ၊ ပိုက်ဆံက တန်ဘိုး ရှိတာပေါ့၊ စက်ဘီး ဝယ်လို့ရတာပေါ့- ကျနော်စုထားတာ ဥ အများကြီးရပြီ စက်ဘီး ဝယ်မလို့ သိလား-
စာမေးပွဲက ကျောနားကပ်နေပြီ-နိုင် သင်ခန်းစာတွေ ဘယ်အချိန်မှ ပြန် ကူးမလဲ... ?
ရပါတယ် မမရယ်- စာကူးတာများ ဘယ်လောက် ကြာတာ မှတ်လို့လဲ ?
သို့ဖြင့် စာမေးပွဲကြီး နီးလာလေပြီ ချိချိမှာ စာကိုကြိုးစားပမ်းစားကျက်နေပြီဖြစ်သော်လည်း


ကျော်ကျော်မှာမူ သင်ခန်းစာများကို အစမှပြန် ကူးနေရလေသည်။
ကျော်ကျော်မှာ စာကူးနေရသဖြင့် စာကျက်ချိန် မရပေ။
ဟာ ! ဒုက္ခပါဘဲ၊ သမိုင်းစာအုပ်မေ့လာ ခဲ့ပြီ-သွားရှာအုံးမှ
မောင်ဦး၊ ငါ စာကျက် ချင်လို့ သမိုင်းစာအုပ် ခဏ ငှား စမ်းကွာ...
အော-ငါ ကျက်နေ တယ်ကွ၊ ဘာ-ပေါက် ပေါက် ဆီက သွား ငှားပါကွာ...
ချိချိ ဝိုင်း၍ ကူးပေးသော်လည်း ကျော်ကျော်မှာ မနိုင်မနင်း ဖြစ်လာလေသည်။ စိတ်ဓာတ်ကျလာသည်၊
ထို့ကြောင့် အောင်စာရင်းများ ထွက်သော် ချိချိ အောင်ပြီး ကျော်ကျော်ရှုံးလေသည်။
ငါ့တူမကို ဂုဏ်ပြုတဲ့ အနေနဲ့ ဦးလေးက စက်ဘီးကလေး ဝယ်ပေးမယ်၊ သိလား-
ကျော်ကျော်မှာ စက်ဘီးကလေးကို ကြည့်ပြီး ငို ချင်လာမိသည်၊ ကျောင်းစာအုပ်ကို တန်ဘိုး မထားမိခဲ့သည့်အတွက် နောင်တ ရလာမိလေ သည်။
အင်း-ငါ့ စာအုပ်တွေဟာ မီးထဲ ပါမှ သွားခဲ့ယင်....

မှုးယစ်သောက်စား
ယာဉ်မောင်းအား
ဟန့်တားရှုတ်ချကြ

မတော်တဆ အသက်ဆုံးရှုံး
ယာဉ်တိုက်မှုကြောင့် အများဆုံး

ယာဉ်ကို လူကလေးစား
လူကို ယာဉ်ကလေးစား
အပြန်အလှန် အလေးထား

ဆေးစားမှားရင်
အသက်တချောင်းသာ
ယာဉ်မောင်းမှားရင်
အသက်ပေါင်းများစွာ

စီးတတ်ရင်ခရီးရောက်
မစီးတတ်ရင် အသက်ပျောက်

ယာဉ်မောင်းအားလုံး
ကျွမ်းကျင်
သတိ
စည်းကမ်းရှိ

မူးရင် - မမောင်းနဲ့
မောင်းရင် - မမူးနဲ့

# ကျော်ကြားပတ်မှာ ဖတ်ရှုရေးခါ

ဒီဇင်ဘာ ၆ – ၁၂

- ၁၈၉၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဆူးအက်တူးမြောင်းကို ဆောက်လုပ်သော အင်ဂျင်နီယာကြီး ဖာဒီနန် ဒီလက်ဆက် ကွယ်လွန်ခဲ့သည်။
- ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဟာဝိုင်ယီကျွန်းရှိ ပုလဲဆိပ်ကမ်းကို ဂျပန်လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့သည်။
- ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အမေရိကန်၊ အင်္ဂလိပ်နှင့် ဗြိတိသျှတို့က ဂျပန်ကို စစ်ကြေညာခဲ့သည်။
- ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဂျာမနီနှင့် အီတလီက အမေရိကန်ကို စစ်ကြေညာခဲ့သည်။
- ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပထမအကြိမ် နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့သည်။
- ၁၉၆၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပြန်ကြားရေးဌာန သတင်းစာသင်တန်း အမှတ်စဉ် (၁) ကို စတင်ဖွင့်လှစ်ခဲ့သည်။



# လှပသော မြွှားစိတ်

မောင်သာမြင့်

ညသည် မှောင်မဲလှသည်။ ပြင်းထန်သော လေနှင့် အတူ မိုးပေါက် မိုးစက်များကျလာသံကို ကြားရသည်။ လျှပ်စီးက လည်း တဝင်းဝင်းလက်ပါသည်။ တခါတရံ ပြင်းထန်သော အသံနှင့် မိုးကြိုးပစ်သံကိုလည်း ထိတ်လန့်ဘွယ်ရာ ကြားရပါသည်။

မိုးကြိုးပစ်သံကြောင့် ညီမလေးသည် ထိတ်လန့်နေသည်။ အမေသည်လည်း ဝေဒနာကြားမှ မိုးကြိုးသံကြောင့် တုန်လှုပ်မည်မှာ အမှန်ဖြစ်သည်။ သို့သော်လည်း အမေ့ဘေးနားတွင် လယ်တဲ နီးနားမှ ကြီးတော် ဒေါ်ဘုမရှိနေသည်။ ဒေါ်ဘုမသည် တလူးလူးတလိမ့်လိမ့် ဖြစ်နေသော အမေ့ကို ပွတ်သပ် နှိပ်နယ် ပေးနေသည်။

"ဗိုက်နာ လိုက်တာ ကြီးတော်ရယ် ဘယ်လို အခံရခက်မှန်းမသိပါဘူး ကျွတ်....ကျွတ်"

အမေ့ ညည်းညူသံကို စိတ်မချမ်းသာစွာ ကြားရသည်။ အမေ့ကို ကြည့်ပြီး ညီမလေး ပန်းဝါက ကျိတ်ငိုသည်။ ကျွန်တော်က ညီမလေးကို ချော့မော့ နှစ်သိမ့်ရသည်။ သည်လို ဒုက္ခမျိုးကို အမေရင်ဆိုင်နေရချိန်ဝယ် ကျွန်တော်သည် အဖေ့ကိုသတိရပါသည်။ ညအိပ်ညနေ မြို့သို့တက်၍ ဈေးဝယ်နေသော အ ဖေ့ ကို အ မေ သည် လည်း တမ်းတနေမည် ဖြစ်သည်။

"ရှာက ဝမ်းဆွဲ ဒေါ်အေးပုံကို ခေါ်မှ ဖြစ်မယ်ထင်တယ် ရှင်ငြိမ်းသာ ငါလဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြီ...."

ကြီးတော် ဒေါ်ဘုမကို ကျွန်တော် လှမ်းကြည့်မိပါသည်။ အမေကတော့ ဖျာချပ်ပေါ်ဝယ် ဗိုက်ကို လက်ဖြင့် ဖိရင်း ညည်းနေသည်။

"သည်လယ်တဲနဲ့ ရွာက အဝေးကြီး ကြီးတော်ရယ် ည အချိန်မတော် ဘယ်သူ သွားမ မလဲ....ကျမတော့...."

အမေသည် စကားဆက်မ ပြောနိုင်ပါ။ ကိုယ်ဝန် အရင့်အမာနှင့် ကလေးမွေးအံ့ဆဲဆဲ အမေသည် အဘယ်မှာလာ၍ စကားကို ရှည်ရှည် ပြောနိုင်ပါမည်နည်း။

"ကြီးတော် ကြီးတော်.... ရွာက ဒေါ်အေးပုံကို ကျနော် သွားခေါ်မယ်၊ အမေ့ကို ကြီးတော် ဂရုစိုက်ထားပါ...."

"ဖြစ်ပါ့မလား ဖိုးထောင်ရယ်၊ ညကြီးမင်းကြီးကွယ် မိုးလေကလဲ သိပ်ကြမ်းတာပဲ...."

ကျွန်တော် ကြီး တော် ကို ဘာမှ ပြန်ပြောမနေအားတော့ပါ။ အချိန်သည် ကျွန်တော့် မွေးသမိခင်အတွက် အလွန် အရေးကြီးနေကြောင်း ကျွန်တော်သိနားလည်ထားပါသည်။ အင်္ကျီကိုချွတ်၊ ခမောက်တိုလေး ဆောင်းပြီး မိုးထဲလေထဲ လယ်ကွင်းထဲထွက်လာခဲ့ပါသည်။

ညသည် မှောင်မဲလွန်း လှသည်။ လျှပ်စီးရောင်အောက်

ဝယ် လမ်းစရှာပြီး ပြေးပြေးလွှားလွှားသွားရသည်။ မြေဆိုးဘေးဆိုးအန္တရယ်ကိုလည်း ကျွန်တော်သတိမထားနိုင်ပါ။ လူရွယ်လူကြီးများပင် အချိန်မတော်တွင် ဖြတ်သန်း မသွားဝန့်သော လမ်းကြမ်းကို ကျွန်တော် တယောက်တည်း ပြေးလွှားသွားနေသည်။ လေကြမ်းနှင့်အတူ မိုးစက်များက ကိုယ်ပေါ်သို့ မျှားချွန်သဖွယ် ကျရောက်လာသဖြင့် နာကျင်လှသည်။

ရွာနှင့်တဖာလုံခန့်အလို ထိန်ပင်ကြီးအနီးအရောက်တွင် ကျွန်တော့်ခြေလှမ်းများတုန့်ကနဲ ရပ်သွား သည်။ သ ရဲ ညီ အ ကို ခြောက်သည် ဟု ကြော်ကြား နေသော ထိန်ပင်ကြီးမှာ ရိုးတံ ကိုင်းလက်များ အားလုံး လေဒဏ်ကြောင့် တလှိုင်းလှိုင်းနှင့် ရိုက်ဟီးနေသည်။ ကျွန်တော်သည် ထိန်ပင်ကြီးကို ကြည့်ပြီး ကြက်သီး တဖြန်းဖြန်း ထမိသည်။

ဝင်းလက်သော လျှပ်ရောင်နှင့်အတူ ကလေးမွေးရန် ဒုက္ခခံစားနေရသော အမေ့မျက်နှာကို မြင်ယောင်လာသည်။ အမေ့ကို ချစ်သနားသောစိတ်သည် ကျွန်တော့်အတွက် ရဲစွမ်းသတ္တိစိတ်များ ဖြစ်ပေါ်လာသည်။ မာန်ကိုသွင်း၍ စိတ်ကို တင်းပြီး ထိန်ပင်ကြီးအောက်မှ ရွာသို့ လျှင်မြန်စွာ ပြေးလွှားခဲ့သည်။

စိတ်သဘောထား ကောင်းသော အရပ်ဝမ်းဆွဲ ဒေါ်အေးပုံကို လယ်တဲသို့ခေါ်လာချိန်တွင် ထိ အမေသည် မီးမဖွားနိုင်သေးသော ဝေဒနာကို ခံစားနေရသည်။ အတွေ့အကြုံရှိပြီးဖြစ်သူ ဒေါ်အေးပုံက အမေ့ ထံပါးသို့ အပူပင်ကင်းစွာကပ်သွားပြီး လူသားတယောက် လူ့လောကသို့ ရောက်ရှိ လာရေးအတွက် ကြိုးစားနေသည်။

"အူဝဲ....အူဝဲ....အူဝဲ...."

လင်းကြက် တွန်သံနှင့်အတူ ညီလေးလား၊ ညီမလေးလား ခွဲခြားမသိရသေးသည့် ကလေးငိုသံကို ကြားရပါသည်။

"ယောက် ကျား လေး ဟဲ့ ထွားလိုက်တာကွယ် အလွန်ပဲ-"

မင်္ဂလာတေးသံနှင့် တူသော ဒေါ်အေးပုံ၏ ဝမ်းသာအားရ စကားသံကိုကြားလိုက်ရသည်။

"ညီမလေး အမေ ကလေး မွေးပြီ၊ ညီမလေးအတွက် မောင်လေးရပြီလေ...."

ကျွန် တော် က ဝမ်း သာ အားရ ညီမလေးပန်းဝါ၏ ပုခုံးကို ကိုင်လှုပ် ပြောလိုက်သည်။ ချစ်စရာကောင်းသော ညီလေးကို မြင်ရလျှင် တညလုံးပင်ပန်းခဲ့ရသော ကျွန်တော်သည် အမောဟူသမျှ ပြေလိမ့်မည် ထင်ပါသတည်း။ ။

## အားကစားလ

ဆီးနှင်းမြူမှုန် ဖွဲဖွဲကျ၊
ဒီဇင်ဘာ အားကစားလ။

စောစောထလို့
လမ်းလျှောက်မယ်၊
ကျန်းမာရေးတွက်ရှယ်။

နှင်းပွင့်ပင်လယ် ဝေဖြာဆင်း၊
ငွဲအားမာန်နှင့်ခွင်း။

လျှောက်ရင်းပြေးရင်း
စိတ်ကြည်လင်၊
အချမ်းကွယ်ပျောက်စင်။

ပျော်ပျော်ရွှင်ရွှင် ပါဝင်နွဲ၊
ဒို့ပြည်သူတို့လမ်းလျှောက်ပွဲ။


စုပေါင်းလက်တွဲ ညီညီညာ
စည်းလုံးမှုပေါ်လာ။

ပြည်သူတွေမှာ ချစ်ကြည်မခွဲ
ကြွခိုင်ပျော်ရွှင် အားကစားပွဲ။

စန္ဒာမြင့်



B. 517




# ဂျုံ

ဂျုံသည် နှံစားသီးနှံအုပ်စုတွင် ပါဝင်၍ သမပိုင်းဒေသတွင် ဖြစ်ထွန်းသည်။ ဂျုံကို အနောက် နိုင်ငံများတွင် အဓိက အစား အစာအဖြစ် စားသုံးကြသော်လည်း မြန်မာ နိုင်ငံတွင် သွားရေစာအဖြစ်သာ စားသုံးကြ သည်။ ဂျုံမှ ဂျုံမှုန့်နှ၊ ဂျုံမှုန့်ကြမ်း၊ ရွှေကြည် မှုန့် (ဂျုံဆန်ကွဲ) နှင့် ဂျုံဖွဲတို့ ထုတ်လုပ် အသုံးပြုနိုင်သည်။

ဂျုံစိုက်ရန် မြေသြဇာ ကောင်းရန်လို သည်။ အကောင်းဆုံးမြေမှာ မြေစေးဖြစ် သည်။ ဂျုံသည် အနည်းဆုံး အပူချိန်ဒီဂရီ (၆၀) ဖာရင်ဟိုက် ရရန်လိုသည်။ မိုးရေချိန် (၁၅)လက်မမှ(၃၅)လက်မအတွင်း ရရှိရန်လို သည်။ ဂျုံသည် အခြားသီးနှံများထက် အအေးဒဏ်ခံနိုင်သည်။ ဆောင်းဂျုံကို ဆောင်းဥတုတွင် စိုက်၍ နွေနှောင်း ချိန်၌ ရိတ်ရသည်။ နွေဂျုံကိုနွေဦးတု တွင် စိုက်ပြီး နွေနှောင်းချိန်တွင်ရိတ်သိမ်း ရမည်။

ဂျုံနှံများ ဦးခေါင်းငိုက်လာလျှင် မှည့်ပြီ ဖြစ်၍အပင်ရင်းမှကပ်၍ရိတ်ရသည်။ ရိတ်ပြီး ဂျုံပင်များကို ကောက်လှိုင်းများ ပြုလုပ်၍ တရက် နှစ်ရက်ခန့် နေလှန်းထားရသည်။ ကောက်လှိုင်းများ ခြောက်လာသောအခါ နွားဖြင့် တလင်းတွင်နယ်ရသည်။ ထို့နောက် အမှိုက်များ မပါအောင် လှေ့ပေးရသည်။ လှေ့ပြီး ဂျုံစေ့များကို စက်တွင် ကြိတ်ခြင်း ဖြင့် ဂျုံမှုန့်ကို ရရှိသည်။

မြန်မာနိုင်ငံတွင် ဂျုံကို ချင်းတောင် ဒေသ၊ ရှမ်းကုန်းမြေမြင့်၊ မြင်းခြံ၊ မိတ္ထီလာ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်ဆည်၊ မန္တလေးမြို့ များတွင် အများဆုံး စိုက်ကြသည်။ သို့သော် ပြည်တွင်း မလုံ လောက်၍ နိုင်ငံ ခြားမှ ဝယ်ယူရ လေ့ရှိသည်။



သူရကျော်စွာ
(စီးပွားရေး)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ နတ်တော်လဆန်း ၁၁ ရက် (၁၃-၁၂-၇၅)




မှန်ပါ
မကြာမီ
သင်ဘာအလုပ် လုပ်သလဲ၊
ဒါဖြင့် ဟိုဘက် ကမ်းသို့ ပို့နိုင် သလား၊
ပို့နိုင်ပါတယ်
သစ်ခုတ်သမားသည် ပညာမဟာ အမတ်ကြီးအား လှေပေါ်တွင်တင်၍ လှော်ခတ်ခဲ့သည်





သစ်ခုတ်သမားပြောသည့်အတိုင်း မြစ်လယ်သို့ ရောက်သောအခါ ရုတ်ချည်း လေမုန်တိုင်းကြီး တိုက်ခတ်လာသည်။
ဟာ - လေမုန်တိုင်းကြီး တိုက်လာပြီ - ဘုရား - ဘုရား -
အမယ်လေး - လှေနစ်တော့မယ် လှေမနစ်အောင် ကြိုးစားလှော်ပါတော့ကွယ်
ဒါပေမဲ့ ကျမ်းဂန်ကြီးတွေထဲမှာ လှေမနစ်ဖို့နည်း မပါဘူးလား ခင်ဗျာ၊
မပါပါဘူး မောင်ကွယ်၊ အလှော်ကောင်းမှ မနစ်မှာပါ - ဘုရား ဘုရား -
ကျွန်တော်က ဒါပေမဲ့ ကျမ်းဂန်တွေ မတတ်ပေမဲ့ လှေကိုတော့ ကောင်းကောင်းလှော်တတ်ပါတယ်


လှေသည်ကမ်းတဖက်သို့ရောက်သောအခါ -



အကြင်နာ
ဂျစ်တူးနှင့် လတ်ဇော်တို့ ညီအစ်ကို နှစ်ဦးမှာ အားလပ်သောရက်တွင် တိရစ္ဆာန်ရုံသို့ လေ့လာရေးခရီးထွက်ခဲ့ကြသည်။
အိပ်ဆေးကျွေးလိုက်ပြီ ဟေ့…အိပ်ပေတော့။
မကြာမှီ
ဟေး…မလုပ်နဲ့လေကွာ… ဟိုမှာ-ဟိုမှာ-အစောင့်လာပြီ၊
သိပ်ရှုပ်တာဘဲကွ၊ မင်းလုပ်တာနဲ့ ငါ ချောင်းမွေး မရတော့ဘူး၊ သူငယ်ချင်း မတွေကိုလေး ဘိုဂတ်ပေးထားတာကွ။
မင်းက လဲကွာ၊ ကိုယ့်လိုဘဲ တာခုထဲ ကြည့် ဖြိုးရက်ရက်စက်စက် ညှင်းပန်းချင်တာ ကိုး၊ သူတို့ခမျာ နေရတာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ဘယ်မှ လတ်လွတ် မပြေးနိုင်ပါဘူး။
အိုကွာ-ဒီသတ္တဝါတွေကို ဒီလောက် စဉ်းစားပေးဘို့ မလိုပါဘူး၊ သူ့ဟာ သူဘာဖြစ်ဖြစ်ပေါ့ တော့ အိပ်တော့မယ်။
အို….ငါဘယ်ရောက်နေပါ-လိမ့်၊ ဂျစ်တူး ရေ-ဟေး ဂျစ်တူး


ခေါင်မယ်…အာကျူအာ ညီခေါ်မနေနဲ့၊ ဘယ်သူမှ မကြားဘူး၊ နင့်ကို လှောင်ချိုင့်ထဲ ပို့ရမယ်၊ ထစမ်း၊
နေပါအုံး၊ ဒီကောင် ကြည့်ရတာ ငါ့ကို ခိုးထုတ်တဲ့ ကောင်လေးနဲ့ တူသလိုလိုဘဲကွ။
မကြာမှီ
ဟီ ဟီ
အိမ်မှာတော့ မေမေနဲ့ ဖေဖေ စိတ်ပူနေတော့မယ် ထင်ပါရဲ့၊
မင်းတို့ လူသားတွေက စာနာစိတ် မရှိပေမဲ့ ကျုပ်တို့ တိရစ္ဆာန်တွေကတော့ သနားတတ်ပါတယ်၊ သင်ခန်းစာ ရလောက်ပြီမို့၊ မင်း မိဘများဆီ ပြန်နိုင်ပါပြီ… ကဲ.ကဲ. သွားပေတော့၊
ငါ့အပေါ်မှာ…ကြင်နာကြပါကလား၊ အင်း ငါလည်း စာနာပါတော့မယ်လေ၊ စာနာပါတော့…
ဟေ့…ဟေ့…ဘာတွေ ယောင်နေတာလဲကွ?
ဟင်!
အိပ်မက်မက်နေလို့ပါကွာ၊ သူငယ်ချင်းရေ နောင်ကို တိရစ္ဆာန်တွေ အပေါ်မှာ အကြင်နာ တရားထားဖို့ ငါဆုံးဖြတ်လိုက်ပြီ၊ မကောင်းဘူးလား၊
သိပ်ဝမ်းသာတယ်ကွာ၊

စန်းဖအောင်

# ခြင်ပေါင်းကာကွယ်




ခြင်အမျိုးပေါင်း ၂၄၀၀ ကျော် ရှိသော်လည်း လူကို ရောဂါပေးသော ခြင်မှာ သုံးမျိုးသာ ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါကိုကူးစက် ဖြစ်ပွားစေရန် ယင်းရောဂါ သယ်ဆောင် လာသော အီးဒီးစ်ခြင်သည်ကြည်လင်သည့်ရေကိုကြိုက်၍အိမ်တွင်းအိမ်ပြင်ရှိရေအိုး၊ ရေခွက်၊ ရေစည်၊ ပန်းအိုးတို့တွင် ပေါက်ပွားသည်။

ကျူးလက်ခြင်သည် ဆင်ခြေထောက် ရောဂါ ကူးစက်ဖြစ်ပွားစေသော ရောဂါ ပိုးများကို သယ်ဆောင် လာသည်။ ၎င်းခြင်သည် မြောင်းရေနှင့် ရေပုပ်ရေသိုးများ အိုင်ဝပ်သည့် နေရာများတွင် ပေါက်ပွားသည်။

ငှက်ဖျား ရောဂါပိုးကို သယ်ဆောင်သော အန်ဖိုးလစ်ခြင်သည် အင်းအိုင်၊ စမ်းချောင်းများတွင် ပေါက်ပွားကြီးပြင်းသည်။

အီးဒီးစ် (သို့မဟုတ်) ခြင်ကျားခေါ် ခြင်ပုန်းသည် နေ့ခင်းတွင်၎င်း၊ ကျူးလက်ခြင်သည် ညတွင်၎င်း၊ အန်ဖိုးလစ် ခြင်သည် ညနေတွင်၎င်း အစာရှာထွက်ပြီး ထိုအချိန်





တွင် ကိုက်တတ်သော ခြင်များ ဖြစ်သည်။


ခြင်ကျားနှိမ်နင်းရေးအတွက် ထိုခြင် ပေါက်ပွားသည့် နေရာများဖြစ်သော ရေစည်၊ ရေအိုး၊ ပန်းအိုး စသည်တို့မှ ရေများကို မကြာမကြာလဲပေးခြင်း၊ရေသုံးပစ္စည်းများကိုခြင်မဝင်နိုင်အောင် ဖုံးအုပ်ထားခြင်းများပြုလုပ်ရမည်။

ကျူးလက်ခြင် နှိမ်နင်းရန် ရေမြောင်းများ ရေစီးကောင်းစေခြင်း၊ ရေစီးမြောင်းထဲသို့ အမှိုက်သရိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှု မပြုခြင်း အိမ်ဝန်းကျင်တွင် ရေမဝပ်နိုင်အောင် ပြုလုပ်ခြင်း၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းများ ပြုလုပ်ရမည်။

ယခုအခါ ရန်ကုန်မြို့တော်တွင် ရဲဘက်များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲများနှင့် လုပ်သားပြည်သူများအားလုံး စုပေါင်း၍ မြို့တော် စည်ပင်သာယာရေးအတွက် သန့်ရှင်းရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်လျက် ရှိပေသည်။


ကျနော်တို့ရဲ့ ဘာသက်
ကာတွန်း ဘကြိုင်း ရေးဆွဲသည်
အင်း ! ငါ့နားရွက်ကြီးကလဲ ရှည်လိုက်တာ ဒါကြောင့် ဖိုးဝက်ဝံ တို့က ငါ့ကို နားရွက်ရှည် နားရွက်ရှည်လို့ စ, ကြတာဘဲ
ကိုယ်ထယ်က သေးပြီး နားရွက် ကြီးကရှည်နေတော့ အို - ငါရှက်တယ် သိပ် ရှက်တယ်
ဖေဖေ၊ ဖေဖေ ကျနော့်နားရွက်ကို ဖြတ်ပေးပါဖေဖေ၊ ဖိုးဝက်ဝံတို့လို နားရွက်သေးသေး လေး ဖြစ်အောင် ဖြတ်ပေးပါ
ဟာ! မင်းတယောက်ထဲ နားရွက်ရှည်တာမှ မဟုတ်တာ ဒို့ယုန်တွေ အားလုံးနားရွက်ရှည် ကြတာချည်းဘဲ
ဟင့်အင်း ဖေဖေ ဟင့်အင်း၊ သားနားရွက် သာ ဖြတ်ပေးပါ၊ သား ယုန်လဲ မဖြစ် ချင်တော့ ဘူး


ကဲ ! ဒါဖြင့်ကောင်းပြီ၊ ဖေဖေ ဖြတ်ပေးမယ်၊ ဒါပေမဲ့ သားကိုဖေဖေ စကားနဲနဲပြောဦးမယ်
အေး ! မင်းဟာ ယုန်ဖြစ်နေပြီး ယုန်မဖြစ်ချင်ဘူးလို့ ပြောတော့ ဖေဖေသိပ်ကို ဝမ်းနည်းသွားတာဘဲ
တကယ်တော့ ဖေဖေတို့ ယုန်မျိုးတွေဟာ အခြား သတ္တဝါတွေလို သူ့များ အသက်သတ်စားစရာ မရှိကြဘူး
သဘာဝအလျောက် ဖြစ်ထွန်းနေတဲ့ သစ်သီးသစ်ဥကိုသာ ရှာဖွေစားသောက်ကြတဲ့အတွက် ဖေဖေတို့ယုန်မျိုး တွေဟာ စိတ်သဘောထား နူးညံ့သိမ်မွေ့ ကြတယ်
ဟိုးတော့ ဖေဖေတို့ ကသာ သူ့များ အသက်ကို သတ်မစားတာ ဖေဖေတို့ကို ခြောင်းမြောင်းစား သောက်နေကြတဲ့ သူတွေက တပုံကြီး
အဲဒီလိုဖေဖေတို့ဟာ တိုက်ခိုက်စားသောက် ခံနေရပေမဲ့ ရန်သူကိုခုခံ ကာကွယ်ဖို့ ဖေဖေတို့မှာ မွေးကတဲက ဘာလက်နက်မှ ပါမလာ ကြဘူး
ဥပမာ၊ ကျွဲတို့ နွားတို့ ဆိုယင် ရန်သူကို ခုခံကာကွယ်ဖို့ ဦးချိုတွေပါလာကြတယ်


ဖြူဆိုယင် သူ့ကိုယ်မှာ ဆူးတွေ ပါလာတယ်
လိပ်ဆိုယင် သူ့ကိုယ်ပေါ်က အခွံဟာ သူ့အသက်ကို အကာအကွယ် ပေးနေတဲ့ မွေးရာပါ လက်နက် တခု ဘဲ ပေါ့
အေား အဲဒီလို ရန်သူကို ခုခံကာကွယ်ဖို့ ဘာလက်နက်မှ ပါမလာတဲ့ ဖေဖေတို့ ကျတော့ ရန်သူကို အမြဲ နား စွင့်နေ ရတယ်၊ အမြဲ သတိ ထားနေ ရတယ်
ဖေဖေတို့ နားရွက် ဟာ သာမာန်ထက် ရှည်နေတဲ့ အတွက် ရပ်ဝေးက အသံတွေ၊ ချွတ်နင်းလာတဲ့ အသံတွေကို ကောင်းကောင်းကြီး ကြားကြရတယ်
ဖေဖေတို့ရဲ့ နားရွက်ဟာ ဖေဖေတို့ရဲ့ အသက် ဘဲ
ကဲ၊ ဘယ်လိုလဲ မင်းနားရွက်ကို ဖေဖေ ဖြတ် ပေးရတော့ မလား
မလိုတော့ပါဘူး ဖေဖေ၊ သား သဘောပေါက် ပါပြီ၊ ပြီးတော့ စိတ်သဘောထား နူးညံ့သိမ်မွေ့တဲ့ ယုန်မျိုး ဖြစ်ရတဲ့ အတွက် သား ဂုဏ်ယူ တတ် ပါပြီ ဖေဖေ
ပြီး

# ခလုတ်ထိမှ အမိတ




မည်သူမဆို အေးအေး ချမ်းချမ်းသွား လာလုပ်ကိုင်နေချိန်၌ မိမိ၏အမေကို တမိကြ မည် မဟုတ်ပေ။ သို့ရာတွင် လမ်းသွားရင်း လာရင်း ခလုတ်ကန်သင်း တိုက်မိသည်နှင့် တပြိုင်နက် နှုတ်ဖျားမှ "အမေ"ဟု ရုတ် တရက်တ လိုက်မိ ခေါ်လိုက်မိကြလေသည်။

ထို့အတူ အချို့သော လူတို့သည် မိမိ၌ အရေးကိစ္စ မကြုံတွေ့သေးသမျှ ကာလပတ်လုံး ကျေးဇူးရှင် မိဘ ဆရာသမား များကို ဂရုမစိုက် အလေးမမူပဲ ရှိတတ်ကြ၏။ ထို့အပြင် မိမိစိတ်ထင်ရာကို ကောင်း မကောင်း ဝေဖန်ပိုင်းခြား ချင့်ချိန်ခြင်းမပြုပဲ လုပ်ကိုင် ဆောင်ရွက်တတ်ကြ၏။

သို့သော် ထိုသူများသည် ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့လာရသည့် အခါတွင် မိမိလျစ်လျူ ရှုပစ်ထားခဲ့သော လူကြီးမိဘ ဆရာသမားများထံသို့ ပြန်လည်ချဉ်းကပ်၍ ပြေလည်အောင် ဖြေရှင်းပေးရန် အားကိုး ပြောဆိုလာသည်ဟု ဤစကားပုံက ဖော်ညွှန်းထားခြင်းဖြစ်၏။

မောင်ကျော်ဇော (စာပေဗိမာန်)

## ကျော်ကာပတော်မှာ မေ့ကိုရှားပါ

**ဒီဇင်ဘာ ၁၃–၁၉**

- ၁၇၆၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် (ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်၌ မြန်မာနှင့် တရုပ်စစ်ပွဲ လေးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာတို့က နိုင်သဖြင့် တရုပ်တို့၏ ကမ်းလှမ်းချက်အရ) မြန်မာ တရုပ် စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။
- ၁၉၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အိန္ဒိယပြည် ရတနာဂီရိ၌ သီပေါမင်း နတ်ရွာစံခဲ့သည်။
- ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဂျာမန်တပ်များ မော်စကိုမှ ဆုတ်ခွာခဲ့ရသည်။
- ၁၉၅၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကမ္ဘောဒီးယားသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ဖြစ်ခဲ့သည်။
- ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ရုပ်ရှင်ရုံများကို ပြည်သူပိုင်သိမ်းခဲ့သည်။
- ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြည်လုံးကျွတ် ဆန္ဒခံ ယူပွဲကြီး ကျင်းပခဲ့သည်။

# လောက်လေးဖိုက်ပွဲ

ကြည်လေး(မင်းဘူး)



တနေ့နံနက် ဆယ်နာရီ ခန့်တွင် မောင်ဇော်တို့ အုပ်စုသည် ငှက်လည်ပစ်ရာမှ ပြန်လာ ကြစဉ် လမ်း၌ မောင်ဝင်းတို့အုပ်စုနှင့် ဆုံမိလေသည်။

"ဟေ့ကောင်တွေ လောက်လေး ကော. ပစ်တတ်ရဲ့ လား၊ ဘာကောင်တွေရခဲ့လဲ၊ ပုတ်သင်ညို တော့ ရမှာပေါ့ ကွာ၊ ဟား–ဟား"။

မောင်ဇော် တို့ အုပ်စု က ဟားတိုက်ရယ်၍ သရော်လိုက်ကြသည်။

"မင်း တို့ ကကော ဘယ်လောက်လက်တဲ့လို့တုန်း။ လက်တဲ့ပြိုင်မလား"

မောင်ဝင်းက ခေါင်းထောင်၍ ရင်ကော့ကာမခံချင်စိတ်နှင့် ပြန်ပြောလိုက်သည်။

"ဒီလိုဆို ကမ်းနား သွားပြီး လောက်လေး စစ်တိုက်ရအောင်

မောင် ဇော် တို့ အုပ် စု က စကားစလိုက်သည်။

"သိပ်တိုက် တာပေါ့၊ ငါတို့ မှာလဲ ငါးယောက်၊ မင်းတို့မှာလဲ ငါးယောက်ဘဲ၊ ခုသွားကြမယ်"။ မောင်ဝင်းတို့ အုပ်စု က လည်း သဘောတူလိုက်သည်။

တအုပ်စုနှင့်တအုပ်စုခဲတပစ်ခန့်ဝေး၏။ တောင်ဘက် အုပ်စု ဖြစ်သော မောင်ဇော် တို့သည် ကျောက်ဆောင် ကျောက်တုံးကြီးများကို အကာအကွယ် ယူထားသကဲ့သို့ မြောက်ဘက်အုပ်စု ဖြစ်သော မောင်ဝင်း တို့မှာလည်း မြေကမူတခုကို အကာအကွယ်ယူလိုက်ကြသည်။

"ဟေ့– တစ်– နှစ်–သုံး ဆိုယင် အားလုံး စပစ်ကြမယ်"....

မောင်ဝင်းက လှမ်းအော်လိုက်သည်။

"တစ်....နှစ်....သုံး....ပစ်"....

မောင်ဝင်းကထပ်ဆင့်အော်ပြီးစတင်ပစ်လိုက်သည်။ ပစ်ပြီးဝပ်နေလိုက်သည်။

"ဝှီး....ထောက်" မောင်ဝင်းတို့ အုပ်စုထဲသို့ လောက်စာလုံးတလုံးကျလာသည်။လူကိုတော့မမှန်သေး။

"ဟေ့....မောင်ဝင်းတဲ့ကွ ....တဝင်းထဲရှိတယ်".... မောင်ဝင်းကအော်ပြီးလှမ်းပစ်လိုက်သည်။ မည်သူ့ကိုမျှမထိပေ။

"တော်တော် လေကျယ်တဲ့ကောင်ကဲကွာ"....မောင်ဇော်တို့အုပ်စုမှ မောင်ပိန်က အော်ပြီးပစ်လိုက်သည်။ ပစ်လိုက်သောလောက်စာလုံးမှာ မောင်ဝင်းကိုမမှန်ဘဲ မောင်ဝင်းတို့ အုပ်စုထဲမှ မောင်စိုးလေး၏ လက်ကိုမှန်သည်။ "အား.... နာလိုက်တာခွေးမသားတွေ" မောင်စိုးလေးက ဒေါသတကြီးနှင့် ပြန်ပစ်သည်။ ပစ်ပြီး ဖူးယောင် လာသောလက်ကို ကျန်လက်တဖက်ဖြင့်ဖိပြီး ဝပ်နေသည်။

မောင်ဝင်း လည်း ဒေါသထွက် နေသည်။ သူ့လက်များပင်အနည်းငယ် တုန်လာသည်။

"ကဲကွာ....မောင်ဝင်းက အံကြိတ်၍ပစ်လိုက်သည်။

"ဒေါက်....အမလေး....ခေါင်းပေါက်ပါပြီဗျ "မောင်ဇော် တို့အုပ်စုထဲမှ မောင်ပိန်၏ အသံဖြစ်သည်။ မောင်ပိန်၏ ခေါင်းမှ သွေးတွေ ထွက်လာသည်။

မောင်ပိန်မှာ ထပ်မှန်မည် စိုး၍ ဝပ်ကာ ခေါင်းကိုလက်ဖြင့် နှိပ်နေသည်။

ခံတိုက်ပွဲ ကား မပြီးသေး။ ပြင်းထန် သည်ထက် ပြင်းထန်လာ တော့သည်။ မောင်ဇော်သည် စိတ်ကို တင်းထား ရင်း ခေါင်းပေါက်နေသောမောင်ပိန်ကို ကြည့်လိုက်သည်။ မောင်ပိန်မှာ ဆက်မပစ်နိုင်၍ ညည်းညူရင်း ဝပ်နေသည်။

မောင်ဇော်သည် မောင်ပိန်ကိုကြည့်ရင်းမှစိတ်မကောင်းဖြစ်နေသည်။ရင်ထဲကလည်းပူထူနေသည်။ မခံချင်စိတ်က ပြင်းထန်နေ၏။ ဒေါသရှေ့ထား၍အရမ်းပစ်လျှင်မလွယ်မှန်းသိ၍အကွက်ကောင်းကို ချောင်းနေသည်။

"ပစ်ဟေ့.... ဒီ ကောင် တွေထွက်ပြေး တော့မယ်၊ နာနာဖိပစ်...." မောင်ဝင်းက အားမရဟန်နှင့် မတ်တတ်ထအော်ကာ၊ လက်ထဲမှ လောက်လေး ဖြင့် လှမ်းပစ်သည်။

မောင်ဇော်က အကွက်ကောင်းချောင်းနေသူဖြစ်၍ အခွင့်ကောင်း ယူလိုက်သည်။

"ဒီလောက်ရှိတဲ့ကောင် သူ့ကိုမှန်မှအေးမှာဘဲ" တယောက်တည်း မကျေမချမ်းရေရွတ်ရင်း မောင်ဝင်း၏ မျက်နှာဆီသို့ မှန်း၍ တအား ဆွဲပစ် လိုက်သည်။ ပစ်ပြီး ဝပ်နေလိုက်သည်။

"အား.... အမလေးဗျ....နာတယ်....နာတယ်၊ မျက်လုံးကန်းပါပြီဗျ...." မောင်ဝင်း၏ အသံကုန် ညည်းညူသံကို မောင်ဇော်စိတ်မကောင်းစွာ ကြားလိုက်ရသည်။

တိုက်ပွဲအား ခေတ္တမျှ ရပ်ဆိုင်းသွားသည်။ "ပြေးဟေ့.... ပြေး.... ပြေး...." မောင် ဇော်လည်း အခြေ အနေကို အကဲခတ်မိ၍ သူ့ အဖွဲ့ သား များ ကို အော်ပြောပြီး ထွက်ပြေးလာခဲ့လေသည်။

\+ + +

ထိုနောက် မောင် ဝင်း တယောက် ဆေးရုံ ရောက်သွားပြီး မျက်လုံး တဖက် ကွယ်သွားခဲ့ရသည့် သတင်းကို မောင်ဇော်စိတ်မချမ်းသာစွာ ကြားလိုက်ရသည်။ မိမိ ပစ်လိုက်သောလောက်လေးဒဏ်ကြောင့် အဖိုးတန်သောမျက်လုံးတဖက် ပျက်သွားသည့် အကြောင်းကို တွေးရင်း မျက် ရည် လည် လာ မိသည်။

"အင်း .... မောင် ဝင်း တယောက် တော့ တ သက် လုံး မျက်လုံး တဖက်နဲ့ နေသွားရတော့မှာပါလား"

ကိုယ်ချင်း စာနာ စိတ်များ ပေါ် လာရင်း ပို၍ ဝမ်းနည်းလာသည်။

"တသက်လုံးလောက်လေးနဲ့ မ က စား တော့ ပါဘူးလို့ ကတိပေးပါတယ် မောင် ဝင်း ရယ်" စိတ်ထဲမှ ဖြကြကွဲစွာရေရွတ်ရင်း မောင်ဇော်၏ မျက်လုံး များမှ မျက်ရည် ဖြိုင်ဖြိုင် ကျနေလေသတည်း။

## ဗမာ့ခြင်းခတ်ပွဲ

* စည်းဝိုင်းအတွင်းပတ်ပတ်ရန်
လူခြောက်ယောက်ရဲ့ ဟန်၊
ခြင်းမိုးပျံကို ခြေနဲ့ထိုး
ပုံစံအမျိုးမျိုး။ ။

* ဖနောင့်ဖမိုး စလွယ်တင်
နှစ်ထပ်ခြေကို ခွင်၊
ဂုမ္ဘာန်ဝင်လို့ မြင်းခုန်စီး
ရှေ့ဘိုနယ်သားကြီး။ ။

* ဝိုက်ကြီးဝိုက်ငယ်
အသွယ်သွယ်
ခတ်နည်းစုံလှတယ်၊
မဟာနွယ် မဟာဒူး
ခြင်းလေးမြေမလူး။ ။

* မလျော့ဘူးဟေ့ ဇွဲအားသန်
ခြင်းလေးမိုးပေါ် ပျံ၊
မြေမစံ မိုးတကျော့
ခြေဖျားလေးနဲ့တော့။ ။

* ခေါင်းကိုမော့လို့
နောက်ပေါက်တင်
မြုံးဟန်စနဲ့ ယဉ်၊
ကမ္ဘာတွင်စံချိန်ချိုး
မြန်မာ့ကစားမျိုး။ ။

မောင်မေဓ



# နှမ်း




နှမ်းသည် ဆီထွက် သီးနှံ အုပ်စုတွင်ပါဝင်ပြီး ပူနွေးခြောက်သွေ့သော ဒေသတွင် ဖြစ်ထွန်းသည်။ နှမ်းပင်မှ နှမ်း၊ နှမ်းဆီ၊ နှမ်းဖတ်များကို ရရှိသည်။

နှမ်းပင်သည် သဲဆံသောမြေ၊ နုန်းတင်မြေနုမြေမျိုးကို နှစ်သက်သည်။ သို့သော် မြေအမျိုးအစားမရွေး ရှင်သန် နိုင်သည်။ ကျောက်စရစ် မြေ၌ပင် ပေါက်ရောက် နိုင်သော သတ္တိရှိသည်။ ပေါက်ဖွားချိန်တွင်အပူချိန်ဒီဂရီ (၆၈) ဖာရင်ဟိုက်မှ ဒီဂရီ(၇၅) ဖာရင်ဟိုက် အတွင်းရှိရန်နှင့် စိုထိုင်းမြေဆီလွှာရှိရန်လို၏။ မှည့်ချိန်တွင် ခြောက်သွေ့ရန်လိုသည်။ မိုးသင့်တင့် မျှတရန်လိုသည်။

နှမ်းလျှင်ကို ကဆုန်လတွင် စိုက်ပျိုး နိုင်ပြီး၊ နှမ်း ကြီးကို တော်သလင်း လတွင် စိုက်ပျိုးနိုင်သည်။ နှမ်းသီးများ အရောင်ညိုလာလျှင် ရိတ်သိမ်းနိုင်ပြီ ဖြစ်သည်။ နှမ်းပင်များကိုရိတ်သိမ်းပြီးတလင်းတွင် စု၍ ခြောက်ရက်ခန့် ကိုင်းပင်များဖြင့် အုပ်ထား ရသည်။ ထို့နောက် နှမ်းစည်းသုံးစည်းဆိုင်ပြီး သုံးရက်ခန့်နေလှမ်းရသည်။ နှမ်းသီးများ ခြောက်လာသောအခါ နှမ်းစည်းများကို ခါခြင်းဖြင့် နှမ်းစေ့များကို ရရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းကို မကွေး၊ ပခုက္ကူ၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကျောက်ဆည်၊ မန္တလေးမြို့များတွင် အများဆုံး စိုက်ပျိုးကြသည်။ ၁၉၇၀ - ၇၁ ခုနှစ်တွင် နှမ်းစိုက်ဧက နှစ်သန်းခွဲကျော် ရှိသော်လည်း ပြည်တွင်း မလုံလောက်၍ ဆီကို ပြည်ပမှ ဝယ်ယူခဲ့ရသည်။ ကမ္ဘာပေါ်တွင်နှမ်းအများဆုံးစိုက်သော ဒေသများမှာ အိန္ဒိယနိုင်ငံ တရုပ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဆူဒန် နိုင်ငံတို့ဖြစ်သည်။




သူရကျော်စွာ
(စီးပွားရေး)


၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

အတွဲ ၇။ အမှတ် ၅၁။

# ရွှေသွေး ဂျာနယ်

၁၃၃၇ ခု၊ နတ်တော်လဆုတ် ၃ ရက် (၂၀-၁၂-၇၅)

## စကားပြောသော သစ်ပင်ကြီး

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း - တင့်ထားဆွေ











စနေနေ့တိုင်း ထုတ်ဝေသည်။




မြင်းခွာသံတွေ တိတ်သွားပြီး အတန်ကြာမှ ချုံပုတ်ထဲက ထွက်လာကြရင်း ဟိုဟိုဒီဒီ ကြည့်လေသော် -
ဟော - ကျကျန်ခဲ့ပြီ ထင်တယ်
အေးတယ် - ဘာထုပ်များ ပါလိမ့်။ ဖွင့်ကြည့်ရအောင်
ဟာ ........ ရွှေတွေ ငွေတွေ ပစ္စည်းတွေ
ဟေ့ - တယ်ဟုတ်ပါလား။ ငါ့တော့ ချမ်းသာတော့မယ်။ ငါ့ကို - ဘုရား မ တာဘဲ - ဟဲဟဲ ဟဲဟဲ
ဟောကောင် - ဒီပစ္စည်းတွေ - ငါ့အခု ယူသွားလို့ မဖြစ်သေးဘူး။ နင့်နဲ့ ပါးပါးဘဲ ယူသွားပြီး ကျန်တာကို မြှုပ်ထားခဲ့မှ ဖြစ်မယ်
ဟါ - မင်းပြောတာ မဟုတ်သေးပါဘူး - အခု တခါထဲ တဝက်စီခွဲ ယူသွားယင် ပြီးရော ပေါ့ကွ..
တဝက်လောက်မှ မထမ်းနိုင်ယင် ငါကူထမ်းမှာပေါ့ကွ
ဟာ - မင်းကလဲ နားဝေးလိုက်တာ။ အထုပ်ကျကျန်ခဲ့တဲ့ သူတွေဟာ ဓါးမြတိုက်ပြီး ပြန်လာတဲ့ လူဆိုးတွေဖြစ်ရမယ် .......
မအောင်နဲ့ သေသွားမယ်။ ပစ္စည်းတွေ အကုန်ထုတ် ပြန်ပြန်ပေး
...... အဲဒီပစ္စည်းတွေ ငါ့ဆီမှာတွေ့ယင် - အရပ်ထဲကပါ မသင်္ကာဖြစ်ပြီး နောက်ဆုံးတော့ မင်းဖြစ်မင်း ၃ ကျော် ထောင်ခံရမှာ .....


အဲဒီနောက် သစ်ပင်ကြီးတပင် ခြေရင်းမှာ ပစ္စည်းတွေကို တူးမြှုပ်လိုက်ကြသတဲ့။
အဲဒီနောက် အိမ်မြေမပျက် ပြန်သွားကြသတဲ့။
အိပ်ရာဝင်တော့ ဒိုးကလေးက စဉ်းစားမိသတဲ့။
ရွှေအကလဲ တွေးသတဲ့ -


နောက်နေ့နံနက် ရောက်တော့ ဒိုးကလေးက
ရွှေအရေ ထင်းသွားခွေကြရအောင်
အေး လာပြီ— ကိုဒိုး ရေ—
ရွှေအ အနီးရောက်တာနဲ့ တိုးတိုးလေး
ဒို့ ပစ္စည်းတွေ ရှိသေးရဲ့လားလို့ သွားကြည့်ရအောင်
အေးသွားတာပေါ့၊ အိပ်ခြေ မပျက် သွားတာပေါ့
သစ်ပင်ကြီး ခြေရင်းကို ရောက်သွားတဲ့အခါ
ဘာတွေ့လားလဲ
တွေ့လား
ဒို့ မြှုပ်ထားခဲ့တဲ့ ခဲလုံး နေရာ ရွှေ့နေတယ်
ဟင် - ငါတော့ အမှတ်တမဲ့ ဘဲ။ မသိဘူး
ဒါကြောင့် - မင်းနဲ့ ပေါင်းရတာ မလွယ်ဘူးလို့ ပြောတာပေါ့
ငါမှ မသိတာကျ - မင်းကလဲ - ငါ ညံ့တာ ငါဝန်ခံပါတယ်။ မကြေနပ်ယင် လဲ - တူး ကြည့်ကြရတာပေါ့
မင်းက မလကောင်း တယ်။ ဒီတော့ မင်းတူး၊ ငါက မြေကြီး ဖယ်ပေး မယ်
ရပါတယ်။ ငါ ဘဲတူးပါ့မယ်။ မင်းက - မှတ်ဉာဏ် ကောင်းတယ်။ ငါကတော့ - လက်ရာ ပျက်တာတောင် မသိဘူး။ မင်း အသာနေ
အတော်လေး တူးမိတဲ့အခါ
ဟော- တွေ့လား။ ထုပ်ထားတဲ့ အထုပ် ပေါ်လာပြီ။ ရှိပါတယ်ကွ
အထုပ်ကိုပေါ် အောင် တူးပါအုံး။ ရွှေအ တို့များ တယ်ရှိုးတာကိုး
အထုပ် ပေါ် လာပြီး ဖြေကြည့်လိုက်ရာ ကျောက်ခဲတွေ ဖြစ်နေတာလဲတွေ့ရော
ဟာ- ဟင်.. အမယ်လေး- အမယ်လေး- ကုန်ပါပြီ - ကုန်ပါပြီ . ပစ္စည်းတွေ မရှိတော့ ပါလား များ....
ရှုက်
ရှုက်
တယ် တောက်


ဘုရားပေးပေး ကျွမ်းပေးပေး ပါကွယ် - ငါ - ဒီနေရာကို - ခုမှ မင်းနဲ့ရောက်လာတာပါ - ရှုတ် - ရှုတ် ငါ့ကိုတော့ အထင်မမှား လိုက်ပါနဲ့ - ရှုတ် ရှုတ် ဘုရားရှူး - မိုးကြိုးပစ် -
မင်းက ကြိမ်ပြောတိုင်း - ငါက ယုံရမှာလား။ မင်း ဒီပစ္စည်း တဝက် ငါ့ကို အမြန်ဆုံး လာပေး ယင်ပေး။ မပေးယင် ရုံးတော်မှာ တရားစွဲမယ်။
တရားတော့ မစွဲပါနဲ့ကွယ် - ရှုတ် - ငါမယူ ရပါဘူး .... ဟူးဟူး ရှုတ်ရှုတ်
နောက်တနေ့နံနက်တွင် တရားသူကြီးအိမ်ကို ဖိုးကလေး ရောက်သွားပြီး အမှုတိုင်သဖြင့်
ဟင်! သက်သေပြနိုင်မှ ငါ အနိုင်ရမှာပါလား။ ဘယ်လို ကြံရပါလိမ့်၊ ဟဲလေ - ဘာဘဲ ဖြစ်ဖြစ် အမှုနိုင်ဘို့ အရေးကြီးတယ်။
ရှိပါတယ်ဘုရား - မြေဖို့တဲ့နေရာက သစ်ပင်ကြီးဟာ အသိသက်သေ ဖြစ်ကြောင်းပါ
ဟားဟား - ဟားဟား - ဟေ - မောင်းမင်း ရူးများနေရော့သလား .... သက်ရှိ မျက်မြင် သက်သေ ပြောတာ။ သစ်ပင်ဆိုတာ သက်မဲ့ဘဲဟ --- ဟားဟား ဟားဟား


ငါ့ အမြဲတော့ မှား သွားပြီ။ ဆုံးတဲ့ အထိ မသိ ဟန်ဆောင်ပြီး ဖွတ်အတင်း ပြောမှ ဖြစ်မယ်...
အေး- ကောင်းပြီ- ငါတို့ နက်ဖြန် နေ့လည် ကျမှ သွားကြည့် ရတာပေ ကွ
တကယ့် သက်သေပါ။ ဒီသစ်ပင်ကြီးကို မေးစမ်းကြည့် တော်မူပါ၊
ဒိုးကလေးမှာ တရားသူကြီးအိမ်မှ သူ့အဖေ အိမ်ကို ပြေးလာခဲ့ပြီး
အဖေ- ကျွန်တော့်ကို ကယ်ပါအုံး။ ကျွန်တော်တော့ ကိုယ့်ရှူး ကိုယ်ပေါက်နေပြီ....
ဟေ- ဘယ်လိုများ ဖြစ်လာလို့လဲ သားရယ် ပြောပြပါအုံး။ အဖေ တတ်နိုင် သရွေ့တော့ စောင့် ရှောက် ရမှာပေါ့.....
အဖေရယ်- သား အဖအရင်းဆိုတော့- မှန်တဲ့ အတိုင်း ပြောပြပါရစေ။..... တနေ့- ရွှေအိုး ထင်း ခွေ့ သွားကြတယ် xxxxxx ခုတော့ - တရားသူကြီးက- နက်ဖြန်နေ့လည်ကျမှ သစ်ပင်ကြီး ကို သွားစစ်မယ်တဲ့။ ဒီတော့ အဖေက xxxxxx xxxxxxxxxxx အဲဒီလို ကူညီပါအုံး ..., အဲဒါ နိုင်ယင် အဖေ့ ကိုလဲ ကတော့ ပါမယ်.... နော် - ဖေ - နော် -
နောက်နေ့တွင် တရားသူကြီးနဲ့အဖွဲ့ အဲဒီသစ်ပင်ကြီးနား ရောက်လာတော့
ဒီအပင်ကြီးဟာ ကျွန်တော်မျိုးရဲ့ သက်သေ ပါဘဲ။ မေးကြည့် တော်မူပါ ဘုရား။
ထိုအခါ တရားသူကြီးက
ကိုင်း ... သစ်ပင်ကြီး အကျွန်ုပ် တရားသူကြီး မေးအံ့.... အမှန်ကို သာ- တိုတို ဖြေလော့။ သင့် ခြေရင်း မြေတွင်း ၌ ကျမည်သော - မောင်ဒိုးကလေး နှင့် မောင်ရွှေအတို့ မြှုပ်နှံထားတဲ့ ပစ္စည်း များကို - မည်သူ လာ၍ ဖော်ယူပါသနည်း -
အ
အ
အ
အ- ဆိုတာ ရွှေအ - ပေါ့


တရားသူကြီးက အသံလာရာကြည့်ပြီး
မင်းစေများက သစ်ပင်ကြီးကို ခုတ်လှဲတော့ သစ်ပင်ထက်က အသံထွက်လာလို့ ခေတ္တ ရပ်ထားပြီး နားထောင်ကြည့်ရာ
ထိုသို့အသံထွက်လာပြီး အဲဒီခဏမှာဘဲ သစ်ပင်ထက်က လူတယောက် ဆင်းလာတာကို တွေ့ရသတဲ့။
အဲဒီအခါမှ တရားသူကြီးက

# ယပ်တောင်

ရေးသူ-လှလှ
ပန်းချီ-ကျော်ကျော်




ပူအိုက်သည့်အခါတွင် လူများသည် အအေးကို ရှာကြသည်။ လေမတိုက်သောအခါ လေရရှိရန် ကြံစည်ကြိုးပမ်းကြရာမှ လူတို့သည် သစ်ရွက်သစ်ခက်များကို ယပ်တောင်သဖွယ် ခတ်၍ သဘာဝလေအစား တမင်ဖန်တီးယူရသော လေဖြင့် အအေးဓာတ်ကို ခံယူကြသည်။ ထိုသို့ သစ်ရွက်များဖြင့် ယပ်ခတ်ကြည့်ရာမှ ယပ်တောင်လုပ်ရန် အကြံဉာဏ်များ ရလာကြသည်။



ယပ်တောင်သည် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်ကပင် တရုတ်နိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့သည်။ တရုတ်နှင့် ဂျပန်နိုင်ငံမှ ယပ်တောင်များသည် ကမ္ဘာကျော် ယပ်တောင်များ ဖြစ်သည်။

ရိုးတံမှ လက်ဖြင့်ကိုင်၍ ယပ်ရသော ထန်းလက် ယပ်တောင်များကို အလွန်ရှေးကျသော အဆီးရီးယန်းလူမျိုးနှင့် အီဂျစ်လူမျိုးတို့ စတင် အသုံးပြုခဲ့ကြသည်။ ထိုယပ်တောင်မျိုးမှာ ကြီးလည်းကြီး လေးလည်းလေးသဖြင့် သူဌေး သူကြွယ်တို့သည် ယပ်တောင်ခတ်ရန် အစေအပါးထား၍ စည်းစိမ်ယူလေ့ ရှိကြသည်။ ယပ်တောင်သည် လေကောင်းစွာ ရစေသည့်အပြင် ခြင်ယင်ပိုးမွှားများကိုလည်း ဖယ်ရှားပေးနိုင်သည်။




ရှေးက ယပ်တောင် များမှာ ထိပ်ကစက္ကူကပ်နေရာ၊ ယပ်တောင်ပြားနှင့် လက်ကိုင်ဟူ၍ သုံးပိုင်းရှိ၏။ ထိုသုံးခုပါလျှင် ယပ်တောင်တခု ဖြစ်၏။ နိုင်ငံတိုင်းရှိ ယပ်တောင်

များမှာ ဤအတိုင်းပင် ဖြစ်သည်။ ထိုယပ်တောင်မျိုးကို ကြာယပ်တောင်ဟု ခေါ်သည်။

အေဒီ ၇၀၀ ခန့်တွင် လင်းနို့၏ တောင်ပံဖြန့်ပုံ ရိုက်ခတ်ပုံတို့ကို တွေ့ရှိမှတ်သားပြီး၊ ဂျပန်နိုင်ငံက ခေါက်ယပ်တောင်များကို စတင်တီထွင် လုပ်ကိုင်သည်။ ဂျပန်ယပ်တောင်သည် အလှအပ သက်သက်မဟုတ်ဘဲ၊ လူ့ဘဝနှင့်ဆိုင်သော လေးနက်သည့် အဓိပ္ပာယ်ကိုလည်း ဆောင်လျက်ရှိသည်။ ယပ်တောင်ဖွင့်လိုက်လျှင် ဖြာထွက်နေသော အရိုးတံများပေါ်တွင် လူ့ဘဝဖြစ်စဉ်ကို ဆေးဖြင့် သရုပ်ဖော်ထားသည်။

အလှန်အဖိုးကြီးသော ယပ်တောင်များမှာ မြည်းသားရေ၊ ပိုးသားများပေါ်တွင် ဆေးခြယ်ထားသောယပ်တောင်များဖြစ်၏။ အချို့ ဇာဖြင့်၎င်း၊ သစ်ကုလားအုပ်မွေးဖြင့်၎င်း၊ ဥဒေါင်းမြီးဖြင့်၎င်း လှပစွာ ယပ်တောင်ပြုလုပ်ပြီး လက်ကိုင်အဖြစ် ဆင်စွယ်၊ လိပ်ခွံ နှင့် တိရစ္ဆာန် ဦးချိုတို့ကို ပြုလုပ်ကြသည်။

မြန်မာနိုင်ငံ၌ အသုံးများသော ယပ်တောင်များမှာ စက္ကူယပ်တောင်၊ ပိတ် ယပ်တောင်၊ ထန်းယပ်တောင်၊ ဝါးယပ်တောင် များ ဖြစ် သည်။ နံ့ သာ ယပ်တောင် နှင့် ပ လပ် စ တစ် ယပ်တောင်များလည်း အသုံးပြုကြသည်။




ရှင့် ပိုက်ဆံတွေလုံခြုံတဲ့ နေရာမှာသိမ်းထားနော်၊ သူခိုးပြေပြင်းနဲ့ တွေ့သွားအုံးမယ်
အင်း...သူခိုးပြေပြင်းကတော့ ရွာထဲက အိမ်တွေအားလုံး သူခိုးလို့ကန်တော့ခါကျမှ တို့အိမ်လဲ ဘယ်နေ့လာခိုး မလဲ မသိဘူး၊ သတိနဲ့ အိပ်မှဖြစ်မယ်
ညောင်နီရွာတွင်ထင်းရောင်း၍ အသက်မွေးသော ဦးဖိုးသီးနှင့် ဒေါ်ဖော့အမည်ရှိ ဇနီးမောင်နှံတို့ နေထိုင်ကြသည်။ ထိုရွာတွင် ပြေပြင်းအမည်ရှိ နာမည်ကြီး သူခိုးတယောက်လည်း ကျက်စားနေ၏။
ကိုဖိုးသီး ထစမ်းပါအုံး၊ အိမ်တံခါးမှာ လူသံကြားတယ်၊ သူခိုးတက်နေဖို့ထင်တယ်၊ ရှင့်ပိုက်ဆံတွေသိမ်းထားတာ လုံခြုံရဲ့လား၊
ဟေ..သူခိုး ကပ်နေတယ် ဟုတ်လား
တညတွင်
ပိုက်ဆံတွေအိမ်မှာ မထားပါဘူး-ကွာ
ဘယ်မှာထားလဲ စိတ်ချရရဲ့လား
ရှုတ်
သူခိုးပြေပြင်းခိုးရန် လာလေသည်။
လက်ပံတောလမ်းသုံးခွက ညောင်ခေါင်းခြောက်ကြီးထဲမှာ ငါ့ပိုက်ဆံတွေရှထားတာ ငါးနှစ်ရှိပြီ၊ အိမ်မှာ တပြားမှမထားပါဘူး-ကွာ
အိမ်မှာပိုက်ဆံ မထားဘူး၊ ဟုတ်ပါလား၊ ငါမြန်မြန်သွား၊ မနက်ကြယင်
ဖိုးသီးလက်ပံတောမသွားခင် ငါအရင်ရောက်အောင် ညောင်ခေါင်းခြောက်ကြီး လိုက်ရှာဖြီး၊ ပိုက်ဆံတွေယူမှ ဖြစ်မယ်..
နောက်တနေ့နံနက်တွင်


လက်ပံတောလမ်းသုံးခွက ချောင်ခေါင်းကြီး ဆိုတာ၊ ဒါဘဲဖြစ်ရမယ်၊ သစ်ခေါင်း အပေါက်လဲရှိတယ်၊ ပိုက်ဆံတွေ ဒီအထဲမှာထည့်ထား ဒါဘဲဖြစ်ရမယ်-
ဘယ်ရှမလဲကွ-ငပြင်းကမပိုင်ယင် ဘယ်ဟာမှမရပါဘူး-ဟား-ဟား-ဟား-
ဖြီး-မောလိုက်တာ၊ အင်းပေါက်ရတာလဲ သိပ်ပင်ပန်းပါလား၊ ပိုက်ဆံဆိုလို့ ငါးပြားမှမတွေ့ပါလား၊
အင်း-ဖိုးသီးကလိန်ကြတာဘဲ၊ ဒီညတော့ ခေါင်းအုံးခြေကပဲ့ညှိး ကုန်အောင်ဆိုးမယ်၊ ငပြင်းအနကြောင်းပြ လိုက်အုံးမယ်၊
ဟင်-ငါထင်းပေါက်မဲ့ချောင်ခေါင်းကြီး ထင်းဖြစ်နေပါလား၊ ဒီနေ့တော့ထင်းပေါက်ရ သက်သာပြီ၊ ဒီထင်းစတွေ ယူပြီးဈေးသွား ရောင်းရမှာဘဲ-
ဈေးမှီအောင် မြန်မြန်သွားမှ-


မယ်မော့ရေ- ဒီနေ့တော့ထင်းမပေါက်ရဘဲ ပိုက်ဆံပါလာတယ်-ဟေ့
ညောင်ခေါင်းထဲက ခုထားတဲ့ပိုက်ဆံတွေ ပါလာပြီထင်တယ်-
ဦးဖိုးသီးအိမ်သို့ပြန်လာသောအခါ
ဖိုးသီးတို့ အိပ်ကြပြီလားမသိဘူး၊ အသံ ချောင်းနားထောင်အုံးမှဘဲ၊ အိပ်နေယင် တော့-နင်တို့ပစ္စည်းတွေကုန်ပြီသာမှတ်--
ထိုညတွင်
လှုပ်သံကြားတယ် အိမ်ဘေးမှာ သူခိုးကပ်နေပြီ ထင်တယ် ထစမ်းပါ
မပူပါနဲ့ကွာ စိတ်ချသာအိပ်ပါ-
ငါ ပင်ပင်ပန်းပန်း ထင်းပေါက်လို့ရတဲ့ငွေကို လာခိုးတဲ့သူခိုးဟာ သူ့ကိုယ်တိုင်ထင်းပေါက် ဘူးယင် ငါ့ငွေကို ခိုးရက်မှာမဟုတ်ပါဘူး-
သူတပါး ပင်ပင်ပန်းပန်း လုပ်ကိုင်လို့ရတဲ့ငွေကို ငါမခိုးရက်တော့ပါဘူး၊ ပင်ပန်းတာ ငါ့ကိုယ်တွေ့ဘဲ-
ဒါနဲ့- တော်ခုထားတဲ့ ညောင်ခေါင်းထဲက ပိုက်ဆံတွေ ပါလာရဲ့လား-
ညောင်ခေါင်းထဲ ပိုက်ဆံခုထားတယ်လို့ ငါလိမ်ပြောတာ၊ ညောင်ခေါင်းထဲက ပိုက်ဆံ တော့ပါမလာဘူး၊ ညောင်သား ထင်းတွေရောင်းလို့ရတဲ့ပိုက်ဆံတော့ ပါလာတယ်ဟေ့-
ဟား ဟား ဟား
ပြီး



# အဆိပ်ပင်ရေလောင်း

အဆိပ်ပင်ဟူသည် ဘေးအန္တရာယ် ဖြစ်စေတတ်သော အပင်တမျိုး ဖြစ်ပေသည်။ ယင်း အပင်ကို လူတို့ နမ်းရှုစားသုံး မိပါက အသက်ဘေးကို စိုးရိမ်ရမည် ဖြစ်လေသည်။ ထို့အတွက် ဤအပင်မျိုးကို စိုက်ပျိုး ထားရန် မသင့်ပေ။ နုတ်ပယ်ပစ်ရမည်သာ ဖြစ်၏။ သို့ဖြစ်ပါလျက် ထိုဘေးဥပဒ် ဖြစ်စေသည့် အဆိပ်ပင်ကို ရေလောင်းပေးနေပါက ဖွံ့ဖြိုးကြီးထွားလာအောင် အားပေးပြုစုရာ ရောက်လေသည်။

ထို့အတူ လူတို့တွင်လည်း အကျင့်စာရိတ္တ ညံ့ဖျင်းပြီး ဆိုးသွမ်းမိုက်မဲကာ အခြားသူများအပေါ်တွင် ဒုက္ခပေးတတ်သူများ ရှိ၏။ ထိုသူတို့ကို မကောင်းမှုများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွေဖီစေရန် သွန်သင် ဆုံးမခြင်း၊ ပညာပေးခြင်း၊ တားဆီးပိတ်ပင် ခြင်းများ စသည်တို့တို့ ပြုလုပ်သင့်၏။


သို့သော် ထိုသူတို့အား အကျင့် စာရိတ္တ ကောင်းမွန်လာအောင် မတားမြစ်၊ မပြုပြင်သည့်အပြင် အလိုတူအလိုပါ အားပေးကူညီဆောင်ရွက်ခြင်းများ ပြုလုပ်နေသည့်အတွက် လူမိုက်အားပေးပြုလုပ်သည်ဟု ဤစကားက ဆိုလိုထားခြင်းဖြစ်လေသည်။

**မောင်ကျော်ဇော (စာပေဗိမာန်)**

## ဤတပတ်မှာ ဟိုရှေးခါ

**ဒီဇင်ဘာ ၂၀ - ၂၆**

- ၁၆၄၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကမ္ဘာကျော် သိပ္ပံပညာရှင် ဆာ အိုင်းဆက် နယူတန်ကို မွေးဖွားခဲ့သည်။
- ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပဲခူးတိုင်း မုတ္တမနယ်သည် အင်္ဂလိပ် လက်အောက်သို့ ကျရောက် ခဲ့ရသည်။
- ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဂဠုန်ဆရာစံ ဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး စတင်ဖြစ်ပွားခဲ့သည်။
- ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျောင်းသားများ အဲတွင်းဝန်ရုံးကိုဝိုင်း၍ ငြိမ်းချမ်းစွာ ဆန္ဒပြကြသည်။ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ပုလိပ်အရိုက်ခံရသည်။ ၂၃ ရက်နေ့တွင် ဗိုလ်အောင်ကျော် ကွယ်လွန်သည်။
- ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ အိုင် အေ)ကို ဘန်ကောက်မြို့တွင် ဖွဲ့စည်းခဲ့သည်။



# ဒို့ဘိုးဘွား အမွေအနှစ်

မောင်သိန်းရွှေ

ကျနော် သိပ်ကြောက်နေမိတယ်။ သူတို့ ကျနော့်ကို ဘာလုပ်ကြမလဲ သိဘူး။ အောင်မလေး လုပ်ကြပါအုံး။ တယောက်ကလဲ ခဲ ကြီး တ လုံး ကောက်ပြီး ပြန်လာပြီ။ အောင်မလေး။

သူတို့နဲ့တွေ့တာ ကံဆိုးတာဘဲ။ ကျနော်ဟာ ကမ္ဘာစစ်ဖြစ်ကတဲက လူနဲ့ အဆက်အသွယ်ပြတ်ပြီး မြေကြီးထဲမှာ နေလာခဲ့ရတယ်။ ဒီနေ့တော့ ကျနော့်အပေါ်မှာ ဝုန်းကနဲ အသံကြားမိလို့ အပေါ်ကို မော့ကြည့်လိုက်တော့၊ ကောင်လေးသုံးယောက်ဗျို။ ရှစ်နှစ် ကိုးနှစ်လောက်ဘဲ ရှိအုံးမယ်။ တယောက်ကလဲ မာလကာပင်ကလေးတပင် ကိုင်လို့။ မာလကာပင် စိုက်မလို့ထင်တယ်။

သူတို့ ကျနော့်ကို တွေ့သွားယင် ဒုက္ခဘဲ။ ဒါပေမဲ့ စိုးရိမ်ပူပန်မိတာ အလကားဘဲ။ သူတို့ ကျနော့်ကို တွေ့သွားတယ်။ ကောင် လေး တယောက် က ကျနော့်ကို လှမ်းယူလိုက်ပြီး မြေကြီးပေါ် ချထားတယ်။ ပြီးတော့ ဘာများ ထင်လဲ မသိဘူး။ ဝိုင်းကြည့် နေ လိုက် ကြတာ။ ပြီးမှ ကောင်လေး တယောက်က –

“သေ တ္တာ ပေါ် က ပုံကို ကြည့် စမ်း၊ ဆွဲ ထား ပုံ က လဲ တယ်ကောင်းတာဘဲ”

“အေးကွ အောက်နားမှာလဲ စာရေးထားတယ်”

“ဟော့ ဒီဘေးမှာလဲ ကြည့်စမ်း။ ဘယ်လောက်လှလဲ ရှေးခေတ်က ပစ္စည်းထင်တယ်”

သူတို့တတွေက တအံ့တသြပြောနေလိုက်ကြတာ။ ကျနော့်မှာ တော့ ကြောက် လှ ပြီ။ ကျနော်ဟာ ဘု ရင် မင်း တွေ လက် ထက် က တဲ က တာဝန် ထမ်း ဆောင် ခဲ့ ရ တာ ဘဲ။ ကျနော့်အထဲမှာ အရေးကြီးတဲ့ ပစ္စည်းတွေ ရှိတယ်။ ဒါတွေ ပျက်စီးသွားယင် ဒုက္ခဘဲ။

ကျနော့် သူ ငယ် ချင်း လဲ ကြောက်နေရှာတယ်။ သူက တော့ မောင်းသော့ခလောက်ဘဲ။ ဟိုးရှေးတုန်းကတဲက သူနဲ့ ကျနော်အတူ မြေထဲ ဝင်ပုန်းခဲ့ကြတာ။

ဟော - ကောင်လေးက ခဲကြီးနဲ့ ထုဖို့ ရွယ်လိုက်ပြီ။

“အို” ခဲကြီးနဲ့ မောင်းသော့ခလောက်ကို ထု လိုက် တာ၊ မောင်းသော့ခလောက်လဲ အားကနဲ အော်ပြီး မြေပေါ် ပြုတ်ကျသွားတာဘဲ။ သူက အိုနေပြီကိုး။ မအိုသေးတုန်းကတော့ ဒီခဲကြီးလောက်တော့ အပျော့ပေါ့။

ဟော - ကျနော့်အဖုံးကို အတင်း ဖွင့် နေ ပြီ။ လုပ် ကြ ပါ အုံး။ အင်း - အတင်းခံခဲ့ပေမဲ့ မရဘူး။ ကျနော်လဲ အိုနေပြီကိုး။ သူတို့က ဖွင့်နိုင်တာပေါ့။

ဟော - ကျနော့်ပစ္စည်းတွေကိုကြည့်ပြီး သူတို့ အံ့သြနေတယ်။

"ဟာ ပုရပိုဒ်တွေ ဆွေး တောင် ဆွေးနေပြီ"

"ဒါကို ရောင်းယင် ဈေး ကောင်းကောင်းရတယ်။ ဟိုဘက် လမ်းထိပ်က လူကြီး ဒါမျိုးတွေ သိပ်လိုချင်တယ်"

"အေး ဟုတ်တယ် ဟိုဖက်လမ်းမှာနေတဲ့ နိုင်ငံခြားသား ကြီးကလဲ လိုချင်တယ်ကွ"

ဘုရား - ဘုရား - လုပ်ပါအုံး၊ ကျုပ်တော့ ငါးပါးကြီးမှောက်ပြီ။

"ဒို့သွားရောင်းမယ်ကွာ၊ ပြီးယင် ဘောလုံး ဝယ်မယ်၊ ဒို့ဘောလုံးအသင်း တည်ထောင်မယ်"

"ငါ လဲမုံ့တွေဝယ် စားမယ်။ ဟို ဂျပန် ရုပ်ရှင် ခေးကားလဲ သွားကြည့်မယ်"

"အေး ဟုတ်တယ်ကွ၊ ဒို့ သူဌေးကြီးတွေ ဖြစ်ကုန်ပြီ ဟေး ဟေး"

ဘုရား - ဘုရား - လုပ် ကြပါအုံး၊ ကောင်လေးတွေ စိတ်ပြောင်းအောင် ကူညီပါအုံး။

"နေအုံးကွ ဒို့ဆရာပြောဘူးတယ်။ ဒါတွေဟာ လူမျိုးရဲ့ အဆင့်အတန်း စေသည့် ယဉ်ကျေးမှုကို ဖော်ပြတဲ့ အရာတွေဘဲ။ ဒါတွေ ပျောက်သွားယင် ဒို့လူမျိုးရဲ့ အဆင့်အတန်းကို ခန့်မှန်းလို့ ရမှာမဟုတ်ဘူးတဲ့ကွ"

ဟား - ကံ ကောင်းလို့ ကံကောင်းလို့ ကယ်သီး ကယ်သတ်လေး လွတ်သွားတယ်။ ကျန်တဲ့ ကောင်လေးတွေလဲ စဉ်းစားနေကြပြီ။

"ယဉ်ကျေးမှုတွေ ပျောက်ယင် ဒို့လူမျိုးလဲ ပျောက်သွားမယ်တဲ့ကွ ငါ့အဖေလဲ ပြောဘူးတယ်"

"အေးဟုတ်တယ် ဒို့ဆီမှာ ထားယင် လုံခြုံမှာမဟုတ်ဘူး၊ လူကြီးတွေကို သွားပြောပြီး အမျိုးသား ပြတိုက်သွား လှူလိုက်တာပေါ့"

ဟူး - ခုမှဘဲ ကျနော်လဲ စိတ်ချမ်းသာရတော့တယ်။ သူငယ်ချင်းသော့ခလောက်လဲ ပြုံးလို့ဗျ။

အလဲ-ကောင်လေးတွေ ဘာသီချင်းဆိုတာလဲ နားထောင်ကြည့်မှ --

ဒို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေတဲ့။

## သူ့ရဲ့ကောင်း

-ပိုးပဝါ ခေါင်းမှာပေါင်း
ယောင်တခေါင်း
နက်မှောင်မှောင်။
-ခဉ်အလာ ဘယ်မည့်သိုးတဲ့
ထိုးကွင်း မင်ကြောင်။
-နှုတ်ခမ်းမွေး ဘယ်ညာထောင်
ငှက်ကြီးတောင်ကိုင်လို့ယား။
-ဇာတိမာန် ရဲရဲတောက်တဲ့
ယောကျ်ား ဘသား။
-နယ်ချဲ့တွေ လာခဲ့စမ်း
ခေါ်ထမ်းလို့ စောင့်ကြို။
-စည်းကျော်ယင် အသေသတ်
ခေါင်း ဖြတ်သကို။
-သဘောထား အလွန်ချို
ကြည်ညိုဖွယ်အလွန်ကောင်း။
-ရန်ထွေထွေ တွန်းလှန်ပြို
မြည်သူ့ သားကောင်း။ ။

ရောင်ပေစူး (ဘညာမြေ)




## ရွှေသွေး၏ ပရိသတ်များသို့

ရွှေသွေးဂျာနယ် ပုံနှိပ်စက်ကို မွမ်းမံပြင်ဆင်မှုများ ပြုလုပ်နေပါသဖြင့် ယခုကဲ့သို့ အရောင်လျှော့၍ ပုံနှိပ်ရခြင်းဖြစ်ပြီး မကြာမီ ပုံမှန် အရောင်ပြည့်ဝစွာဖြင့် ထွက်ပေါ်လာမည် ဖြစ်ပါသည်။

စာတည်းအဖွဲ့

R. 517

# ကြက်ပေါင်စေး



ကြက်ပေါင်စေးသည် ကုန်ကြမ်း သီးနှံ အုပ်စုတွင် ပါဝင်သည်။ ပူအိုက်စွတ်စိုသော ဒေသတွင် ဖြစ်ထွန်းသည်။ ကြက်ပေါင်စေးကို ကော်ဖတ် သို့မဟုတ် ရာဘာဟုခေါ် သည်၊ ကြက်ပေါင်စေးကို ခဲဖျက်၊ ဖိနပ်၊ ကားတာယာ စသည့် လူသုံးပစ္စည်း အမျိုးမျိုးတို့ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။

ကြက်ပေါင်စေး ပေါက်ရောက်ရန် အပူချိန်ဒီဂရီ (၇၀) ဖာရင်ဟိုက် ဝန်းကျင်ရှိရန် လိုသည်။ မိုးရေချိန် (၈၀) လက်မရရန် လိုသည်။ ကြက်ပေါင်စေးကို တနင်္သာရီတိုင်း၊ ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင် မြို့နယ်များတွင် အကြီးအကျယ်စိုက်သည်။

ကြက်ပေါင်စေးပင်သည် အမြင့် (၇၅) ပေမှ ပေ (၁၀၀) အထိရှိပြီး လုံးပတ် (၁၂) ပေအထိရှိသည်။ အပင်၏သက်တမ်း ငါးနှစ်ပြည့်မှ အစေး ထုတ်ယူနိုင်သည်။ အစေးထုတ်ယူရန် ပင်စည်တွင် မြေမှ အမြင့် လေးပေ သို့မဟုတ် ငါးပေရှိသော အမြင့်နေရာ၌ ဓားကောက်ဖြင့် အခေါက်ကို ခြစ်ပေးရသည်။ ခြစ်ကြောင်း အဆုံးတွင် သတ္တုအငယ်စားလေးကို ပင်စည်၌ ထိုးစိုက်ထားပြီး စီးကျလာသော ကြက်ပေါင်စေးကို ခွက်ငယ်ဖြင့် ခံယူသည်။ ကြက်ပေါင်စေးတပင်တွင် ကြက်ပေါင်စေး တနှစ်လျှင် ခြောက်ပေါင်ခန့် ထွက်သည်။

မြန်မာနိုင်ငံတွင် ၁၉၇၀-၇၁ ခုနှစ်စာရင်းအရ ကြက်ပေါင်စေး တန်ပေါင်း တသိန်း သုံးသောင်းခန့် ရရှိခဲ့ပြီး ပြည်ပသို့ တင်ပို့ ရောင်းချ နိုင်သည်။ အရှေ့တောင်အာရှနှင့်အာဖရိက အလယ်ပိုင်း ဒေသတို့တွင် ကြက်ပေါင်စေးအများဆုံး ထွက်သည်။



သူရကျော်စွာ
(စီးပွားရေး)

၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။


အတွဲ ၇။ အမှတ် ၅၂။

အချိန်မှောက် ရှာပုံတော်


# ရှဲသွေး ဂျာနယ်

ပန်းချီ
ဦးဘကြည်
ဇာတ်သိမ်း
သိပ္ပံမောင်။

၁၃၃၇ ခု၊ နတ်တော်လဆုတ် ၁၀ ရက် (၂၇-၁၂-၇၅)




စနေနေ့တိုင်းထုတ်ဝေသည်။



တုန်လှုပ်ထိတ်လန့်ပြီး ငယ်သံပါအောင် ဟစ်အော်၍ အိမ်သို့ ပြန်ပြေးလေသည်။
အိမ်ဝင်းထဲသို့ ပြေးဝင်ရင်း-
အမေ အမေ အမေ
ဘွား
ထိုသို့ပြောပြီး အိမ်တံခါးကို ဆီးပိတ်လိုက်၍
ထိုနေရာတွင်ပင် ထိုင်ချပြီး ရှိုက်ကြီးတင် ငိုပစ်လိုက်လေတော့သည်။
ထိုနောက် ယူကြုံးမရဖြစ်ခါ ခြေဦးတည့်ရာ လျှောက်သွားရာ-
မည်မျှ လျှောက်သွားနေမိသည်မသိ နေဝင်ခါ နီးသော် တောစပ်သို့ ရောက်သွားပြီး
ဟင် - ရှေ့နားမှာ ဇရပ် တဆောင် ပါလား
ဇရပ်ထဲသို့ ဝင်သွားရာ
ဟင်-ဒီဇရပ်ကလေ....
လူရိပ်တော့ မမြင်ဘူး


မောင်ပျင်းသည် မောလှသဖြင့် ကောက်ရိုးပုံပေါ်တက်အိပ်လိုက်မိလေသည်။
ခဏအတွင်း အိပ်ပျော်သွားတော့၏။
နိုးလာသောအခါ မီးလင်းနေ၍ လူသံကြားသဖြင့် ချောင်းကြည့်လိုက်လျှင်-
ထိုသူတို့မှာ အသက်ငယ်နေသော်လည်း ဝတ်ပုံ၊ စားပုံ၊ နေပုံ၊ ထိုင်ပုံကမူ သက်ကြီး ရွယ်အိုများကဲ့သို့ ဖြစ်နေကြောင်းတွေ့ရသဖြင့် အံ့ဩစွာ အကဲခပ်နေစဉ်—
စကားပြောသံများ ထွက်လာလေရာ-
လောကကြီးမှာ အချိန်ရဲ့တန်ဖိုးကို မသိတဲ့လူတွေဟာ - အဓိပ္ပါယ်မရှိ အလကား အချိန်ဖြုန်းပြီး အသက်ကြီးလာကြတယ်။ အဲဒီလိုလူတွေဆီက အချိန်တွေ ခိုးယူထားတာ အတော်လေး စုမိနေပြီ။ ခင်းက - အနှစ်ငါးဆယ်ယူ။ မင်းက အနှစ်လေးဆယ်ယူ။ မင်းက အနှစ်သုံးဆယ်ယူ။ ငါက အနှစ်ခြောက်ဆယ်ယူမယ်....
ရှင်က - ကျမကိုတော့ ဘာလို့ အနှစ်သုံးဆယ်ထဲပေးလဲ
အို - မကြောင် ဖြည့်ပေးမှာပါ - ရှင်မရယ်။ အရင်မလိုပါနဲ့။ နောက်ထပ် ခိုးအုံးမှာဘဲဟာ...
ဒါနဲ့ - အဘ - အခုလို နှစ်တွေ ခိုးယူထားတာကို - သူတို့က ပြန်ယူနိုင်တဲ့ နည်းလမ်းများ ရှိသေးလား


ရှိပါဖြီ လား - မယ်ခွေးရယ်... ဟားဟားဟား
သွို့ သိချင်ယင် - အဘ ပြောပြမယ်။ ဒါပေမယ့်
ခဏနေအုံး၊ ပထမ ဇရပ်နားမှာ
လူသူလေးပါး မရှိမှ ပြောပြလို့ဖြစ်မှာ ဟ။
အဘ - ချောက်ကြည့်လိုက်
အုံးမယ်....
ဇရပ်ဘေးတဝိုက် လျှောက်ကြည့် ပြီးသော်
ကောက်ရိုးပုံကို သံချွန်ဖြင့် ထိုးကြည့်သေး၏။
ဒီလို လျှို့ဝှက်ချက်တွေ ပြော
ခါနီးယင် သတိထားရတယ်။
အမှတ်မထင် - လူစိမ်းများ ရှိနေမှဖြင့် ငါးပါး
မှောက် လိမ့်မယ်...
မောင်ပျင်းမှာမူ အသက်ရှူ ရပ်သွားလောက်
အောင် ကြောက်လန့်ကာ တုတ်တုတ်မှ မလှုပ်
ချေ။
အုရား
အုရား
ထိုနေ့က-
ကဲ - စိတ်ချရပါဖြီ။ နားထောင်
မှတ်ထားကြ။ သွို့ ရော - ရှင်မ
ရော - ငါ့ လူ ရုံတော် တပည့်ကြီး ရော.... ပေါ့။
....ငါ တို့ဟာ မှော်ဆရာကြီးတွေဆိုဖြီး နို့များ
အတတ်နဲ့ အချိန်ခိုးတာကို ခံရတဲ့ ကလေးများ
ရဲ့ မိဘဆွေမျိုးများဟာ တခုမဟုတ်တခု
ကံဝန်ကြမှာ သေခြာတယ်။
ဒါပေမယ့် မစွယ်
ပါဘူး....
....တကယ်လို့များ - ဟဲဟဲ - မှ - လွဲခဲ့ ယင်စေ-
နက်မြန်ည - သန်းခေါင်အချိန်မှာ - အချိန် အခိုးခံ
ထားရတဲ့ ကလေး လေးယောက်လုံး ဒီဇရပ်ကို
ရောက်လာဖြီး - ဟောဟို - ဆေးနဲ့ စီမံထားတဲ့
တိုင်ကပ်နာရီကို နောက်ပြန် - ခုနစ်ဆယ့်ခုနစ်
ပတ် လှည့်နိုင်ယင်.... သူတို့လဲ ကလေးဘဝ
ပြန်ရောက်မယ်... နို့လဲ
မာကလ ရှာနိုင်ဖြူ
မှာဘဲ... ဟဲဟဲ...
ဟဲဟဲ...
ဟားဟား - ဟားဟား -
ဒီလို လုပ်ရမယ်ဆိုတာ သူတို့ဘယ်သိ
ပါ့မလဲ ကိုကြီးရဲ့... ဟားဟား
သိတာတောင် - ဒီလောက်ပျင်းတဲ့ ကလေးတွေ
ဒုက္ခခံ ရှာဖြီး - တောထဲ ဘယ်လာပါ့မလဲ
အဘကလဲ....ဟဲဟဲ
ဆရာကြီး ရယ် - မပူပါနဲ့...
ရောက်လာကြ တယ်ဘဲ ထားလိုက် ပါဦး...
ဒီ ငပျင်း - ငပျင်းလေးတွေက ခုနစ်ဆယ့်
ခုနစ် အထိ ရေတွက်တတ်မှာ မဟုတ်ပါဘူး
ဟားဟား - ဟားဟား ---


ဟုတ်ကဲ့
ထိုသို့ဆို၍ ပြန်ထွက်သွားကြကုန်၏။
မှော်ဆရာများထွက်သွားပြီး စိတ်ချရလောက်ပြီဟု ထင်ရမှ မောင်ပျင်းသည် အလောတကြီး မြို့ထဲသို့ ပြေးလေသည်။
တမောတပန်းပြေး၍ မြို့ထဲရောက်သော်လည်း ညသန်းခေါင်ကျော်ဖြစ်နေ၍-
ရောင်နီ သမ်းလာစဉ် အဖွားအို တယောက် တောင်းရွက်လျက် လျှောက်လာ သည်ကို တွေ့၍
မောင်ပျင်းသည် အရမ်း မမေးရဲ တော့ဘဲ အကဲခပ်၍သာ ကြည့်ရတော့သည်။
လိုက်ရှာရင်း မောပန်းလာသဖြင့် အပန်းဖြေ ဥယျာဉ်တွင် ဝင်ထိုင်လိုက်စဉ်၊ အဖွားအို တယောက်တရှုံ့ရှုံ့ငိုနေသည်ကို ကြည့်ပြီး-



အတန်ကြာမှမောင်ပျင်းသည်မနေနိုင်တော့ဘဲ
ထိုအခါမှ မောင်ပျင်းသည် အားတက်လာပြီး အကြောင်းစုံ ပြောပြကာ နှစ်ယောက်သား ကျန်သေးသော သူငယ်ချင်းများကို လိုက်ရှာကြ၏။
ညနေစောင်းမှ လေးယောက် စုမိကြ၍ ဝမ်းနည်းဝမ်းသာဖြင့် တိုင်ပင်ကြလေသည်။
ထိုနောက် နေဝင်စပျိုးနေပြီ ဖြစ်၍ ဘတ်စကားစီးကာ မြို့စွန်သို့ သွားပြီး တောစပ်သို့ ဝင်သွားကြသည်။
လက်လျှော့ရမည့်အခြေ ရောက်ပြီးမှ ဇရပ်သို့ ရောက်သွားရာ ပထမအခြေအနေကို သွားကြည့်လိုက်လျှင်-
ထိုနောက် ခတ်သွက်သွက်ကလေး ဝင်သွားကြပြီး နာရီကို နောက်ပြန်လှည့်တော့၏။



အပတ် ၄၀ ခန့် လှည့်မိလျှင် သူတို့အတော် ပြန်ငယ်သွားသဖြင့် မောင်ပျင်းကို ကျန် သုံးယောက်က ပိုင်းမ ထားရလေသည်။
၇၇ ပတ် ပြည့်သည်နှင့် ကျယ်လောင်သော အသံနက်ကြီးပေါ်ထွက်လာလေသည်။
အော်သံများ တိတ်သွားလျှင် ကောက်ရိုးပုံပေါ်၌ အဝတ်အစားများသာ ကျန်ခဲ့၍ မှော်ဆရာများ ပျောက်ဆုံးသွားလေသည်။
မောင်ပျင်းတို့ လူစု ကတော့ နဂိုရ် ပကတိ အတိုင်း ကျောင်းသား လူငယ် ကလေးများ ပြန်ဖြစ်ကုန်၏။
ဟော
ဟင်
ဟယ်
ကဲ - ငါတို့ဘဝ ငါတို့ ပြန်ရကြပြီ။ ဒီနေ့က စပြီး အရင်လို ပျင်းနေလို့ မဖြစ်ဘူး။ အလုပ်များ များ လုပ်ကြရမယ်။
အေးဟုတ်တယ်။ ငါလဲ ရှာကျွယ် ရှာကျွယ် မလုပ်တော့ဘူး။
ငါလဲ အာစကြီးဖြီး မကြွားမဝါ တော့ဘူး
တော်ပြီ... ငါလဲ အာလျှာ မရှုတ်တော့ဘူး။
ထိုနေ့မှစ၍ သတိတရားရကာ အပျင်းမဖက် ကျောင်းရက်မပျက်၊ မှန်မှန်တက်၍ စာကြိုးစားသောကလေးများဖြစ်သွားကြ လေတော့သတည်း။

# ဓါတ်ခဲ(နှင့်)ဘက်ထရီ

## စက်မှုတိတ်ရန်





ဓာတ်ခဲသည် အီတလီ လူမျိုး ပါမောက္ခ "အယ်လက်ဇန်ဒရိုဗိုလတာ" တီထွင်သော "ဗိုလတိတ် ဓာတ်အိုး" ၏ သဘောကို အခြေခံ၍ ဆယ့်ရှစ်ရာစုနှစ် အကုန်လောက်တွင် စတင် ပေါ်ပေါက်ခဲ့သည်။ ဓာတ်ခဲ၏ ဂုဏ်သတ္တိမှာ လျှပ်စစ်ဓာတ် ထုတ်ပေးနိုင်သော သတ္တိဖြစ်သည်။

လျှပ်စစ် ဓာတ်တွင် "အီလက်ထရွန်"များ ပါဝင်လျက်ရှိပြီး၊ ယင်း အီလက်ထရွန်များ ရွေ့လျား သွားနေခြင်းကို လျှပ်စစ်ဓာတ်စီးသည်ဟု ဆိုသည်။ လျှပ်စစ်ဓာတ်သည် အီလက်ထရွန်များသည့် ဖက်မှ အီလက်ထရွန် နည်းသည့်ဖက်သို့ စီးသော သဘောရှိသည်။

ဓာတ်ခဲ၏ အပြင်ခွံကို သွပ်ဖြင့် ပြုလုပ် ထားသည်။ သွပ်ခွက်အတွင်း ပတ်ပတ်လည်တွင် "အမိုးနီးယမ်းကလိုရိုက်" အရည် စုတ်ဝင်လျက်ရှိသော စက္ကူတမျိုး ကပ်ထားသည်။ အလယ်တွင် "ကာဗွန်ချောင်း"ရှိ၍၊ ကာဗွန်ချောင်းနှင့် စက္ကူကြားတွင် "မန်းဂနီးဒိုင်အောက်ဆိုက်"၊ ကာဗွန်မှုန့်နှင့် စိုထိုင်းသော အမိုးနီးယမ်း ကလိုရိုက်တို့ကို ရောစပ် ထည့် ထား သည်။ သွပ်ခွက် ထိပ်ဝကို ချိပ်ဖြင့် ပိတ်ထားသည်။


ဓာတ်ခဲ အတွင်း၌ ဓာတ်လှုပ်ရှားမှု ဖြစ်ပေါ်လာသောအခါ၊ ဓာတ်ခေါင်းတဖက်တွင် အီလက်ထရွန် ပိုလာ၍၊ ကျန်တဖက်တွင် လျော့သွားသည်။ ဓာတ်ခေါင်း နှစ်ခုကို



ဝါယာကြိုးဖြင့် ဆက်လိုက်သောအခါ ပိုနေသော အီလက်ထရွန်များသည် လျော့နေသော နေရာသို့ သွားသဖြင့် လျှပ်စစ်ဓာတ်စီး ဖြစ်ပေါ်လာသည်။

ဓာတ်ခဲတွင် ကာဗွန်ချောင်းသည် "အဖို" ဖြစ်၍၊ သွပ်ခွက်သည် "အမ" ဖြစ်သည်။

ဓာတ်ခဲသည် ဓာတ်အိုး



ခြောက် အငယ်စား တမျိုး ဖြစ်၍၊ လက်ဆွဲ ရေဒီယို၊ ကက် ဆက် များ တွင် ၎င်း၊ လျှပ်စစ် ခေါင်းလောင်းများ တွင်၎င်း၊ လက်နှိပ် ဓာတ်မီး များတွင်၎င်း အသုံးပြုသည်။

မြန်မာနိုင်ငံတွင် ဓာတ်ခဲ အရွယ်အစား ၅ သုံးမျိုး ထုတ် လုပ်လျက် ရှိသည်။

ဘက်ထရီသည်လည်း ဗိုလတိတ်ဓာတ်အိုးကို အခြေ



ခံ၍ ပေါ်ပေါက်လာခြင်းဖြစ် သည်။


ဘက်ထရီအိုးနှင့်အိုးတွင်း အခန်း နံရံများကို မာသော ကြက်ပေါင်စေး (ရော်ဘာ) ကို ပုံသွင်းနည်းဖြင့် ပြုလုပ် ထားသည်။ ခဲပြား များကို တပြားနှင့်တပြား မထိစေရန် ကြားတွင် သစ်သားပြား သို့ မဟုတ် မှန်ပြားတမျိုးမျိုးကို ညှပ်ထားပြီး၊ အခန်းငယ်များ ထဲသို့ ထည့်ထားသည်။ ၎င်း နောက် ကန့်ရေမီး ရောထား

သော ပေါင်းတင်ရေ (မိုး ရေ) ကို အခန်းငယ်များ အတွင်းသို့ လောင်းထည့် ထားသည်။ အခန်းငယ် များ တခန်းနှင့် တခန်း ဆက်သွယ်မှု ရှိစေရန် အ ခန်းဆက် သတ္တု ပစ္စည်း တမျိုးတပ်ဆင်ထားသည်။

ဓာတ်ခဲနှင့် ဘက်ထရီအိုး ၏ အခြေခံသဘောတရားမှာ ဓာတုဗေဒ ပစ္စည်းများ ထိ တွေ့ ဓာတ်ပြု ရာမှ ဖြစ် ပေါ်လာသော "ဓာတု ဗေဒ စွမ်းအား"မှ "လျှပ် စစ်စွမ်းအား" အဖြစ်သို့ ပြောင်းလဲ ရရှိသော သ ဘောပင် ဖြစ်သည်။

မော်တော်ယာဉ်များ စက် လည် စေရန် ဓာတ် ဆီ လောင်စာ ကို စက် အတွင်း တွင် မီးလောင် ပေါက်ကွဲ အောင် ဆောင် ရွက် ပေးရသည်။ ယင်းသို့ မီးပွင့်အောင် ဘက်ထရီ အိုးမှ ရသော လျှပ်စစ် အားက ဆောင် ရွက် ပေးသည်။


ဘက်ထရီ၏ အား ကို "ဗို့" အားဟု ခေါ် သည်။ ကြာကြာ သုံး ပြီး၍ အားနည်း လာ



သောအခါ အိုးတွင်း အခန်း ငယ်များထဲသို့ ဓာတ်ရည် အ သစ်ဖြည့်ပြီး၊ လျှပ်စစ် အား သွင်း ကရိယာဖြင့် အားပြန် သွင်းနိုင်သည်။ ဘက်ထရီအိုး ၏ အားအနည်းအများကို သိ လိုပါက "ဟိုင်ဒရိုမီတာ" ဖြင့် ဓာတ်ရည်ကို စမ်းသပ် နိုင် သည်။


ပြည်တွင်း ဖြစ် ဘက်ထရီ အိုးများကို ဓာတုဗေဒပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်းက ထုတ်လုပ်ပေးလျက် ရှိသည်။


"ဗိုလတိတ် ဓာတ်အိုး"





သားအချစ်ဆုံးမေမေ
* သားအချစ်ဆုံးမေမေ
သားလေး သတိရ လွမ်းဆွတ်စွာနဲ့ စာရေးလိုက်ပါတယ်။ ဘာလိုလိုနဲ့ သား မေမေတို့ ရင်ခွင်က ရှန်းထွက်လာခဲ့တာ သုံးနှစ်သုံးမိုး ပြည့်ခဲ့ပြီနော်။ ဒါပေမဲ့ သားတနေ့မှ မမေ့နိုင်ခဲ့ပါဘူး မေမေရယ်။
ဥသြတွေတွန်ကြူးတဲ့ နွေဦးရဲ့တညမှာ အညာမြေက သားမောင် ခွဲခွာလာခဲ့တယ်။ ရည်ရွယ်ချက်က သားအနုပညာနယ်မြေမှာ ရှန်းကန်လွန့်လူးဖို့
အောင်မြင်မှုမရသေးတဲ့ အနုပညာသမားတွေရဲ့ ဘဝဟာ ကြမ်းတမ်းလွန်းလှပါတယ်။ အဲဒီအခါကမှ သာယာငြိမ်းချမ်းလှတဲ့ မေမေ့အိမ်ကို သတိရ လွမ်းဆွတ် လာ မိပါတယ်။
သားမေမေ့အိမ်မှာတုန်းက နွဲ့ဆိုး ဆိုးခဲ့တာတွေကို ဘယ်မှာမေ့နိုင်တော့မှာလဲ မေမေရယ်
မေမေရေ့..သားထမင်းစားတော့မယ်..ဘာဟင်းချက်လဲ....
ဒီနေ့မေမေဈေးကောင်းမကောင်းလို့ခရမ်းသီးဟင်းဘဲချက်တယ်
တခါတလေဖြစ်သလိုစားလိုက်နော်..ငါ့သားက လိမ်မာပါတယ်
ဟင့်အင်း..ဟာဟင့်အင်း ဒီနေ့သားထမင်းမစားတော့ဘူး
ကဲပါကွယ်..မေမေ ဘဲဥထပ်ကြော်ပေးမယ် ကျေနပ်ပြီလား

သားစိတ်ကောက်ယင် မေမေ မနေတတ်တော့ဘူး ကျေနပ်အောင် မေမေအမြဲတမ်း လုပ်ပေးခဲ့တယ်။





တခါက လမ်းဖြတ်အကူးမှာ ချော်လဲတယ်။ မေမေလဲ သားကိုမြင်တော့ ပြေးလာတယ်။ ကားကြီးဟာ အရှိန်ပြင်းလို့ ရုတ်တရက် ရပ်လို့မရဘူးလေ။






ကားဟာ ရပ်လို့ ရသွားပေမယ့် မေမေကို တိုက်မိ သွား သေး တယ်။ ဒဏ်ရာ မများပေမဲ့ နဖူးက အမာရွတ်က အခု ထိ ရှိနေ သေးတယ်လေ။

သားတော့လေ ကိုယ့်ဘဝကို ကိုယ်တိုင်ရုန်းကန်လာရတော့မှ မေမေ့မေတ္တာတွေကို နားလည်ခဲ့ရပါတယ်။ မေမေနဲ့တကွ မိသားစု အားလုံး ထာဝရ ကျန်းမာနိုင်ပါစေ




သံပြိုင်
ဒို့ရွာပါဘဲ
ဒို့ရွာပါဘဲ
ကျနော်လုပ်သမျှ ကျနော့်ညီလိုက် လုပ်နေတယ်
ကျနော်လုပ်သမျှ ကျနော့်ညီလိုက် လုပ်နေတယ်
ကျနော်စကား ပြောယင်သူ လိုက်ပြီးပြောတယ်
ကျနော်စကား ပြောယင်သူ လိုက်ပြီးပြောတယ်
သူ့ကြောင့် ကျနော် ရူး လိမ့်မယ်
သူ့ကြောင့် ကျနော် ရူး လိမ့်မယ်
တယောက်ကတခုခု လုပ်ပေးကြပါခင်ဗျား
တယောက်ကတခုခု လုပ်ပေးကြပါခင်ဗျား
ပြီး



# အရိပ်နေနေ အခက်ချိုးချိုး

လူတယောက်သည် ခရီးသွားရာ၌ နေအလွန် ပူပြင်းလှသောကြောင့် ပင်ပန်း နွမ်းနယ်လျက်ရှိပြီး၊ ညောင်ပင်ကြီး တပင်၏အနီးသို့ ရောက်သဖြင့် ဝမ်းမြောက် ဝမ်းသာစွာ ခိုဝင် နားနေသည်။ များမကြာမီ ထိုလူမှာ တဖြည်းဖြည်း အမောပြေပြီး အိပ်ပျော်သွား၏။

အိပ်ရာမှ နိုးသောအခါ ဤအပင်ကြီး၏အကိုင်း အခက် ပေါများလှသည်ကို တွေ့၍ မိမိ မောပန်းစဉ်က ခိုဝင် နားခဲ့ရသည့် ကျေးဇူးကို မထောက်ပဲ ညောင်ကိုင်းများကို ထင်းဆိုက်ရန် ချိုးယူခြင်းများ ပြုလုပ်သည်။

ထို့အတူ လူများမှာလည်း အခြားသူတဦး တယောက်အပေါ်တွင် မှီခို အားကိုးနေထိုင်ခဲ့ပြီးနောက် ထိုသူ၏ ကျေးဇူးကို မထောက်ထားပဲ၊ မိမိအလိုဆန္ဒ ပြည့်ဝစေရန် ပြန်လည်ပြီး မကောင်းကြံစည်မှု ပြုလုပ်တတ်သည်ကို ဖော်ပြထားသော စကားပုံဖြစ်သည်။

မောင်ကျော်ဇော (စာပေဗိမာန်)

## ဤတပတ်မှာ ဟိုရှေးခါ

ဒီဇင်ဘာ ၂၇ - ဇန်နဝါရီ ၂

- ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အမေရိကန်သမ္မတ လင်ကွန်းက ငွေဝယ်ကျွန်များလွတ်မြောက်ရေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။
- ၁၈၆၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကဗျာဆရာကြီး ရုဒ်ယတ်ကစ်ပလင်းကို မွေးဖွားခဲ့သည်။
- ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းပိုက်လိုက်ကြောင်း အင်္ဂလိပ်က ကြေညာခဲ့သည်။
- ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ အုန်းတောရွာ၌ တောင်သူလယ်သမားနှီးနှော ဖလှယ်ပွဲကြီး ကျင်းပခဲ့သည်။
- ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘီအိုစီကုမ္ပဏီကို မြန်မာအစိုးရက ပြည်သူပိုင် သိမ်းခဲ့သည်။
- ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် (အင်္ဂလိပ်) သတင်းစာကို စတင်ထုတ်ဝေခဲ့သည်။

# အသားဟင်းကြိုက်သူ

တက္ကသိုလ်ဖြူမြ



နီနီသည် အသားဟင်း အလွန်ကြိုက်သော ကလေးဖြစ်သည်။ ထမင်းစားရာတွင် အသားမပါလျှင် မစားပဲ စိတ်ကောက်နေလေ့ ရှိသည်။ ထို့ကြောင့် နီနီတို့ မေမေသည် နေ့စဉ် နေ့တိုင်း အသားဟင်း တမျိုးမျိုး ပါအောင် ချက်ပေးရသည်။ ဟင်းသီး ဟင်းရွက်များကို ကျွေးလျှင် မည်သည့်အခါမျှ မစားပေ။ ဟင်းသီး ဟင်းရွက် ဟင်းခွက် ကိုလည်း မည်သည့်အခါမျှ နှိုက်လေ့ မရှိပေ။ အသားဟင်း တမျိုးတည်းကို သာ သဲသဲမဲမဲ စားလေ့ရှိသည်။

ယနေ့နံနက် မေမေ မအားသောကြောင့် ဈေး မသွားနိုင်ပေ။ ထို့ကြောင့် အိမ်ကိုလာသော ဈေးသည်ထံမှ မျှစ်နှင့် ချဉ်ပေါင်ရွက်ကို ဝယ်၍ ချက်ထားလေသည်။ မျှစ်ကြော်နှင့် ချဉ်ပေါင် အချဉ်ရည် ဟင်းသည် အလွန်လိုက်ဖက်သော ဟင်းဖြစ်သည်။ သို့သော် နီနီ ကျောင်းဆင်းလာ၍ ထမင်းစားမည် ပြုသောအခါ အသားဟင်း မပါ၍ ထမင်း မစားပဲ စိတ်ကောက်သွား လေ သည်။ ကျောင်း သို့လည်း ထမင်းမစားပဲ ပြန်သွားလေသည်။

ကျောင်းတွင် ထမင်းဘူးပါသော ကျောင်းသူ ကျောင်းသားများမှလွဲ၍ အိမ်ပြန်ထမင်းစားသော ကျောင်းသူ ကျောင်းသားများ ပြန်မရောက် သေးပေ။ နီနီလည်း ထမင်းစားနေသော သူငယ်ချင်းများ အနီးတွင် ကြာကြာ မထိုင်လိုသဖြင့် ကျောင်း စိုက်ပျိုးခင်း အနီးရှိ သစ်ပင်ရိပ်အောက်တွင် သွားထိုင်နေလေသည်။

ကျောင်း စိုက် ပျိုး ခင်း ထဲတွင် ဗူး၊ ချဉ်ပေါင်၊ မုံညင်း စသည့် ဟင်းသီး ဟင်းရွက်များ စိုက်ပျိုး ထားသည်။ မြေသြဇာ မှန်မှန် ထည့်ပြီး ရေ မှန်မှန် လောင်း ခြင်း ကြောင့် အသီး အရွက်များ အောင်မြင် သန်စွမ်းစွာ ထွက်ပြူလျက် ရှိသည်။ နီနီသည် ယင်း အပင်များကို ကြည့်ရင်း စိတ်တိုသထက် တိုလာသည်။ ကမ္ဘာ ပေါ် တွင် ဟင်းသီး ဟင်းရွက်ပင်များ မရှိလျှင် မည်မျှ ကောင်းမည်နည်း ဟု တွေးလျက်ရှိသည်။ ထိုအခါ သူမ၏ မေမေသည်လည်း ဟင်းသီး ဟင်းရွက်များကို ချက်တော့မည် မဟုတ်ပေ။ "အို ဟင်းသီး ဟင်းရွက်မှ မဟုတ်ဖူး ဘယ်သစ်ပင်မှ မရှိယင် ပိုတောင် ကောင်းသေးတယ်" ဟု ရေရွတ် လိုက်လေသည်။

ယင်းကဲ့သို့ ရေရွတ်ရင်း နီနီသည် ကုက္ကိုပင်ကြီး၏ အရိပ်တွင် မေးကနဲ့ အိပ်ပျော်သွားလေသည်။

နီနီက စိတ်ဆိုး မာန်ဆိုးနှင့် ဟင်းသီး ဟင်းရွက်ပင် များကို ချေဖျက်ပစ်ရန် လက် လှမ်း မိလိုက်ချိန်တွင် "ဟဲ့ ဟဲ့ ကလေးမ မှားမည်။ ဘယ့်နှယ် ကိုယ့် ကျေးဇူးရှင်ကို စော်ကားရတာ တုန်းကွယ်" ဟူသော အသံကို ကြားလိုက် ရသောအခါ နီနီ

သည် လှမ်းလက်စ လက်ကို အမြန် ပြန်ရုတ်၍ ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ် ကြည့်လိုက်လေသည်။ အနီး အနားတွင် တဦး တယောက်ကိုမျှ မတွေ့မြင်ရပေ။

"ဟဲ့ ကလေးမ မင်းက သစ်ပင်တွေကိုများ မုန်းရတယ် ရှိသေးတယ်"။ နီနီသည် နောက်သို့ လှည့်ကြည့်လိုက်၏။ "အော် လက်စ သတ်တော့ ကုက္ကိုပင်ကြီးက ပြောနေတာကိုး"

"ဟုတ်တယ်။ သစ်ပင်တွေ အကုန်လုံး ဒီကမ္ဘာပေါ်မှာ မရှိယင် သိပ်ကောင်းမှာပေါ့"

"မင်းက ဘာလို့ ဒီလောက်တောင် သစ်ပင်တွေကို မုန်းနေရတာလဲ"

"နီနီတို့ မေမေ ဒီနေ့ မျစ်ကြော်နဲ့ ချဉ်ပေါင်ဟင်း ချက်တယ်။ နီနီက ဟင်းသီး ဟင်းရွက်ဆို ဘယ် ဟင်းသီး ဟင်းရွက်မှ မကြိုက်ဖူး"

"အော်.... ဒါကြောင့် မင်းက သစ်ပင်တွေ အားလုံးကို မုန်းလိုက်ရော ဆိုပါတော့။ မင်းမှားနေပြီ။ မင်း ဘယ်လိုပဲ အသား ဟင်း စား တယ် ပြော ပြော ဟင်းသီး ဟင်းရွက်စတဲ့ အပင်တွေကို သွယ်ဝိုက်တဲ့နည်းနဲ့ စားသောက် နေတာပဲကွဲ့။ နွားက မြက်၊ ကောက်ရိုးတွေကို စားတယ်။ ကြက်က စပါး၊ ထမင်းစေ့ စတဲ့ ဟာတွေကို စားတယ်။ ငါးကလည်း ရေထဲက မှော်ပင်လေးတွေကို စားတယ်။ အဲဒီလိုပဲ တိရစ္ဆာန်တိုင်းဟာ အစာအတွက် အစိမ်းရောင် အပင်တွေပေါ်မှာ တိုက်ရိုက်ပဲဖြစ်ဖြစ် သွယ်ဝိုက်တဲ့နည်းနဲ့ ဖြစ်ဖြစ် မှီခိုနေရတယ်။ လူတွေကလဲ အပင်ထွက် ပစ္စည်းတွေနဲ့ တိရစ္ဆာန်တွေဖြစ်တဲ့ နွား၊ ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ၊ ငါး စတဲ့ အကောင်တွေရဲ့ အသားကို စားသောက်ကြတယ်။ အဲဒီ နွား၊ ဝက်၊ ကြက်တို့က သူတို့ရဲ့ ခန္ဓာကိုယ်ကြီး ထွား ရေး အတွက် အပင်တွေအပေါ်မှာ မှီခိုနေလို့ လူတွေလဲ အပင်တွေပေါ်မှာ မှီခိုနေ ရ တယ် လို့ ဆို နိုင် တယ်။ နောက်ပြီး မင်းနေတဲ့ အိမ်ရဲ့ အမိုးအကာ၊ အိမ်ထောင် ပရိဘောဂ တွေ၊ အိမ် သုံး ဆေး အ မျိုး မျိုး၊ အ ဝတ် အ စား၊ စက္ကူ၊ တူရိယာပစ္စည်း စသည်တို့ဟာ အပင်တွေနဲ့ တိုက်ရိုက်၊ ဒါမှမဟုတ် သွယ်ဝိုက်တဲ့နည်းနဲ့ ဆက်သွယ်နေတာပဲကွဲ့။ လူတွေရဲ့ ဘဝ တလျှောက်လုံးအတွက် အထောက် အကူပြုနေတဲ့ သစ်ပင်တွေကို စော်ကားယင် ကျေးဇူးရှင်ကို စော်ကားရာ ရောက်မှာပေါ့"

ကျောင်းဆင်း၍ နီနီ အိမ်ပြန်ရောက်ပြီးနောက် မျစ်ကြော် ချဉ်ပေါင် ဟင်းနှင့် ထမင်းစားရင်း သူမကဲ့သို့ အသားဟင်း ကြိုက် သူ များ ကို တွေ့ လျှင် သူမ မက်ခဲ့သော အိပ်မက် အကြောင်းကို ပြော ပြ မည် ဟု တွေးနေလေသည်။

## နာတာလူးပွဲ

* ခေါင်ခေါင်ဒင် ခေါင်ခေါင်ဒင်
ခေါင်းလောင်းကြီးက တီးသံရှ
-ကြည်ကြည်လင်လင် ဆုမွန်
တောင်း
သွားလိုက်ကြစို့ ဘုရား
ကျောင်း....။

* သည်ဆောင်းချိန်ခါ ပျော်စရာ
လေညင်းသုန်လို့ နှင်းမှုန်ဖြာ...
ငွေတာရာ ကြယ်ပွင့်လေး
မှိတ်တုတ်မှိတ်တုတ် လင်း
ရောင်ပေး....။

* ယေရှုခရစ် မေတ္တာရှင်
မီးရှူး ဖွားသန့်စင်....၊
ဒီဇင်ဘာ နှစ်ဆယ့်ငါး
မှတ်မိကြစေသား....။

* ပျော်ပျော်ပါးပါး ကလို့ခုန်
တီးဝိုင်းတွေကစုံ....၊
မိတ်ပေါင်းဆုံတဲ့ နာတာလူး
အများပျော်လို့
စိတ်ကြည်နူး....။ ။

ဗန္ဓုရဝင်း





# ကြံ

ကြံသည် ကုန်ကြမ်း သီးနှံ အုပ်စုတွင် ပါဝင်သည်။ ပူနွေး စွတ်စိုသော ဒေသတွင် ဖြစ်ထွန်းသည်။ ကြံကို သွားရေစာအဖြစ်ရင်း၊ ကြံရည်အဖြစ်ရင်း၊ စားသုံးကြသည်။ အဓိကမှာ သကြားနှင့် အရက် ချက်ရာတွင် သုံးသည်။

ကြံပင်ကို နုန်းမြေ၊ နုန်းစနယ်မြေများတွင်စိုက်ပျိုးနိုင်သည်။ ရေလုံလောက်၍ မြေဩဇာ ကျွေးနိုင်လျှင် မည်သည့် မြေအမျိုးအစားတွင် မဆို စိုက်နိုင်သည်။ ကြံပင်ကြီးထွားချိန်တွင် ရေအမြောက်အမြား လိုသော်လည်း ရင့်မှည့်ချိန်တွင် ခြောက်သွေ့သော အခြေအနေကို နှစ်သက်သည်။

ကြံကို မြန်မာနိုင်ငံ အောက်ပိုင်းတွင် တော်သလင်းလနှင့် သီတင်းကျွတ်လ အတွင်းတွင်ရင်း၊ အလယ်ပိုင်းတွင် နတ်တော်ပြာသိုလများ အတွင်းတွင် စိုက်ပျိုးကြသည်။ ကြံပင်၏ သက်တမ်း ၁၀ လမှ ၁၂ လအတွင်း ခုတ်သိမ်းရသည်။ ကြံသကာနှင့် သကြားချက်ရန် ၁၂ လ ကြာမှ ခုတ်သင့်သည်။

မြန်မာနိုင်ငံတွင် ကြံစိုက်သော ဒေသများမှာ မြစ်ကြီးနား၊ ပျဉ်းမနား၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ သထုံ၊ မော်လမြိုင်၊ လှိုင်လင်နှင့် ကျောက်မဲမြို့တို့ ဖြစ်သည်။ ပျဉ်းမနား၊ ဇေယျဝတီ၊ နမ္မတီး၊ ဆားမှော် သကြားစက်များတွင် သကြားချ လုပ်သည်။ မြန်မာနိုင်ငံတွင် ကြံစိုက် ဧက တသိန်း ကျော် ရှိသည်။

သူရကျော်စွာ (စီးပွားရေး)




၃၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး
ဦးထင်ကြီး (ကင်းလွတ်ခွင့်အမှတ် ၀၁၂၀၈) က ထုတ်ဝေ၍
ရန်ကုန်မြို့၊ ၃၆၁ ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဒု - ညွှန်ကြားရေးမှူး ( ပုံနှိပ် )
ဦးခင်မောင်ကြီး (မှတ်ပုံတင်အမှတ် ၀၂၀၁၄) က ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/